
www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းတုံပွင့်လျှံ ပလွေသံ

ကျင်းတုံ၏ရှောင်စိန်းမှလင်



စာစဉ် - ၁၀

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၃၅/၂၀၀၂ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၀၂/၂၀၀၂ (၃)

၂၀၀၂–ခုနှစ်၊

အုပ်ရေ-၄၀၀

တန်ဖိုး–၃၅၀ိ/

**ထုတ်ဝေသူ**

ဦးညွန့်ဖေ၊ စိန်ပန်းမြိုင်စာပေ
၂၃(အေ) ဦးဘောင်းလမ်း၊ ကြည့်မြင်တိုင်
ရန်ကုန်မြို့၊

**ပုံနှိပ်သူ**

ဦးလှသိန်း၊ လှသိန်းဦးပုံနှိပ်တိုက်
အမှတ်–၁၂၊ ဒါနလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့၊

**မျက်နှာဖုံးရိုက်**

ဦးတိုးဝင်း၊ နေလရောင်အော့ဖ်ဆက်
၉၆/ခ၊ ၁၁ လမ်း၊ လမ်းမတော်
ရန်ကုန်မြို့၊

# တက္ကသိုလ်နေလင်းအောင်

---

## သိုင်းတံ့ပွင့်လျှံ ပလွေသံ

စာစဉ်(၁၀)

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်

---

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အခန်း (၁၂၃)

### ယာဃီမြို့ပြိန့် သင်္ဂြိုဟ်ခြင်း

ညီကလေး ဆန်ကွမ်း၏....

ကွန်လုံဝမ်ဆိုတဲ့ လူဟာ သိုင်းလောကရဲ့ ခေါင်းဆောင်ဖြစ်အောင် ပထမ ကြိုးစားလိမ့်မယ်၊ သူဟာ အဲဒီဘဝနဲ့ ကျေနပ်နိုင်မယ့်လူ မဟုတ်ပါဘူး၊ လူတွေ ဒုက္ခရောက်မယ့် တိုက်ပွဲကြီးတွေကို သူ ဆင်နွှဲလိမ့်မယ်၊ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံဟာ ကြံရည်ဖန်ရည်ရှိပေမယ့် ကွန်လုံဝမ်ရဲ့ ဝက်ဝံညာဏ်ကိုတော့ မမီနိုင်ဘူး၊ ဘာပဲ ဖြစ်ဖြစ် ကွန်လုံဝမ်ကို ယှဉ်ပြိုင်မယ့်လူကို ရွေးယင်တော့ အို့ယန်ထုံကိုပဲရွေးရမယ်၊ ညီလေးဘာ ကူညီရင်တော့ ကွန်လုံဝမ်ကို အို့ယန်ထုံက စိန်ခေါ်နိုင်မှာပါ။ ငါ့ရဲ့ သချိုင်းဂူ ဆောက်တဲ့အလုပ်ကို ညီလေးကပဲ တာဝန်

www.burmeseclassic.com



ယူပါ၊ လူနှစ်ရော သချိုင်းဂူထဲမှာ သေဆုံးရမယ်လို့ပြော ပေမယ့် တကယ်တမ်း သေကြမှာ မဟုတ်ပါဘူး၊ သူ အသက်ရှင်စရာ အခွင့်အလမ်းတွေ ရှိနေပါသေးတယ် ညီလေးကသာ သချိုင်းဂူကိုခြောက်လအတွင်းပြီးအော တည်ဆောက်ပါ၊ တစ်နှစ်အတွင်း ကွန်လုံဝမ် ရောက် လာလိမ့်မယ်၊ နောက်ဆုံးရေးချင်တာက ငါဘယ်သူ ဆိုတာနဲ့ ငါ့မှာ ဘယ်လိုကြီးလေးတဲ့တာဝန်တွေ ရှိ တယ်ဆိုတာပါပဲ’

နောက်ပိုင်း စာမျက်နှာမှာ ထန်ရှင်၏ဘဝ၊ ဧကရာဇ်ကြီး အမိန့်အရ ဖခင်က တာဝန်ပေးစေခိုင်းပုံ၊ကွန်လုံဝမ်ကို နှိမ်နှင် နိုင်ခြင်းမရှိပါက နေပြည်တော်သို့သွား၍ ဧကရာဇ်တပ်မကြီး အကူအညီယူရန်နှင့် နှိမ်နင်းသုတ်သင်နိုင်ပါက ထန်ရှင် တာဝ ကျေကြောင်း၊ ဧကရာဇ်ကြီး၏ တပ်မှူးကြီးဆီသို့ ဆန့်ကွမ်း ကိုယ်တိုင် သတင်းပို့ပေးရန်တို့ကို အသေးစိတ် ရေးသားခဲ့ သည်။

ထန်ရှင်၏စာသည် ဤတွင်ပြီးဆုံးသွား၏။

ဆန့်ကွမ်းချီမှာ ခေတ္တရှင်း ငေးရင်း ပုံစံများကို ကြည့်ရင် တစ်ညတာအချိန်ကာလများကို ကုန်လွန်သွားစေခဲ့သည်။

သူသည် ပင်ပန်းနွမ်းနယ်လာသဖြင့် ယခင်က ထန်ရှင် အိ ခဲ့သည့် ကျွပ်ပျစ်ပေါ်၌တက်၍ လဲလျောင်းလိုက်၏။



မကြာမီပင် အိပ်ပျော်သွားသည်။

သူ အိပ်ရာမှနိုးလာသောအခါ ညနေစောင်းနေပြီကိုတွေ့ရ သော့သည်။

သူသည် တစ်နေ့တာလုံး အိပ်ပျော်သွားခဲ့လေပြီ။

သူ အိပ်ရာမှနိုးသည့်အချိန်မှာပင် အပြင်မှ တံခါးခေါက်သံ ကို ကြားလိုက်ရလေ၏။

‘ဘယ်သူလဲဟေ့’

‘ဆရာလေးကို လက်ခံရုံလူငယ်နဲ့ လက်ယာရံ လူငယ်တို့က တွေ့ချင်လို့ပါတဲ့’

သူသည် ကျွပ်ပျစ်ပေါ်မှ ထထိုင်လိုက်၏။

‘အဲအပြင်မှာစောင့်နေပါစေ၊ ငါထွက်တွေ့မယ်ဟေ့’

ဆန့်ကွမ်းချီသည် အပြင်သို့ ကပျာကယာ လျှောက်သွား လာလေ၏။

ဆန့်ကွမ်းချီကို မြင်လျှင်မြင်ချင်း လူငယ်နှစ်ဦးက လက်သီး နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလေ၏။

ဆန့်ကွမ်းချီကလည်း လေးစားသမှုဖြင့် ဂါရဝပြုသည်။

‘ငါ့ညီတို့ ဘာအကြောင်းများရှိပါသလဲ’

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး၊ ကျွန်တော်တို့ကို ဂိုဏ်းချုပ်ကြီးက တာဝန်ပေးထားတဲ့အတွက် အလုပ်သမားနှစ်ယောက်ကို စုဆောင်းခေါ်ယူခဲ့ပါတယ်'

'မြန်လှချည်လား၊ အဲဒါ ခပ်ကောင်းကောင်းပဲ၊ မြန်မြန်အကြောင်းအထည်ဖော်သို့ရတာပေါ့'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ကလဲ အဲဒီသဘောနဲ့ ခေါ်လာခဲ့တာပါ'

'အဲဒီအလုပ်သမားတွေ ဘယ်မှာလဲ'

အပြင်က တင်လှူးတောထဲမှာ နေရာချထားပါတယ်၊ အစ်ကိုကြီး အလိုရှိရင် အခု ဒီကိုအချက်ပေးလို့ရပါတယ်'

'နေပါစေ၊ ငါလိုက်ကြည့်ပါ့မယ်'

ဆန်ကွမ်းချီသည် လူငယ်နှစ်ဦးနှင့်အတူ အပြင်သို့ ထွက်လိုက်သွား၏။

ဆင်းရှူးတောထဲသို့ရောက်သောအခါ လူငယ်နှစ်ဦး ပြောသည့်အတိုင်း အလုပ်သမားများကို တွေ့ရသည်။

သူတို့ဆောင်ရွက်ရမည့် လုပ်ငန်းအဘွက်စူး၊ ဆောက် အစရှိသည့် တန်ဆာပလာများ၊ ရွက်ဖျင်တဲများ၊ ရိက္ခာများ အားလုံးကို ယူဆောင်လာခဲ့ကြ၏။



ထိုအစီအစဉ် သေသပ်မှုအတွက် ဂိုဏ်းချုပ်ကြီး အို့ယန်ထုနှင့် လက်ဝဲရံလက်ယာရံ လူငယ် နှစ်ဦးကို ချီးကျူးရမည် ဖြစ်ပေသည်။

ဆန်ကွမ်းချီသည် ထိုအလုပ်သမားများကို ဆင်းရှူးတောကြီးတွင် စခန်းချ နေထိုင်ကြရန် ညွှန်ကြားလိုက်၏။

လူငယ်နှစ်ဦးကို အသာသက်တိုခေါ်လာသည်။

'ညီလေးတို့၊ ဂိုဏ်းချုပ်ကြီး အို့ယန်ထုဆီကို အကြောင်းကြားပေးပါမယ်'

'လူသေ အလောင်း မပုပ်မသိုးအောင် ဆေးစီရင်တတ်တဲ့ သမားအကျော်အမော် တစ်ယောက်ကို ကျုပ်ဆီ ပို့ပေးပါလို့ အခုကိစ္စဟာ ထိပ်တန်းလျှို့ဝှက် ကိစ္စဆိုတာ ညီလေးတို့ သိကြပါတယ်နော်'

လူငယ်နှစ်ဦးစလုံးက ခေါင်းညိတ်၏။

'စိတ်ချပါ၊ ကျွန်တော်တို့ ကောင်းကောင်းကြီး သိပါတယ်၊ ဒီကိစ္စ ဘယ်လိုမှ အပြင်ကိုမပေါက်ကြားစေရပါဘူး'

'ကောင်းပြီ၊ ဒါဆိုရင် ခုပဲသွားပြီး အကြောင်းကြားပေးကြတော့၊ ဒီအလုပ်သမားတွေထဲမှာ အဆင့်ဆင့် အုပ်ချုပ်မယ့် ခေါင်းဆောင်တွေ ပါပြီးပြီ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ပါပြီးပါပြီ၊ သူတို့မိသားစုတွေ တစ်သက်လုံး မပူရမယ့် ငွေကြေးတွေ ပေးပြီးပါပြီ၊ ရှင်းရှင်းပြောရရင် သူတို့ မိသားစုတွေဟာ တစ်သက်လုံး မစောင့်မဟာ မကြောင့်မကျ စားသောက်နေထိုင်ခွင့်ရတဲ့ မိသားစုတွေ ဖြစ်နေပါပြီ၊ သူတို့ကို အလုပ်လုပ်ကိုင်တဲ့အခါမှာပဲ ကြီးကြပ်ညွှန်ကြားဖို့ လိုပါတော့တယ်'

'ကောင်းပြီ၊ ဒီလိုဆိုရင် စိတ်ချပြီ'

'ကျွန်တော်တို့ကို ခွင့်ပြုပါ အစ်ကိုကြီး'

လူငယ်နှစ်ဦးသည် ဆန်ကွမ်းချီကို ဦးညွှတ် ဂါရဝပြုပြီးနောက် ပြေးထွက်သွားလေ၏။

ဆန်ကွမ်းချီသည် အလုပ်သမားများကို လှည့်ပတ်စစ်ဆေး၏။

အားလုံး သေသေသပ်သပ် စည်းကမ်းတကျ ဖြစ်နေသည်ကို တွေ့ရသဖြင့် အိမ်ရှိရာသို့ ပြန်လာသည်။

သူပြန်ရောက်သည့်အခါ အိမ်ဖော်မလေး လေးယောက်က သူ့အတွက် စားသောက်ဖွယ်ရာများကို ပူပူနွေးနွေး ပြင်ဆင်ပေးထားကြောင်း တွေ့ရလေ၏။

ဆန်ကွမ်းချီသည် အတွေးအတူး ပြောမနေတော့ပေ။

ရှေ့လျှောက်လုပ်ရမည့် လုပ်ငန်းများအား မနားမနေ ဖြစ်ပေါ်လာတော့မည်ကို ရိပ်မိလေသဖြင့် စားပွဲ၌ ဝင်ထိုင်ကာ အစားအသောက်များကို ကုန်းလွေးတော့သည်။



အိမ်ဖော်မလေးများကလည်း အနားမှ ငြိမ်သက်စွာ စောင့်ကြည့်နေကြသည်။

ဆန်ကွမ်းချီ စားသောက်ပြီးစီးသွားသည့် အခါမှသာ ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းတော့၏။

ဆန်ကွမ်းချီသည် ထန်ရှင်၏အခန်းထဲသို့ ပြန်ဝင်ပြီး ထန်ရှင် ရေးသားခဲ့သည့်စာများ၊ မြေပုံများ၊ အဆောက်အအုံပုံစံများကို သာ လေ့လာဖတ်ရှုနေတော့၏။

ကျိုးသိုဖြင့် ညမိုးချုပ်သွား၏။

ဆန်ကွမ်းချီသည် သူ့ပုံစံစာရွက်များကို စားပွဲခုံပေါ် ပြန်ချပြီး ပြတင်းအဝမှ အပြင်သို့ ငေးမောမိသော အခါမှ အလုပ်သမားများကို သတိရတော့သည်။

သတိရလျှင်ရချင်း ချက်ချင်း အပြင်သို့ထွက်သည်။

အလုပ်သမားများကို သွားရောက်စစ်ဆေးသည်။

အလုပ်သမားများသည် ကိုယ့်အစုနှင့်ကိုယ် ဝိုင်းဖွဲ့ စကားပြောသူ ပြော၊ အိပ်သူအိပ် တည်ခြင်းမှအပ အခြား ဆူဆူညံညံ ပြုလုပ်ခြင်း လုံးဝမရှိသဖြင့် ဆန်ကွမ်းချီ များစွာ စိတ်ချမ်းသာသွားသည်။

သူတို့သည် ဆန်ကွမ်းချီကို သာမန် လူတစ်ယောက်ကဲ့သို့ပင် သဘောထားကြသဖြင့် ဆန်ကွမ်းချီ ရောက်လာ ခြင်းအား ကျွန်တို့အဖို့ မည်သို့မျှ အနှောင့်အယှက် မဖြစ်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုကလည်း လှည့်လည် စစ်ဆေးပြီးသည်နှင့် သူ့တဲ သို့ ပြန်သည်။

'ဗျှူး....ဒီအလုပ်သမားတွေနဲ့ သချိုင်းဂူကြီး ဆောက်ရတဲ့ ကိစ္စဟာ အဆင်ပြေပါ့မလား မသိဘူး၊ အခုအထိတော့ ဒီအလုပ် သမားတွေဟာ သူတို့ဟာ အဆောက်အအုံဆောက်ရမယ်ဆိုတာ သိထားပုံ မရကြသေးဘူး'

ဆန်ကွမ်းချိုသည် တစ်ကိုယ်တည်း ရေရွတ်လ မိသည်။

စင်စစ် ဤ အလုပ်သမားကြီးများသည် ကြီးကျယ်သော အဆောက်အအုံကြီးတစ်ခု ဆောက်လုပ်ရမည် ဟူသော အသိ ပေးချက်မှ တစ်ပါး အခြားတစ်စုံတစ်ရာ မသိကြရပေ။

ထိုအလုပ်သမားများ၏ မိသားစုများ စားဝတ်နေရေးပြည့်စုံ ရေးအတွက် ဂိုဏ်းချုပ်ကြီး အိုယန်ထိုက အစစအရာရာ ဖြည့် ဆည်းပေးခဲ့ပြီး ဖြစ်ပေသည်။

ဆန်ကွမ်းချို တဲအိမ်သို့ ပြန်ရောက်သည်နှင့် အိမ်ဝ၌ စောင့် နေသော ရှန်းကျို၊ ချွန်းလန်၊ ရှကျန်၊ ရွှဲမေတို့ လေးယောက် ကို တွေ့ရလေ၏။

ဆန်ကွမ်းချို အံ့ဩသွားသည်။

'ဟော....မင်းတို့ မအိပ်ကြသေးဘူးလား'



'ဆရာလေးမှ မအိပ်သေးဘဲ၊ ကျွန်မတို့အိပ်လို့ ဘယ်ဖြစ်မလဲ'

'မလိုပါဘူးကွယ်၊ မင်းတို့အိပ်ကြပါ၊ ငါကတော့ အလုပ် များသကွယ်၊ ဒီလေးငါးခြောက်လလောက်မှာတော့ အခုလိုပဲ အိပ်ရေးပျက်နေမှာ သေချာပါတယ်'

'ဒီလို ဘယ်ဟုတ်မလဲ ဆရာလေးရယ်၊ အခုအချိန်မှာ အိပ်နိုင် သေးတယ် မဟုတ်လား၊ ဒီအချိန်မှာအိပ်ပေါ့၊ နောက် အိပ်လို့ မရတဲ့အခါကျတော့လဲ တစ်မျိုးပေါ့'

ရွှဲမေက မဝံ့မရဲ အကြံပေး၏။

ဆန်ကွမ်းချိုက ခေါင်းညိတ်၏။

'ကဲ....ကဲ၊ မင်းတို့လဲ အိပ်ကြပေတော့၊ ငါလဲ ငါ့အခန်းထဲ မှာ အိပ်ပါတော့မယ်'

ရွှဲမေအပါအဝင် အိမ်ဖော်မလေး လေးယောက် တို့သည် စောစောက လုံးဝမဟာက်တော့ဘဲ သူမတို့၏ အခန်းထဲသို့ ဝင်သွား ကြသည်။

ဆန်ကွမ်းချိုလည်း ထန်ရှင်၏အလောင်းအား ခေတ္တ ဝင် ကြည့်ပြီး စာရေးစားပွဲ၌ ပြန်ထိုင်ပြန်သည်။

စာရွက်များကို သိမ်းဆည်းပြီး စာရေးစားပွဲ၌ ခေါင်းတင် ကာ အိပ်စက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ အိပ်ပျော်လိုက်ရာ နံနက် ခလေးဝယင်း အချိန်အထိ အိပ်ပျော်သွားသည်။

သူနိုးလာသည့်အချိန်မှာပင် အပြင်မှ တံခါးခေါက်သံကြား လိုက်ရလေသည်။

'ခေါက်...ခေါက်...ခေါက်'

'ဘယ်သူလဲ'

'ကျုပ်ပါ၊ အို့ယန်ထုံပါ'

'အို'

ဆန်ကွမ်းချီသည် ကပျာကယာထ၍ တံခါး ဖွင့်ပေးမိလေ သည်။

ပင်ပန်းနွမ်းနယ်ဟန်ရှိသော ဂိုဏ်းချုပ်ကြီး အို့ယန်ထုံအား တံခါးဝ၌ တွေ့ရသည်။

အို့ယန်ထုံ၏နောက်၌ ရှည်လျားသော မုတ်ဆိတ်ဖြူအဘိုး ကြီးတစ်ယောက်ကိုပါ တွေ့လိုက်ရသည်။

'ဂိုဏ်းချုပ်ကြီးကို ထွက်မကြိုဆိုမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါနော်'



'ကိစ္စမရှိပါဘူးမောင်ရင်၊ မောင်ရင် ဘယ်လောက် ပင်ပန်း နေတယ်ဆိုတာ ကျုပ်သိထားပြီးပြီပဲ၊ ညက အိပ်ကောင်းပျော်ရ ခဲ့သလား'

'ဟုတ်ကဲ့၊ အတော်ကလေး အိပ်လိုက်ရပါတယ်၊ ဂိုဏ်းချုပ် ကြီးဆီကို လူယော်နှစ်ဦး ရောက်ပြီးပြီ ထင်ပါတယ်'

'ရောက်ထားပါတယ်၊ ဒါကြောင့် သမားတော်ကြီး ရွှောင် ဝေခုံးကို ပင့်ခေါ်လာတာပါပဲ၊ မောင်ရင် လိုချင်တဲ့ အချက် တွေကို ပြောပြပါ၊ သမားတော်ကြီးက တတ်နိုင်သမျှ ဆောင် ရွက်ပေးပါလိမ့်မယ်'

'ဟုတ်ကဲ့၊ အထဲကိုကြွပါ'

အို့ယန်ထုံနှင့် ရွှောင်ဝေခုံးတို့ အခန်းထဲ ရောက်သည်နှင့် အခန်းတံခါးကို ပိတ်လိုက်သည်။

ဆန်ကွမ်းချီက....

'ဂိုဏ်းချုပ်ကြီး၊ နောင်ကြီးထန်ရှင် စီစဉ်ပေးခဲ့တဲ့ အတိုင်း တောသချိုင်းဂူကြီးကို တည်ဆောက်မယ်ဆိုရင် အနည်းဆုံး လေးလအများဆုံး ခြောက်လကြာလိမ့်မယ်၊ ဒီအတောအတွင်း နောင်ကြီးထန်ရှင်ရဲ့ အလောင်းဟာ ပုပ်ရိုပျက်စီးသွားလိမ့်မယ် အဲဒီဂူသချိုင်းထဲ လှလှပပထည့်နိုင်အောင် ကျွန်တော်တို့ စီမံပို့ လိုမယ်လို့ ထင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

'ဂိုဏ်းချုပ်ကြီး' အိုယန်ထုံက ခေါင်းညိတ်၏။

'ကျုပ်လဲ သဘောပေါက်ပါတယ်'

'ဒီက သမားတော်ကြီးက ဒီအတတ်ပညာတွေကို ကျွမ်းကျင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထားပါတယ်'

'မှန်တယ်၊ သမားတော်ကြီး ရှောင်ဝေခိုးဟာ သမားအတတ်မှာ အင်မတန် ထက်မြက်ပါတယ်၊ ဒီ ရှပ်အလောင်း စီမံတဲ့ အတတ်ပညာမှာလဲ တစ်ဖက်ကမ်းခတ်ပါတယ်'

ဂိုဏ်းချုပ်ကြီးသည် ဆန်ကွမ်းချီအား ရှင်းပြနေရာမှ သမားတော်ကြီး ရှောင်ဝေခိုးအား လှည့်၍ ဂါရဝပြုသည်။

'ဆရာကြီးအထက်ကြွပါ၊ နောင်ကြီးထန်ရှင်ရဲ့အလောင်းကို ကြည့်ပြီး သင့်သလို စီမံပေးပါခင်ဗျာ'

ရှောင်ဝေခိုးသည် တည်တည်ငြိမ်ငြိမ်ပင် အတွင်းခန်းထဲသို့ ဝင်၏။

အလောင်းကို ကြည့်သည်။

ထို့နောက် ဂိုဏ်းချုပ်ကြီး အိုယန်ထုံဘက်သို့ ဦးတည်၍ လှည့်ပြောလေ၏။

'ဂိုဏ်းချုပ်ကြီး....ခြောက်လတန်သည် တစ်နှစ်တန်သည်မပုပ်မသိုးအောင် ကျုပ်စီရင်နိုင်ပါတယ်၊ ပိုပြီး လုံခြုံစိတ်ချရအောင်



ကျောက်ဖြူခေါင်းကြီးတစ်လုံးတော့ ရှာပေးပါဗျာ၊ အထဲကို လေမဝင်နိုင်အောင် မီးသွေးမှုန့်တွေအထပ်ထပ်ခံပြီးဒီအလောင်းကို ထည့်ထားရင် ပိုကောင်းပါလိမ့်မယ်'

အိုယန်ထုံက ခေါင်းညိတ်၏။

'စိတ်ချပါ၊ ခေါင်းကို မနက်ဖြန်အမီ ရရပါစေ့မယ်'

'ဒါဖြင့်ရင် ကျုပ်ရဲ့ ဆေးဝါးတွေနဲ့ စီရင်တော့မယ်'

'လုပ်ပါ....စီရင်ပါ၊ နက်ဖြန်ခါ မနက်ကျရင် ဒီကို ကျောက်ဖြူခေါင်းကြီး ရောက်လာရပါစေ့မယ်'

ဆန်ကွမ်းချီက ဝင်၍ပြော၏။

'ကျောက်ဖြူခေါင်းထဲ ထည့်ထားပြီးရင် ပြီးရောလား ဆရာကြီး'

သမားတော်ကြီး ရှောင်ဝေခိုးက....

'မြေကျင်းထဲမှာတော့ နေ့တွေထည့်ထားရမှာပေါ့၊ လနေ ကိုတော့မှ မဟာသချိုင်းဂူထဲ ပြောင်းရွှေ့ရင် ရပါတယ်'

ဆန်ကွမ်းချီ ခေါင်းညိတ်၏။

'အဲဒီအစီအစဉ် ကောင်းပါတယ်၊ နောက်ဘက်က ပန်းဥယျာဉ်ထဲမှာ ခေတ္တခဏ မြှုပ်ထားလိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com

ဂိုဏ်းချုပ်ကြီး အိုယန်ထိုက သဘောတူသည်။

'အဲဒီအတိုင်း လုပ်ပါ၊ ကျုပ်သွားတော့မယ်၊ မဟာသမ္မိုင်း အည်ဆောက်တဲ့ ကိစ္စမှာတော့ မောင်ရင်ပဲ ဦးဆောင်ပါနော်'

'ဟုတ်ကဲ့…ကျွန်တော် ကြိုးစားပါ့မယ်၊ ဒါပေမယ့်လက်ဝဲရံ လက်ယာရံလူငယ်နှစ်ယောက်ကိုတော့ ကျွန်တော့် ဆီမကြာခဏ စေလွှတ်ပေးပါ၊ သူတို့ကို ဆက်သားအဖြစ် သုံးသင့်သုံးရမှာ မို့ပါ'

'ကောင်းပါပြီ၊ မကြာခဏ ပြန်လွှတ်ပေးပါ့မယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထိုသည် သမားတော်ကြီး ရွှေခင် ခိုးနှင့် ဆန်ကွမ်းချိတို့အား နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်ခွာ သွားတော့သည်။

ဆန်ကွမ်းချိက အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။

ထို့နောက်....

'ဆရာကြီး၊ ဆရာကြီးရဲ့လုပ်ငန်းထဲမှာ ကျွန်တော် ဘာဝင်ကူ ရမလဲ၊ ဘာပစ္စည်း ရှာပေးရဦးမလဲ'

သမားတော်ကြီးက ခေါင်းခါ၏။

'ကိစ္စမရှိဘူး၊ မောင်ရင့်ဘာသာ အနားယူနေပါ၊ ကျုပ် ဆီမှာ ဆေးဝါးပစ္စည်း အစုံအလင် ပါလာပါတယ်'



သမားတော်ကြီးသည် စကားဆုံးသည်နှင့် သူ၏ ဝတ်ရုံ အတွင်းမှ လွယ်အိတ်ကြီးတစ်လုံးကို ထုတ်ယူလေ၏။

ထိုလွယ်အိတ်ထဲ၌ ဆေးဝါးပစ္စည်းမျိုးစုံ ပါရှိလေသည်။

ဆန်ကွမ်းချိသည် သူ့အကူအညီ မလိုအပ်တော့မှန်း သိသည် နှင့် သမားတော်ကြီးထံမှ ခွင့်တောင်းပြီး အလုပ်သမားများ ရှိရာ ထင်းရှူးတောဆီသို့ ထွက်လာခဲ့တော့သည်။

နေလုံးကြီးထွက်နေပြီ ဖြစ်သော်လည်း နေရောင်ခြည်များ သည် နှင်းထုကြီးကို ရဲရဲစွံစွံ မထိုးဖောက်နိုင်သေးပေ။

ထင်းရှူးတောထဲ အတန်းလိုက် ကျနေသော နေခြည်နုနု သည် လွန်စွာ ကြည်နူးဖွယ်ကောင်းသည်။

သို့သော် ဆန်ကွမ်းချိ တစ်ယောက်မှာမူ ထိုနေခြည်နုနု၏ အရသာကို မခံစားနိုင်ဘဲ အလုပ်သမားများ၏ စခန်းရှိရာသို့ ခေါင်းငိုက်စိုက်ချပြီး သွားနေလေ၏။

အလုပ်သမားများ၏စခန်း၌ အိပ်သူအိပ်နေသေးသော်လည်း ခေါင်းဆောင်အဖြစ် တာဝန်ယူထားသူ လူဆယ်ယောက်မှာမူ တက်တက်ကြွကြွ နိုးထနေကြသည်။

ဆန်ကွမ်းချိ ကျေနပ်သွား၏။

'မိတ်ဆွေတို့…ခင်ဗျားတို့ ညက ကောင်းကောင်းအိပ်ပျော် ကြရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိက အလုပ်သမားခေါင်းဆောင် ဆယ်ယောက်ကို နှုတ်ဆက်စကားပြောသည်။

ခေါင်းဆောင်တစ်ယောက်က ပျာပျာသလဲ ဖြေသည်။

'ဟုတ်ကဲ့....အိပ်ပျော်ကြပါတယ် ဆရာလေး၊ ကျုပ်တို့ ဒီနေ့ အလုပ်စကြတော့မလား'

ဆန်ကွမ်းချိ ခေါင်းညိတ်၏။

'စရမယ်လေ၊ အဆောက်အအုံ ဆောက်ရမယ့် မြေနေရာ ပြမယ်၊ တိုင်းတာရမယ်၊ ပန္နက်ချရမယ်'

'ဘယ်နေရာမှာ ပန္နက်ချရမှာလဲ'

ဆန်ကွမ်းချိသည် အလုပ်သမားခေါင်းဆောင်ဆယ်ယော အား ထင်းရှူးတော၏ အရှေ့ဘက်သို့ ခေါ်သွား၏။

ထိုနေရာ၌ သစ်ပင်များရှိနေသော်လည်း လောင်းရိပ်မိထ သဖြင့် အခြားသစ်ပင်ကြီးများကဲ့သို့ ကြီးထွားခြင်းမရှိပေ။

ထိုနေရာမှာ ထန်ရှင် ရွေးချယ်ပေးထားသည့် နေရာဖြစ်ပေ သည်။

'ခင်ဗျားတို့ ဟောဒီနေရာကိုတော့ ရှင်းထားရမယ်၊ လိုအပ်တဲ့ အဆောက်အအုံကို ဒီနေရာမှာ ဆောက်မယ်'



ဆန်ကွမ်းချိသည် ညနေစောင်းသောအခါမှ တဲအိမ်သို့ ပြန်သည်။

သမားတော်ကြီး ရှောင်ခဝခုံးသည် ထန်ရှင်၏ အလောင်း မပုပ်သိုးစေရန် စီမံဆောင်ရွက်နေလေပြီ။

သမားတော်ကြီးသည် နံနက်စာကိုစားသုံးခြင်းမရှိဘဲ အလုပ် ကို စောက်ချပြီး လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ထိုအကြောင်းကို ရွှဲမေထံမှ သိခဲ့ရခြင်းဖြစ်၏။

'ဆရာကြီး.... ညစာ သုံးဆောင်ပါဦးခင်ဗျာ၊ မနက်ကတဲ့ ဘာမှမစားဘူးလို့ သိရပါတယ်'

သမားတော်ကြီးသည် ပြုံး၍ခေါင်းညိတ်၏။

'စားတာပေါ့လေ၊ အလုပ်တစ်ခုပြီးပြတ်မှ စားသောက်တော့ စိတ်အေးလက်အေး စားရတာပေါ့၊ ပညာရှိ ထန်ရှင်ရဲ့ ရုပ် အလောင်းကတော့ စိတ်ချသွားရပါပြီ၊ နောင် လေးငါးနှစ် မပုပ်သိုးနိုင်တော့ပါဘူး'

ဆန်ကွမ်းချိသည် သမားတော်ကြီးအား အပြင်ဧည့်ခန်းသို့ ခေါ်ဆောင်လာပြီး အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေး သည်။

သမားတော်ကြီးရှောင်ခဝခုံးက အလောင်းကျပ်စည်းသည့် ပညာရပ်နှင့် ပတ်သက်သည့်ဗဟုသုတများကို စားသောက်ရင်း ပြောပြသည်။

www.burmeseclassic.com



'ဆရာကြီး နောင်ကြီး ဟန်ရှင်ရဲ့ ဆေးစီရင်ပြီးသား ရုပ်ကလာပ်ကို မနက်ဖြန်မနက် ရောက်လာမယ့် ကျောက် ခေါင်းတလားထဲထည့်ပြီးရင် ကိစ္စဝိစ္စအားလုံးပြီးပြီပေါ့'

ရှောင်ဝေခိုးက ခေါင်းညိတ်၏။

'မြေကျင်းထဲတော့ မြှုပ်ထားရဦးမှာပေါ့လေ၊ အဲဒါဆို ပြီးပါပြီ၊ နက်ဖြန်ခါ ဂိုဏ်းချုပ်ကြီး အိုယန်ထု ရောက်လာရင် တချုပ်လဲ ပြန်လိုက်သွားခဲ့တော့မယ်'

ဤသို့ဖြင့် တစ်ညတာကုန်ဆုံးသွားခဲ့လေ၏။

ဆန်ကွမ်းချီသည် နံနက်လင်းသည်နှင့် အလုပ်သမားများ၏ စခန်းသို့သွားသည်။

အလုပ်သမားနှစ်ရာသည် သင်္ချိုင်းဂူအစ်ခု တည်ဆောက်မည့် နေရာမှ သစ်ပင်များကို ရှင်းလင်းဖယ်ရှားပြီးကြပေပြီ။

ထိုစခန်းမှ တဲအိမ်သို့ ပြန်ရောက်သည့်အချိန်တွင် ဂိုဏ်းချုပ်ကြီး အိုယန်ထုသည်လည်း လက်ဝဲရံ လက်ယာရံနှစ်ဦးနှင့်အတူ ကျောက်ခေါင်းတလားကြီးကို သယ်ဆောင် ရောက်ရှိလာလေသည်။

ကျောက် ခေါင်း တလားကြီးမှာ ကျောက်ဖြူ သားဖြင့် ပြုလုပ်ထား၏။



ကျောက်ပြားအဖုံးနှင့် ကျောက်တလားကြီးမှာ အံဝင်ခွင်ကျ ရှိလှ၏။

မြင်ပလေလုံးဝမဝင်နိုင်အောင် ပိပိရိရိ တိတ်ကျကျရှိနေ၏။

ထို့ပြင် ထိုကျောက်ဖြူသားမှာ ထူးထူးခြားခြား အေးမြလှသည်။

ထိုအအေးဓာတ်ကြောင့်ပင် တော်ရှုံဟန်ရဲ့ ရုပ်ကလာပ်မှာ ပျက်စီးခြင်း ရှိလိမ့်မည် မဟုတ်ပေ။

ဆန်ကွမ်းချီက ဂိုဏ်းချုပ်ကြီး အိုယန်ထုအား ဂါရဝပြုလေ၏။

'ဂိုဏ်းချုပ်ကြီး...တစ်နေ့နဲ့ တစ်ညအတွင်းမှာ ဒီလိုပိရိသေသပ်တဲ့ ကျောက်တလားကြီးကို ယူလာနိုင်တာ သိပ်အံ့ဩစရာကောင်းတာပဲ'

အိုယန်ထုက နွမ်းနယ်စွာ ပြုံးလေ၏။

'လိုလျှင်ကြံဆ နည်းလမ်းရဆိုတဲ့ စကားအတိုင်း ပေါ့လေ'

သူသည် သမားတော်ကြီး ရှောင်ဝေခိုးဘက်သို့ လှည့်လိုက်၏။

'ဆရာကြီး...ကျောက်ခေါင်းထဲကို ထည့်လို့ရပြီလား။ ရရင် ထည့်လိုက်ကြစို့ရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ရပါပြီ...အဆင်သင့်ပါပဲ'

လူအားလုံးသည် ပညာရှိထန်ရှင်၏ရုပ်ကလာပ်ကို ကျောက်ခေါင်းတလားကြီးထဲ အသာအယာ ရွှေ့ပြောင်းကြ၏။

ပညာရှိထန်ရှင်၏မျက်နှာမှာ သေသည့်တိုင် အေးချမ်းသည့် အရိပ်အယောင်များ ပေါ်နေ၏။

သူ၏ဝိညာဉ်မှာမူ ကွန်လုံဝမ်အား အနိုင်တိုက်ရေးအတွက် ပူဆွေးသောက ရောက်နေမည်လား မဆိုနိုင်။

ဆန်ကွမ်းချီ၏ဦးဆောင်မှုဖြင့် ခေါင်းတလားကြီးကိုတဲအိမ်၏ အနောက်ဘက် ပန်းဥယျာဉ်ထဲသို့ သယ်ဆောင်လာ၏။

ပန်းဥယျာဉ်၏အလယ်တွင် မခြောက်ပေခန့် နက်သော မြေကျင်းတစ်ကျင်းတူးကာ ကျောက်ခေါင်းတလားကြီးကို မြေတွင် မြှုပ်ထားလိုက်၏။

မဟာ သချိုင်းဂူကြီး ပြီးစီးသွားသည့် အခါတွင် ယခု ကျောက်ခေါင်းတလားကြီးကို ပြန်လည် တူးဖော်ပြီး မဟာ သချိုင်းဂူကြီးအတွင်း သင်္ဂြိုဟ်မြှုပ်နှံမည် ဖြစ်၏။

သူတို့သည် ထိုမြှုပ်နှံထားသည့် နေရာ၌ မည်သည့် အမှတ်အသားမျှမလုပ်ကြပေ။

စိတ်ဖြင့်သာ မှတ်သားကြ၏။



မတော်တဆ ကွန်လုံဝမ် ဂိုဏ်းသားများ တွေ့ရှိသွားပါက တော်မလျော်ပြုလုပ်မည်ကို စိုးရိမ်၍ ဖြစ်ပေသည်။

'ကဲ...အခုအတိုင်း ဆိုရင် မောင်ရင် စိတ်တိုင်းကျ ဖြစ်ပြီ ဟုတ်လား'

အို့ယန်ထုံက ဆန်ကွမ်းချီအား မေးလေ၏။

ဆန်ကွမ်းချီက ခေါင်းညိတ်၏။

'နောင်ကြီးထန်ရှင်ရဲ့ ရုပ်ကလာပ်အတွက်တော့ စိတ်ချရပါပြီ၊ ဒါပေမယ့် မဟာသချိုင်းဂူ တည်ဆောက်ရေး ကိစ္စအတွက်တော့ စိတ်မအေးနိုင်သေးပါဘူး'

'ဘာဖြစ်လို့လဲ၊ ဘာအခက်အခဲ ရှိလို့လဲ'

'အလုပ်သမားတွေဟာ ကျွန်တော့်ကို သာမန်လူတစ်ယောက် အနေနဲ့ပဲဆက်ဆံကြတယ်၊ သိုင်းသမားတစ်ယောက် ဖြစ်တယ်လို့ ယုံကြည်ပုံမရဘူး၊ ဆိုလိုတာက သိုင်းသမားတစ်ယောက် မဟုတ်တဲ့အတွက် သူတို့ဟာ ကျွန်တော့်ကို မကြောက်ကြဘူး၊ ခက်တာက ကျွန်တော်ကလဲ သူတို့ကိုမကြောက်စေချင်ဘူး၊ ဒါကြောင့် သူတို့ ကြောက်ရင်းစွဲရှိတဲ့ လက်ဝဲရဲ့ လက်ယာရဲ့လူငယ်နှစ်ဦးကို ကျွန်တော် ဆီမှာပဲထားခဲ့စေချင်ပါတယ်၊ သူတို့အဖွဲ့ကို ဒီအလုပ်သမားတွေ ကြောက်မှာ သေချာပါတယ်'

အို့ယန်ထုံသည် ချက်ချင်းအဖြေမပေးပဲ လေးနက်စွာတွေးတော စဉ်းစားနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုသည် အိုယန်ထု စဉ်းစားနေခြင်းကို မထောက်သဘောမပေါက်ပေ။

ထိုသော် ကွန်လုံဝမ်၏ ဘေးရန်များကို ရှောတရက်တွေးမိသောအခါမှ ဤလက်ဝဲရံလက်ယာရံလူငယ်နှစ်ဦး၏စွမ်းအားကို သတိပြုလာမိတော့သည်။

ဤလူငယ်နှစ်ဦးကို မိမိက ခေါ်ယူထားခြင်းဖြင့် ဂိုဏ်းချုပ်ကြီး အိုယန်ထုအနေဖြင့် ကွန်လုံဝမ်အားခုခံရာ၌ ပျော့ကောင်းပျော့နေပေလိမ့်မည်။

ဆန်ကွမ်းချိုသည် သူ၏စကားကို လျှောချလိုက်၏။

'ဂိုဏ်းချုပ်ကြီး ခင်ဗျာ...ဂိုဏ်းချုပ်ကြီးတို့အတွက် လိုအပ်နေမယ်ဆိုရင်တော့ ကိစ္စမရှိပါဘူး၊ ဒီမှာ ကျွန်တော် ဘာသာအဆင်ပြေသွားအောင် လုပ်လိုက်ပါ့မယ်၊ ဘာကယ်လုပ်မယ်ဆိုရင် လုပ်လဲ လုပ်နိုင်ပါတယ်၊ ကျွန်တော့်အတွက်တော့ ဦးနှောက်ခြောက်မခံပါနဲ့ ခင်ဗျာ'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် ဟင်းခနဲ သက်ပြင်းချလိုက်လေ၏။

'အခု လောလောဆယ်တော့ ဒီညီနောင်နှစ်ဦးကို ကျုပ်ပဲခေတ္တခဏ ပြန်ခေါ်သွားပါရစေ၊ ဟိုမှာ အခြေအနေကောင်းရင်တော့ ချက်ချင်းပဲ ပြန်လွှတ်ပေးလိုက်ပါ့မယ်၊ ဒီမှာရှိတဲ့



...ဝန်ဟာလဲ အင်မတန် ကြီးလေးတယ်ဆိုတာ ကျုပ်သိနေပါတယ်'

ဤကား ပျားလည်းစွဲသာ ရှဉ့်လည်း လျှောက်သာသောအားပေတည်း။

ဆန်ကွမ်းချိုအနေဖြင့် ငြင်းပယ်ရန် အကြောင်းမရှိပါပေ။

'ဖြစ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ အဆင်ပြေသလိုသာ ဆောင်ရွက်ပေးပါ'

'နောင်ကြီး ထန်ရှင်ရဲ့ ပီသုကာပုံစံ စာရွက်တွေကိုတော့ ...ခင်ရင် လေ့လာပြီးပြီ ထင်ပါရဲ့'

'လေ့တော့ လေ့လာနေတာပါပဲ၊ အားလုံးကိုတော့ ပိုင်ပိုင်...နိုင် မဖြစ်သေးပါဘူး၊ အဆောက်အအုံလုပ်တဲ့အခါကျရင်...တော့ ပုံစံစာရွက်တွေကို လက်ကကိုင်ပြီး ညွှန်ကြားရမှာပဲ'

'ဘယ်လောက်ကြာကြာ တည်ဆောက်ရမလဲ'

'ခြောက်လဆက် ပိုမကြာစေနဲ့လို့ နောင်ကြီး ထန်ရှင်က...ကြားခဲ့ပါတယ်'

'အဲဒီအချိန်အတွင်းမှာ ပြီးစီးနိုင်ပါ့မလား'

'ဒါတော့ မပြောနိုင်သေးပါဘူး ခင်ဗျာ၊ မုဆိုးမိုင်သင်...ဆိုတာလို လုပ်ရင်းကိုင်ရင်းနဲ့မှ ခန့်မှန်းနိုင်မှာပါ၊ နောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင် မှာကြားသွားတဲ့အတိုင်း ခြောက်လထက် ပိုမကြာအောင်တော့ ဂရုတစိုက် လုပ်ကိုင်ဆောင်ရွက်ရမှာပဲ'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် သက်ပြင်းချရင်း....

'ကြိုးစားပါ မောင်၊ ဒီကိစ္စမှာတော့ ကျုပ်က မောင်ရင့်ကိုပဲ အားထားနေတာပါ၊ ကဲ....ကျုပ်တို့ သွားတော့မယ်'

ဆန်ကွမ်းချီသည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံနှင့် သမားတော်ကြီး ရှောင်ဝေခိုးတို့အား လက်သီးနှစ်ဖက်ဆုပ်လျက် ဦးညွှတ်ဂါရဝပြုသည်။

လက်ဝဲရန်နှင့်လက်ယာရံ လူငယ်နှစ်ဦးတို့ကလည်း ဆန်ကွမ်းချီအား ဦးညွှတ်ဂါရဝပြုပြီး နှုတ်ဆက်၏။

'အစ်ကိုကြီး....ကျွန်တော်တို့ သွားပါဦးမယ်'

ဆန်ကွမ်းချီက ခေါင်းညိတ်ပြလိုက်၏။

သမားတော်ကြီး ရှောင်ဝေခိုးသည် သိုင်းပညာတတ်ကျွမ်းသည့် သိုင်းသမားတော်ကြီးဖြစ်၍ အိုယန်ထုံတို့နှင့်အတူ အမြဲပြေးလိုက်သွားရာ မကြာမီ ထင်းရှူးတောထဲမှ ပျောက်ကွယ်သွားလေတော့၏။

ဆန်ကွမ်းချီသည် သက်ပြင်းချရင်း တဲအိမ်ဆီသို့ ပြန်လျှောက်လာခဲ့၏။



ရွှဲမေ ဦးဆောင်သော မိန်းကလေး လေးဦးတို့သည် ဆန်ကွမ်းချီအား တဲ၏အနောက်ဘက်ဝမှ တန်းစီ၍ စောင့်ကြိုနေကြသည်။

'ဆရာလေး၊ အစားအသောက် ပြင်ဆင်ပေးရဦးမလားရှင်'

'ဟင့်အင်း....မပြင်ကြနဲ့ဦး၊ ငါ ပုံစံစာရွက်တွေကို ကြည့်စရာရှိသေးတယ်၊ မင်းတို့ဘာသာ အေးအေးလူလူ နားနေကြပါ'

ဆန်ကွမ်းချီသည် သူ၏ စာရေးစားပွဲခုံသို့ ဝင်ထိုင်လိုက်လေတော့၏။

www.burmeseclassic.com

## အခန်း (၁၂၈)

### မဟာသင်္ချိုင်းဂူ၏ လျှို့ဝှက်ချက်များ

'ဟော့ လူတွေ...ဘာဖြစ်လို့ ဒီဘက်က မြေကျင်းကို ဆက်တူး နေရတာလဲ၊ ဟိုဘက်က မြေတောင်တွေ ပြိုကျလာမှာပေါ့'

ဆန်ကွမ်းချီက အထွင်းအားထုတ်၍ အော်ဟစ်ကြိမ်းမောင်း လိုက်ရသည်။

မကြိမ်းမောင်း၍လည်း မဖြစ်ပေ။

အချို့သော အလုပ်သမားများသည် ပြီးစလွယ် လုပ်ကိုင် ပစ်ကြ၏။

ထို့ကြောင့် ဆန်ကွမ်းချီမှာ တောင်ကူး မြောက်ပြေး အနှံ့ ပေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com


ဤ နှစ်ရာမျှသော အလုပ်သမားများကို အုပ်ချုပ်ကိုင်တွယ်ရသည့်ကိစ္စမှာ လွယ်ကူသောကိစ္စတစ်ရပ် မဟုတ်ပါပေ။

လုပ်ငန်းကြီးမှာ လွန်စွာကြီးကျယ်လှသဖြင့် ဆန်ကွမ်းချိမှာ သူတစ်ယောက်တည်းနှင့်ပင် ပိပိရိရိ အုပ်ချုပ်နိုင်ခြင်း မရှိခဲ့ပေ။

ဆယ်ရက် ကုန်လွန်သွားသည့်တိုင် လုပ်ငန်းအခြေအနေမှာ စိတ်ကျေနပ်ဖွယ်ရာ မရှိသဖြင့် ဆန်ကွမ်းချိမှာ တစ်ကိုယ်တည်း စိတ်ဓာတ်ကျနေလေတော့၏။

သူသည် တစ်ညချမ်းတွင် ဥယျာဉ်ထဲ၌ လက်ထောက်ထိုင်၍ ငေးငိုင်နေမိလေ၏။

ရွှေမေသည် ရေနွေးကြမ်းအိုးကို ကိုင်ဆောင်ရောက်ရှိလာ၏။

ထို့နောက် မဝံ့မရဲ ခေါ်သည်။

'ဆရာလေး....ရေနွေးကြမ်း သုံးဆောင်ပါဦး'

ဆန်ကွမ်းချိက ရေနွေးကြမ်းအိုးများကို ကျောက်တုံးကြီးပေါ်၌ တင်ထားခဲ့ရန် အချက်ပြလိုက်၏။

'ဆရာလေး....ကျွန်မတို့ ဘာကူညီရဦးမှာလဲဟင်၊ ချက်ပြုတ်တဲ့ကိစ္စလောက်နဲ့ ဧည့်ဝတ်ပြုရတဲ့ကိစ္စတွေဟာ မပြောပလောက်အောင် သိပ်မရှိတော့ တတ်နိုင်တဲ့ဘက်က ဆရာလေးကို ကူညီချင်ပါတယ်ရှင်'

ဆန်ကွမ်းချိသည် မဖော်သမ္ဘိုင်းဂူတည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ ခေါင်းခဲနေရာ ရွှေမေတို့အုပ်စုအား မည်သည့်နေရာ၌ အသုံးပြုရမည်နည်းဟု အပြေးအလွှား တွေးတောမိလေ၏။

ဤမိန်းကလေးများသည် ဆောက်လုပ်ရေးလုပ်ငန်းဆောင်တာများကို ယောကျာ်းများကဲ့သို့ ပင်ပင်ပန်းပန်း ဆောင်ရွက်နိုင်ပါမည်လောဟု သံသယလည်းရှိသည်။

သို့သော် ယခုလက်ရှိအချိန်၌ သူ့အဖို့ ဦးနှောက်ခြောက်နေရသည်ကတော့ အမှန်ပင်။

ထို့ကြောင့် ရွှေမေတို့ မိန်းမဖော်လေး လေးဦးအား စမ်းသပ်တာဝန်ပေးရန် ဆုံးဖြတ်လိုက်လေတော့သည်။

'ရွှေမေ....မင်းတို့ ငါ့ကိုကူညီချင်ကြသလား'

ယခုနောက်ပိုင်းရက်များတွင် ဆန်ကွမ်းချိသည် ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေသဖြင့် မိန်းမဖော်လေး လေးယောက်တို့အား ဟက်ဟက်ပက်ပက် စကားပြောခဲ့ခြင်း မရှိပေ။

ဆန်ကွမ်းချိက ယခုကဲ့သို့ လေးလေးနက်နက် ပြန်လည်မေးမြန်းသောအခါ ရွှေမေသည် အလွန်တရာ အားတက်ဝမ်းသာသွားသည်။

'တကယ်ကူညီချင်ပါတယ် ဆရာလေးရယ်၊ ဆရာလေးပင်ပန်းနေတာကို တွေ့နေရလို့ ကျွန်မတို့လဲ စိတ်မကောင်း ဖြစ်နေကြတာပါ'

www.burmeseclassic.com

www.burmeseclassic.com

'အေး...ကူညီချင်ရင်တော့ဖြစ်ပါတယ်၊ ဒါပေမယ့် ပင်ပန်းလိမ့်မယ်'

'ပင်ပန်းရင် ပင်ပန်းပါစေ၊ ကျွန်မတို့ အပင်ပန်းခံနိုင်ပါတယ်'

'အလုပ်သမားတွေ မရိုးအီအောင် တိုက်တွန်းလှုံ့ဆော်ပေးရမယ့်တာဝန်ကိုပေးမယ်၊ မင်းတို့ထမ်းဆောင်နိုင်ပါ့မလား'

ရွှဲမက ဝမ်းသာအားရ ပြောလေ၏။

'ကျွန်မတို့က ဆင်းရဲသားဘဝကလာတဲ့သူတွေပါ၊ ဒီအလုပ်တွေလောက်တော့ ကျွန်မတို့ ကောင်းကောင်းလုပ်နိုင်ပါတယ်'

ဆန်ကွမ်းချီပင်လျှင် စိတ်ထဲ၌ အတော်ကလေးပေါ့ပါးသွားသည်။

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်တို့ သုံးယောက်ကိုပါ ခေါ်လိုက်စမ်း၊ အလုပ်သဘောကို ငါ နည်းနည်းရှင်းပြမယ်'

ရွှဲမသည် လက်ခုပ်သုံးချက် တီးလိုက်၏။

ရှန်းကျို၊ ချွန်းလန်နှင့် ရှကျွန်တို့ ပြေးထွက်လာလေ၏။

သူတို့သည် ရွှဲမနှင့်အတူ ယှဉ်၍ရပ်၏။

ဆန်ကွမ်းချီက မြေအောက်လိုဏ်ခေါင်းသဖွယ်တည်ဆောက်သည့် မဟာသင်္ချိုင်းဂူ၏သဘောကို ရှင်းပြသည်။



အလုပ်သမားများ၏ တာဝန်ဝတ္တရားများကို ရှင်းပြသည်။

ထိုအလုပ်သမားနှစ်ရာရှိသည့်အနက် ငါးဆယ်လျှင် တစ်ဦးကျ အုပ်ချုပ်ရန်၊ အလုပ်ကို တက်တက်ကြွကြွ လုပ်ကိုင်စေရေးအတွက် နှိုးဆော်တိုက်တွန်းရန် စသည့်အချက်များကို ရှင်းလင်းပြောပြလေ၏။

ရွှဲမနှင့် အဖော်သုံးယောက်တို့က ဆန်ကွမ်းချီ အံ့ဩသွားလောက်အောင် ရှင်ရှင်လန်းလန်းပင် အာမခံကြလေ၏။

'ဆရာလေးစိတ်သာချပါ၊ သူတို့ကို ချိုချိုသာသာနဲ့ဖျောင်းဖျတိုက်တွန်းမှာပါ၊ ကျွန်မတို့ စွမ်းအားကို ဆရာလေး စောင့်ကြည့်ပါဦး'

'ကောင်းပြီ၊ မနက်ဖြန် မနက်ကျရင် ငါနဲ့အတူတူ သိုက်ခဲ့ကြတော့၊ အလုပ်သမားတွေကို မင်းတို့ ဘယ်လောက် ထိန်းကွပ်နိုင်တယ်ဆိုတာ ငါ စောင့်ကြည့်မယ်'

ဆန်ကွမ်းချီက ထွက်သွားကြရန် လက်ကို ဝှေ့ယမ်းအချက်ပြလိုက်သဖြင့် ရွှဲမတို့ ထွက်ခွာသွားကြလေ၏။

ထိုညတွင် ဆန်ကွမ်းချီ ကောင်းစွာအိပ်ပျော်သွားခဲ့လေသည်။

နံနက်လင်း၍ ဆန်ကွမ်းချီ အိပ်ရာမှ ထသော အချိန်တွင် ရွှဲမတို့သည် ဆန်ကွမ်းချီ စားသောက်ရမည့် ဟင်းလျာများကို

www.burmeseclassic.com

အဆင်သင့် ပြင်ဆင်ပေးပြီး ဖြစ်နေသည့်အပြင် သူတို့စာစီသိုက် အပြင်ထွက်ရာ၌ သင့်လျော်မည့် သိုင်းဝတ်စုံများကိုပါ ဝယ်ထား ထားပြီးဖြစ်ကြောင်း ဆန်ကွမ်းချီ အံ့သြစွာ တွေ့မြင်ရသည်။

'ဆရာလေး၊ ကျွန်မတို့ အလုပ်ခွင်ဆင်းဖို့ အဆင်သင့်ပါပဲ'

ဆန်ကွမ်းချီက မပြုံးစဖူးပြုံး၍ ခေါင်းညိတ်ပြသည်။

သူ စားသောက်ပြီးသောအခါ ရွှဲမေသည် ဆန်ကွမ်းချီတို့ စားသောက်သည့် ပန်းကန်ခွက်ယောက်များကို သိမ်းဆည်း သွားကြ၏။

ဆန်ကွမ်းချီ၏လက်ထဲ၌ သချိုင်းဂူပုံစံ စာရွက်စာတမ်းများ အဆင်သင့် ဖြစ်နေသောအချိန်တွင် ရွှဲမေတို့လေးယောက်လည်း အလုပ်ခွင်ဝင်ရန် အသင့်ဖြစ်နေကြလေပြီ။

'သွားကြစို့'

ဆန်ကွမ်းချီသည် အပြင်သို့ ဦးဆောင် ထွက်သွား၏။

လမ်းခရီး၌ ရွှဲမေတို့အား ပုံစံစာရွက်များ ပြသည်။

သချိုင်းဂူ၏ သဘောသဘာဝကို ရှင်းပြသည်။

ဤသဘောသဘာဝကို သိရှိထားပါက အလုပ်သမားများကို ကိုင်တွယ် စေခိုင်းရာ၌ မိမိ၍ လွယ်ကူလိမ့်မည်မှာ ဆန်ကွမ်းချီ နားလည်သဘောပေါက်ထားသည်။



ဤအတိုင်းလည်း တကယ်မှန်ပါသည်။

အဘယ်ကြောင့်ဆိုသော် ရွှဲမေတို့ လေးယောက်သည် သူတို့ ကိုင်တွယ်ရသည့် ငါးဆယ်စု တစ်စုစီအား ပိုင်ပိုင်နိုင်နိုင် စေခိုင်း နိုင်သောကြောင့်ပေတည်း။

တစ်ရက် အချိန်ကုန်သည်နှင့်အမျှ လုပ်ငန်းလည်း သိသိသာ သာ ပြီးစီးလာခဲ့သည်။

ရက်သတ္တတစ်ပတ် ကုန်သောအခါ ဆန်ကွမ်းချီမှာ ရွှဲမေ တို့အား လိုက်လံစွာ ချီးကျူးရတော့သည်။

'ငါ့ညီမတို့ အခုကိစ္စကို ခြောက်လအတွင်း မပြီးစီးမှာ ငါ သိပ်စိုးရိမ်ခဲ့ပါတယ်၊ ဟိုရက်တွေကဆိုရင် ငါ အိပ်လို့တောင် မပျော်ခဲ့ပါဘူး၊ အခု ငါ့ညီမတွေ ကူညီလို့ ခြောက်လမတိုင်မီ ပြီးစီးလိမ့်မယ်လို့ ငါယုံကြည်ပြီ၊ မင်းတို့ကို ဘယ်လိုကျေးဇူး တင်ရမှန်း မသိပါဘူးကွယ်'

ဆန်ကွမ်းချီ၏ လိုက်လံသော ကျေးဇူးတင်စကားကို ကြား လိုက်ရသောအခါ အလွန်တရာလှပသည့် နာမည်ပိုင်ရှင်ဖြစ်သည့် ရွှဲမေ၊ ရှန်းကျူ၊ ချွန်းလန်နှင့် မှုကျန်တို့သည် မျက်ရည်များရစ် ဝိုင်းလာကြတော့၏။

ဆီးပန်း၊ ဂန္ဓမာပန်း၊ သစ်ခွပန်းနှင့် ကြာပန်းဟူသော ပန်း နာမည်များသည် ဤမိန်းကလေးများ၏ နာမည်များပင် မဟုတ် ပါလော။

www.burmeseclassic.com



မိန်းကလေးများ၏ ခေါင်းဆောင်ဖြစ်သည့် ရွှေမေက တုန်ယင်လှိုက်လှဲသောအသံဖြင့် ပြန်လည်ပြောကြားသည်။

'ကျွန်မတို့ကို ကျေးဇူးတင်ဖို့ မလိုပါဘူး ဆရာလေးရယ် ကျွန်မတို့အပေါ်မှာ ဂိုဏ်းချုပ်ကြီးရဲ့ ကျေးဇူးတွေ အများကြီး ရှိပါတယ်၊ ဒါတင်မကဘူး ဆရာလေးကလဲ ကျွန်မတို့အပေါ် အမြဲတမ်း ကြင်ကြင်နာနာနဲ့ ဆက်ဆံတဲ့ ကျေးဇူးတရားတွေ ရှိ ပါတယ်၊ ဆရာလေး ဝမ်းသာတယ်၊ အိပ်ပျော်တယ်ဆိုရင် ကျွန်မ တို့ ပင်ပန်းရကျိုးနပ်ပြီလို့ ယူဆရပါတယ်ရှင်'

ဆန်ကွမ်းချီမှာ ထိုအခါကျမှ ပို၍ဝေဒနာတစ်ရပ်ကို ခံစား ရတော့သည်။

'ကျေးဇူးတင်ပါတယ်ကွယ်၊ ကဲ...ကဲ ငါ့ညီမတို့လဲ ပင်ပန်း နေပါပြီ အနားယူကြပါ၊ အခုကိစ္စက တစ်ရက်နှစ်ရက် တစ်ပတ် နှစ်ပတ်နဲ့ ပြီးမယ့်ကိစ္စ မဟုတ်ဘူး။ လေးငါးလလုပ်ရမယ့် ကိစ္စ ဖြစ်လို့ အားမွေးထားဖို့လိုတယ်၊ အလုပ်သမားတွေကို အခုပုံ အတိုင်း ချောတစ်ခါ ငေါက်တစ်လှည့်နဲ့ အဆင်ပြေသလို ခိုင်း ပါ၊ ဒီအတိုင်းဆက်သွားရင် ငါ့အနေနဲ့ ပုံစံ ပြပေးရုံလောက်ပဲ တာဝန်ရှိတော့တာမို့ အတော်ကလေး ခေါင်းပေါ့သွားပါပြီ ကဲ...ကဲ...အိပ်ကြပေတော့'

မိန်းကလေး လေးယောက်သည် ဆန်ကွမ်းချီကို ဂါရဝပြု ပြီးနောက် သူတို့၏အခန်းထဲသို့ ဝင်သွားကြလေ၏။



ဆန်ကွမ်းချီလည်း သူ့အခန်းထဲ ပြန်ဝင်၍ အနားယူအိပ် တော့၏။

တစ်လတိတိ ကြာမြင့်သွားသည့်အချိန်တွင် သစ်တော မြေ အနေအထားသည် ပညာရှိဆန်ရှင် လိုချင်သည့် ပုံစံအတိုင်း ဖြစ်မြောက်လာ၏။

လိုက်ခေါင်းများကို အသေအချာ တူးဖော်ခြင်း၊ အမာခံ မြှုပ်ခြင်း စသည့်အသေးစိတ်အနေအထားများကို တူးဖော် သုပ်ကိုင်ခြင်း မပြုရသေးသည့်တိုင် စိတ်ကျေနပ်မှုယ် ကောင်း သော အဆင့်အပြစ် ဆန်ကွမ်းချီ လက်ခံမိသည်။

ဆန်ကွမ်းချီ ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်ကို တွေ့ရ သဖြင့် ရွှေမေတို့လေးယောက်လည်း အလွန်တရာ ပျော်ရွှင်နေ ကြသည်။

ထိုတစ်လအချိန်အတွင်းမှာပင် လက်ဝဲရံနှင့်လက်ယာရံ လူ ငယ်တို့ ရောက်ရှိမလာကြပေ။

သူတို့ရောက်မလာသဖြင့် ဆန်ကွမ်းချီ ဝမ်းနည်းရမှန်းလည်း သိ၏

အလွန်တရာ ဖူးတက်လတ် ပါးနပ်သည့် မိန်းကလေး လေး ယောက်၏အကူအညီကို လွယ်လွယ်ကူကူ ရနေသည် မဟုတ်ပါ လော၊

www.burmeseclassic.com



ရွှဲ့မေတို့သည် အလွန်တရာ နှုတ်ချိုကြ၏။

အလုပ်သမား နှစ်ရာစလုံးသည် ရွှဲ့မေတို့ သေးယောက်၏ ချော့ချော့မော့မော့ပြောသည့်စကားများကို လုံးဝ မလွန်ဆန်နိုင်ကြပေ။

ပန်းကုလေးများလိုလှပသည့် မျက်နှာကလေးများက အလုပ်သမားများအတွက် အမောပြေ ဆေးတစ်ခွက် ဖြစ်နေသည်လားမဆိုနိုင်ပါပေ။

ဤသို့ဖြင့် နောက်ထပ်တစ်လ ကုန်ဆုံးသွားပြန်၏။

အလုပ်သမားများသည် ဤအဆောက်အအုံကြီး ထဲ၌ သူတို့ ပိတ်လှောင်ခံရမည့်အရေးကို လုံးဝမတွေးမိကြချေ။

ထို့ကြောင့် အင်တိုက်အားတိုက်ဆက်လုပ်ကြသည်။

ဆန်ကွမ်းချီမှာ ထိုအချက်ကိုတွေးမိတိုင်း ရင်နာလှသဖြင့် မီးထိဖယောင်းသဖွယ် ပျော့ကျသွားသည်။

သူ့အသည်းနှလုံးကို ပြန်လည်မာကျောလာအောင် မကြာခဏ စိတ်တင်းနေခဲ့ရလေသည်။

ဤလူနှစ်ရာခန့်ကို စတေးသည့် အစီအမံမျိုးကို ထန်ရှင်ကဲ့သို့သောပုဂ္ဂိုလ်မျိုးက ရေးဆွဲစီစဉ်ခဲ့ခြင်းအတွက်လည်း ဆန်ကွမ်းချီ အလွန်တရာအံ့ဩခဲ့ပေသည်။



သုံးလတိတိကုန်ဆုံးသွားချိန်အထိ ဂိုဏ်းချုပ်ကြီးအို ယန်ထု သော် လည်းကောင်း၊ အခြား ကမ်ယောက်ယောက် သော်လည်းကောင်း လုံးဝရောက်မလာကြသဖြင့် ဆန်ကွမ်းချီ အံ့ဩလာသည်။

တစ်ဖက်မှ လှည့်တွေးမိသော အခါတွင်မူ ကျွန်လှုဂိုဏ်းအတွက် ရင်ပူရပြန်တော့သည်။

ကွန်လုံဝမ်သည် ကျွန်လှုဂိုဏ်းအား ကျူးဖင်ခုတ် ကျူးဝှက်တော့ သုတ်သင်နေပြီလားမသိပေ။

သို့သော် ဆန်ကွမ်းချီသည် ခြောက်လအတွင်း သချိုင်း ပြီးစီးရန် ကိစ္စသည်သာ သူ့ကိစ္စဖြစ်သည်ဟု စိတ်ကိုတုံးချလျက် ကျွန်လှုဂိုဏ်းချုပ်ကြီး အိုယန်ထု နှင့် ကွန်လုံဝမ်တို့၏ အရေးအခင်းကို သူ့ဦးခေါင်းထဲမှ ဖယ်ထုတ်ပစ်သည်။

မဖယ်ထုတ်လျှင်လည်း သူ့ သောက်မိုက်သည့်လူရှိတော့မည် မဟုတ်ပေ။

သူ ဆောင်ရွက်နေရသည့် မဟာသချိုင်းဂူကြီး၏ ဆန်းပြားခမ်းနားသော လျှို့ဝှက် ထောင်ချောက်များသည် ကွန်လုံဝမ်နှင့် တိုက်ခိုက်ရသည်ထက် ပိုမို ခက်ခဲ ပင်ပန်းသောကြောင့်ပေတည်း။

ဤအဆင့်အထိ အဆင်ပြေပြေ ချောချောမွေ့မွေ့ ဆောင်ရွက်နိုင်ခြင်းမှာ ထန်ရှင်၏ ဗိသုကာပုံစံစာရွက်များနှင့် သီးခြားရေးသားထားခဲ့သည့် ညွှန်ကြားချက်များကြောင့် ဖြစ်သည်။

www.burmeseclassic.com



ထိုအချက်များမရှိလျှင် သာမန်သိုင်းသမားမျှသာ ဖြစ်သော ဆန်ကွမ်းချီသည် အာမျှ လုပ်ကိုင်ဆောင်ရွက်နိုင်မည် မဟုတ်ပေ။

ထိုရက်များအတွင်း ဆန်ကွမ်းချီနှင့် မီနီးကလေး လေးယောက်တို့မှာ အလုပ်သမားမျိုးထဲဖြင့် ပို၍ ပင်ပန်းခဲ့ကြလေ၏။

ငါးလတိတိ စေ့ရောက်သွားသည့်အချိန်တွင်မူ သခ်ျိုင်းဂူကြီး လုံး၀ ပြီးမြောက်သွားလေ၏။

အချို့သော နေရာများ၌သာ အချောကိုင်ရန် ကျန်တော့သည်။

ဆန်ကွမ်းချီအဖို့ အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည့်အချက်မှာ ကျန်လုဂိုဏ်းချုပ်ကြီးသည်သည့်လည်း ထိုငါးလပြည့်မြောက်သည့်နေ့၌ ထိုအလုပ်စခန်းသို့ ရောက်ရှိလာခြင်း ပေတည်း။

ဤ ငါးလအတွင်း ဤစခန်းသို့ ရောက်ရှိခဲ့သည့်လူ ဆို၍ အိုယန်ထု၊ သမားတော်ကြီး ရှောင်ဝေခုံ၊ လတ်ယာရုံနှင့် လက်ဝဲရုံလူငယ်တို့ လေးယောက်သာ ရှိသည်။

အလုပ်သမားများသည် တစ်ယောက်မျှအဝင်အထွက်မလုပ်ကြပေ။



သူတို့အဝင်အထွက် အသွားအပြန် မလုပ်နိုင်အောင် အစားအသောက် ဓားနုပ်ရိက္ခာနှင့် ဆောက်လုပ်ရေး ပစ္စည်းမျိုးရ ရောက်ရှိထားရန် လက်ဝဲရုံလူငယ်နှင့် လတ်ယာရုံ လူငယ်တို့က ဖြည့်ဆည်းပေးခဲ့ပြီးပြီ မဟုတ်ပါလား။

ဆန်ကွမ်းချီသည် ဂိုဏ်းချုပ်ကြီး အိုယန်ထုအား ဦးညွှတ်ဂါရဝပြု၍ ကြိုဆိုနှုတ်ဆက်လိုက်၏။

အိုယန်ထုက သက်သောင့်သက်သာနေရန် လက်ဖြင့် အချက်ပြသည်။

"အင်း...ကျုပ်စိတ်ထဲမှာ မဟာသခ်ျိုင်းဂူကြီး ဒီလောက် ပြီးစီးနေလိမ့်မယ်လို့ မထင်မိတာအမှန်ပဲ၊ အခုတော့ ငါးလတည်းနဲ့ အားလုံးပြီးစီးနေတာပဲနော်၊ ကျုပ်ဖြင့် အံ့သြချီးကျူးလို့မဆုံးဘူး၊ တော်ပါပေတယ်၊ တာဝန်ကျေပါပေတယ်"

ဆန်ကွမ်းချီသည် ဂိုဏ်းချုပ်ကြီးအိုယန်ထုအား အကဲခတ်လိုက်၏။

ဂိုဏ်းချုပ်ကြီး၏ နဖူးရေများ ပို၍တွန့်လာသည်ဟု သူ့စိတ်ထဲ၌ ထင်မိသည်။

မျက်နှာလည်းသည်း ပို၍ ရှုံ့ရော်လာသည်ဟု ထင်မှတ်မိသည်။

www.burmeseclassic.com

သို့သော် ဂိုဏ်းချုပ်ကြီး၏တည်ကြည်သေးနက်မှုမှာ ပျောက် ကွယ်မသွားသည့်ပြင် ပို၍နက်ရှိုင်းလာကြောင်း တွေ့ရှိရလေ သည်။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် အစွမ်းကြောင့် အခုလိုပြီးစီး တာမဟုတ်ပါဘူးခင်ဗျာ၊ ဟောဒီ...'

ဆန်ကွမ်းချိုသည် သူ့ နောက်၌ ယို့ယို့ ကလေး ရပ်နေသည့် ရွှေမတို့လေးယောက်အား လက်ညှိုးညွှန်ပြပြီး ဆက်ပြောပေ

'သူတို့လေးယောက်ရဲ့ အကူအညီကြောင့်သာ ခုလိုအချိန်မီ ပြီးစီးတာပါခင်ဗျာ'

'ဟော...'

ဂိုဏ်းချုပ်ကြီးအို့ယန့်ထု ထံမှ အာမေဋိတ်သံထွက်ပေါ်လာ လေ၏။

ဂိုဏ်းချုပ်ကြီးအို့ယန့်ထုံမှာ အမှန်တကယ်ပင် အံ့သြသွား သည်။

ဤမိန်းကလေး လေးယောက်ကို ကျိုးနေရာသို့ ပို့ထားခဲ့ခြင်း မှာ ပညာရှိထန့်ရှင်၏ စားရေးသောက်ရေးအဝဝ၌ ပြုစုရန် ဖြစ်သည်။

ထန့်ရှင် ကွယ်လွန်ပြီးနောက် ဆန်ကွမ်းချိုအား ဆက်လ ပြုစုရန် ဖြစ်သည်။



ယခုမူ သူ မမျှော်လင့်သော ဆောက်လုပ်ရေးကိစ္စအဝဝ၌ ဆန်ကွမ်းချိုက ချီးကျူးလောက်သည့် ထောက်ပံ့ကူညီသူများ ဖြစ်ကြောင်း တွေ့နေခဲ့ရလေပြီ။

ဂိုဏ်းချုပ်ကြီး အို့ယန့်ထုံ အံ့သြသွားသည်ကို ရိပ်မိသဖြင့် ဤမိန်းကလေးလေးယောက်၏ လုပ်ရည်ကိုင်ရည်ကို ဆန်ကွမ်းချို က ရှင်းလင်းပြောပြရတော့သည်။

'အင်း...သူတို့က ဒီလောက်တောင် တော်နေကြတာကိုး'

ဂိုဏ်းချုပ်ကြီး အို့ယန့်ထုံသည် မိန်းကလေး လေးယောက် တို့အား ချီးကျူးသော မျက်လုံးများဖြင့် လှမ်း၍ကြည့်လိုက်၏။

ရွှေမေ အပါအဝင် မိန်းကလေး လေးယောက်တို့သည် ဒူး လေးများကိုညွတ်ကာ ဦးညွတ်ဂါရဝ ပြုလိုက်ကြလေ၏။

ဂိုဏ်းချုပ်ကြီးထံမှ ချီးကျူးစကား တစ်ခွန်း ကြားရခြင်း သည် သူတို့အဖို့ ရွှေခင်လျှ တစ်ထောင်လောက် ရသည်နှင့် ညီမျှ သည်ဟု မိန်းကလေးများက တန်ဖိုးထားကြလေ၏။

ဂိုဏ်းချုပ်ကြီးသည် အမိန့်နှင့် စေခိုင်းခြင်းထက် မေတ္တာရပ် ခံ စေခိုင်းခြင်းမျိုးကို ပို၍တန်ဖိုးထားလုပ်ကိုင်တတ်သည့်အကျင့် ရှိသည်နှင့်အညီ ထန့်ရှင်၏ ရုပ်ကလာပ်နှင့် ပတ်သက်သည့် ကိစ္စကို ပျော့ပျောင်းစွာ မေးမြန်းလေ၏။

'ဆန်ကွမ်းချို၊ နောင်ကြီးထန့်ရှင်ရဲ့ ရုပ်ကလာပ်ကို မဟာ သင်းချိုင်းဂူထဲ ဘယ်တော့လောက် ရွှေ့မလဲ၊ မောင်ရင့် သဘော ထားကို ပြောပါလား'

www.burmeseclassic.com


ဆန်ကွမ်းချိုသည် အိုယန်ထုံ၏ စကားရိပ်ကို နားလည်၏

ထို့ကြောင့် ချက်ချင်းပင် ပြန်လည် အဖြေပေးသည်၊

'ကျွန်တော်လဲ ခုပဲ ရွှေ့ပြောင်း ချင်ပါတယ်၊ ဒီကိစ္စကို ဂိုဏ်းချုပ်ကြီးနဲ့ ကျွန်တော် နှစ်ယောက်တည်းရွှေ့မှ ကောင်းမှာ တခြားသူတွေကို အသိပေးလို့ ကောင်းတာမဟုတ်ပါဘူး၊ ဒီမိန်းကလေး လေးယောက်ကတော့ ခြွင်းချက်နဲ့ပေါ့လေ'

'ကောင်းတယ်၊ ကျုပ်ကလဲ နောင်ကြီး ထန်ရှင်ရဲ့ အမှာစကားကို အကောင်အထည် ဖော်ချင်တယ်'

'ဒီလိုဆိုရင် နောင်ကြီးထန်ရှင်ရဲ့ ရုပ်ကလာပ်ကို ခေတ္တမြှုပ်နှံထားတဲ့ နေရာကိုသွားပြီး ဖော်လိုက်ကြရအောင် ဒီမိန်းကလေး လေးယောက်ရဲ့ အကူအညီကိုလဲ ယူတာပေါ့'

'ကောင်းတယ်'

အိုယန်ထုံ၊ ဆန်ကွမ်းချိုနှင့် မိန်းကလေး လေးယောက်တို့သည် မဟာသချိုင်းဂူကြီးကို ကျောခိုင်းကာ တဲအိမ်ကလေး၏ အနောက်ဘက်ဥယျာဉ်ထဲသို့ ပြန်လာခဲ့ကြ၏။

ထန်ရှင်၏ ကျောက်ခေါင်းဘလားကြီးကို ပြန်လည်တူးဖော်ကြသည်။

မကြာမီ ကျောက်ခေါင်းတလားကြီး ထွက်ပေါ်လာ၏။

ထိုကျောက်ခေါင်းတလားကို အိုယန်ထုံနှင့် ဆန်ကွမ်းချိုတို့ တစ်ဖက်တစ်ချက်မှ ထမ်းယူပြီး မဟာသင်္ချိုင်းဂူကြီးသို့ ရွှေ့ရန် ထွက်လာကြသည်။

ရွှဲဒမက...

'ဆရာလေး၊ မဟာသင်္ချိုင်းဂူကြီးထဲမှာ အနှောင့်အယှက်ပေးနေတဲ့ သူပုန်သမားတွေကို အပြတ်တိုက် ထွက်ခိုင်းလိုက်ရမလား'

'မထွက်ခိုင်းနဲ့ နေပါစေ၊ ငါ စီစဉ်ထားတဲ့အတိုင်း သုံးနှစ်ရှိကြာတွေနဲ့ ရေတွေကော မဟာသင်္ချိုင်းဂူကြီးထဲ ပို့ထားပြီလား'

'အဲဒါတွေကို လွှန်ခဲ့တဲ့ တစ်လကတည်းက ပို့ဆောင်ပြီးပါ ရေကတော့ လွန်ခဲ့တဲ့ ဆယ်ရက်ကမှ ပို့ဆောင်ခဲ့ပါတယ်'

'ဒါဆို တော်ပြီ'

ဆန်ကွမ်းချိုသည် စကားမပြောတော့ဘဲ ခေါင်းတလားကြီးကို သယ်ဆောင်သွားတော့သည်။

ဂိုဏ်းချုပ်ကြီး အိုယန်ထုံမှာမူ အတွေးနက်ပြီး လမ်းလျှောက်နေသဖြင့် စကားတစ်ခွန်းမျှ မပြောပေ။

ထို့ပြင် သူတို့ထမ်းလာသည့် ကျောက်ခေါင်းဘလားကြီး အတော်ကလေး လေးလံသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်လိုက်သည်ကလည်း ပြောစရာမရှိ။

အို့ယန့်ထု နှင့် ဆန်ကွမ်းချီတို့ကဲ့သို့ အတွင်းအား အလွန်ကောင်းသူများ မဟုတ်ပါက ထိုကျောက်ခေါင်းတလားကြီးကို မည်သူမျှ ထမ်းနိုင်ကြမည် မဟုတ်ပေ။

မဟာသင်္ချိုင်းဂူ၏ အဝင်အဝသို့ရောက်သောအခါ ဆန်ကွမ်းချီက ရွှဲမေတို့အား အပြင်၌နေခဲ့ရန် အမိန့်ပေးလေ၏။

ရွှဲမေတို့ လေးယောက် အပြင်၌ ကျန်ခဲ့ကြသည်။

ဆန်ကွမ်းချီသည် ရှေ့မှ ဦးဆောင်ဝင်၏။

ဝက်ပါကဲ့သို့ ရှုပ်ထွေးသော မြေအောက် သင်္ချိုင်းဂူထဲသို့ ကွေ့ကွေ့ကောက်ကောက် မြေလိမ်မြွေကောက် လျှောက်ဝင်ကြသည်။

အလုပ်သမားများသည် သူတို့အလုပ်၌သူတို့ စိတ်ဝင်စားနေသဖြင့် ဆန်ကွမ်းချီနှင့် အို့ယန့်ထု တို့ကိုပင် ဂရုမပြုမိကြပေ။

သူတို့ကဲ့သို့ လုပ်ငန်းခွင် ဝင်နေသူများဟုသာ ထင်မှတ်နေကြသည်။

အို့ယန့်ထု သည် ဆန်းကြယ်သော အကွေ့အကောက်များကို သတိပြုမှတ်သားလာ၏။

ဤသင်္ချိုင်းဂူထဲ၌ ယန္တရားများ ရှိမည်ကို သူ၏အသိဉာဏ်က သိရှိနေ၏။



သို့သော် မည်သည့်ယန္တရား အရိပ်အယောင်ကိုမျှ မတွေ့ရ

လျှို့ဝှက်တပ်ဆင်ထားမည်မှာ သေချာနေပေသည်။

နှစ်ယောက်သား တိတ်ဆိတ်စွာ လမ်းလျှောက်နေရာမှ ဆန်ကွမ်းချီက ချောင်းဟန့်လိုက်၏။

သူ့ချောင်းသံသည် မြေအောက်လိုဏ်ခေါင်းထဲ၌ ပဲ့တင်ထပ်သွား၏။

'ဂိုဏ်းချုပ်ကြီး... ဒီသင်္ချိုင်းဂူနဲ့ ပတ်သက်ပြီး ဂိုဏ်းချုပ်ကြီး ဘာတစ်ခုမှ အစီရင်မခံခဲ့ရသေးပါဘူး၊ အခု အလျဉ်းသင့်တဲ့အတွက် နည်းနည်းလောက် အစီရင်ခံချင်ပါတယ်'

'ကိစ္စမရှိပါဘူး မောင်ရင်၊ ဒီမြေအောက်သင်္ချိုင်းဂူထဲမှာ ဝှက်ထောင်ချောက်တွေ၊ လျှို့ဝှက်စက်ကိရိယာတွေအကြောင်း ပြောမလို့ဟုတ်လား၊ နေပါဦး... ကျုပ် မြင်တွေ့ရပေ ယ်အကြောင်းမသိတဲ့သူတစ်ယောက် ဒီထဲဝင်လာရင် ခြေလှမ်း ပင်းမှာ အန္တရာယ်ရှိနေ ယ်ဆိုတာ ကျုပ်နားလည်သဘောပေါက် ပါတယ်'

'ဟုတ်ကဲ့... အဲဒီအကြောင်းကိုပဲ ကျွန်တော် တင်ပြချင်တာ ပါ သင်္ချိုင်းဂူအဝမှာ အင်မတန် ကြီးမားတဲ့ တံခါးကြီး ရှိပါ တယ်၊ အဲဒီတံခါးကြီးကို ပိတ်လိုက်တာနဲ့ ဒီသင်္ချိုင်းဂူထဲက

www.burmeseclassic.com

www.burmeseclassic.com

စက်ခလုတ်တွေ၊ ကျောက်မောင်းတွေဟာ အလိုလို လည်ပ
ပါတော့မယ်'

'ထူးဆန်းတာပဲ'

အို့ယန်ထုံက ထိုမျှသာ မှတ်ချက်ချသည်။

ဆန်ကွမ်းချိုက....

'ဟာ....ထူးဆန်းတာတော့မပြောနဲ့၊ နောင်ကြီးထန်ရှင်ေ
ထားခဲ့တဲ့ ပုံစံစာရွက်တွေကို ကျွန်တော်လဲ နားမလည်ပါဘူး
မထမတော့ တစ်ခါဆင်ခိုင်းလိုက် မှားလိုက်ပြန်ပြင်လိုက်နဲ့ ပထ
ပိုင်းမှာ အတော်ကလေး စိတ်ညစ်ရပါတယ်၊ နောက်ပိုင်းမှ
နောင်ကြီးထန်ရှင်ရဲ့ အယူအဆတွေကို တဖြည်းဖြည်း သဘေ
ပေါက်လာတယ်၊ အဲဒီအခါကျမှ ကျောက်မောင်း တပ်ဆင်
တွေ လျှပ်မြန်လာတယ်၊ နောင်ကြီး ထန်ရှင်ရဲ့ ဉာဏ်စွမ်းရည
ကတော့လက်ဖျား ခါလောက်အောင် ထူးချွန်ပါပေတယ်ခင်ဗျာ

'အဲဒါတွေကို ကျုပ် တစ်ခုမှ မမြင်ခဲ့ရဘူးနော်'

ဆန်ကွမ်းချိုက ခေါင်းညိတ်၏။

'အားလုံး အဖိုးအနဂ္ဃနဲ့ချည်းကိုး၊ ကျောက်ချပ်တွေ က
ထားတယ်၊ ကျောက်စားပွဲလို သင်မှတ်ရတဲ့ အရာလဲ ထော
ချောက်ပဲ၊ ဘော်ရုံဘန်ရုံလူဟာ ဒီဆံချိုင်းဂူထဲမှာ ဘာထော
ချောက်မှ မရှိဘူးလို့ အထင်မှားကြရပါလိမ့်မယ်၊ အဲဒါဟာ
နောင်ကြီးထန်ရှင်ရဲ့ စွမ်းရည်ပါပဲ ခင်ဗျာ'



အို့ယန်ထုံသည် ခေါင်းတညိတ်ညိတ်ဖြင့် လိုက်ပါလာခဲ့၏။

တွေ့ကောက်သော ဝကိုပါသည် ဆုံးနိုင်ဖွယ်မရှိဟု ထင်မှတ်
ာ၏။

စ် မဟာသချိုင်းဂူကြီးသည် အလွန်တရာ ကြီးမားသည်
သော်လည်း အရှေ့နှင့် အနောက် တောင်နှင့် မြောက်သို့
ာက်လျှင်မူ ဤမျှရှည်လျားခြင်း မရှိပေ။

ခုမူ ခရုခွေပတ်သကဲ့သို့ ရစ်ပတ်နေသဖြင့် မဆုံးနိုင်အောင်
လျှောက်နေရသကဲ့သို့ ထင်မှတ်နေရခြင်း ဖြစ်၏။

ထိုခရုခွေ၏ အလယ်ဗဟိုတွင် ထန်ရှင်၏ ကျောက်ခေါင်း
ား မြှုပ်နှံရမည့် ကျောက်ဂူရှိ၏။

နောက်ဆုံးတွင် ထိုခရုခွေ၏ အလယ်ဗဟိုသို့ ရောက်ရှိလာ
သည်။

တို့သည် ကျောက်ဂူထဲသို့ ကျောက်ခေါင်းဘလားမထည့်မီ
ကျောက်ခေါင်းဘလားကို ချထားလိုက်၏။

ကျောက်ဂူကြီးမှာ ကျောက်စိမ်းသားဖြင့် ပြုလုပ်ထား၏။
အလွန်ဘရာပင် အေးမြလှသဖြင့် ကျောက်ခေါင်းဘလား၏
ခတ်နှင့် သုမသာ ကိုယ်မသာရှိသည်။

ဆန်ကွမ်းချိုက ကျောက်ဂူကြီး၌တပ်ဆင်ထားသည့် လျှို့ဝှက်
များကို ရှင်းလင်းပြောပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အို့ယန်ထိုက စိတ်ပါဝင်စားစွာ နားထော
သည်။

'ဂိုဏ်းချုပ်ကြီး ခင်ဗျာ...ဟောဒီအခန်းဟာ အခြားအ
သော အခန်းများထက် ပိုအေးပါတယ်၊ အထူးသဖြင့် ဟေ
ကျောက်စိမ်းဂူက ပိုအေးပါတယ်၊ သာမန်အားဖြင့် ကြ
နောင်ကြီးထန်ရှင်ဟာ သူ့ရုပ်ကလာပ်ကို နှစ်ပေါင်းမျာ
မပုပ်သိုးအောင် လုပ်ထားတယ်လို့ မြင်ရပါတယ်၊ အမှန်က
အဲဒီလိုမဟုတ်ပါဘူး၊ ကျောက်လိုဏ်ဂူကြီးတစ်ခုလုံးဟာ အ
မရွေး ပြိုပျက်ကျအောင် စီမံထားတဲ့အတွက် နောင်ကြီးထ
ယာ သူ့ရုပ်အလောင်းရဲ့ ရှေ့ရေးအတွက် ဘာမှ စီမံစော
ဆိုတာ ထင်ရှားနေပါတယ်'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုက ခေါင်းညိတ်၏။

'ကျုပ်တို့ မောင်ရင်တို့ကတော့ သဘောပေါက်ပြီးပါပြီ
နောင်ကြီးထန်ရှင့်ရဲ့ ရည်ရွယ်ချက်ကို ကျုပ်တို့က သိပြီးသ
ဥစ္စာ၊ ကဲ...ကျောက်စိမ်းဂူကို ဘယ်လိုဖွင့်မလဲ'

'ဟောဒီလို ဖွင့်ပါ'

ဆန်ကွမ်းချီက မည်သည့်မျှ ပေါ်လွင်ထင်ရှားခြင်း မရှိ
ကျောက်တုံးကလေးတစ်ခုကို မ လိုက်၏။

ချောက်ခနဲမြည်သံနှင့်အတူ ဝလီမ့်မြားလည်သံကိုကြား



ကျောက်ဂူပြား၏ အမိုးပြား တဖြည်းဖြည်း ရွေ့လျားလာ
သည်ကို တွေ့ရ၏။

'ဂိုဏ်းချုပ်ကြီး...ခလုတ်တွေကလဲ သုံးမျိုးတောင် ရှိတာ၊
အခြားခလုတ်တစ်ခု နှိပ်မိရင် ကျောက်ဂူကြီးတစ်ခုလုံး ဝုန်းခနဲ
ပေါက်ကွဲထွက်သွားမှာ သေချာတယ်'

ဆန်ကွမ်းချီက ကျောက်ခေါင်းဘလားကို တစ်ဖက်မှ သွား
သည်။

အို့ယန်ထုက အခြားတစ်ဖက်မှ မ သည်။

ထို့နောက် ကျောက်ဂူကြီးထဲသို့ အသာအယာ ထည့်ပွင်း
သည်။

အို့ယန်ထုက...

'ဒီကျောက်ပြားကြီးကို ဘယ်လိုပြန်ပိတ်မလဲ'

ဆန်ကွမ်းချီသည် ကျောက်ပြားကြီးကို အစွမ်းအားထုတ်
ပြီး တဖြည်းဖြည်း ပြန်သွင်းသည်။

တရွေ့ရွေ့ ရွေ့လျားသွားပြီး နောက်ဆုံး ချောက်ခနဲ
အသံနှင့်အတူ ကျောက်ပြားကြီးသည် ဂူကြီးကို အံဝင်ခွင်ကျ
ပိတ်ဆို့ပြီးသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိက....

'ဒီကျောက်မြွားကြီးက ဖွင့်ရင်တော့ ခလုတ်နဲ့ပဲ၊ ပိတ်ရင်တော့ ခုလို အင်အားသုံးပြီး ပြန်ပိတ်ရပါတယ်၊ နောင်ကြီးထန်ရှင်ဟာ ရန်သူကို ချေမှုန်းဖို့ မကြံဘဲနဲ့ သူ့ရုပ်ကလာပ်ကို အရှည်တည်တံ့ဖို့သာ စီစဉ်ရင် သူ့ရုပ်ကလာပ်ဟာ နှစ်ပေါင်းငါးထောင်လောက်အထိ တည်တံ့နိုင်ပါလိမ့်မယ်၊ ဒါပေမယ့် သူ့ရည်ရွယ်ချက်က....'

ဆန်ကွမ်းချိသည် စကားကိုဆုံးအောင် မပြောတော့ဘဲနှင့် တဖြည်းဖြည်း နောက်ဆုတ်သွားလေ၏။

အိုယန်ထုကလည်း သူနှင့်အတူ နောက်ဆုတ်၍ ရင်ပေါ်တန်း ရပ်လေ၏။

ထို့နောက် နှစ်ယောက်လုံး ကြာမြင့်စွာ ဦးညွှတ် ဂါရဝပြုကြလေ၏။

သူတို့နှစ်ယောက်၏ မျက်ဝန်းအိမ်များတွင် မျက်ရည်များ ရစ်ဝိုင်းလျက် ရှိနေခဲ့တော့သည်။

ပညာရှိထန်ရှင်ဆိုသည့် ပုဂ္ဂိုလ်ကြီးမှာ သူတို့ အလွန်တရာ လေးစားကြည်ညိုသည့် သူတို့အသည်းနှလုံးထဲမှ ပုဂ္ဂိုလ်ကြီးပင် မဟုတ်ပါလား။

## အခန်း (၁၂၉)

### မိုးအောက်မြေမြင် ပြိုင်ဘက်ကင်း

အိုယန်ထုနှင့် ဆန်ကွမ်းချိတို့သည် ခရိုခွေ အလယ်ဗဟိုမှ ထွက်ခွာလာကြ၏။

သူတို့နှစ်ယောက်စလုံး ကိုယ်ဖော့ပညာ ကောင်းကြသဖြင့် ... ခြေသံမထွက်ကြပေ။

ခြေသံထွက်လျှင်လည်း ဤမြေအောက် သင်္ချိုင်းဂူအတွင်း၌ ... တင်ထပ်နေမည်မှာ သေချာသည်။

အိုယန်ထုက လေသံတိုးတိုးဖြင့် မေးမြန်းသည်။

'ဆန်ကွမ်းချိ...နောင်ကြီးထန်ရှင်ရဲ့ရုပ်ကလာပ်ကိုမြင်ပြီး ... ဘာလုပ်စရာရှိသေးသလဲ'

www.burmeseclassic.com



'မဟာသန္နိုင်ဂူကြီးရဲ့ ကံခါးကြီးလို ပိတ်ရုံပဲရှိတော့တာ ပေါ့'

'ဘယ်တော့လောက်ပိတ်မယ်လို့ ဆုံးဖြတ်ထားသလဲ'

'ဒီည သန်းခေါင်လောက်မှာ ပိတ်မယ်လို့ဆုံးဖြတ်ထားပါ တယ်'

အို ယန်ထု၏အသံက ပို၍တိုးသွားသည်၊

'အလုပ်သမားတွေ....'

လေသံမျှသာဖြစ်သည်၊

ထို့ထက်ပို၍ မပြောတော့ပေ၊

ဆန်ကွမ်းချီက အို ယန်ထု၏ စကားအဓိပ္ပာယ်ကို ကောင်း စွာ နားလည်၏၊

ထို့ကြောင့် ဦးခေါင်းတသိမ်းသိမ်းဖြင့် ဆွေးမြည့်စွာပြော သည်၊

'မတတ်နိုင်ဘူး ဂိုဏ်းချုပ်ကြီးရယ်၊ နောင်ကြီး ထန်ရှင်ရဲ့ အစီအမံပဲ၊ သူတို့ကိုမေ့ထည့်ပြီးစဉ်းစားရတော့မှာပဲ'

'ည သန်းခေါင်ကျမှ ဂူတံခါးကိုပိတ်တာ ဘယ်လိုရည်ရွယ် ချက်မျိုးရှိလို့လဲ'



'ကျွန်တော် မှာတော့ ဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ နောင် ကြီးထန်ရှင်မှာကြားချက်အရ ညသန်းခေါင်ယံမှာပိတ်တာပါ'

'အင်း....နောင်ကြီးထန်ရှင်ရဲ့ပညာက သိပ်အံ့ဩစရာကောင်း ပါတယ်၊ သူ့ရည်ရွယ်ချက်ကို ကျုပ်တို့တော့ ထိုးဖောက်မမြင် သာပေဘူး၊ တစ်ခုတော့ရှိတယ်'

ဂိုဏ်းချုပ်ကြီးအို ယန်ထု၏ အသံသည် ပို၍ပို၍တိုးသွား ပြန်လေ၏၊

'အလုပ်သမားတွေ ပိပိရိရိနဲ့ အထဲ ရောက်အောင် ထင် ညသန်းခေါင်မှ ပိတ်ခိုင်းတာလားမသိဘူး'

ဆန်ကွမ်းချီက ခေါင်းညိတ်၏၊

'ဖြစ်နိုင်တယ် ကျွန်တော်လဲအဲဒီလိုပဲသဘောပေါက်ပါတယ်'

'ရိက္ခာတွေ အထဲရောက်ပြီးပြီလား'

'သောက်ရေကအစ အားလုံး အထဲရောက်နေပါပြီ၊ ဒါဒီ အတွက်တော့ လျှို့ဝှက်လုပ်ကိုင်စရာ မလိုပါဘူး၊ သန္နိုင်ဂူကြီး အကြမ်းထည်ပြီးသွားကတည်းက အလုပ်သမားတွေ ကိုယ်တိုင် ဒီအထဲကို ပြောင်းရွှေ့ နေထိုင်ခဲ့ကြတာပါ၊အပြင်က ရွက်တည် တဲကလေးတွေက ဧည့်ဖော် မိုးဖော် အအေးဒဏ်သိပ်မခံသူလေး ဒီတော့ ရိက္ခာတွေသိုလှောင်ရာက သိပ်လွယ်သွားတာပေါ့'

www.burmeseclassic.com



အို့ယန်ထု နှင့် ဆန်ကွမ်းချီတို့သည် အပြင်သို့ထွက်လာခဲ့ကြ၏။

သချိုင်းဂူအဝ၌ ရွှဲမေတို့လေးဦး စောင့်ဆိုင်းနေကြသည်။

ဆန်ကွမ်းချီက...

'ရွှဲမေ...ဂိုဏ်းချုပ်ကြီး အတွက် စားဖို့သောက်ဖို့ တဲအိမ်ကလေးမှာ သွားပြင်ဆင်ပေးပါ၊ ဒီအဆောက်လုပ်ရေး လုပ်ငန်းကြီးဟာ ဒီညမှာပဲစခန်းသိမ်းတော့မယ်၊ ဒီအကြောင်းကိုတော့ တယ်အလုပ်သမားကိုမှ မသိစေနဲ့'

'စိတ်ချပါ၊ တစ်ခွန်းမှ မပေါက်ကြားစေရပါဘူး'

ဆန်ကွမ်းချီက ခေါင်းညိတ်ပြလိုက်သဖြင့် ရွှဲမေတို့ လေးယောက်သည် ပြေးထွက်သွားကြလေတော့၏။

အို့ယန်ထု နှင့် ဆန်ကွမ်းချီတို့က ဖြည်းညင်းစွာ လမ်းလျှောက်ရင်း စကားပြောလာခဲ့ကြ၏။

မဟာသချိုင်းဂူကြီးဆောက်လုပ်ရာ၌ တွေ့ကြုံရသောအခက်အခဲများ၊ ရွှဲမေတို့၏အကူအညီ၊ လျှို့ဝှက်ထောင်ချောက်များ၏ ဆန်းကြယ်မှုတို့ကို ဆန်ကွမ်းချီက အို့ယန်ထုအား တစ်ခုချင်း ရှင်းပြခဲ့၏။

တဲအိမ်သို့ရောက်သောအခါ အစားအသောက် စားသောက်ပြီး ခေတ္တခဏ နားနေကြ၏။



မနားရ၍လည်း မဖြစ်ပေ။

သချိုင်းဂူ၏တံခါးကို ညသန်းခေါင်ကျမှ ပိတ်ဆို့ရမည်ဖြစ်၍ အချိန်ကို စောင့်ရပေမည်။

ဤသို့ဖြင့် တစ်နေ့တာ ကုန်ဆုံးကာ ညအချိန်သို့ ရောက်ရှိသွားသည်။

ဆန်ကွမ်းချီနှင့်အို့ယန်ထုတို့သည် သချိုင်းဂူရှိရာသို့ ညဉ့်တတည်းက ထွက်လာခဲ့ကြ၏။

ထင်းရှူးတောမှအထွက်တွင် ဂိုဏ်းချုပ်ကြီးအို့ယန်ထုအား ဆန်ကွမ်းချီက တိုးတိုးပြောလေ၏။

'ဂိုဏ်းချုပ်ကြီး...ဒီနေရာကပဲစောင့်နေခဲ့ပါ၊ ဂူတံခါးပိတ်တဲ့အလုပ်ဟာ အင်မတန် စိတ်ထိခိုက်စရာ ကြေကွဲစရာကောင်းပါလိမ့်မယ်၊ နှစ်ယောက် စိတ်ထိခိုက်တာထက် တစ်ယောက်တည်း စိတ်ထိခိုက်တာက တော်သိမ့်မယ်လို့ ထင်ပါတယ်'

ဆန်ကွမ်းချီ၏အသံမှာ ဆို့နစ်လျက်ရှိသည်။

အို့ယန်ထု သည်လည်း ဆန်ကွမ်းချီကဲ့သို့ပင် စိတ်ကောင်းစေတနာကောင်းရှိသူဖြစ်၍ ဆန်ကွမ်းချီ၏စကားကို ချက်ချင်းနားလည် သဘောပေါက်မိပေသည်။

ထို့ကြောင့် လိုက်လျောစွာ ပြန်ကြားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီကွယ်၊ ကျုပ်ဒီမှာနေရာကပဲ စောင့်နေပါတော့မယ်'

ဆန်ကွမ်းချိုသည် လရောင်ခအောက်၌ သချိုင်းဂူ ရှိရာသို့ လျှောက်သွားလေတော့၏။

မလှမ်းမကမ်းသို့ရောက်စဉ် အလုပ်သမား ငါးယောက်တို့ မြေအောက် ဂိုဏ်ခေါင်းထဲသို့ ဝင်သွားကြောင်း တွေ့ရလေ၏။

မြင်ပဉ္စ စကား မြည်မြည်ပြောဆိုပြီး အိပ်ရာနှိုးဝင်သွားခြင်း ဖြစ်ပေလိမ့်မည်။

ဆန်ကွမ်းချိုမှာ ကျိတ်၍ သဘောမြင့် ရိုက်လိုက်မိလေ၏။

သူသည် ပတ်ဝန်းကျင်တစ်ခုလုံး လိုက်လံကြည့်ရှု စစ်ဆေးသည်။

သချိုင်းဂူ၏ ပြင်ပ၌ အလုပ်သမား တစ်ယောက်ယောက် ကျန်ရှိနေပါက မဟာသချိုင်းဂူကြီး၏ လျှို့ဝှက်သတင်းကြီး မုချ ပေါက်ကြားသွားပေလိမ့်မည်။

ကံအားလျော်စွာ အလုပ်သမား တစ်ဦးတစ်ယောက်ကိုမျှ ပြင်ပ၌ မတွေ့ခဲ့ရပေ။

သူသည် အဝင်အဝ တံခါးမကြီးဆီသို့ တုန်ယင်သော ခြေလှမ်းများဖြင့် လျှောက်လာခဲ့သည်။



'ဆရာလေး...ကျုပ်တို့ကို လာစစ်ဆေးတာလားဗျ'

ဆန်ကွမ်းချိုမှာ တုန်သွားသည်။

သချိုင်းဂူ၏ပြင်ပ မှောင်ရိပ်ထဲမှ မမျှော်လင့်သော အသံသည် ဆန်ကွမ်းချိုအား အကြီးအကျယ် ချောက်ချားသွားစေခဲ့သည်။

အဘယ်မှာလျှင် သူမချောက်ချားဘဲ ရှိပါအံ့နည်း။

သူသည် နှစ်ရာမျှသော အလုပ်သမားများကို ဤမဟာသချိုင်း ဂူကြီးထဲ၌ အဆုံးသပ်ပစ်ရန် ကြံရွယ်၍ လာခဲ့သူ မဟုတ်ပါလော။

'ဘယ်သူလဲ'

'ကျုပ် ထန်ရှောက်ပါ'

ပိန်ပိန်ရှည်ရှည် လူကြီးတစ်ယောက်သည် မှောင်ရိပ်ထဲမှ ထွက်လာ၏။

'ခင်ဗျား ဘာလာလုပ်နေတာလဲ'

'ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေလို့ဗျာ'

'ဘာဖြစ်တာလဲ၊ ဘယ်လိုတစ်မျိုးကြီး ဖြစ်နေတာလဲ'

www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်စိတ်ထဲမှာ ဒီနေ့ကျမှ အသက်ရှူ မဝသလို ဖြစ်နေတယ်၊ အထဲမှာနေရတာ နှစ်မွန်းနေသလိုပါပဲဗျာ၊ ဒါကြောင့် ကျုပ် အပြင်ထွက်နေမိတာပါ၊ နောက်ပြီး....'

ဆန်ကွမ်းချီမှာ ပို၍ပို၍ ထိတ်လန့်လာ၏။

သူ့လက်ဖဝါး၌ ချွေးစေးများ ထွက်လာသည်။

'ခင်ဗျားတို့အလုပ်သမားတွေ မြေအောက်မှာ သေလိမ့်မယ်လို့ ခင်ဗျားက သံသယရှိနေလို့လား'

'သံသယရှိတယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ အခုဖြစ်နေတဲ့ ပုံစံက....'

ဆန်ကွမ်းချီမှာ လွန်စွာ စိတ်ထိခိုက်သွားသည်။

သူ့စိတ်ထဲ၌ ကျိတ်၍ ရေရွတ်မိတော့သည်။

'နောင်ကြီးထန်ရှင်၊ နောင်ကြီးဟာ သတ္တဝါတွေအပေါ်မှာ တကယ်မေတ္တာထားတဲ့ ပုဂ္ဂိုလ်ကြီးပါ၊ အခုကျမှ ဘာဖြစ်လို့ ဒီအစီအစဉ်ကြီးကို ရေးဆွဲခဲ့ရတာလဲဗျာ၊ လူနှစ်ရာရဲ့ အသက်ဆိုတာ နည်းတာမဟုတ်ပါဘူး နောင်ကြီးရာ'

ထိုအချိန်မှာမှပင် ထိုလူကြီးက ဆက်၍ပြောနေပေသေးသည်၊

'ကျုပ်ဟာ အရင့်အရင် သင်္ချိုင်းဂူတွေကို ဖောက်ထွင်းပြီး ခိုးခဲ့ဖူးပါသေးတယ်၊ အဲဒီအတွက်တော့ ကျုပ် နောင်တမရပါဘူး၊ အင်း....'



လူကြီးသည် စကားဆုံးသည်နှင့် ဂူကြီးထဲသို့ သူ့အလို အလျောက် ဝင်သွားတော့သည်။

ဆန်ကွမ်းချီမှာ ထိုလူကြီး၏ ကျောပြင်ကို ငေးကြည့်ပြီး ထန်ရှင်၏ ညွှန်ကြားချက်ကိုသာ အကောင်အထည် ဖော်ရကောင်းနိုးနိုး၊ ငြင်းပယ်ရကောင်းနိုးနိုးဖြင့် ဝေခွဲမရ ဖြစ်နေမိတော့သည်။

မကြာမီ ထိုလူကြီးသည် ပျောက်ကွယ်၍ သွားလေ၏။

'ဟင်....ဒီအထိလုပ်ပြီးမှတော့ မထူးတော့ပါဘူး၊ ဖြစ်လိုရာ ဖြစ်စေတော့'

ဆန်ကွမ်းချီသည် ယတိပြတ် ဆုံးဖြတ်ပြီးနောက် သင်္ချိုင်းဂူကြီး၏ လျှို့ဝှက်ခလုတ်ကိုဖွင့်လျှက် တံခါးမကြီးအား ဝဲအတွင်းအားထုတ်ပြီး ဆွဲပိတ်လိုက်လေတော့၏။

'ဂျစ်....ဂျစ်....ဂျစ်....ဂျစ်'

ကျယ်ဝောင်သော မြည်ဟိန်းသံကြီးကို အလုပ်သမားနှစ်ရာကျော်၏ အော်ဟစ်သံကြီးကဲ့သို့ ဆန်ကွမ်းချီ ကြားယောင်မိလေ၏။

မဟာသင်္ချိုင်းဂူကြီး၏ ပင်မတံခါးကြီးကား လုံးဝ ပိတ်ဆို့သွားခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဆန်ကွမ်းချိ၏ ဦးခေါင်းမှာ ဟင်းလင်းပွင့်သွားသလို ခံစား လိုက်ရသည်။

သူ့ မျက်စိထဲ၌ အလုပ်သမားနှစ်ရာ အတုံးအရုံး သေဆုံးနေ သည်ကို မြင်ယောင်လာသည်။

သူ့ရှေ့၌ ကြီးမားသော ကျောက်တံခါးကြီး ပိတ်ဆို့နေ သည်ကို တကယ်မျက်မြင် တွေ့ရသောအခါ ဆန်ကွမ်းချိသည် ချည့်နဲ့သော ခြေလှမ်း များဖြင့် တဖြည်းဖြည်း နောက်ဆုတ်လာ မိသည်။

သို့သော် သူသည် ဆက်မဆုတ်နိုင်တော့ဘဲ ဒူးထောက်ထို ကျသွားလေ၏။

သူသည် မြေကြီးခဲများကို လက်၌ဆုပ်ကိုင်လိုက်ပြီး အံကြိ နေတော့သည်။

သူ့မျက်ဝန်းအိမ်ထဲတွင်မူ မျက်ရည်များ ရစ်ဝိုင်းနေလေ၏

ဆန်ကွမ်းချိထံမှ ရှိုက်သံသဲ့သဲ့ ထွက်နေသည့် အချိန်တွ ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် သူ့နောက်သို့ ရောက်ရှိလ

တုန်ယင်သော လက်တစ်ဖက်ဖြင့် ဆန်ကွမ်းချိ၏ မခုံးပေ သို့ အသာအယာတင်ပြီး နှစ်သိမ့်စကား ပြောကြားလေ၏။

'မောင်ရင် ဘယ်လောက် စိတ်ထိခိုက်မယ်ဆိုတာကို ကျု သိနားလည်စွာ ခံစားနိုင်ပါတယ်၊ အခုကိစ္စဟာ ဆိုင်းသော



ကြီးတစ်ခုလုံးအတွက်ဆိုတဲ့ စိတ်ထားမျိုးနဲ့ ကိုယ့်စိတ်ကို ကိုယ် ဖြေရှင် မောင်ရင်နှလုံးသားတွေဟာ ကွဲကြေကုန်ပါလိမ့်မယ်၊ ဆောင်ဆောင်းအတွက် လူနှစ်ရာကို စတေးရတယ်လို့ပဲ သတ် တ်လိုက်ပါ၊ တကယ်လို့ ဒီလူနှစ်ရာဟာ သေချင်မှ သေမှာပ ယ်'

အိုယန်ထုံက ကြေကွဲစွာဆက်ပြော၏။

'နောင်ကြီးထန်ရှစ်ဟာ အင်မတန် အတွေးအခေါ်ကောင်း လူပါ၊ ကျုပ်တို့ဟာ သူတွေးသလို မတွေးတတ်ပါဘူး၊ အခု စ္စမှာ အသေးစိတ်ချော မှတ်ချက်ပြီး လုပ်ဆောင်လိုက်တာ ပါလိမ့်မယ်၊ ကဲ...ကဲ...ထပါ ကျုပ်တို့ သွားကြပါစို့'

ဆန်ကွမ်းချိကို ဂိုဏ်းချုပ်ကြီး အိုယန်ထုံက အသာအယာ ဲထူပေးလေ၏။

ဆန်ကွမ်းချိသည် စီးကျလာသည့် မျက်ရည်များကို လက် ါးနှင့်သုတ်ပြီး မတ်တတ်ရပ်လိုက်လေ၏။

ထို့နောက် မူလ တဲစခန်းဆီသို့ ဖြည်းညင်းစွာ လျှောက် မ်းလာခဲ့ကြတော့သည်။

ဆန်ကွမ်းချိက နွမ်းလျသော လေသံဖြင့် မေးလိုက်သည်။

'ကျွန်တော် တောဒီ မဟာသချိုင်းဂူကြီးကို တည်ဆောက် တာ ငါးလတိတိ ကြာမြင့်ခဲ့ပါပြီ၊ ဒီအတောအတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

ဂိုဏ်းချုပ်ကြီးတို့ အခုဘာကလေး ဒုက္ခရောက်နေတယ်လို့ ထင်မိပါတယ်၊ ကျွန်တော့် အထင် မှားများမှားနေသလား ခင်ဗျာ

အိုယန်ထုက ဆန်ကွမ်းချီအား သေးစားစွာ ကြည့်လေ၏။

'ခေါင်ရင်ဟာ နှတ်မျက်စိ ရှိသားသလိုပါပဲ၊ ဘာကြောင့် အဲဒီလို တွေးနိုင်ပါသလဲကွယ်'

'မြေ့ဘ်....နောင်ကြီးထန်ရှင်ကို ဂိုဏ်းချုပ်ကြီးက သိပ်ပြီး လေးစားပါတယ်၊ နောင်ကြီးထန်ရှင်ရဲ့ အကြံအစည်ဟာလဲ အင်မတန်အရေးကြီးတယ်ဆိုတာ ဂိုဏ်းချုပ်ကြီး သိပြီးဖြစ်ပါတယ်၊ ဒီကိစ္စကြီးကို ငါးလအတွင်း တစ်ကြိမ်မှ လာမကြည့်တာဟာ ကျွန်လူဂိုဏ်းအတွက် သေရေးရှင်ရေး ဖြစ်နေလို့ပဲလို့ တွေးနိုင်ပါတယ်'

အိုယန်ထုက ခေါင်းညိတ်ပြ၏။

'သိပ်မှန်ပါတယ် သူရဲကောင်းလေး၊ ကျုပ်တို့ဟာ ကြီးစွာသော အခက်အခဲနဲ့ ရင်ဆိုင်တွေ့နေရပါတယ်၊ ပြိုကွဲလူဆဲဆဲဖြစ်နေတဲ့ ကျုပ်တို့ဂိုဏ်းသားတွေကို ကွန်လုံဝမ်ဟာ အပြတ်အသတ်လိုက်လံချေမှုန်းနေတယ်၊ အဲဒါသာ ဆိုးတာက....'

အိုယန်ထုသည် သူတို့ ရောက်ရှိနေသည့် သစ်တောကြီးတစ်ခုကို လက်ဖြင့် ဝေ့ယမ်းပြလိုက်၏။

'ဟေ့ဒီပုတ်ဝန်းကျင်တစ်ဝိုက်ကို ဝမ်ဂိုဏ်းသားတွေ ရောက်ရှိလာကြတယ်၊ သူတို့ဟာ နောင်ကြီးထန်ရှင်ရဲ့ မဟာသချိုင်း



အကြောင်း သဘင်းအစအန ကြားသိလို့လား၊ ဒါမှမဟုတ် သူ့ဘာသာ ဒီနေရာကို လာကြတာလား မသိဘူး၊ အင်အားတော်တော်များများ ဒီတောင်ပတ်ဝန်းကျင်ကို ရောက်ရှိလာကြတယ်'

'ဟုတ်လား....အခု ငါးလရှိသွားပြီ၊ ကျွန်တော် ဆီကိုတော့ သူတို့မှ ရောက်မလာခဲ့ပါဘူး'

'ဘယ် ရောက်လာမလဲ၊ လွန်ခဲ့တဲ့ နှစ်လဘည်းက ကျုပ်ရဲ့လူဂိုဏ်းသားတွေအားလုံး ဒီတောင်ပတ်ဝန်းကျင်မှာ စခန်းချ ကွန်လုံဝမ်ရဲ့ ဘက်တော်သားတွေကို ခုခံနေခဲ့တာကိုး'

'မြေ့ဘ်....ဒါကြောင့်ကိုး'

'ဟုတ်တယ်....ကျုပ်တို့ဟာ နောင်ကြီးထန်ရှင်ရဲ့ အစီအစဉ်ပျက်စီးသွားမှာစိုးတဲ့အတွက် ဟောဒီတောင်ပတ်ဝန်းကျင်အနှံ့အပြားဖွဲ့ပြီး အသေခံ ခုခံနေကြတယ်၊ နောင်ကြီးထန်ရှင်ဟာ အဲဒီအုပ်စုကြီးဖွဲ့ ခုခံနေတာကို ကြိုက်မှာ မဟုတ်ဘူး'

'ဂိုဏ်းချုပ်ကြီးသာ အဲဒီလို မခုခံရင် ဒီ မဟာသချိုင်းဂူဟာ အခုလို အချိန်မီ ပြီးစီးမှာ မဟုတ်တော့ဘူး'

'အင်း....ကျုပ်ကို နောင်ကြီးထန်ရှင်ဟာ တမလွန်ဘဝကနေ ကျေးဇူးတင်ပါစလို့ ဆုတောင်းနေတော့မှာပဲ၊ အခု ကျုပ်တို့ကို ရန်မူနေတဲ့လူတွေဟာ အခြားလူတွေ မဟုတ်ပါဘူး၊ ကွန်လုံ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရဲ့ အလံအဖွဲ့ခွဲခေါင်းဆောင် လေးယောက်ပဲ၊ အဆင့်မြင့် [illegible] ဂိုဏ်းသားတွေချည်းဖြစ်လို့ ကျုပ်တို့ဘက်အသဲ အခေတာ်အလေ [illegible] အကျအဆုံး များပါတယ်'

ဆန်ကွမ်းချိမှာ ဂိုဏ်းချုပ်ကြီး အို့ယန်ထု အတွက် လွန်စွာ [illegible] စာနာမိသည်။

'ဂိုဏ်းချုပ်ကြီး၊ အမှတ်လေးဆယ့်ရှစ်အဖွဲ့ကော'

'သူတို့ ရှိနေပါတယ်၊ အင်မတန် ခွဲကောင်းတဲ့ အဖွဲ့ [illegible] စာရာရှိနေတဲ့ လူတွေကောင် ဝင်ဖျားခုခံကြတယ်၊ ကျုပ်တို့ [illegible] တိုက်ပွဲကြီး ငါးကြိမ် ဖြစ်ပြီးပြီ၊ မြက်ရိုင်းလွင်ပြင်မှာတုန်း [illegible] တော့ ကျုပ်တို့က အသာစီးရခဲ့တယ်၊ ဒါပေမယ့် အခု ဒီနေ့ [illegible] မှာတော့...'

အို့ယန်ထု ၏ အသံများက ဆက်လက် ထွက်မလာ [illegible] နစ်ဝင်သွား၏။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် တစ်ခုမေးပါရစေ'

မေးပါ၊ မကာမခံနေရာ မလိုပါဘူး'

'နောင်ကြီးထန်ရှင် ကွယ်လွန်သွားပြီဆိုတာ ကွန်လုံး [illegible] သိသွားပြီလား'

'သိသွားပြီလေ'



'ဘယ်လိုသိသွားတာလဲ'

'ဒါတော့ ကျုပ်လဲ အသေအချာ မသိဘူး၊ သူဟာ ထန်ရှင် [illegible] သေဆုံးပြီဆိုတာ ကြားသိတာနဲ့ ကောင်းဟာင်ကို မော်ကြည့်ပြီး [illegible] အားရပါးရ အော်ဟစ် ရယ်မောတော့တာပဲလို့ ပြောကြတယ်၊ [illegible] ဒါဟာ မိုးအောက်မြေပြင် ပြိုင်ဘက်ကင်းဖြစ်ပြီ'လို့ သုံးကြိမ် [illegible] သုံးခါ ကြွေးကြော်တယ်လို့ ပြောကြတယ်'

ဆန်ကွမ်းချိက ညည်းညူလိုက်၏။

'အဘောဂကြီးကျယ်တဲ့လူပဲ၊ အင်းလေ... နောင်ကြီးထန်ရှင် [illegible] ယ်တိုင်က အလေးထားခဲ့တဲ့လူဆိုတော့ သူပြောသလိုပဲ ဖြစ် [illegible] ကောင်း ဖြစ်နိုင်တာပဲ၊ နောင်ကြီးထန်ရှင် မရှိဘူးဆိုတော့ သူ [illegible] ဟာ ပြိုင်ဘက်ကင်း ဖြစ်သွားနိုင်တာပေါ့'

ဆန်ကွမ်းချိသည် ခေတ္တမျှစကားရပ်သွားပြီးနောက် အို့ယန် [illegible] အား လေးလေးနက်နက် မေးလေ၏။

'ဂိုဏ်းချုပ်ကြီး... အခု ကွန်လုံဖမ်းကိုယ်တိုင် ကျွန်တော်တို့ [illegible] နောက်ကို လိုက်လာပြီလား'

အို့ယန်ထုက ခေါင်းခါ၏။

'သူတော့ လိုက်မလာသေးဘူး၊ လိုက်မလာတာ အကြောင်း [illegible] ပါတယ်၊ နောင်ကြီးထန်ရှင် သေတယ်ဆိုပေမယ့် ကျုပ်တို့ [illegible] နောင်ကြီးထန်ရှင်ရဲ့ နည်းဗျူဟာတွေနဲ့ ဘယ်လို ထောင်ချောက်

www.burmeseclassic.com



ဆင်ထားတယ်ဆိုတာ သူ မသိဘူး၊ မယုံရဲဘူး၊ အဲဒီအတွက် ကျုပ်တို့ သက်သာရာ သက်သာကြောင်း ဖြစ်ခဲ့တာပဲ'

'ဒါဖြင့်ရင် ကွန်လုံဝမ်နဲ့ ကျွန်တော်တို့ဟာ မကြာခင်မှာ ရင်ဆိုင်တိုက်ကြရမှာပေါ့'

'ဒါပေါ့၊ သူတို့တိုက်ရင် ကျုပ်တို့လဲ တိုက်ရတော့မှာပေါ့ ကျုပ်တို့ဂိုဏ်းထဲက သိုင်းလောကကို ရှောင်ခွာ မျက်ကွယ် သွားတဲ့ ဝါဒေါ်ကြီး ဆရာကြီးနှစ်ပါးကို ကျုပ် ပင့်ဖိတ်ထား ခဲ့ရတယ်၊ ဆရာကြီးတွေကလဲ ကျွန်လုဂိုဏ်း ပျက်စီးမယ့်အရေး ကိုမြင်တော့ မငြင်းကြပါဘူး၊ အရေးကြုံလာတော့ သူတို့ကူညီ ရောက်လာကြပါတယ်'

အိုယန်ထု သည် စကားကို ခေတ္တရပ်နား၍ ဆန်ကွမ်းချို အသေအချာကြည့်၏။

'ကွန်လုံဝမ်ကို တိုက်ခိုက်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး နေဒ်ကြီး ထန်ရှင် ဘာမှာခဲ့သေးသလဲ'

ဆန်ကွမ်းချိုကလည်း လေးလေးနက်နက် ပြန်ကြည့်သည်။

'ကျွန်တော့်ကိုတော့ အထူးအထွေ မမှာခဲ့ပါဘူး၊ နေဒ်ကြီး ထန်ရှင် မှာခဲ့တုန်းကတော့ ဂိုဏ်းချုပ်ကြီးလဲ ရှိနေတာပဲ'

'ကျုပ်ရှိနေတယ် ဟုတ်လား'



'ဟုတ်ပါတယ်၊ နိုင်ချစ်နော်ဆိုတဲ့ မိန်းကလေးရဲ့ စိတ်ကူး အကြံဉာဏ်သာ ကွန်လုံဝမ်ကို တိုက်ခိုက်နိုင်မယ်လို့ နေဒ်ကြီး ထန်ရှင် ပြောခဲ့ပါတယ်၊ အခြားတော့ ဘာမှ မှာကြားခြင်းလဲ မရှိပါဘူး၊ ရေးသားခဲ့ခြင်းလဲ မရှိပါဘူး'

ဆန်ကွမ်းချိုနှင့် ဂိုဏ်းချုပ်ကြီး အိုယန်ထုတို့ စကားမပြောဘဲနေ ခိုက်မှာပင် အဝေးဆီမှ အော်ဟစ်သံသဲ့သဲ့ ကြားကြရသည်။

ဤ အော်ဟစ်သံများကို တောင်ရိုးတန်ရိုးလှ ကြားနိုင်လိမ့် မည် မဟုတ်ချေ။

ဆန်ကွမ်းချိုနှင့် အိုယန်ထုတို့ နှစ်ယောက်မှာ အတွင်းအား သွန်စွာကောင်းသဖြင့် ဤသို့ကြားနိုင်ခြင်း ဖြစ်ပေသည်။

ဂိုဏ်းချုပ်ကြီး အိုယန်ထု ၏ မျက်နှာမှာ ချက်ချင်း ပြုံးရော် သွား၏။

'ကင်းစခန်းတွေ အများကြီးကို ကျော်ဖြတ်လာခဲ့ပြီ၊ အခု ကြားရတဲ့ အသံဟာ နောက်ဆုံးကင်းစခန်းရဲ့ အသံပဲ၊ ကွန်လုံ ဝမ်ဟာ တောင်ပေါ်အရောက် ထိုးဖောက်နိုင်ခဲ့ပြီနဲ့ တူပါရဲ့'

အိုယန်ထု ရှေ့ရှတ်နေစဉ်မှာပင် လက်ဝဲရံလူငယ်နှင့် လက် ယာရံလူငယ်တို့ ရိုပ်ခနဲ ရိုပ်ခနဲ ခုန်ပျံရောက်ရှိလာကြ၏။

သူတို့၏ အဝတ်အစားနှင့် ရုပ်သွင်သဏ္ဍာန်မှာ မျှားမွှာ ပြီး လျော်ပင်ပန်းနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထု က....

'ဘယ်သူတွေ ရောက်လာတာလဲကွယ့်'

လက်ဝဲရှိလူငယ်က မြေသည်။

'ဘယ်သူတွေ ရောက်လာသလဲဆိုတာတော့ ကျွန်တော်တို့လဲ မသိပါဘူး၊ တကယ်လို့ ကွန်လုံဂမ်ဖြစ်နေခဲ့ရင် ဂိုဏ်းချုပ်ကြီး အတွက် သသက်စွန့် ခုခံဖို့ ကျွန်တော်တို့ ပြေးလာကြတာပါ'

အို့ယန်ထု ၏မျက်နှာ ထင်းမာသွားသည်။

'မင်းတို့ မှားတယ်၊ ရန်သူ ဘယ်သူဆိုတာ အရင်စုံစမ်း သင့်တယ်'

လက်ယာရှိ လူငယ်က....

'ရန်သူ အသံတွေကိုတော့ ကြားခဲ့ရပါတယ်၊ အနည်းဆုံး သုံးယောက်လောက် တက်လာကြလိမ့်မယ်လို့ ခန့်မှန်းရပါတယ်'

အို့ယန်ထု က ခေါင်းညိတ်လိုက်၏။

'ဒါဆိုရင် ကွန်လုံဂမ် ဖြစ်နိုင်တာပေါ့'

'ဖြစ်နိုင်ပါတယ်၊ ကွန်လုံဂမ်နဲ့ အလံအဖွဲ့ခွဲခေါင်းဆောင်လေးယောက်တို့ တက်လာတာ ဖြစ်နိုင်ပါတယ်'



'အင်း....'

အို့ယန်ထု သက်ပြင်းချမိသည်။

ဆန်ကွမ်းချီသည် ကွန်လုံဂမ် တက်ရောက်လာတော့မည် ဆိုသဖြင့် ကျိုင်ပါးလအတွင်း အတွင်းအား ခလကျင့်ခန်းများ တင်ကြိမ်မျှ မယူခဲ့မိခြင်းအတွက် လွန်စွာနောင်တရသွားမိသည်။

'ငါမှားပြီ၊ ကွန်လုံဂမ်ဟာ အတွင်းအားမညာမှာ ငါ့ထက် သာတယ်၊ ငါဟာ ဒီငါးလလုံးလုံး မဟာသခ်ျိုင်းဂူအတွက်ပဲ အချိန်ကုန်ခဲ့မိတယ်၊ ကွန်လုံဂမ်လာရင် သူ့ဘေးကိုယ်သေ ဘိုက် ကွက်ကိုသုံးပြီး တိုက်ခိုက်ရင်ကလဲလို့ ငါခြား ဘာမှမတတ်နိုင် တော့ဘူး'

ဆန်ကွမ်းချီသည် စိတ်ထဲမှ ယူကျုံးမရစွာ မရှုတ်နေမိလေ၏။

ထိုအချိန်မှာပင် အရှေ့ဘက်မှ ရောင်နီပျို့လာတော့သည်။

အလင်းရောင်တန်းများ တိုးဝင်လာသည်နှင့်အတူ နှင်းမှုန် ဖြူဖြူဖွေးဖွေးများက တဖြည်းဖြည်း ပြယ်လွင့်သွားလေ၏။

အဝေးမှ အော်ငေါက်သံများကိုကား ကြားနေရဆဲရှိသေး သည်။

ကင်းစခန်းမှလူများ ဆုတ်မပေးနေရကြောင်း အသံဗလံများ အရ ခန့်မှန်း၍ ရနေပေသည်။

www.burmeseclassic.com



ရွှေမခေါင်းဆောင်သည့် မိန်းမဖော်ကလေးလေးယောက်တို့သည် အရက်ကရားများနှင့် အမဲ ဟင်းလျာများ ယူဆောင်လာ၏။

ဆန်ကွမ်းချိုက စိတ်မသက်မသာဖြင့်လှမ်းပြောလိုက်၏။

'ညီမလေးတို့ အဲဒီ ပစ္စည်းတွေကို ပြန်သိမ်းသွားပေတော့၊ ငါတို့ ဒီမှာ အရေးပေါ်နေပြီ'

ရွှေမမှာ မျက်စိမျက်နှာ ပျက်သွားသည်။

'ကျွန်...ကျွန်မတို့ ပါဝင် ခုခံလို့ ရမလားရှင်၊ ကျွန်မတို့ သေရမှာ မကြောက်ပါဘူး'

ဆန်ကွမ်းချိုသည် အလွန်ဘာရ ရဲရင့်သော အမူအရာရှိသည့် မိန်းကလေးလေးယောက်တို့ကို ကြင်နာစွာကြည့်လိုက်မိသေး၏။ ငါးလတာ ကာလအတွင်း မဟာသချိုင်းဂူကြီး တည်ဆောက်မှုတွင် ပင်ပင်ပန်းပန်း ကူညီခဲ့ကြခြင်းအတွက် သူတို့လေးယောက်အား သူ့ညီမများကဲ့သို့ ဆန်ကွမ်းချို မှတ်ယူခဲ့ပြီး ဖြစ်ပေသည်။

'ညီမလေးတို့ အခုရောက်လာမယ့်လူဟာ ညီမလေးတို့ခုခံလို့ ရနိုင်သူမဟုတ်ပေဘူး၊ ငါနဲ့ ဟောဒီကညီအစ်ကိုတွေ အသေခံခုခံမှ သူ့ကို ဒဏ်ရာနည်းနည်းပါးပါးမှုဖော်ရ ရစေနိုင်လောက်တဲ့ ရန်သူကြီးဖြစ်တယ်၊ ဒါကြောင့်မို့ ညီမလေးတို့ တဲထဲကို ပြန်ကြပါ၊ ဒါဟာ ငါနောက်ဆုံးပြောတဲ့မေတ္တာရပ်ခံစကားနဲ့ အမိန့်စကားပဲ'



ရွှေမတို့မှာ မျက်လုံးကလေးများ ဝိုင်းသွားကြလေ၏။

ရွှေမက အရဲစွန့်ပြီး ထပ်မေးသည်။

'ဆရာလေး၊ အခု...အခု ရောက်လာမယ့် ရန်သူကြီးက ဘယ်သူများလဲဟင်၊ ကျွန်မတို့ သိ...သိပါရစေ'

ဆန်ကွမ်းချိုက ခြောက်ကပ်စွာ ရယ်လိုက်လေ၏။

'အေး... သိရပါတယ်လေ၊ အခု ရောက်လာမယ့် သူကတော့ ငါတို့ရဲ့နောင်ကြီး ထန်ရှင်ကိုယ်တိုင် ဂရုစိုက်ရတဲ့ နဂါးမင်း ကွန်လိုဝမ်ဆိုတဲ့ လူပါပဲလေ'

'နဂါးမင်း ကွန်လိုဝမ်ဆိုပါကလား'

ရွှေမ၊ ရှန်းကျုံ၊ ချွန်းလန်နှင့် ရှကျန်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ငေးကြည့်မိကြလေ၏။

www.burmeseclassic.com

အခန်း (၁၃၀)

## သံယောဇဉ် နှောင်ကြိုး

'မိန်းကလေး အဲဒီအရက်ကရားကိုပေးပါ၊ ကျုပ်တို့သောက်ကြရမယ်၊ ဒီအချိန်ဟာ သောက်သင့်တဲ့အချိန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ နှောင်ကြိုးထန်ရှင် ပေးအပ်ခဲ့တဲ့တာဝန်ကြီးဟာ အင်မတန်ကြီးလေးခဲ့တယ်၊ အဲဒီတာဝန်ကို ဟောဒီ လူရဲ့ကောင်းဆန့်ကျမ်းချီက တာဝန်ယူဆောင်ရွက်ခဲ့တယ်၊ အဲဒီအတွက်သူ့ကို ကျုပ်တို့ဂုဏ်ပြုရမယ်၊ ဒီအရက်ပွဲဟာ သူ့ရဲ့ကောင်းဆန့်ကျမ်းချီကို ဂုဏ်ပြုရမယ့်အရက်ပွဲပဲ'

ရှဲ့မေတို့သည် ဂိုဏ်းချုပ်ကြီး အို့ယန်ဘုံ၏ မိန့်ကြားချက်ကို သွေဖည်ခြင်းမပြုဝံ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အရက်ကရားများကို ရှေ့သို့ယူလာခဲ့၏။

ဂိုဏ်းချုပ်ကြီး၊ အို့ယန်ထုံက အရက်ကရားထဲမှ ခွက်များထဲသို့ ပြောင်းထည့်ပြီး လက်ယာရံလူငယ်နှင့် လက်ဝဲရံလူငယ်ဆီသို့ တစ်ခွက်စီ ပေးသည်။

ဆန်ကွမ်းချီနှင့် သူ့အတွက်မူ ရွှဲဖော့ပေးသည့် အရက်ခွက်များကို လှမ်းယူလေ၏။

လက်ဝဲရံလူငယ်နှင့် လက်ယာရံလူငယ်တို့သည် သူတို့အတွက် နောက်ဆုံးအရက်ခွက်သဘောမျိုးဖြင့် အရက်ခွက်ကို မြှောက်၍ ဆုတောင်းပတ္တနာပြု၏။

ထို့နောက် တစ်ရှိန်ထိုး မော့သောက်လိုက်ကြသည်။

အို့ယန်ထုံက အေးစက်စက် ရယ်ပြီး....

'ရန်သူကိုမမြင်ရသေးပါဘူးကွယ်၊ အသံကြားရရုံပဲ ကြားနေရသေးတာပါ၊ အေးအေးဆေးဆေး သောက်ရောပေါ့ကွယ်'

လက်ယာရံလူငယ်က ရိုသေလေးစားစွာပြောသည်။

'သူတို့ကိုမြင်မှ အရက်သောက်ရင် အရက်ကို ဘယ်အရသာခံနိုင်ပါတော့မလဲ၊ ကျွန်တော်တို့က ဂိုဏ်းချုပ်ကြီးအတွက် ဆိုရင် အသက်စွန့် တိုက်မယ်လို့ ဆုံးဖြတ်ထားတော့ အသက်မစွန့်ခင် အရက်ကို အရသာခံပြီး ကြိုတင်သောက်လိုက်တဲ့ သဘောပါပဲ'



အို့ယန်ထုံမှာ ခေါင်းတညိတ်ညိတ် ဖြစ်သွား၏။

'ကောင်းတယ်၊ အဲဒီစိတ်သဘောနဲ့ သောက်တဲ့အတွက် ငါ ချီးကျူးပါတယ်၊ ငါ့အရက်ခွက်ကတော့ ဟောဒီ သူရဲကောင်း ဆန်ကွမ်းချီကို ချီးကျူးဂုဏ်ပြုတဲ့ အထိမ်းအမှတ်ပဲ'

ဂိုဏ်းချုပ်ကြီးအို့ယန်ထုံက အရက်ခွက်ကို မြှောက်လိုက်လေသည်။

ထို့နောက် တစ်ရှိန်ထိုး မော့ချလိုက်လေ၏။

အို့ယန်ထုံက....

'ကဲ....ဂုဏ်ပြုအရက်ခွက်ကိုလဲ သောက်ပြီးပြီ၊ ကွန်လုံဝမ်ကို ရင်ဆိုင်ဖို့ပဲရှိတော့တယ်၊ ကျုပ်အပြင်ထွက်တော့မယ်'

အို့ယန်ထုံ ခုန်ထွက်သွားရန်ဟန်ပြင်လိုက်စဉ် ဆန်ကွမ်းချီက [illegible]ပ်း၍မေးလေ၏။

'ဂိုဏ်းချုပ်ကြီး....ကျွန်တော်လဲ ဂိုဏ်းချုပ်ကြီးနဲ့အတူ ထွက်တိုက်ပါရစေ'

'ဟာ....ဘာဖြစ်လို့လိုက်ရမှာလဲ၊ မောင်ရင်ဟာ ငါးလသုံးလုံး ပင်ပန်းခဲ့ပြီးပြီ၊ ဒီအချိန်ထွက်ပြီး ပင်ပန်းဦးမယ် ဆိုရင်တော့ ကျုပ်အသုံးမကျရာကျနေမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲ့ဒီတော့ မပြောပါနဲ့ခင်ဗျာ၊ ကိုကျော်ချုပ်ကြီးတို့တစ်တွေ အသက်စွန့်တိုက်ခိုက်နေချိန်မှာ ကျွန်တော် အေးအေးဆေးဆေး နားနေရင် တမလွန်ဘဝက နောင်ကြီးထန်ရွှင်က ကျွန်တော့်ကို ပြစ်တင် ရှုတ်ချနေပါဦးမယ်ခင်ဗျာ'

အိုယန်ထု မှာ မငြင်းသာတော့ပေ။

'ကဲ...ဒါဖြင့်လဲ လိုက်ခဲ့ပေတော့၊ သေအတူ ရှင်မကွာပေါ့ ကွာ'

'ကျွန်တော်က ဒါမျိုးပဲ လိုချင်ပါတယ်'

အိုယန်ထု သည် ဆန်ကွမ်းချီအား သူနှင့် ရင်ပေါင်တန်း၍ ခေါ်ဆောင်သွား၏။

လက်ဝဲရံလူငယ်နှင့် လက်ယာရံလူငယ်တို့က လမ်းပြအဖြစ် ဦးဆောင်ခေါ်သွားလေ၏။

သူတို့သည် ဆန်ကွမ်းချီ၏ သတင်းကို ကြားဖူးပေါင်းများ လေပြီ။

ယခု သူတို့နှင့် သေအတူရှင်မကွာ တိုက်ပွဲဝင်တော့မည်ဆို၍ အလွန်ဟရာ ဝမ်းသာနေကြ၏။

နေရောင်ခြည်များ ထိုးကျနေပြီဖြစ်၍ လမ်းခရီးကို ကောင်းစွာ တွေ့မြင်နိုင်ကြသည်။



အိုယန်ထု က တောင်အောက်ဇက်ဘက်နေရာကို ညွှန်ပြပြီး....

'အဲဒီနေရာဟာ နောက်ဆုံး စခန်းပဲ၊ စောစောက အောင် ပေါက်သံတွေဟာ ဒီကာပေါ်လာတာလို့ကျုပ်ယူဆခဲ့တယ်၊ အခု ဟုတ်ပြန်ဘူး၊ လူတွေ ရန်သူတွေဟာ အတွင်းအားအတော်ပြည့်ပုံ ရတယ်၊ ဒါကြောင့်မို့ အခေးကြီးက ကျုပ်တို့ သူ အောင်ပေါက် သံကိုကြားခဲ့ရတာပဲ'

ထို့နောက် စဉ်းစဉ်းစားစားဖြင့် ဆက်ပြောပြန်၏။

'တစ်ခုတော့ ထွေးလို့မရဘူး၊ တွန်လုံဝမ်ဆိုရင် တစ်ချိန်ထိုး တက်လာရမယ်၊ ဘာဖြစ်လို့တက်မလာတာလဲ'

ဆန်ကွမ်းချီက ဝင်ထောက်ပေး၏။

'ကိုကျော်ချုပ်ကြီး...တွန်လုံဝမ်ဆိုရင် အခုလိုကြန့်ကြာနေမှာ ပေါ့၊ သူဟာ နောင်ကြီးထန်ရွှင် သေတယ်ကြားပေမယ့် နောင် ကြီးထန်ရွှင်ရဲ့ ဆိုက်ခိုက်နည်းဗျူဟာနဲ့ ထောင်ချောက်တွေကို ကြောက်နေတုန်း မဟုတ်လား'

'အင်း...ဒါလဲ ဟုတ်တာပဲ'

အိုယန်ထုက စဉ်းစဉ်းစားစားဖြင့် ပြော၏။

သူသည် အနီးရှိ ကျောက်တုံးကြီးတစ်တုံးပေါ်သို့ ပေါ့ပါးစွာ ခုန်တက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခဏနေကြဦး၊ ကျုပ်တို့ ဒီက အခိုပ်အခြည် စောင့်ကြည့်ကြဦးစို့'

လက်ယာရံလူငယ်က တောင်အောက်မှ အော်သံကြားသည်နှင့် ချက်ချင်းထောက်ပြ၏။

'ဂိုဏ်းချုပ်ကြီး စောစောက ရန်သူအော်သံ မဟုတ်ပါဘူး၊ ကျွန်တော်တို့ အချင်းချင်း မေးမြန်းနေတဲ့အသံတွေဖြစ်ပါတယ်'

'ဟေ'

'ရန်သူ ဖြတ်ကျော်လာသလားလို့ မေးနေတဲ့ အသံတွေ ဖြစ်ပါတယ်၊ ရန်သူဟာ ကင်းစခန်းတွေကို မတိုက်ခိုက်ဘဲ ဖြတ်ကျော်လာပုံရပါတယ်၊ ကျွန်တော်တို့ ကင်းစခန်းတွေကလဲ ရန်သူတို့ တိုက်ခိုက်နိုင်လောက်အောင်ကို အခွင့်အရေးရပုံ မပေါ်ပါဘူး'

အိုယန်ထုံက ခေါင်းညိတ်၏။

ထို့နောက် လေးလေးကြီး ပြောသည်။

'ဒါဆိုရင် ရန်သူဟာ ငါတို့ ပတ်ဝန်းကျင်ကို ရောက်နေပြီ၊ ကွန်လုံဝမ် ကိုယ်တိုင်ဖြစ်ဖို့ များနေပြီ၊ ဒါမှ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီလို့ ပြောနိုင်တဲ့အဆင့်ပဲ၊ အားလုံးသတိရှိကြဟေ့'

သူတို့ ပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးများမှာ ထင်းရှူးပင်ကြီးများ ဖြစ်သည်။



တောတောင်အတွင်း နှစ်ရှည်လများ ပေါက်ခွင့်ရခဲ့ကြသဖြင့် အလွန်တရာ မြင့်မားပြီး ပင်စည်ကြီးများကလည်း အလွန်တရာ ကြီးမားလှသည်။

လူများ ပုန်းခိုပါက အလွယ်တကူ ပျောက်သွားနိုင်သည့် သဘောမျိုး ဖြစ်သည်။

ကွန်လုံဝမ် သို့မဟုတ် ရန်သူတို့သည် ဤသစ်တောထဲသို့ ရောက်နေလောက်ပြီဟု ဆန်ကွမ်းချီလည်း တွက်ဆမိလေ၏။

သူသည် ပထမဦးဆုံးအကြိမ် အတွင်းအားထုတ်၍ အော်ဟစ်လိုက်လေ၏။

'ဟေ့...သစ်တောထဲ ဝင်နေတာ ဘယ်သူလဲ၊ ဘာဖြစ်လို့ ခိုးလျှိုးကွယ်လျှိုးလုပ်နေတာလဲ၊ ရဲရဲဝံ့ဝံ့ ထွက်ခဲ့ကြပါလား'

ဆန်ကွမ်းချီ၏အသံသည် ပီသကြည်မြစွာ ထွက်ပေါ်လာ၏။

ထို့နောက် ပဲ့တင်ထပ်ပြီး အဝေးသို့ လွင့်မျောသွားလေ

'အစ်ကိုကြီး'

သစ်တောအတွင်းမှ ပြန်လည် အော်ခေါ်လိုက်သည့် အသံသည်လည်း ပဲ့တင်ထပ်၍ ထွက်ပေါ်လာလေ၏။

'ဒါ ဘယ်သူလဲ'

www.burmeseclassic.com

ဒိုးယန်ထုံက ဆန်ကွမ်းချီအား နားမလည်နိုင်စွာ ပြန်မေးလေ၏။

ဆန်ကွမ်းချီမှာ မျက်မှောင်ကြုတ်ပြီး အတွေးနက်သွားလေ၏။

'ဂိုဏ်းချုပ်ကြီး...ကျွန်တော့်ကို ခဏခွင့်ပြုပါ၊ တောစပ်ကို ကျွန်တော်တစ်ခေါက်တည်း သွားမယ်'

'ဖြစ်ပါ့မလား'

'ဖြစ်ပါတယ်၊ ဒီနေ့ရာနဲ့ သိပ်ဝေးတာမှမဟုတ်ဘဲ၊ ဂိုဏ်းချုပ်ကြီးတို့ အမီရောက်လာနိုင်တာပဲ'

ထိုသို့ အချီအချ ပြောနေစဉ်မှာပင် သစ်တောထဲမှ လူရိပ်နှစ်ရိပ် ပေါ်ထွက်လာ၏။

'အစ်ကိုကြီး ဆန်ကွမ်းချီ'

အော်သံသည် လွန်စွာပီသ၏။

တစ်ခွန်းချင်း အော်လိုက်သည့် အသံပေတည်း။

'ညီလေး...ညီလေး ယွမ်ရှောက်'

သစ်တောထဲမှ ထွက်လာသူ နှစ်ယောက်အနက် ရုပ်ဆိုးဆိုးလူငယ်သည် လေဟုန်ခွင်း၍ ထွက်လာသော မြင်းတစ်စင်းနှယ် တရိပ်ရိပ်ပြေးထွက်လာပြီး ဆန်ကွမ်းချီအား ပြေးဖက်လေ၏။



ခေါက်၌ ကျန်ရစ်ခဲ့သူမှာ အများ သိကြပြီးသည့်အတိုင်း နိုင်ချစ်နော်ဆိုသည့် မိန်းကလေးပင် ဖြစ်ပါတော့သည်။

'အစ်ကိုကြီး...အစ်ကိုကြီး'

ယွမ်ရှောက်သည် ထိုစကားကိုသာ ထပ်ခါတလဲလဲပြောနေ၏။

မျက်ရည်များသည်း စီးကျနေသည်။

ဆန်ကွမ်းချီသည် သူ့ဘဝထဲမှ ကယ်တင်ရှင် အစ်ကိုကြီးပင် ဖြစ်သည် မဟုတ်ပါလော။

သည်အစ်ကိုကြီးကို သူ မမေ့နိုင်ပေ။

ရိုးသားဖြူစင်လှသော သူ့နှလုံးသားထဲ၌ နိုင်ချစ်နော်၏ ရိုပ်စွဲထင်နေသလို၊ အစ်ကိုကြီး ဆန်ကွမ်းချီ၏ ပုံရိပ်လည်း စွဲထင်နေ၏။

သူ့နှလုံးသား တစ်ခုတည်းထဲ၌ လာရောက် ဆုံဆည်းမိနေသည့် အစ်ကိုကြီး ဆန်ကွမ်းချီနှင့် နိုင်ချစ်နော်တို့၏ သိုက်သားကြသည့် ချစ်ခြင်းတွေ၊ အရိပ်အယောင်များကိုတော့ ရိုးအသည့် တောတွင်းသားကလေး ယွမ်ရှောက် လုံးဝမသိရှာပေ။

'အစ်ကိုကြီး...အစ်ကိုကြီး'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် ယွမ်ရှောက်ကို လည်းကောင်း၊ နိုင်ချစ်နော်ကို လည်းကောင်း သတိမရမဟုတ်၊ သတိရခဲ့သည်။

သို့သော် သတိရတိုင်း မဟာသချင်းဂူဆောက်သည့် ကိစ္စကြီးနှင့် ထွေပစ်နေသဖြင့် လွမ်းချိန်မရှိဘဲ ဖြစ်ခဲ့ရသည်။

ယခုမူ မမျှော်လင့်ဘဲနှင့် သူ့မေ့ထားသည့် လူနှစ်ယောက်ကို ပြန်လည်တွေ့ဆုံရလေပြီ။

'ညီလေး ယွမ်ရှောက်၊ နိုင်ချစ်နော်ကို ခေါ်ပါဦး'

ထိုအချိန်မှာပင် နိုင်ချစ်နော်လည်း အနီးသို့ ရောက်ရှိလာသည်။

သူမသည် ဆန်ကွမ်းချီကို ခပ်စိန်းစိန်းပင် ကြည့်နေ၏။

ယွမ်ရှောက်က နိုင်ချစ်နော်အား မဝံ့မရဲ လှမ်းကြည့်၏။ ခေါ်တော့ မခေါ်ပေ။

ဆန်ကွမ်းချီက ဖြောက်ကာပ်စွာ နှုတ်ဆက်လိုက်၏။

'မင်းတို့ ပြန်ရောက်လာကြပြီနော်'

'ဒါပေါ့'

နိုင်ချစ်နော်က အေးစက်စက် ပြောလေ၏။



ကိုကျားချုပ်ကြီး အိုယန်ထုံ သည် နိုင်ချစ်နော်နှင့် ယွမ်ရှောက်တို့ကို မြင်လိုက်ရသဖြင့် သက်ပြင်းကြီး မှုတ်ထုတ်လိုက်သည်။

ကွန်လုံဝမ် မဟုတ်သဖြင့် ရှုံ့ခြည်းတိုက်ခိုက်ရန် မလိုအပ်တော့ချေ။

သူ့နည်းတူ လက်ဝဲရံလူငယ်နှင့် လက်ယာရံလူငယ်တို့သည်သက်ပြင်းရှည်ကြီးများ မှုတ်ထုတ်မိကြလေ၏။

သို့သော် သူတို့သည် အလွန်တရာ ရုပ်ဆိုးလှသော လူတစ်ဦးနှင့် အလွန်တရာ လှပလှန်းသော မိန်းမချောတစ်ဦးတို့ ယှဉ်တွဲရောက်ရှိလာသည့်အဖြစ်ကိုမူ အလွန်ပင် အံ့သြနေမိကြလေ၏။

သဘာဝတရားကြီးသည် ကျွမ်းအရုပ်ဆိုးသောလူနှင့် ကျွမ်းချောသော မိန်းမပျိုတို့ကို မည်သို့ တွဲဖက်ပေးခဲ့လေသနည်းဟု ပွစ္စာထုတ်နေမိကြသည်။

ဆန်ကွမ်းချီက အိုယန်ထုံအား ဂါရဝပြုပြီး....

'ကိုကျားချုပ်ကြီး....သူတို့ကို အထူးမိတ်ဆက်ပေးဖို့ လိုတော့မယ် မထင်ပါဘူး ခင်ဗျာ'

အိုယန်ထုံက လက်သီးနှစ်ဖက်ကို ဆုပ်၍ ယွမ်ရှောက်နှင့် နိုင်ချစ်နော်တို့ကို ဂါရဝပြုသည်။

'မလိုပါဘူး မလိုပါဘူး၊ သူတို့ကို ကျုပ် အရင်က သိကျွမ်းပြီးသားပဲ၊ တစ်ယောက်က မောင်ရင့်ညီ ယွမ်ရှောက် မဟုတ်လား၊ ဟိုတစ်ယောက်ကတော့ လုံမလေး နိုင်ချစ်နော်ပဲ ဖြစ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ယှမ်ရှောက်သည် သိုင်းလောက၏ခေတ်ထုံးစံများကိုရှင်းနှီးကျွမ်းဝင်ခြင်းမရှိ၍ ပြန်လည်၍ ဂါရဝမပြုပေ။

နိုင်ချစ်နော်ကမူ အိုယန်ထိုအား ပြန်လည်ဂါရဝပြုလေ၏။

အိုယန်ထိုသည် အားလုံးကို အချက်ပြပြီး....

'ကဲ...ကဲ တဲအိမ်ကလေးကို သွားကြစို့ရဲ့၊ အဲဒီမှာ အရက်ကောင်း ဟင်းလျာကောင်း အကုန်ရအောင်၊ သူတို့လဲ ပင်ပန်းလာကြပုံရတယ် အဲဒီမှာပဲ နားနားနေနေ စကားပြောကြတာပေါ့'

သူတို့အားလုံး ကိုကျားချုပ်ကြီး အိုယန်ထို ဦးဆောင်ရာသို့ လိုက်ပါသွားကြလေ၏။

ဆန်ကွမ်းချိုက လမ်းခရီး၌ စကားပြောသည်။

သူပြောသည့် စကားမှာ ယှမ်ရှောက်ကို ဦးတည်သလိုလို နိုင်ချစ်နော်ကို ဦးတည်သလိုလို ဖြစ်နေသည်။

'မင်းတို့ ခရီးထွက်သွားကြတယ် မဟုတ်လား၊ ပိုင်မခရန်းတောင်ဟာ သိပ်သာယာတယ်၊ ဘာဖြစ်လို့ မြန်မြန်လာခဲ့ကြတာလဲ'

နိုင်ချစ်နော် မဲ့ပြုံးပြုံး၍ ပြောလေ၏။

'ရှင့်ညီတော်က ရှင့်ကို သိမ်အောက်မေ့လွန်းနေလို့ရှင်'

ထို့နောက် သူမက ဆက်မြှင်းတစ်ချက်ချပြီး....



'ဟင်း...ကျွန်မတာလဲ ဒီကို ပြန်လာချင်စိတ်ရှိနေတယ် ဆိုပါတော့ရှင်၊ ဒီးဒါဘာ ကျွန်မကို သံယောဇဉ် မရှိပေမယ့် ကျွန်မကတော့ ဒီအဘကို သံယောဇဉ် ရှိနေမိတာကိုး'

နိုင်ချစ်နော်၏စကား၌ မြှုပ်ကွက်များ ပါနေသဖြင့် ဆန်ကွမ်းချိုမှာ ဆက်၍မမေးသံ့တော့ပေ။

အိုယန်ထိုက တဲကလေးအတွင်းသို့ ဖိတ်ခေါ်လိုက်သည်။

'အားလုံး တဲထဲဝင်ကြပေါ့'

သူသည် အသင့်ရောက်ရှိလာသော ရွှံ့မတို့လေးယောက်အား အချက်ပြလိုက်ရာ ချက်ချင်းပင် အချက်များ၊ စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်။

အိုယန်ထိုသည် ဘုန်းနောင်ကြီး ထန်ရှင် မှာကြားခဲ့သည့်စကားများကို ပြန်လည်သတိရနေသည်။

ကျွမ်းကလေးသည်ကွန်လုံဝမ်နှင့် ပရိယာယ်ချင်း ဉာဏ်ချင်း ယှဉ်ပြိုင်နိုင်မည့်သော မိန်းကလေးဖြစ်သည်။

ထိုမိန်းကလေးအား လေးလေးစားစား ဆက်ဆံပါ၊ အထူးအခွင့်အရေးပေး၍ ဆက်ဆံပါဟူသော စကားများကို နားထဲ၌ကြားယောင်လာခဲ့သည်။

အိုယန်ထိုက နိုင်ချစ်နော်နှင့် ယှမ်ရှောက်တို့ အရက်ခွက်များထဲသို့ အရက်များ လောင်းထည့်ပေးပြီး မေးသည်။

www.burmeseclassic.com



'မိန်းကလေး…ဒီဒေသကိုပြန်ဆင်းလာတာ တခြားရည်ရွယ်ချက်များ ရှိသေးသလားကွယ်'

နိုင်ချစ်နော်က ခေါင်းခါ၏။

'ကျွန်မက ဝမ်ဂိုဏ်းထဲက ထွက်လာခဲ့ပြီဆိုတော့ မှီတွယ်စရာဂိုဏ်းဂဏ မရှိတော့ပါဘူး၊ ရေပြင်မှာ အစုန်အဆန် မျောနေတဲ့ ဗေဒါပင်လို ကျွန်မဘဝဟာ လွင့်မျောနေရတဲ့ဘဝပါ'

'ကျုပ် တစ်ခုလောက် မေတ္တာရပ်ခံပါရစေ'

'ဘာများလဲ ဂိုဏ်းချုပ်ကြီးရှင့်'

'ကျုပ်တို့ရဲ့ ကျွန်လုံဂိုဏ်း ဧည့်သည်တော်အဖြစ် ခေတ္တခဏနေဖို့ပါ'

နိုင်ချစ်နော် အံ့အားသင့်သွားသည်။

ကျွန်လုံဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးကဲ့သို့သော ပုဂ္ဂိုလ်မျိုးက ဤသို့ ဖိတ်မန္တကပြုခြင်းမှာ တော်ရုံတန်ရုံ အကြောင်းကိစ္စမဟုတ်နိုင်ဟု သူမ တွေးမိလေသည်။

သူမသည် အိုယန်ထု၏စကားကို အတန်ကြာ စဉ်းစားနေသည်။

ပြီးမှ ဆန်ကွမ်းချီအား တစ်ချက်လှမ်းကြည့်၏။



'ဆန်ကွမ်းချီ…ရှင့်ကို တစ်ခုမေးပါရစေ'

ဆန်ကွမ်းချီက ခေါင်းညိတ်ပြ၏။

'ရှင်ကော ကျွန်လုံဂိုဏ်းထဲ ဝင်ပြီးပြီလား၊ကျွန်လုံဂိုဏ် သားဖြစ်နေပြီလား'

ဂိုဏ်းချုပ်ကြီး အိုယန်ထုမှာ ဆန်ကွမ်းချီအတွက် အလွန်တရာ အားနာသွား၏။

ထို့ကြောင့် အလောတကြီး ဝင်ရောက်ဖြေကြားသည်။

'သူ့ရဲ့ကောင်း ဆန်ကွမ်းချီဟာ ကျွန်လုံဂိုဏ်းသား မဟုတ်ပါဘူး မိန်းကလေး၊ ကျွန်လုံဂိုဏ်းဧည့်သည်တော်မျှသာ ဖြစ်ပါတယ်၊ သူ့အနေနဲ့ သွားချင်ရာသွား၊ လာချင်ရာလာလို့ ရပါတယ်၊ သူ့ကို ကျုပ်တောင် တားမြစ်ပိုင်ခွင့်မရှိပါဘူး၊နောင်ကြီးထန်ရှင် ကျုပ်တို့ဂိုဏ်းထဲမှာနေတဲ့ စည်းကမ်းထက်စာရင် သူ့ရဲ့ကောင်း ဆန်ကွမ်းချီ ကျုပ်တို့ဂိုဏ်းထဲနေတာက ပိုပြီး ပျော်ပျော်ပါတယ်၊ ပိုပြီး လွတ်လပ်ပါတယ်'

'ဒါဖြင့် ကျွန်မအနေနဲ့ကကော…'

'မိန်းကလေး နေရင်လဲ သူ့ရဲ့ကောင်းဆန်ကွမ်းချီနေတဲ့ ဧည့်သည် သဘောပါပဲ၊ လွတ်လပ်မှုရှိပါတယ်'

'သိပ်တော့ မဆိုးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် မိန်းကလေးအနေနဲ့ ကျုပ်ရဲ့ဖိတ်ခေါ်မှုကို လက်ခံတယ်ဆိုပါတော့'

'ဟင့်အင်း....လက်မခံသေးပါဘူး၊ ကျွန်မ စဉ်းစားပါဦးမယ်'

ဂိုဏ်းချုပ်ကြီး အို ယန်ထု မှာ ဆက်၍မပြောသာတော့ပေ။

ဂိုဏ်းချုပ်ကြီးတစ်ယောက်၏ဂုဏ်သိက္ခာ ရှိသေးသည် မဟုတ်ပါလား။

သို့သော် ဆန်ကွမ်းချီကိုတော့ မသိမသာလှမ်းကြည့်၏။

ဆန်ကွမ်းချီက ထိုအကြည့်ကို သဘောပေါက်၏။

ထို့ကြောင့် ခေါင်းညိတ်ပြသည်။

'နိုင်ချစ်နော်၊ ညီလေးယွမ်ရှောက်နဲ့ ခရီးထွက်သွားတာ အဆင်ပြေခဲ့ရဲ့လား၊ ပိုင်ဂေါစန်းတောင်ကို ရောက်နိုင်ခဲ့ရဲ့လား'

နိုင်ချစ်နော်သည် ဆန်ကွမ်းချီက သူမအား ဘာလေးတစ်ခု မေးမြန်းခြင်းအတွက် စိတ်ကျေနပ်သွား၏။

'ဟာ...မသွားတဲ့ဘယ်ရှိပါ့မလဲ၊ ဒီမှာရှိနေရင် ကျွန်မဖခင်ကြီး ကွန်လုံဝမ်နဲ့ တစ်ချိန်ချိန်တွေ့ပြီး ကျွန်မဒုက္ခရောက်နိုင်တာပဲ၊ ခရီးထွက်သွားတာ သိပ်အကျိုးရှိပါတယ်'



'ထူးဆန်းတာတွေ တွေ့ခဲ့တယ် မဟုတ်လား'

'တွေ့ခဲ့ပါတယ်၊ အရိုးစုနှစ်ခုကို တွေ့မြင်ခဲ့ရတယ်၊ အမြဲတမ်း အပြုံးနှင့် တော့ဖုံးအုပ်နေတဲ့ ကျောက်တံခါးကြီးတွေဟာ သိပ်အံ့သြစရာ ကောင်းတယ်၊ အဲဒီဒေသကို ကျွမ်းကျင်တဲ့လူ ပါလိုက်လာတော့ အပြုံးနှင့်လှမ်းတဲ့ ကျောက်တံခါး ဒေသကို ရှာဖွေလို့ရမှာမဟုတ်ဘူး'

ဆန်ကွမ်းချီသည် အရိုးစုတစ်ခု၏ကျောဘက်ကိုက်နေသည့် ရွှေခဲများကို သတိရလာသည်။

ယွမ်ရှောက်သည် ထိုရွှေခဲများအကြောင်း ပြောပြပြီး နိုင်ချစ်နော်အား ထိုအရပ်ဒေသသို့ ခေါ်ဆောင်သွားခြင်း ဖြစ်မည်။

ထိုရွှေခဲများကို သူတို့ယူဆောင်ခဲ့ခြင်းရှိမရှိ မသိရသေးပေ။

ယွမ်ရှောက်၏လက်ထဲ၌လည်းကောင်း နိုင်ချစ်နော်၏ လက်ထဲ၌လည်းကောင်း ရွှေခဲကို မတွေ့မြင်ရသေးပေ။

နိုင်ချစ်နော်သည် စဉ်းစားနေဟန်ရှိသော ဆန်ကွမ်းချီအား ပြုံးလျှက် မေးခွန်းထုတ်လေ၏။

'ယွမ်ရှောက်ကပြောတယ်၊ အဲဒီအရိုးစုတွေကို ရှင် မြင်ဖူးပြီးပြီတဲ့၊ ထူးဆန်းတဲ့ငါးသုံးကောင်ကိုလည်း ရှင် မြင်ဖူးပြီးပြီတဲ့ ဟုတ်သလား'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီက ခေါင်းညိတ်၏။

'ဟုတ်ပါတယ်'

'ရှင် ဘာလုပ်ခဲ့သေးသလဲ'

'ငါ ဘာမှမလုပ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှေးဆရာကြီးတွေ၊ ဆရာမကြီးတွေရဲ့ အရိုးစုတွေ ငါ့ကြောင့် အနေအထားပျက်မသွားစေချင်လို့ပဲ၊ ဘာမဟုတ်ညာမဟုတ် အနုညာတတစ်ယောက်ကြောင့် ရှေးဆရာကြီး တွေရဲ့ အရိုးစုတွေ ပျက်စီးသွားရင် တမလွန်ဘဝက ငါ့ကိုကျိန်ဆဲလို့ဆုံးမှာမဟုတ်ဘူး'

'ရှင်က လူကြီးလူကောင်းဆိုင်ဆန်တာကိုး'

'ငါက ဘယ်သူ့ကိုမှဒို ငါ့ကြောင့်အနှောင့်အယှက် မဖြစ်စေချင်ပါဘူး၊ ဒါဟာ ငါ့စိတ်ဆန္ဒပါပဲ'

'အဲဒီပစ္စည်းတွေကိုတော့ ရှင်မြင်ဖူးမှာပေါ့'

'ဘာတွေကို မြင်ဖူးရမှာလဲ'

'ရွှေခဲတို့၊ အင်မတန်ခိုင်ခံ့တဲ့ပိုက်ကွန်တို့ပေါ့ရှင်'

'မြင်ဖူးတယ်၊ ဒါပေမယ့် လက်နဲ့တောင်မထိခဲ့ဘူး၊ ဒီပစ္စည်းတွေရဲ့အကြောင်း ဇာစ်မြစ်မှမသိဘဲ၊ ငါ့ကြောင့် တန်ဖိုးရှိတဲ့ ပစ္စည်းတွေ အလဟဿ မဖြစ်စေချင်ဘူး'



ဂိုဏ်းချုပ်ကြီးအို ယန်ထုံ သည် ဆန်ကွမ်းချီနှင့် နိုင်ချစ်နော် တို့ ပြောနေသည့်အကြောင်းအရာများကို လုံးဝမသိချေ။

နိုင်ချစ်နော်၏ အကူအညီကိုရရှိရန် ဆန်ကွမ်းချီကသာ ဆွဲဆောင်နိုင်မည်ကိုလည်း သူနားလည်သဘောပေါက်နေ၏။

သူ ဤနေရာ၌ရှိနေလျှင် ဆန်ကွမ်းချီ ဆွဲဆောင်ရာ၌ အခက်အခဲရှိနိုင်သည်ဟု တွက်ချက်မိသဖြင့် ဤနေရာမှထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သည်။

အို ယန်ထုံ က....

'မိန်းကလေး....ကျုပ်မှာ ရန်သူကထပ်ထပ် ဝိုင်းနေတယ်၊ ကျုပ်တို့ရဲ့ ကင်းစခန်းတွေကိုလဲ ပြန်စစ်ဆေးရဦးမယ်၊ ဒီမှာ အေးအေးဆေးဆေးအနားယူကြပါ၊ ကျုပ်တို့ကိုတော့ ခဏ ခွင့်ပြုပါဦး'

ဂိုဏ်းချုပ်ကြီးသည် လက်သီးနှစ်ဖက်ဆုပ်၍ ဂါရဝပြုလေ၏။

နိုင်ချစ်နော်ကလည်း ကမန်းကတန်း ဂါရဝပြုရတော့၏။

ထိုနောက် အို ယန်ထုံ သည် လက်ဝဲရံလက်ယာရံ လူငယ်နှစ်ယောက်ကို ခေါင်းဆောင်လျက် ပြေးထွက်သွားလေတော့သည်။

အိမ်ထဲတွင် ဆန်ကွမ်းချီ၊ နိုင်ချစ်နော်နှင့် ယွမ်ရှောက်ကိုတို့ သုံးဦးသာ ကျန်ရစ်ခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com

ရွှေမေတို့လေးယောက်မှာ အနားသို့ပင် သီခလာကြချေ။

ယွှမ်ရှောက်သည် သူ့အစ်ကိုကြီး ဆန်ကွမ်းချီကို အမှန်တကယ် လွမ်းဆွတ်တမ်းတခဲ့၏။

ဆန်ကွမ်းချီကို တွေ့လိုက်ရသဖြင့် စမ်းရေ အေးအေးကို သောက်လိုက်ရသလို ရင်ထဲအေးမြသွားပြီး အလွန်တရာ ဝမ်းသာခဲ့သည်။

သို့သော် သူ၏ဝမ်းသာမှု ဝမ်းမြောက်မှုတို့ကို ထုတ်ဖော်ရန် မပြောတတ်ဘဲ ရှိနေ၏။

ဆန်ကွမ်းချီအား ချစ်ခင်ကြည်ညိုသော မျက်လုံးများဖြင့်သာ ထိုင်ကြည့်နေရှာသည်။

သူ့နည်းတူပင် နိုင်ချစ်နေဝ်လည်း အလွန်ဝမ်းသာနေ၏။

သူမသည် ဆန်ကွမ်းချီတစ်ယောက်တည်း ထားပစ်ခဲ့ရသည်ကို စိတ်မချပေ။

ဆန်ကွမ်းချီ၏ရိုးသားမှုကို ရိပ်မိထားသူဖြစ်၍ သူမဖခင်ကြီး ကွန်လုံဝမ်၏ ထောင်ချောက်အမျိုးမျိုး၌ ဆန်ကွမ်းချီ ကျရောက်သွားမည်ကို အလွန်စိုးရိမ်သည်။

ယခုကဲ့သို့ ဆန်ကွမ်းချီတစ်ယောက် ကျန်းကျန်းမာမာ ရှိနေသည်ကို တွေ့ရသောအခါ အတိုင်းမသိ ဝမ်းသာသွားသည်။



သို့သော် သူမ၏ မျက်နှာ၌ ပေါ်မလာအောင် ကြိုးစား၍ ထိန်းသိမ်းထားလေ၏။

နိုင်ချစ်နေဝ်က ယွှမ်ရှောက်အား လှမ်းပြော၏။

"ရှင့်အစ်ကိုကြီးကို သိပ်သတိရတယ်ဆို၊ အခုတော့ ဘာဖြစ် နှုတ်ပိတ်ရှေင့်နေတာလဲ"

ယွှမ်ရှောက်က ထစ်ထစ်အအဖြင့် ပြော၏။

"ဟုတ်...ဟုတ်ပါတယ်၊ အစ်ကိုကြီးကို သိပ် သတိရတာပဲ၊ တောထဲတောင်ထဲ နေနေရတော့ အစ်ကိုကြီးကို ပိုသတိရပါသည်၊ ပိုင်မာစန်းတောင် ဆိုတော့...."

...န်သည်။

ပိုင်မာစန်းတောင်သို့ သွားရောက်ခဲ့ကြသဖြင့် ယွှမ်ရှောက် အနေဖြင့် ဆန်ကွမ်းချီကို ပို၍ သတိရခြင်း ဖြစ်သည်။

ပိုင်မာစန်းတောင်နှင့် သစ်တောကြီးသည် သူ့ဇာတိ၊ သူ့နေရပ်ဖြစ်သည်။

ဆန်ကွမ်းချီက သူ့အား ထိုတောထိုတောင်မှ ဆွဲထုတ်ခဲ့ခြင်း မဟုတ်ပါလား။

ထိုတောထိုတောင်အတွင်း ဆန်ကွမ်းချီအား သူက ကယ်တင်ခဲ့ရသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထိုတောင်အတွင်း အသဆရာကြီးထံမှ သိုင်းပညာကို သင်ယူနိုင်ခဲ့သည် မဟုတ်ပါသား။

ဆန်ကွမ်းချိုက ပြုံး၍ပြောလေ၏။

'ငါကလဲ ငါ့ညီကို သိပ်သတိရပါတယ်ကွာ၊ တစ်ခုတော့ ရှိတာပေါ့လေ။ ငါ ဒီမှာ သိပ်တော့ အားလပ် မနေနိုင်ပါဘူး သိုင်းလောကသားတွေအတွက် လုပ်ငန်းတာဝန်တွေကို ထမ်းဆောင် နေနေပါတယ်'

နိုင်ချစ်နေဘ်က မျက်လုံးရွှဲကြီးများဖြင့် ကြည့်ကာ မေးမြန်းလေ၏။

'ကျွန်မတို့ ရှင့်ကို ဘာဖြစ်လို့ လိုက်ရှာနေကြတယ်ဆိုတာ ရှင် သိရဲ့လား'

ဆန်ကွမ်းချို အံ့ဩသွားသည်။

'ငါ့ကို လိုက်ရှာနေကြတယ် ဟုတ်လား'

'ဟုတ်တယ်....ရှင့်ကို လိုက်ရှာနေကြတာ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့ရမှာလဲ၊ ရှင့်စိတ်ထဲမှာ ရှင်ဟာ သိုင်းလောကကြီးအတွက် အင်မတန် အရေးပါ အလုပ်ရောက်တဲ့လူလို့ ထင်နေတယ် မဟုတ်လား'



ဆန်ကွမ်းချို ရယ်မိလေ၏။

သူသည် သူ့ကိုယ်သူ မည်သည့်အခါကမျှ ထိုသို့မထင်မိခဲ့ပေ။

'ညီကြီးစည်ရာ၊ ငါက ဘာကောင်မှ မဟုတ်ဘဲ၊ ငါ့ထက် ပညာတော်တဲ့လူတွေလဲ အများကြီး ရှိနေတာပဲ၊ ငါက ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို အထင်ကြီးရမှာလဲ'

'ခုခုကပဲ ရှင်ပြောနေတယ်မဟုတ်လား၊ သိုင်းလောကသားတွေအတွက် လုပ်ငန်းတာဝန်ကြီးတစ်ခု လုပ်ကိုင် ဆောင်ရွက်နေတယ်ဆို'

'ငါကလဲအမှန်ပဲလေ၊ ဒီလိုပြောတာနဲ့ ငါဟာ ရောမပုဂ္ဂိုလ်ကြီး ဆိုလိုရာမရောက်ပါဘူး'

'ရှင် မသိတာတွေ ရှိနေသေးတယ်'

'အင်း...ဘာတွေများလဲ'

'သိုင်းလောကထဲက သိုင်းဂိုဏ်းကြီးတွေ အကြောင်းပေါ့၊ သိုင်းလောကမှာ ကွန်လုံဂိုဏ်းနဲ့ အိုယန်ထုံတို့ဟာ အင်အားကောင်းဆုံးဖြစ်နေတယ်၊ သူတို့ဟာ တိုခေါင်းတဲ့အချိန်အတွင်းမှာ ဘယ်လိုမှ အနိုင်ရနိုင် မပေါ်နိုင်ဘူး၊ သူတို့အနိုင်ပေါ်ဖို့ နှစ်ပေါင်းများစွာ စောင့်ရလိမ့်မယ်'

www.burmeseclassic.com



ဆန်ကွမ်းချိုသည် ပြုံး၍ နားထောင်နေ၏။

'ဆက်ပြောပါဦး'

နိုင်ချစ်နေဘ်က ဆက်၍ပြော၏။

'ကျွန်လုံဝမ်ဟာ ဆိုင်းပညာ တော်းသလို အင်အား တောင်းတာလဲကောင်းတယ်၊ ကျွန် လု ဂိုဏ်း သက် ကျ ... ကခြားဆိုင်းဂိုဏ်းကြီးတွေက ကူညီနေကြတယ်၊ အင်အား... ချိန်ခွင်လျှာလို ညီမျှနေတယ်၊ ဘယ်သူ ဘယ်သူကိုမှ ရုတ်တ... အနိုင်မတိုက်နိုင်ဘူး'

လက်ရှိ ကျွန်လုဂိုဏ်း၏ အခြေအနေကို နိုင်ချစ်နေဘ် ... ဆေး၍သာ ဤစကား ပြောနေခြင်းဖြစ်ကြောင်း ဆန်ကွ... နားလည်သည်။

ထိုနောက် သူမ ဆက်ပြောမည့် စကားများကို နားထော... လိုသေးအဖြစ် ဆန်ကွမ်းချိုက ဖြတ်၍ မပြောပေ။

နိုင်ချစ်နေဘ်က ဆက်ပြုံးချပြီး....

'ရှင်ဟာ ကျွန်လုဂိုဏ်းသားလဲ မဟုတ်ပါပဲနဲ့ ဘာ... ကျွန်လုဂိုဏ်းအတွက် ပူပန်နေရတာလဲ၊ ဒီ အရှုပ်အထွေ... ဟာ သေးသေးကွေးကွေး အရှုပ်အထွေး မဟုတ်ဘူး၊ ... သမားအချင်းချင်း သတ်ဖြတ်ဖြေရှင်းရမယ့် အရှုပ်အထွေ...



...တယ်၊ ဒီကြားထဲမှာ ရှင်ဟာ ကန့်လန့်ကန့်လန့် ပါနေသေးတယ်၊ ...ကယ်တော့ ရှင်ဟာ ဆိုင်းလောကအကြောင်း ဘာမှမသိဘဲနဲ့ ...ဘင်အောင်တောင် ပေါင်အောင်တောင်နဲ့ ဝင်လာခဲ့တဲ့ ...ပဲ'

နိုင်ချစ်နေဘ်က လေသံကို လျှော့ချလိုက်ပြီး....

'ရှင့်ညီ ရှင်ကို သိမ်းဆတိရတယ်၊ ကျွန်မကလဲ ရှင့်ကို သတိရ ...တယ်လေ၊ ဒီမှာ ဘာဖြစ်လို့ အလကား ဦးနှောက်ခြောက် ...နေရမှာလဲ၊ ကျွန်မတို့နဲ့ လိုက်ခဲ့ပါ၊ ပိုင်မာစန်းတောင်ကို ...သွားကြမယ်၊ ကျွန်မ အခု ပြောနေတာတွေဟာ တကယ့် ...တနာ စကားတွေပါရှင်'

ဆန်ကွမ်းချိုသည် သက်ပြင်းရှည်ကြီးကိုမှုတ်ထုတ်လိုက်သ...

'မင်းပြောနေတာ တကယ့် စေတနာစကားတွေဆိုတာ ...ကြည်ပါတယ်၊ အရင် သေးငါးခြောက်လတုန်းက ဒီစ... ကြားရင် ငါ သေသေချာချာ စဉ်းစားမှာပါ၊ အခု ...ခဲ့စကားတွေကို ငါမစဉ်းစားနိုင်တော့ပါဘူး'

'ဘာဖြစ်လို့လဲဟင်'

'ဘာဖြစ်လို့လဲဆိုတော့ ဆိုင်းလောက တစ်ခုလုံးက လေးစား... ...ကြတဲ့ ပညာရှိထန်ရှင် သေဆုံးသွားတာ ငါးလ ရှိနေလို့ပါပဲ'

'ဟင်....ဆရာကြီးထန်ရှင် သေပြီ'

နိုင်ချစ်နေဘ်မှာ အမှန်တကယ်ပင် အံ့ဩသွားရှာလေ၏။

❖

www.burmeseclassic.com

## အခန်း (၁၃၀)

## သည်းခံသော သူ့ရဲ့ကောင်း

နိုင်ချစ်နေဒ်သည် ရှက်တရက် စကားမပြောနိုင်တဲ ငြိမ်သက်သွားသည်။

သို့သော်....

'ပညာရှိ ထန်ရှင် သေဆုံးသွားတာ ဝမ်းနည်းစရာပါပဲ၊ ဒါပေမယ့် မညာရှိထန်ရှင်နဲ့ ရှင်နဲ့ ဘာမှမဆိုင်ဘဲ'

'ဆိုင်တယ်လေ၊ သူက ငါ့ကို မေတ္တာရပ်ခံခဲ့တယ်၊ ကျွန်ုပ်ဝမ်နဲ့ တိုက်တဲ့ပွဲမှာ ကျွန်လုကိုကြီးဘက်က ရပ်တည်ပေးဖို့'

'ရှင် ကတိပေးခဲ့ပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'မပေးခဲ့ပြီးပြီ၊ ဒါကြောင့်မို့ ငါဟာ ကျွန်လုံဂိုဏ်းအတွက် ဆောင်ရွက်ပေးနေတာပေါ့'

နိုင်ချစ်နော်က ခေါင်းတယမ်းယမ်းဖြင့် ပြောသည်။

'ရှင်တော့ မလွယ်တော့ဘူး'

'ဘာကို မလွယ်တာလဲ'

'သိုင်းလောကထဲမှာ ကွန်လုံဝမ်ဟာ ပညာရှိ ထန်ရှင်ကို အကြောက်ဆုံး အလန့်ဆုံးပဲ၊ ထန်ရှင်ဟာ အသည်းထဲမှာ စူးဝင်နေတဲ့ ဆူးတစ်ချောင်းပဲဖြစ်တယ်၊ ထန်ရှင်သေပြီဆိုတော့ ကွန်လုံဝမ်ကို တားဆီးနိုင်သူ မရှိတော့ဘူး'

'အဲဒီစကား မှားတယ်၊ ကွန်လုံဝမ်ကို တားဆီးနိုင်တဲ့လူ ရှိပါသေးတယ်'

'ရှင်...ရှိသေးတယ်၊ ဟုတ်လား'

'ဟုတ်ပါတယ်၊ ရှိပါတယ်၊ အဲဒီတားဆီးနိုင်တဲ့လူက ဝင်မပါဘဲ ဘေးထွက်ထိုင်နေမှာပဲ စိုးရိမ်ရတယ်'

'ရှင်...ဘယ်သူများလဲဟင်'

ဆန့်ကွမ်းချီသည် လက်နှစ်ဖက်ကို နောက်ပစ်လျက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။



'ဘယ်သူလဲရှင်၊ ပြောစမ်းပါ'

နိုင်ချစ်နော်က ခပ်ဆတ်ဆတ် မေးလေ၏။

ဆန့်ကွမ်းချီသည် နိုင်ချစ်နော်၏ ရှေ့တည့်တည့် လာရပ်ပြီး လက်ညှိုးထိုးပြသည်။

'ဘယ်သူရှိရမလဲ၊ မင်းပဲပေါ့'

နိုင်ချစ်နော်က လှပစွာ ပြုံးလိုက်၏။

'အလကား ချီးကျူးမြှောက်ပင့်လိုက်တဲ့စကားပဲ'

'မင်းကလွဲရင် ကွန်လုံဝမ်ကို ခုခံတားဆီးနိုင်တဲ့လူ မရှိတော့ဘူး၊ ဒါဟာ တကယ့် သစ္စာစကားပဲ၊ ဒီစကားဟာ ပညာရှိ နှုတ်ထွက်စကားလဲ ဖြစ်တယ်'

'ကျွန်မသိပြီ၊ ပညာရှိထန်ရှင်က ဒီအတိုင်း ပြောခဲ့သလား'

'အဲဒါ ပြောတာပေါ့၊ မင်းဟာ အရိုးပြုရင် အကောင်ထင်တတ်တဲ့ ဉာဏ်စွမ်းအား ရှိပါတယ်၊ နောင်ကြီးထန်ရှင်မှာ သိပ်အမြော်အမြင် ရှိတယ်၊ အကျိုးမဲ့ စကားကို ဘယ်တော့မှ မပြောဘူး'

'ရှင်က ပညာရှိထန်ရှင်အကြောင်း ဘယ်လောက်သိနေလို့လဲ'

'မသေမီကဆိုရင် ပညာရှိ ထန်ရှင်ဟာ အကြင်နာတရား ပြည့်ဝဆုံး ပုဂ္ဂိုလ်ဖြစ်တယ်၊ သေလွန်သွားတဲ့ အခါကျတော့

www.burmeseclassic.com

www.burmeseclassic.com



အရက်စက်ဆုံး ပုဂ္ဂိုလ်ဖြစ်တယ်၊ သူ့အကြောင်း ငါ့လောက် ဘယ်သူမှ ပိုမသိနိုင်ဘူး'

'အော်...ရှင်က ပညာရှိထန်ရှင်နဲ့ ရင်းနှီးခင်မင်သွားတာ ကျွန်ယုဂိုဏ်းရဲ့အကျိုးကို ဆောင်နေတာပေါ့လေ၊ ဟုတ်လား'

'ငါက ငါ့ဆန္ဒအရ ကူညီနေတာပါ၊ နောက်ပြီး သိုင်းလောကတစ်ခုလုံးရဲ့ အကျိုးလဲဖြစ်တယ်'

နိုင်ချစ်နော်သည် တိတ်ဆိတ်ငြိမ်သက်သွား၏။

ထို့နောက် တီးတိုးပြောသည်။

'မန်းမျိုးစုံ ပွင့်တာကို ကြည့်မလား၊ နှင်းသီးတွေ သီးတာကို ကြည့်မလား၊ မိုးထိုးမတတ် မြင့်တက်နေတဲ့ သစ်ပင်ကြီးပေါ် တက်မလား၊ အမြဲတမ်း အဖြူရောင် တွေ ဖုံးလွှမ်းနေတဲ့ ထူးခြားဆန်းကြယ်တဲ့ နေရာကိုသွားမလား၊ စမ်းချောင်းထဲမှာ ငါးမျှားမလား၊ လူသူမရှိတဲ့ တောထဲတောင်ထဲဟာ အင်မတန် အေးချမ်းပြီး ငြိမ်မွေ့စရာကောင်းတယ်၊ ဘာဖြစ်လို့ သိုင်းလောက အရှုပ်အထွေးကြီးထဲမှာ နေချင်နေရတာလဲ'

ဆန်ကွမ်းချိုက လေးနက်စွာ ပြန်ပြောသည်။

'မင်းစိတ်က တစ်ကိုယ်ကောင်းစိတ်ပဲ'

'ရှင်....'



'ဟုတ်တယ်၊ မင်းရဲ့စိတ်က တစ်ကိုယ်ကောင်း စိတ်ပါ၊ သိုင်းလောကထဲက ဂိုဏ်းချုပ်ကြီး အိုယန်ထု လဲ အဲဒီစိတ်မျိုး ထားလိုက်မယ်၊ ဟူတန်းဂိုဏ်းချုပ်ကြီးကလဲ အဲဒီစိတ်မျိုး ထားလိုက်မယ်၊ ရွှေဥင်လင်ကျောင်းက တက်မုဆရာတော်ကလဲ အဲဒီစိတ်မျိုး ထားလိုက်မယ်၊ ငါကလဲ အဲဒီစိတ်မျိုး ထားလိုက်မယ် ဆိုရင် ကျွန်လုံဝမ်ဟာ သိုင်းလောကကြီးတစ်ခုလုံးကို လင်ဘန်းတစ်ချပ်ထဲ ကျောက်လုံးတွေထည့်ပြီး လှိမ့်သလို လှိမ့်ပစ်လိုက်လိမ့်မယ်၊ သိုင်းသမားတွေက သူ့ကို ပဒေသရာဇ် ရှင်ဘုရင်တစ်ပါးလို ပြားပြားဝပ် ဦးချနေရလိမ့်မယ်'

'ကျော်ကြားထင်ရှားချင်တဲ့ လူတွေဟာ ကျွန်လုံဝမ်ကို ပြန်တိုက်ကြလိမ့်မယ်၊ ရှင့်ဗီဇနဲ့တော့ ဒီကိစ္စဟာ ဘာမှမဆိုင်ပါဘူး'

'ဟား....ဟား....ဟား မင်းမှားနေပြီ၊ နောင်ကြီးထန်ရှင်ရဲ့ ဗီဇနဲ့ဆိုရင် ပိုပြီးမဆိုင်ဘူးလို့ခဲ့တာင် ပြောရမှာပေါ့၊ နောင်ကြီးထန်ရှင်ဟာ စာပေသမားသက်သက်ဖြစ်တယ်၊ သိုင်းပညာဆိုရင် လုံးဝမတတ်ဘူး၊ သူဟာ ကျွန်လုံဝမ်ရဲ့ ရက်စက်ယုတ်မာတဲ့ စိတ်သဘောထားကိုသိလို့ တားဆီးဖို့ ကြိုးစားခဲ့တယ်၊ ကျွန်လုံဝမ်ဟာ နောင်ကြီးထန်ရှင်ကို ရိုးရိုးသားသား နေကတည်းကိုက နောင်ကြီးထန်ရှင်ကို သတ်ဖြတ်ဖို့ ကြိုးစားခဲ့တယ်၊ မင်းဂျင်ဝမ်ဂိုဏ်းကို အာခံထားတဲ့လူကိုတော့ ဘာမှ ပြောစရာ မရှိတော့ဘူး'

ဆန်ကွမ်းချို၏ စကားမှာ သွေးထွက်အောင် မှန်လှသည်

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်သည် သူမအား အကြောင်းအမျိုးမျိုးကြောင့် ခေတ္တခဏလွှတ်ထားခြင်း ဖြစ်ပေသည်။

အချိန်တန်လျှင် လိုက်လံသတ်ဖြတ်မည်မှာ သေချာသည်။

ဆန်ကွမ်းချီက ဆက်ပြော၏။

'မင်းဟာ ကွန်လုံဝမ်ကို အာခံသူပဲ၊ ကွန်လုံဝမ်ဟာ အခုပဲ မိုးအောက်မြေပြင် ပြိုင်ဘက်ကင်းလို့ သူ့ကိုယ်သူ ကြေညာနေပြီ၊ နောက် သိပ်မကြာခင်မှာပဲ သိုင်းလောကရဲ့ မကိုဋ်ဦးသျှောင်လို့ ကြေညာတော့မယ်၊ အဲဒီအခါကျရင်တော့ မင်းဟာ အခုလို အေးအေးဆေးဆေး နေခွင့်ရတော့မှာ မဟုတ်ဘူး၊ မင်း ဘယ်နေရာကို ပြေးပြေး ကွန်လုံဝမ်က တွေ့အောင် လိုက်ရှာမှာပဲ၊ စကြဝဠာဆုံးအောင်ပြေးလဲ လွတ်မှာမဟုတ်ဘူး'

ဆန်ကွမ်းချီ၏ စကားများသည် နိုင်ချစ်နော်၏ အရိုက်ကို တည့်တည့်မတ်မတ် ထိသွား၏။

သူမက အံကြိတ်၍ပြောသည်။

'နောင် သုံးနှစ်ကြာလို့ ကျွန်မကို ကွန်လုံဝမ် လာတွေ့လို့ကတော့ မလွယ်ပါဘူး'

ဆန်ကွမ်းချီ အံ့သြသွား၏။

'သုံးနှစ် ဟုတ်လား'



'ဟုတ်တယ်၊ သုံးနှစ်ကြာပြီးရင် ကွန်လုံဝမ်ကို ကျွန်မ မကြောက်တော့ဘူး'

ဆန်ကွမ်းချီက ခေါင်းကိုခါယမ်းလိုက်၏။

'ဒီသုံးနှစ်အတွင်းမှာ မင်းကို ကွန်လုံဝမ် လိုက်မရှာဘဲငြိမ် နေလိမ့်မယ်လို့ ငါတော့ မယုံဘူး၊ သူငြိမ်နေရင် အလွန်ဆုံး တစ်နှစ်ပဲ၊ သူ တကယ်လိုက်ရှာရင်လဲ အလွန်ဆုံးတစ်လပဲ၊ မင်း ဘယ်မှာမှ ပုန်းရှောင်နိုင်လိမ့်မယ်မထင်ဘူး'

နိုင်ချစ်နော်က အေးစက်စက် ရယ်လိုက်၏။

'ရှင်ကကျွန်မကိုအဲဒီလောက်တောင်အထင်သေးနေသလား၊ ကွန်လုံဝမ်ကို ကျွန်မ သုံးနှစ်လောက်တော့ ရှောင်ပုန်းနိုင်ပါတယ်ရှင်'

ဆန်ကွမ်းချီသည် နိုင်ချစ်နော်ကို အထင်သေးစိတ်မရှိသဖြင့် သူမပြောသည့်အတိုင်း ရှောင်တိမ်းနိုင်လိမ့်မည်ဟု ယုံကြည်လေသည်။

'ဒီမှာဆန်ကွမ်းချီ၊ သိုင်းလောကရဲ့ရတနာသုံးမျိုးအကြောင်း ရှင် ကြားဖူးတယ်မဟုတ်လား'

'ငါတို့က တောထဲတောင်ထဲက ဘာကိုလာတဲ့လူတွေဆိုတော့ ရတနာသုံးမျိုးအကြောင်း ဘာမှမသိဘူး၊ အဲ...မင်းနဲ့ သိုင်းလောကရဲ့ ဝါစဉ်ကြီး ပုဂ္ဂိုလ်ကြီးတွေ ပြောနေတဲ့အတွက်တော့ ကြားသိခဲ့ဖူးပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ဘယ်၊ ကျွန်မကိုယ်တိုင် ဝမ်ဂေဟာထဲ ဝင်နေခဲ့ရတာ ခဲဒီရတနာသုံးမျိုးကိုရဖို့တဲ့အတွက်ကြောင့်ပေါ့ရှင်၊ ဒါပေမယ့် နှစ်တွေသာကြာခဲ့ရာ ရတနာသုံးမျိုးကို လုံးဝ မတွေ့ရပါဘူး၊ ဒါပေမယ့်...'

'ဒါပေမယ့်ဆိုတော့ အခု မင်းက တွေ့ခဲ့ပြီဆိုပါတော့'

'ဟုတ်တယ်...မမျှော်လင့်ဘဲတွေ့ခဲ့ပြီ၊ ယွမ်ရှောက်က ကျွန်မကို ခေါ်သွားတုန်းကတော့ ဘာနေယ်ဟုတ်ဟန်မတူဘူး၊ ထူးထူးခြားခြားအရပ်ဒေသတစ်ခုကိုပြချင်လို့ပဲဖြစ်ပုံရတယ်၊ ဟိုရောက်တော့မှ...'

'ငါသိပြီ၊ အဖြူရောင် တွေလွှမ်းနေတဲ့ ကျောက်တံခါးအတွင်းမှာပဲ တွေ့ခဲ့တယ်ဆိုပါတော့'

'ဟုတ်တယ်၊ ကျွန်မတို့အားလုံး အဲဒီမှာပုန်းခိုမယ်၊ သိုင်းပညာလေ့ကျင့်မယ်၊ ယွမ်ရှောက်ကလဲကူမှာပေါ့၊ သုံးနှစ်ကြာရင် ရှင်နဲ့ကျွန်မကို ဘယ်သူကမှ အနိုင်မယူနိုင်တော့ဘူး၊ ကွန်လုံဝမ် ဆယ်ယောက်လာလဲ မှုစရာမလိုတော့ဘူး'

ဆန့်ကွမ်းချီက ခေါင်းကိုခါယမ်းလေ၏။

'ငါ့အနေနဲ့ဒီလောက်ကြာရှည်အောင် ရှောင်တိမ်းမနေနိုင်ပါဘူး'

'ရှင်က ကျွန်လုဂိုဏ်းအတွက် ရှင့်ကိုယ်ရှင် စတေးမလို့လား'



'ငါပေးခဲ့တဲ့ ကတိစကားက ငါ့အသက်ထက် ပိုပြီးတန်ဖိုးရှိပါတယ်'

'ဒါပေမယ့် ရှင့်ဆီမှာ ကွန်လုံဝမ်ကိုယှဉ်နိုင်တဲ့စွမ်းရည် မရှိတာပဲရှင်'

'မင်းကူညီရင် ငါဟာ ကွန်လုံဝမ်နဲ့ တန်းတူရည်တူ ဖြစ်သွားလိမ့်မယ်'

'လောလောဆယ်မှာ ကျွန်မဟာ ကွန်လုံဝမ်ရဲ့ ပြိုင်ဘက်မဟုတ်ဘူးရှင့်၊ လက်ရည်တူမဟုတ်ဘူး'

ဆန့်ကွမ်းချီမှာ နိုင်ချစ်နော်အား ဆွဲဆောင်ရန် ခက်ခဲလှကြောင်း ကိုယ်တွေ့ကြုံမှ သိရတော့သည်။

ယခုအချိန်၌ နိုင်ချစ်နော်ပြန်ထွက်သွားလျှင် ကျွန်လုဂိုဏ်းသာမက သိုင်းလောကကြီးတစ်ခုလုံး လှုပ်လှုပ်ကြီး ဒုက္ခတွေ့တော့မည်ကို ဆန့်ကွမ်းချီ သိနားလည်မိသည်၊

ထို့အတွက် လွန်စွာစိတ်သောကရောက်နေရရှာသည်၊

နိုင်ချစ်နော်သည် မသက်မသာဖြစ်နေပုံရသော ဆန့်ကွမ်းချီအား အသေအချာကြည့်ပြီး...

'ရှင် ဘာဖြစ်နေတာလဲ'

www.burmeseclassic.com



'ဩော်....နောင်ကြီး ထန်ရှင်က ကွန်လုံဝမ်ကို ယှဉ်နိုင်တဲ့သူဟာ နိုင်ချစ်နော်ပဲ ရှိတယ်လို့ ပြောခဲ့တယ်၊ ဒါပေမယ့် အဲဒီမိန်းကလေးဟာ ကွန်လုံဝမ်ကို အစဉ်အဆက် ကြောက်ရွံ့ခဲ့သူဖြစ်လို့ ပြန်လှန် အာခံဖို့ မလွယ်ဘူး ဆိုတာတော့ နောင်ကြီးထန်ရှင် သိမသွားခဲ့ပါဘူး'

နိုင်ချစ်နော်က မဲ့ပြုံးပြုံးသည်။

'ရှင်က ကျွန်မကို စခံချင်စိတ် ပေါ်အောင် ပြောနေတာမဟုတ်လား'

'ဟင့်အင်း....အမှန်ကိုပြောနေတာပါ၊ မင်းရဲ့ စိတ်ဓာတ်ဟာ သိမ်ငယ်လို့မခံကျောအတယ်ဆိုတာ ငါသိပါတယ်'

ထိုစကားကိုကြားသောအခါ နိုင်ချစ်နော်သည် ဟားတိုက်၍ ရယ်မောလေတော့၏။

အနီးပတ်ဝန်းကျင်ရှိ သစ်ပင်ပေါ်မှ ငှက်ကလေးများပင် သူမ၏ရယ်သံကြောင့် လန့်ဖျပ်ပျံသွားကြလေသည်။

သူမ ရယ်သည်လေ။

ပိုင်မာစန်းသစ်တောသည် ဤအရပ်ဒေသနှင့် အလှမ်း ဝေးကွာလှ၏။

ထိုအရပ်ဒေသမှ ဤမြေပြန့်ဒေသအထိ သူမ ပြန်ခဲ့ခြင်းမှာ ဆန်ကွမ်းချီကို သတိရသောကြောင့်ဖြစ်သည်။



သူမ၏အစဉ်းနှလုံးသည် ဆန်ကွမ်းချီထင်သလို မမာကျောကြောင်း သူမသိရှာလေတကား ဟူသောအသိဖြင့် ရင်ထဲမှာ နာကျင်စွာ ရယ်မောမိခြင်းသာ ဖြစ်ပါလေ၏။

နိုင်ချစ်နော် မဲ့ပြုံးပြုံး၍ ဆက်ပြောလေ၏။

'ကျွန်မရဲ့သိုင်းပညာဟာ ကွန်လုံဝမ်သင်ပေးခဲ့တဲ့ ပညာရှင့်သူ သင်ပေးခဲ့တဲ့ပညာနဲ့သူ့ကိုဖြန့်တိုက်လို့ ရနိုင်ပါမလား'

ဆန်ကွမ်းချီက ခေါင်းခါ၏။

'ကွန်လုံဝမ်ကို သိုင်းပညာနဲ့ပြန်တိုက်ဖို့ပြောနေတာ မှုမဟုတ်ဘဲ၊ ကွန်လုံဝမ်ရဲ့ နီးပါးလောက် သိုင်းပညာ တော်တဲ့ လူတွေကျွန်လုဂိုဏ်းမှာ တစ်ပုံတစ်ပင်ကြီး ရှိပါတယ်၊ တစ်ယောက်ချင်းမနိုင်ရင်လဲ အများနဲ့ အနိုင်ယူရမှာပေါ့၊ အဓိကအရေးကြီးတာက ကွန်လုံဝမ်ရဲ့ နည်းပရိယာယ်ကို တန်ပြန်ဖို့ပါ'

ဆန်ကွမ်းချီက ဆက်ပြော၏။

'အခုကြည့်၊ ကျွန်လုဂိုဏ်းနဲ့ ဝမ်ဂိုဏ်းဟာ ရှေးက သိုင်းဂိုဏ်းကြီးတွေလို တစ်ယောက်ချင်း၊ တစ်ဦးချင်း သိုင်းလောကစည်းကမ်းနဲ့သိုင်းပညာချင်းယှဉ်ပြီး နိုင်တဲ့လူကိုရှုံးတဲ့လူက ကျေကျေနပ်နပ် ဦးညွှတ်နေကြတာ မဟုတ်ပါဘူး၊ ပဒေသရာဇ်ခေတ်ရာဇ်တွေ တစ်ဦးနဲ့တစ်ဦး စစ်တိုက်ကြသလို အုပ်စုပရိယာယ်နဲ့ အဆိပ်လက်နက်တွေနဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေကြတာပါ'

'ကျွန်မက မိန်းမသားပဲရှင့်၊ ဘာနည်းပရိယာယ် ထုတ်နိုင်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟား...ဟား...ဟား၊ ကျုပ်ကလဲ နှောင်ကြိုး ထန်ရှင်ကို ပြောပါတယ်၊ မိန်းမဟာ မိန်းမပါပဲဗျ၊ ယောကျ်ားတွေလိုတော့ ဦးနှောက်ကို ကောင်းကောင်း အလုပ်မပေးနိုင်ပါဘူးလို့၊ အမှန်အတိုင်းပြောရရင် ငါလဲ ခင်နဲ့ ဘာစိတ်သဘောတူညီး ရှိပါတယ်'

'ဘာရှင့်...ရှင်က ကျွန်မကို အထင်သေးတာလား'

'အထင်သေးတာ မဟုတ်ပါဘူး၊ ငါကတော့ မိန်းမတွေကို သိပ်မယုံပါဘူး၊ နှောင်ကြိုး ထန်ရှင်က ငှတ်ပြောနေဟာပါ၊ စေ့စောက မင်းကို မတွေ့ရပ်ခံနေရတာလဲ နှောင်ကြိုးထန်ရှင် ကို ကပေးခဲ့လို့ မတွေ့ ရပ်ခံနေရတာပါ၊ ငါကတော့ ငါ့ စိတ် ငါ့ကိုယ် ကိုယ်ဆိုးကိုက်မစဉ်ချင်တာပါပဲ၊ ကျွန်းလုံဂမ်သေရင်သေ မသေရင် ငါပဲသေပေါ့'

'ဒီမှာရှင့် ကျွန်မက သိုင်းပညာမှာသာ ကျွန်းလုံဝမ်ကို မယှဉ် နိုင်တာရှင့်၊ ကောက်ကျစ်တဲ့နေရာမှာ၊ သူ့ဘာစ်ပါး အခေါ်က မကောင်းကြံတဲ့ နေရာတွေမှာတော့ ကျွန်းလုံဝမ်ကို ကျွန်မယှဉ်နိုင် တယ်၊ ရှင်သာ ဂိုဏ်းချုပ်ကြီး အိုယန်ထုံဖြစ်နေပါလား၊ ကျွန်မ လက်ထဲ ဂိုဏ်းချုပ်အာဏာ ငါးလလောက်ပဲထည်၊ ကျွန်းလုံဝမ် ကို ဘယ်လိုယှဉ်နိုင်တယ်ဆိုတာ ရှင်လက်တွေ့ သိသွားစေရမယ်'

နှိုင်းချစ်နေ့သည် ဆိတ်ပါလက်ပါ အေးနှင့်မောနှင့် ပြောနေ လေ၏။

ဆန့်ကွမ်းချီမှာ သူ့အကြံအောင်ပြီဖြစ်၍ စိတ်ထဲ၌ ကျိတ်၍ ပြုံးနေမိသည်။



ထိုစဉ်...

'ကျွန်လုဂိုဏ်းရဲ့ အာဏာ ဟုတ်လား၊ ဟောဒီမှာ ကျွန်လု ဂိုဏ်းရဲ့ အာဏာဖြစ်တဲ့ အမိန့်ပေး ရွှေတံဆိပ်ပါ၊ မိန်းကလေး လက်ထဲကို ရောက်လာသို့မဟုတ် တစ်နှစ်အထိ အပ်နှင်းပါတယ်'

အမိန့်ပေး ရွှေတံဆိပ်ကိုကိုင်၍ သစ်တောထဲမှ ထွက်လာသူ မှာ ဂိုဏ်းချုပ်ကြီး အိုယန်ထုံ ပင် ဖြစ်တော့၏။

ဂိုဏ်းချုပ်ကြီးအိုယန်ထုံ၏ လက်ထဲတွင် အခြား တံဆိပ် တစ်ခုလည်း တွဲလျက်ပါလာနေသေး၏။

'ကျွန်...ကျွန်...ကျွန်မက ဆန့်ကွမ်းချီကို နောက်ပြောင် ပြောနေတာပါ၊ ဒီစကားကို အတည်မယူပါနဲ့ရှင့်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် ဆန့်ထန်းထားသည့် သူ့၏ မျက်ကို ပြုံ့လည်ချပ်သိမ်းလိုက်၏။

'မိန်းကလေး အတည်ပြောတာ ဟုတ်ရင်တော့ ကျုပ်ရဲ့ အမိန့်ပေး ရွှေတံဆိပ်ကိုပါ လက်ဆောင်ပေးမယ်လို့ ယူဆထား တာ၊ ခုတော့...'

ဆန့်ကွမ်းချီက အိုယန်ထုံအား လှမ်းမေးလေ၏။

'ဂိုဏ်းချုပ်ကြီး အမိန့်ပေး ရွှေတံဆိပ်နဲ့ အမိန့်ပေး ကြေး တံဆိပ်က ဘယ်လိုကွာခြားလို့လဲ'

'ဟာ...ကွာပြီလား၊ အမိန့်ပေး ရွှေတံဆိပ်ကို ကိုင်ဆောင် ထားတဲ့လူဟာ ကျုပ်အပါအဝင် ကျွန်လုဂိုဏ်းက နာယကကြီး တွေကိုတောင် အမိန့်ပေးနိုင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အမိန့်ပေး ကြေးတံဆိပ်ကကော'

'သူကတော့ အမှတ်လေးဆယ့်ရှစ်အဖွဲ့ အပါအဝင် ကျန်[...] ဂိုဏ်းသားမှန်သမျှကို အမိန့်ပေး စေခိုင်းနိုင်ပါတယ်၊ ဒီ [...] တံဆိပ်တွေဟာ ကျန်လုဂိုဏ်းရဲ့ အာဏာပါပဲ'

နိုင်ချစ်နေ့ာ်က စင်မေး၏။

'အမိန့်ပေး ရွှေတံဆိပ် ကိုင်ဆောင်သူဟာ ကျန်လုဂိုဏ်း[...] ဘယ်အဆင့်မျိုး ရှိသလဲ'

အို့ယန့်ထု က သေချာစွာ ရှင်းပြ၏။

'နောင်ကြီးထန်ရှင်ဟာ အမိန့်ပေး ရွှေတံဆိပ်ကိုင်ဆောင်[...] ဖြစ်ပါတယ်၊ အဆင့်ကို ပြောရမယ်ဆိုရင်တော့ တိုက်ခိုက်[...] နည်းပညာမှူး အဆင့်ပေါ့'

'ဒီရွှေတံဆိပ်ကိုကိုင်ပြီး ဂိုဏ်းချုပ်ကြီးကို စေခိုင်းအမိန့်[...] လို့ ရသလား'

အို့ယန့်ထု က ခေါင်းညိတ်၏။

'ရပါတယ်၊ ဒီရွှေတံဆိပ်ဟာ ကျန်လုဂိုဏ်းရဲ့ အသက်ပ[...]'

'ဒါဖြင့် ဂိုဏ်းချုပ်ကြီးကို ရာထူးက ထုတ်ခိုင်းရင်ကော'

'ဟာ....ဒါ....ဒါတော့'

'အဲဒီအချိန်ကျတော့ ရွှေတံဆိပ်ဟာ အသက် မဟုတ်တော့[...] ဘူးပေါ့'





'အဲဒီလို မဆိုလိုပါဘူး၊ ရာထူးခန့်ခြင်း ဖြုတ်ခြင်း ကိစ္စတွေ [...]ဘော့ ကျန်လုဂိုဏ်းရဲ့ ဝါစဉ်ကြီး ဆရာကြီးတွေ စုဝေးပြီး [...]ပင်ဆွေးနွေးကြပါတယ်၊ သူတို့က ရွေးကောက်ရင် သူတို့က [...]ယ်ထုတ်ရင် အမိန့်အတိုင်း လိုက်နာရပါတယ်'

'ဒါလောက်တောင် အလုပ်ရှုပ်ရသလားရှင်'

'ဒါကတော့ နှစ်ပေါင်းများစွာကတည်းက ကျုပ်တို့ကျန်လု[...]ဏ်းက လိုက်နာကျင့်သုံးခဲ့တဲ့ စည်းကမ်းပါ'

'ဒါဖြင့် ဒီရွှေတံဆိပ်နဲ့ သေဒဏ်ချမှတ်ရင်ကော'

'ကျုပ်ကလွဲရင် တစ်ဂိုဏ်းလုံး သေဒဏ်ခံယူရပါတယ်'

'အမိန့်ကို မလိုက်နာရင်ကော'

'ဒီရွှေတံဆိပ်ကို သုံးစွဲလာတာ နှစ်ပေါင်းများစွာ ကြာမြင့်[...] ဒီကာလထဲမှာ ရွှေတံဆိပ်တုံးရဲ့အမိန့်ပေးမှုကို အာခံခဲ့သူလို[...]ဦးတစ်ယောက်မှ မရှိခဲ့ပါဘူး၊ ဒီတော့ အပြစ်ပေးခံရသူ[...]လို့လဲ မရှိတော့ဘူးပေါ့'

'တကယ်လို့ ကျွန်မက တိုက်ခိုက်ရေး နည်းပညာမှူးအဆင့်[...]ပြီဆိုရင် ဂိုဏ်းချုပ်ကြီးနဲ့ ဘယ်လိုကွာခြားသွားသလဲ'

'ဂုဏ်ဒြပ်အရ ကျုပ်နဲ့ တန်းတူပါပဲ၊ ကျုပ်လို ဂိုဏ်းချုပ်[...]းကိုတော့ ဝါစဉ်ကြီး သိုင်းဆရာကြီးတွေက ခန့်အပ်နိုင်[...]၊ တိုက်ခိုက်ရေး နည်းပညာမှူးအဆင့်ကို ကျုပ်လို ဂိုဏ်း[...]ကြီးတိုင်းက ခန့်အပ်နိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီ ရွှေတံဆိပ်နဲ့ ဆန်ကွမ်းချိကို ကျွန်မက အမိန့်ပေးနိုင်မလား'

ဂိုဏ်းချုပ်ကြီး အိုယန်ထု သည် ထစ်ထစ်ငေါ့ငေါ့ဖြစ်သွား၏။

ဆန်ကွမ်းချိမှာ ကျွန်လုဂိုဏ်းသား မဟုတ်ပေ။

ထန်ရှင်ကဲ့သို့ ကတိနှင့် ကျွန်လုဂိုဏ်းသို့ ဝင်ရောက်ခဲ့သူလည်း မဟုတ်ချေ။

ညှော်သည် သက်သက်မျှသာ ဖြစ်သည်။

'စေတနာအရ ဝင်ရောက်ကူညီနေသူ တစ်ယောက်အပေါ် အမိန့်ပေးရွှေတံဆိပ်၏ အမိန့်အာဏာကို သုံးစွဲသင့်ပါမည်လော'

'မိန်းကလေး....သူ...သူက'

ဆန်ကွမ်းချိသည် နိုင်ချစ်နော်က သူတို့တောင်းသည့် အကူအညီကို မပေးဘဲ ထွက်ခွာသွားမည်ကို အလွန်စိုးရိမ်နေသည်။

'နိုင်ချစ်နော်....မင်းသာ အဲဒီရွှေတံဆိပ်ကို လက်ခံရင် ဟာလဲ မင်းရဲ့အမိန့်ကို လိုက်နာရမှာပါပဲ၊ ဒီအမိန့်ဟာ အပေါ်လဲ အကျုံးဝင်ပါတယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထု မှာ ချေးပြန်နေသည်။

ထန်ရှင်၏ အမှာစကားအရ ကျွန်လုဂိုဏ်း ဆက်လက်တည်တံ့ရေးမှာ ဤမိန်းကလေးအပေါ်၌ တည်နေသည်။



ကျွန်လုဂိုဏ်းကို ကူညီရန် သူလည်းမတောင်းပန်နိုင် ဖြစ်နေစဉ် ဆန်ကွမ်းချိက သူ့ကိုယ်သူ အနစ်နာခံ၍ ကျွန်လုဂိုဏ်းသား တစ်ဦးမဟုတ်ဘဲ ဝန်ခံပြောကြားခြင်းအတွက် ဆန်ကွမ်းချိအား အလွန်တရာ ကျေးဇူးတင်မိတော့သည်။

ဆန်ကွမ်းချိသည် တင်ကိုယ်တော် သိုင်းသမားသာဖြစ်၏။

သူ၌ ဂိုဏ်းဂဏတာဝန် မရှိပေ။

သို့သော် အခြေအနေအရ ဂိုဏ်းဂဏတာဝန်ကို ယူလိုက်ရတော့သည်။

နိုင်ချစ်နော်က အံ့ဩသော လေသံဖြင့် ဂိုဏ်းချုပ်ကြီး အိုယန်ထု အား မေးလေ၏။

'ဂိုဏ်းချုပ်ကြီး....သူပြောတာ လုန်သလား'

အိုယန်ထု မှာ အလွန်တရာ တည်ကြည်ဖြောင့်မှန်သူဖြစ်၍ ထိမ်ဆုံကျိုးနိုင်သော စကားအတွက် အကြီးအကျယ် ဒုက္ခရောက်နေလေတော့၏။

ဆန်ကွမ်းချိအား ချေးပြန်သော မျက်နှာဖြင့် လှမ်းကြည့်လိုက်ရာ ဆန်ကွမ်းချိက မသိသော ခေါင်းညိတ်ပြလေ၏။

'ဟင်း....'

အိုယန်ထု သည် ဆက်ဖြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်ပြီး ခြောက်တပ်စွာ ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်....ဟုတ်ပါတယ်၊ ဒီအမှိန့်ပေးရွှေတံဆိပ်နဲ့ သူရဲကောင်းဆန်ကွမ်းချိကိုလဲ အမိန့်ပေးနိုင်ပါတယ်'

နိုင်ချစ်နေဘ်က ကျေနပ်စွာ ပြုံးလိုက်လေ၏။

'ဂိုဏ်းချုပ်ကြီး....အဲဒီ အမိန့်ပေး တံဆိပ်နှစ်ခုကို ကျွန်မရဲ့လက်ထဲ ပေးပါ၊ ကျွန်မ တိုက်ခိုက်ရေးနည်းပညာမှူးတာဝန်ကိုယူလိုက်ပြီ'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံမှာ အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

သူ့လက်ထဲမှ တံဆိပ်တုံးနှစ်ခုစလုံးကို လှမ်းပေးလိုက်သည်။

နိုင်ချစ်နေဘ်က ရိုရိုသေသေ လှမ်းယူလေ၏။

နိုင်ချစ်နေဘ်က....

'ဒီတံဆိပ်ကို လက်ခံပြီးရင် ပြီးတာပဲမဟုတ်လား'

အိုယန်ထုံက ခေါင်းခါ၏။

'အဲဒီလိုတော့မဟုတ်ဘူး၊ တိုက်ခိုက်ရေးနည်းပညာမှူးအဆင့်ဟာ ကျုပ်နဲ့ တန်းတူနီးပါးရှိတော့ ကျုပ်တို့ဂိုဏ်းရဲ့ ဘေးတော်ဘိုးတော်တွေရဲ့ ပုံတော်ရှေ့မှာ သစ္စာတော့ ပြုရပါသေးတယ်'

'ဒီတံဆိပ် ပြန်အပ်ပြီးရင်ကော'

'ကျွန်လုဂိုဏ်းသားအဖြစ်က အလိုအလျောက် နုတ်ထွက်ပြီးသား ဖြစ်သွားပါတယ်'



နိုင်ချစ်နေဘ်သည် ကောင်းကင်ကြီးကို မော့ကြည့်ပြီး သက်ပြင်းချလိုက်၏။

'ကောင်းပါပြီ၊ ဂိုဏ်းချုပ်ကြီးတို့အနေနဲ့ လိုရာကို စီစဉ်ပါတော့၊ ကျွန်မ လိုက်နာပါတော့မယ်'

အိုယန်ထုံက ဝမ်းသာအားရစွာ ပြောကြား၏။

'မိန်းကလေး ခုလို ပြောကြား ကူညီတဲ့အတွက် ကျုပ်ကအများကြီး ကျေးဇူးတင်ပါတယ်၊ အခုတော့ နားပါဦး၊ မနက်ဖြန်ကျရင် သစ္စာပြုဖို့ ကျုပ် စီစဉ်ပေးပါမယ်'

နိုင်ချစ်နေဘ်၏မျက်နှာသည်တခဏ်အတွင်း ကြည်ကြည်လင်လင်ဖြစ်သွားသည်။

သူမက ဆန်ကွမ်းချိအား တောက်ပစွာကြည့်ပြီး ရယ်သွမ်းသွေးနေလေ၏။

'ဆန်ကွမ်းချိ...အခု ရှင် ကျွန်လုဂိုဏ်းသား မဟုတ်ဘူးလား'

ဆန်ကွမ်းချိမှာ ယခုအချိန်ကျမှ နောက်ဆုတ်၍ မရတော့မှန်းကို သိသည်။

'ဟုတ်တယ်၊ ကျွန်လုဂိုဏ်းသားတစ်ပိုင်း ဖြစ်နေပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းလက်ထဲမှာရှိတဲ့ အမိန့်ပေး တံဆိပ်တွေနဲ့ အမိန့်ပေးခံရရင်တစ်သဝေမတိမ်းဆောင်ရွက်ရတော့မှာမို့ လို့ပဲ'

'ဒါဆို ပြီးတာပဲ၊ ရှင် ဘာတွေ ဆောင်ရွက်ရမယ်ဆိုတာကို ကျွန်မ အမိန့်ပေးမယ်၊ ကျွန်မ အမိန့်ပေးတာကို ရှင် တစ်သဝေ

www.burmeseclassic.com

www.burmeseclassic.com



မတိမ်း ဆောင်ရွက်ရမယ်၊ လောလောဆယ်မှာတော့ ကျွန်မနဲ့ သိပ်ဝေးတဲ့နေရာမှာ မနေပါနဲ့'

'စိတ်ချပါ'

ဆန်ကွမ်းချိုက ရိုကျိုးစွာ ဆက်ဆိုသည်။

'ဂိုဏ်းချုပ်ကြီး...ကျွန်မကို ဘာများ မှာကြားစရာ ရှိပါသေးသလဲ'

အိုယန့်ထုံသည် ဆန်ကွမ်းချိုကို အားနာစွာ ကြည့်ပြီး ခေါင်းကို ခါယမ်းပြ၏။

'မရှိပါဘူး၊ မိန်းကလေးတို့အနေနဲ့ ဟောဒီတဲအိမ်ကို ကြိုက်သလို အသုံးပြုနိုင်ပါတယ်၊ အိမ်ဖော်ကလေး လေးယောက်လဲ ရှိနေပါတယ်၊ လိုသလို စေခိုင်းပါ'

'ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး၊ ဒီလိုဆိုရင် ကျွန်မတို့ နားပါရစေ'

ဂိုဏ်းချုပ်ကြီး အိုယန့်ထုံသည် နှိုင်ချစ်နော်အား ပညာရှိ ထန့်ရှမ်ကဲ့သို့ပင် လေးစားစွာ ဂါရဝပြုပြီး ထွက်ခွာသွား၏။

ဆန်ကွမ်းချိုကိုလည်း ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်သွားသည်။

နှိုင်ချစ်နော်သည် ဆန်ကွမ်းချိုအား ပြုံးယောင်ယောင်ဖြင့် ကြည့်ပြီး....



'ဆန်ကွမ်းချို...ရှင်နဲ့ ကျွန်မရဲ့ အဆင့်အတန်းကို နားလည်တယ် မဟုတ်လား'

နှိုင်ချစ်နော် ဆိုလိုသည့်သဘောမှာ သူသည် ဆန်ကွမ်းချိုထက် အဆင့်မြင့်သည်ဖြစ်သည့် သဘောပင်ဖြစ်သည်။

'နားလည်ပါတယ်'

ဆန်ကွမ်းချိုသည် ကျွန်လုဂိုဏ်းအတွက် သည်းခံမြဲ သည်းခံလိုက်သည်။

ပညာရှိထန့်ရှမ်သည်ပင်လျှင် ဆန်ကွမ်းချိုအား လေးစားစွာ ဆက်ဆံခဲ့ပေသည်။

ယခုမူ....

'တဲ...ကျွန်မ အိပ်တော့မယ်'

နှိုင်ချစ်မနော်သည် ယခင်က ထန့်ရှမ်နေထိုင်ခဲ့သည့် အခန်းကို အသုံးပြုသည်။

ယွမ်ရှောက်မူ ဆန်ကွမ်းချိုနှင့် တစ်ခန်းတည်း လိုက်အိပ်၏။

ရှဲမနှင့် ကျွန်မိန်းကလေးများသည် အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးကြလေ၏။

နောက်တစ်နေ့ နံနက်တွင် နှိုင်ချစ်နော်သည် အစောကြီး နိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေမေတို့သည် အလွန်တရာ နိုးကြားသကြမှ ရှိကြသဖြင့် နိုင်ချစ်နော် နိုးသည်နှင့် သူတို့လည်း နိုးလာကြသည်။

နိုင်ချစ်နော် အသုံးပြုရန် မျက်နှာသစ် ရေဇလုံနှင့် မျက်နှာသုတ်ပဝါကို လာပို့ကြ၏။

နိုင်ချစ်နော်က တခစ်ခစ်ရယ်ရင်း....

'အင်း....ဒီတောထဲ တောင်လဲမှာတော့ ဒီလို အဆင့်အတန်းမြင့်မြင့် ဘယ်အသုံးပြုနိုင်မှာလဲ၊ ခုတော့ ကျွန်လုလိုက်ားရဲ့ တိုက်ခိုက်ရေး နည်းဗျူဟာမှူး ဖြစ်နေပြီဆိုတော့ ရေမြင့်ကြာတင့်ရတာပေါ့လေ'

ရွှေမေက....

'မမလေး....မျက်နှာသစ်ပြီးရင် အပြင်မှာ စားသောက်ဖို့ အဆင်သင့် ပြင်ထားပြီးပါပြီ၊ ထွက်လာခဲ့ပါ'

'ကောင်းပြီ၊ ငါတစ်ယောက်တည်း စားမယ်နော်'

'ဟုတ်ကဲ့ရှင့်၊ အစ်ကိုလေးကလဲ အဲဒီအတိုင်းပဲ ပြင်ဆင်ခိုင်းထားပါတယ်'

အစ်ကိုလေးဆိုသည်မှာ ဆန်ကွမ်းချိကိုဆိုလိုခြင်း ဖြစ်သည်။

ယခင်က ဆရာလေးဟု ခေါ်သော်လည်း တစ်ဦးနှင့်တစ်ဦး စေတနာသန့်သန့်ဖြင့် ကူညီကြသောအခါ မောင်နှမများကဲ့သို့ ချစ်ခင်လာကြသည်။



ဆန်ကွမ်းချိက ရွှေမေတို့အားလုံးကို ညီမလေးတို့ဟု သုံးနှုန်းသကဲ့သို့ ရွှေမေတို့ကလည်း အစ်ကိုလေးဟု ပြန်လည်သုံးနှုန်းလာခဲ့ကြ၏။

နိုင်ချစ်နော် ထွက်လာသောအခါ ဆန်ကွမ်းချိနှင့် ယွင်ရှောက်တို့သည် စားပွဲဘေး၌ မတ်တတ်ရပ်၍ စောင့်နေကြ၏။

နိုင်ချစ်နော်သည် မပြုံးမရယ် တည်ကြည်သောမျက်နှာထားဖြင့် အစားအသောက်များကို ဝင်ရောက်စားသောက်သည်။ သူမ စားသောက်ပြီးစီးသောအခါမှ ဆန်ကွမ်းချိနှင့်ယွမ်ရှောက်တို့ စားသောက်ကြ၏။

နိုင်ချစ်နော်၏ အပြုအမူမှာ တမင် ကိန်းခန်းကြီးကြီး ပြုနေကြောင်း ဆန်ကွမ်းချိ သိ၏။

သို့သော် သူသည် အလိုက်အထိုက်ပင် အဆင်ပြေအောင် ဆက်ဆံလေ၏။

ရွှေမေက နိုင်ချစ်နော်အနီးသို့ တိုးကပ်လာ၏။

နိုင်ချစ်နော်က....

'ဘာလဲ'

'အပြင်ဘက် ထင်းရှူးတောထဲမှာ ဂိုဏ်းချုပ်ကြီးနဲ့ ဝါစဉ်ကြီး သိုင်းဆရာကြီးတွေ စောင့်နေကြပါတယ်'

'ဘာကိစ္စလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စကတော့ကျွန်မလဲမသိပါဘူး၊အမွှေးတိုင်တွေဖယောင်းတိုင်တွေနဲ့ စားပွဲတွေလဲ ခင်းကျင်း ထားပါတယ်၊ အဲဒါ... မမလေး...'

'သိပြီ...ကိစ္စမရှိဘူး၊ တော်ကြာမှပါသွားမယ်'

ရွှေမေသည် ဦးညွှတ် အရိုအသေပြုပြီးနောက် နောက်ဆုတ်သွား၏။

ဂိုဏ်းချုပ်ကြီးအို ယန်ထု အား ပြန်လည် စောင့်ခိုင်းနိုင်စွမ်းရှိသော နိုင်ချစ်နေဉ်အား ရွှေမေ ဆိုသွားသည်ကတော့အမှန်ပင်တည်း။

## အခန်း (၁၃၂)

## ကိုယ်စားအာဝန်

နိုင်ချစ်နေဉ်သည် ပထမဦးဆုံး စားသောက်ပြီးသူ ဖြစ်၏။ သူ့ အခန်းထဲဝင်၍ ပြင်ဆင်ရာတွင်လည်း အချိန်အစောဆုံး ဖြစ်၏။

သို့ရာတွင် သူမသည် အခန်းထဲမှ လုံးဝထွက်မလာဘဲ ရှိနေသည်။

ဆန်ကွမ်းချီ ငြိမ်သက်နေသဖြင့် ယွမ်ချောက်သည်း မလှုပ်

ရွှေမေကိုလေးယောက်လည်း သွားရောက်မခေါ်ဝံ့ပေ။

နိုင်ချစ်နေဉ်ကသည်း တမင် အချိန်ဆွဲ၍ လုပ်ဆောင်နေခြင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအား ဆန်ကွမ်းချိကသော်လည်းကောင်း၊ ယွမ်ရှောက်ကသော်လည်းကောင်း၊ နောက်ဆုံး ဂိုဏ်းချုပ်ကြီးအိုယန်ထုကသော်လည်းကောင်း လာရောက်နှိုးဆော်လိမ့်မည်ဟုထင်မှတ်နေသည်။

သို့သော် သူမထင်သလို ဖြစ်မလာပေ။

မည်သူကမျှ လာရောက်နှိုးဆော်ခြင်း မရှိကြပေ။

နေပင် အတော်မြင့်လာသည်။

နောက်ဆုံး မည်သူကမျှလာမခေါ်တော့သဖြင့် နိုင်ချစ်နော်သည် အခန်းထဲမှ ထွက်လာလေ၏။

အခန်းဝ၌ ရွှဲမေရပ်နေ၏။

ခပ်လှမ်းလှမ်းတွင် ယွမ်ရှောက်နှင့် ဆန်ကွမ်းချိတို့ ထိုင်နေသည်။

'ငါ့ကို လိုက်ပို့'

ရွှဲမေသည် ဦးညွှတ် ဂါရဝပြုပြီးနောက် ရှေ့မှ ဦးဆောင်ထွက်သွား၏။

ဆန်ကွမ်းချိနှင့် ယွမ်ရှောက်တို့က နောက်မှ လိုက်သွားကြသည်။

ထင်းရှူးတောကြီးအလယ်သို့ ရောက်သောအခါ ကြီးမားသောစားပွဲကြီးကို အလယ်၌ထား၍ လူလေးဆယ်ခန့် ဝိုင်းထိုင်နေသည်ကို တွေ့လိုက်ရသည်။



လူလေးဆယ်ခန့်သည် တင်ပျဉ်ခွေထိုင်ပြီး ငြိမ်သက်နေကြသော်လည်း တစ်ဦးနှင့်တစ်ဦး လုံးဝ စကားမပြောကြပေ။

စားပွဲပတ်ဝန်းကျင်၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသူမှာ ဂိုဏ်းချုပ်ကြီးအိုယန်ထု ကိုယ်တိုင်ပင်ဖြစ်တော့သည်။

ထိုစားပွဲပေါ်၌ ပန်းချီကားကြီးတစ်ချပ် ရှိသည်။

မုတ်ဆိတ်ဖြူဖြူနှင့် ဝဖိုင့်ဖိုင့် အဘိုးကြီးတစ်ဦး၏ပုံ ဖြစ်သည်။

ကျွန်လှဂိုဏ်းကို စတင်တည်ထောင်သည့် ဆရာကြီး၏ပုံတော်ဖြစ်ကြောင်း မမေးဘဲနှင့် သိနိုင်ပေသည်။

ထိုစားပွဲ၌ ဖယောင်းတိုင်များ၊ အမွှေးတိုင်များ ထွန်းညှိထားသဖြင့် အမွှေးရနံ့များ သင်းပျံ့နေသည်။

နိုင်ချစ်နော် လျှောက်လာသည်ကို မြင်တွေ့သည်နှင့် အိုယန်ထုက ရှေ့သို့ထွက်လာပြီး ကြိုဆိုလိုက်၏။

'ကျွန်မကို စောင့်နေရတာ ကြာများကြာနေပြီလား'

နိုင်ချစ်နော်က ဂိုဏ်းချုပ်ကြီး အိုယန်ထုအား လှမ်းမေးလေ၏။

အိုယန်ထုက ပျာပျာသလဲ ဖြေသည်။

'မကြာပါဘူး၊ လုံးဝ မကြာသေးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဤကား မုသားစကားပေတည်း။

ဂိုဏ်းချုပ်ကြီး အိုယန်ထု မှာ အခြေအနေအရ မုသား စကား ပြောလိုက်ရခြင်းပေတည်း။

ကျန်လုဂိုဏ်း၏ ဘိုးတော်ပုံရှေ့မှ ဖယောင်းတိုင်များသည် ကုန်လုလုဖြစ်နေပေပြီ။

သူတို့ အချိန်မည်မျှကြာကြာ စောင့်ဆိုင်းခဲ့ရသည်ကို ဖယောင်းတိုင်များက သက်သေပြနေလေ၏။

နိုင်ချစ်နေဝ်သည် စားပွဲနှင့် မလှမ်းမကမ်းနေရာ၌ သွား… သည်။

ဂိုဏ်းချုပ်ကြီး အိုယန်ထု သည် ဆန်ကျွမ်းချီ အနီး… လျှောက်သွားပြီး တီးတိုးပြောကြားနေ၏။

ဆန်ကျွမ်းချီက လေးစားသော အမူအရာဖြင့် ခေါင်းတညိတ်ညိတ် ရှိနေသည်။

'စိတ်ချပါ ဂိုဏ်းချုပ်ကြီး'

ဆန်ကျွမ်းချီက ထိုစကားကိုသာ နောက်ဆုံး ပြောကြား လေ၏။

နိုင်ချစ်နေဝ်က ဂိုဏ်းချုပ်ကြီး အိုယန်ထု အား လှမ်းမေး၏။

'ဂိုဏ်းချုပ်ကြီး....ဒီပုံတော်ရှေ့မှာ သစ္စာ ပြုရမှာလား'

'မှန်ပါတယ် မိန်းကလေး'



'ဒီပုံတော်ရှေ့မှာသစ္စာပြုရင် ဘယ်သူမဆို ကျန်လုဂိုဏ်းသား ဖြစ်တာပဲလား'

'ဘယ်သူမဆို ကျန်လုဂိုဏ်းသား ဖြစ်ပါတယ်၊ မိန်းကလေး သစ္စာပြုချင်ရင် အခုပဲပြုလို့ရပါပြီ'

နိုင်ချစ်နေဝ်က ပြုံးစေဖြင့် ခေါင်းယမ်း၏။

ထို့နောက် ဆန်ကျွမ်းချီကို လှမ်းခေါ်၏။

'ဆန်ကျွမ်းချီ...ဒီကို လာပါဦး'

'ဟုတ်ကဲ့...ဘာများ စေခိုင်းမလို့လဲ ခင်ဗျာ'

ဆန်ကျွမ်းချီက ရိုသေလေးစားစွာ မေးမြန်း၏။

သူ့ အခေါ်အဝေါ်များ ပြောင်းလဲသွားခြင်းကို နိုင်ချစ်နေဝ် သတိထားမိလေ၏။

'ဒီပုံတော်ရှေ့ကို လာပါ'

ဆန်ကျွမ်းချီမှာ ပုံတော်ရှေ့၌ သွားရပ်ရသည်။

ဂိုဏ်းချုပ်ကြီး အိုယန်ထု သည် ရူးစမ်းသော မျက်လုံးများ လှမ်းကြည့်၏။

နိုင်ချစ်နေဝ်က သူ့ အိတ်ထဲမှ အမိန့်ပေး ရွှေတံဆိပ်ကလေး ဆွဲထုတ်ပြလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ဆန်ကွမ်းချိ...ပုံတော်ရှေ့မှာ သစ္စာပြုစမ်းပါ၊ ရှင်သစ္စ
တဲ့အတိုင်း ကျွန်မ လိုက်ပြီး သစ္စာပြုမယ်'

ဆန်ကွမ်းချိမှာ စိတ်ထဲ၌ မသက်မသာ ဖြစ်သွားသည်၊

နိုင်ချစ်နော်သည် သူ့အား တရားဝင်၊ ကျွန်လုဂိုဏ်းသ
ဖြစ်စေရန် အကျပ်ကိုင်နေပြီဖြစ်ကြောင်း နားလည်လိုက်လေ

'နိုင်ချစ်နော်...ခင်ဗျား အမိန့်ပေးတဲ့အတိုင်း လိုက်နာမ
လို့ ကျုပ်ပြောပြီးပြီပဲ'

'ကျွန်မက ရှင်သစ္စာပြုပုံကို အတူယှဉ်လို့ ရှင် ဘာများနှ
စရာရှိလို့လဲ'

သူမသည် ဂိုဏ်းချုပ်ကြီးအို့ယန်ထု အား လှမ်း၍ပြော

'ဂိုဏ်းချုပ်ကြီး... ဘိုးတော်ပုံရှေ့မှာ ဘယ်နှစ်ကြိမ် သ
ပြုပြု၊ သစ္စာပြုလို့ဖြစ်တယ် မဟုတ်လား'

'ဟာ...ရပါတယ်၊ ဘယ်နှစ်ကြိမ် ပြုပြုပါ၊ သစ္စာပြုတာ
အပြစ်ကျူးလွန်တယ်လို့ မခေါ်ဆိုပါဘူး'

အို့ယန်ထု သည် စကားကိုအခြေအနေအရ ပြောကြား
ဖြစ်သော်လည်း ဆန်ကွမ်းချိအတွက်မူ လွန်စွာ အားနာသ

သို့သော် နောင်တစ်ချိန်ချိန်၌ ဆန်ကွမ်းချိ၏သဘောအ
ဂိုဏ်းမှ ထွက်ခွာခွင့်ပေးရန်ကိုမူ စိတ်ထဲ၌ ဆုံးဖြတ်ချက်ချ
ဖြစ်ပေသည်။



ထိုစဉ် နိုင်ချစ်နော်က....

'ကဲ...ဆန်ကွမ်းချိ၊ ဂိုဏ်းချုပ်ကြီး ပြောတာကို ကြားပြီ
ဟုတ်လား၊ လာပါ...သစ္စာပြုစမ်းပါ'

ဆန်ကွမ်းချိသည် မတတ်သာတော့သဖြင့် ဘိုးတော်ပုံရှေ့
ဒူးထောက်ထိုင်ကာ သစ္စာပြုလိုက်သည်၊

ဆန်ကွမ်းချိဘစ်ယောက် ကျွန်လုဂိုဏ်းသား ဖြစ်သွားပေပြီ၊

နိုင်ချစ်နော်သည် ပြုံးစစဖြင့် ဆန်ကွမ်းချိ၏ ပုံစံအတိုင်း
ဒူးထောက်ထိုင်ယှဉ်၍ သစ္စာပြု၏၊

ကျွန်လုဂိုဏ်း၏ အရေးပါသော ဂိုဏ်းသားများသည် ငြိမ်
သက်စွာ ဘင်ပျဉ်ခွေ ထိုင်မြဲထိုင်နေကြ၏၊

နိုင်ချစ်နော်၏ သစ္စာဆိုသည့် စကားသံသာ ပေါ်ထွက်နေ
သည်၊

မကြာမီ သစ္စာပြုသည့်အခမ်းအနား ပြီးစီးသွားလေ၏၊

နိုင်ချစ်နော်က မတ်တတ်ရပ်ပြီး....

'ကဲ...ကျွန်မကိုတော့ ဟောဒီက သူရဲကောင်း ဆန်ကွမ်းချိ
က ကျွန်လုဂိုဏ်းထဲ ဆွဲသွင်းနိုင်သွားပါပြီ၊ ကျွန်မ သိုင်းလော
ကြီးထဲ ပြန်လည်လှုပ်ရှားသွားရမယ့်ဘဝကို ရောက်ခဲ့ပါပြီ'

ဆန်ကွမ်းချိက နှုတ်သိမ့်စကား ပြောလေ၏၊

www.burmeseclassic.com

www.burmeseclassic.com



'ဒီဘဝထဲမှာ ခင်ဗျား တစ်သက်လုံး နှစ်မြှုပ်နေရမယ်လို့ မဆိုလိုပါဘူးဗျာ၊ အခြေအနေတွေအားလုံး ငြိမ်သက်သွားရင် ခင်ဗျား အေးအေးချမ်းချမ်း နေချင်တဲ့ဂူကို ပြန်နေလို့ရပါပြီ'

ကျွန်လုဂိုဏ်းသားများသည် နိုင်ချစ်နှော်၏ ပတ်ပတ်လည်၌ ဝိုင်းအုံလာကြသည်။

ကျွန်လုဂိုဏ်းချုပ်ကြီး အိုယန့်ထုံ က လက်သီးနှစ်ဖက် ဆုပ်ကာ ဂါရဝပြုသည်။

'ကျုပ်တို့ဂိုဏ်းမှာ အလွန်အားကိုးရမယ့် ဂိုဏ်းသားသစ် တစ်ဦးရရှိတဲ့အတွက် အထူးပဲဝမ်းသာပါတယ်၊ ဒီပွဲမှာ ကျုပ်တို့ရဲ့ လေ့ကျင့်ရေးမှူးကြီး ကျွမ်းခန့်စင် မတက်ရောက်နိုင်ပါဘူး၊ ဒါကြောင့် လူသိပ်မစုံတဲ့ဖြစ်နေတာပါ၊ နို့မို့ဆိုရင် ဒီထက် သိုက်သိုက်မြိုက်မြိုက်ရှိမှာ သေချာပါတယ်'

'ကျွမ်းခန့်စင်'

နိုင်ချစ်နှော်က တီးတိုးရေရွတ်၏။

ထို့နောက် ဆက်ပြောသည်။

'ကျွမ်းခန့်စင်ကို ကျွန်မသိတယ်၊ သူဘာဖြစ်လို့လဲ'

'သူ အပြင်းအထန် ဒဏ်ရာရသွားတယ်၊ ဌာနခွဲမှူး နှစ်ဆယ့်ရှစ်ယောက်နဲ့ အဆောင်မှူးကြီးတစ်ယောက်လဲ ဒဏ်ရာရသွားလို့ ဒီပွဲကို မတက်ရောက်နိုင်ကြပါဘူး'



'အို…ကိစ္စမရှိပါဘူး၊ ရန်သူတွေ ဝိုင်းနေတဲ့ အချိန်မှာ အဆောင်အယောင် အခမ်းအနားတွေကို သိပ်မခွဲခြားသင့်ပါဘူး'

သူမသည် ကျွန်ဂိုဏ်းသားများကို တစ်ချက် ဝေ့ကြည့်ပြီးနောက်…

'ကျွန်မတို့ ဒီကိုရောက်လာကြတော့ ဒီတောင်ခြေမှာ ကျွန်မရဲ့ အကိုနက် ကိုယ်ရံတော်တွေကို အစုလိုက် အအုပ်လိုက် တွေ့ခဲ့ရတယ်၊ အခုဆိုရင် ကျွန်မဟာ ကျွန်လုဂိုဏ်းမှာ အဖော် ကလေး တာဝန်ရှိနေပါပြီ၊ ဒါကြောင့် အဲဒီတောင်ခြေ ပတ် ပတ်လည်ကို ကျွန်မ သွားစုံစမ်းမယ်'

ဂိုဏ်းချုပ်ကြီး အိုယန့်ထုံ၏ မျက်နှာ၌ လေးစားချီးကျူး သော အရိပ်အယောင်များ တွက်ပေါ်လာသည်။

ပညာရှိဆန်ရှင်၏ရွေးချယ်မှုသည်မှန်ကန်ခဲ့လေပြီဟု ကျေနပ် အားရသွားလေ၏။

'မိန်းကလေးနောက်မှာ သက်တော်စောင့်တွေ ထည့်ပေးဖို့ ကျုပ်စီစဉ်လိုက်ပါမယ်၊ ခဏလောက် စောင့်ပါလား'

နိုင်ချစ်နှော်က ဂါရဝပြုပြီး…

'နေပါစေ ဂိုဏ်းချုပ်ကြီး၊ ကျွန်မအဖို့ ဆန့်ကွမ်းချိန့် ယုံမ် ရှောက်ကို ခေါ်သွားရင် လုံလောက်ပါပြီ၊ သူတို့နှစ်ယောက်ဟာ လူနှစ်ဆယ်ထက်ပိုပြီး အစွမ်းရောက်ပါတယ်'

ထိုအချိန်တွင် ဘုတ်တို့အနီးပတ်ဝန်းကျင်၌ ယွမ်ရှောက်မရှိပေ။

www.burmeseclassic.com



မည်သည့်နေရာသို့သွားခဲ့မှန်း မည်သူမျှလည်းမရိပ်မိကြပေ။

ဂိုဏ်းချုပ်ကြီး အိုယန်ထိုက ခေါင်းညိတ်၏။

'ကောင်းပါပြီ၊ မိန်းကလေးတို့ အခုနေထိုင်တဲ့ ဟာကိုတော့ မိန်းကလေးရဲ့ အခန်းအဖြစ် အသုံးပြုပါ၊ ကျုပ်တို့အနေနဲ့ တွေ့ချင်ရင်လဲ အဲဒီတဲကိုပဲ လာခဲ့ပါ့မယ်'

နိုင်ချစ်နော်က ဦးညွှတ်ရင်း....

'ဟုတ်ကဲ့၊ ကျွန်မလဲ မိုးမချုပ်ခင် ပြန်ရောက်လာမှာပါ၊ ပြန်ရောက်လာမှ ဂိုဏ်းချုပ်ကြီးကို အတိအကျ အစီရင်ခံပါ့မယ်'

သူမသည် ဆန်ကွမ်းချီအား လှည့်ပြော၏။

'ကဲ...သွားကြစို့'

ဆန်ကွမ်းချီသည် ဂိုဏ်းချုပ်ကြီးအိုယန်ထုံအား ဂါရဝပြု၍ ပြေးလိုက်သွား၏။

နိုင်ချစ်နော်သည် ထင်းရှူးတောကြီးထဲမှ ထွက်သောအခါမှ လှည့်မေးသည်။

'ဆန်ကွမ်းချီ...ယွမ်ရှောက် မပါလာပါလား'

'ဟုတ်တယ်၊ ညီလေး ဘယ်လျှောက်သွားနေလဲ မသိဘူး၊ သူ ဝေးဝေးလံလံတော့ သွားမှာမဟုတ်ပါဘူး'

သူတို့ ရပ်၍ စကားပြောနေစဉ် အခိုက်မှာပင် သူတို့ထံသို့ တရိပ်ရိပ်ပြေးလာသော ယွမ်ရှောက်ကို တွေ့လိုက်ရလေ၏။



ထင်းရှူးတောအလယ်၌ ကျန်ရစ်သော ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် သူ၏အဆင့်မြင့်သိုင်းသမားများအား မူလနေရာ၌ ပြန်ထိုင်ရန် အချက်ပြလိုက်၏။

ဂိုဏ်းသားများသည် ငြိမ်ငြိမ်သက်သက်ပင်တင်ပျဉ်ခွေထိုင်၍ လိုက်ကြလေသည်။

'အခု ဂိုဏ်းသားအသစ်အဖြစ် သစ္စာပြုတဲ့ နိုင်ချစ်နော်ဟာ ကျွန်လုဂိုဏ်းရဲ့ တိုက်ခိုက်ရေးနည်းပညာမှူး ဖြစ်တယ်၊ ရှင်းရှင်းပြောရရင် နောင်ကြီးထန်ရွှင်ရဲ့နေရာမှာ အစားထိုး ဝင်ရောက်လာတဲ့မိန်းကလေးဖြစ်တယ်၊ သူဝင်ရောက်လာတာဟာ အင်မတန် ဝမ်းသာစရာကောင်းတယ်'

ကျွန်လုဂိုဏ်းသားများသည် မျက်လုံးများကို သူတို့ရှေ့၌ မြေပြင်သို့ စိုက်ကြည့်ပြီး ငြိမ်သက်နေကြ၏။

သူတို့ မကျေနပ်ကြပေ။

ဤ ငယ်ရွယ်နုပျိုသော မိန်းကလေးသည် ဝမ်ဂိုဏ်းသား ဖြစ်သည်ကို သိရှိနေကြ၏။

သူ့ခိုးလက် ခါးချိုးကမ်းရာကျနေသည်ဟု သူတို့ယူဆကြပေသည်။

သို့သော် ဂိုဏ်းချုပ်ကြီးကိုမူ ဆောဒကာမဘက်ဝံ့ကြပေ။

ထိုအခြေအနေကို အိုယန်ထုံက ကောင်းစွာ ရိပ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



'အခုသစ္စာပြုသွားတဲ့ နိုင်ချစ်နော်နဲ့ မင်းသက်လို့ ကျွန်လုဂိုဏ်းသားတွေ အဝင်ကျချင်မှ ကျပေလိမ့်မယ်၊ အဝင်မကျတဲ့လူတွေ အဝင်ကျနိုင်အောင် ကြိုးစားကြပါလို့ ပြောကြားချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပညာရှိထန်ရှင်ဟာ သူမသေခင်ကတည်းက ဒီမိန်းကလေးကို သူ့နေရာဆက်ခံဖို့ ရွေးချယ်ခဲ့သွားလို့ပဲ'

ထိုအခါကျမှ ဟင်းခနဲ အသံကြီးသည် ကျယ်လောင်စွာနှင့် ထွက်ပေါ်လာတော့သည်။

အားလုံး အံ့ဩသွားကြခြင်း ဖြစ်သည်။

'ဒါကြောင့်ပဲ ဒီမိန်းကလေးကို လေးစားကြပါ၊ ရှိသေကြပါလို့ ကျုပ် မှာကြားချင်ပါတယ်'

ဤ ကျွန်လုဂိုဏ်းသားများသည် ပညာရှိထန်ရှင်အား ဘုရားတစ်ဆူ ဂူတစ်လုံးပမာ ရိုသေလေးစားကြပြီး ဖြစ်ပေသည်။

ထန်ရှင်က ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟူသော အချက်ကို သိရှိရသည်နှင့် နိုင်ချစ်နော်အပေါ် ယခင်က ထားခဲ့သည့် သံသယများစွာကို ချက်ချင်း ဖြေဖျောက်ပစ်နိုင်ကြသည်။

ဂိုဏ်းသားအချို့က အာမခံ ခံကြသည်။

'စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ ဆရာကြီးထန်ရှင် ရွေးချယ်ခဲ့တာလို့ သိရတဲ့အတွက် ကျွန်တော်တို့ သိပ်ဝမ်းသာသွားကြပါတယ် ဂိုဏ်းချုပ်ကြီးမှာကြားတဲ့အတိုင်းရိုသေလေးစားဖို့လဲ ဝန်မလေးပါဘူး၊ သူပေးတဲ့အမိန့်ကိုလဲ နာခံပါ့မယ် ခင်ဗျာ'



အိုယန်ထုံက ပြုံး၍ ခေါင်းညိတ်လိုက်လေ၏။

'ကောင်းပြီ၊ ဒါဆိုရင် ကိုယ့်နေရာကိုယ် ပြန်နိုင်ပါပြီ၊ ကိုယ့်တာဝန်ကို ကျေပွန်အောင်လဲ ထမ်းဆောင်ကြပါ၊ တာဝန်ကျတဲ့နေရာက တစ်လှမ်းမခွာရင် အကောင်းဆုံးပဲ'

ဂိုဏ်းသားအများစုက တက်ကြွစွာ အော်ဟစ်ကြ၏။

'စိတ်ချပါ၊ ကျွန်တော်တို့အသေခံပြီး ခုခံကာကွယ်ပါ့မယ်၊ စိတ်ချပါ'

အိုယန်ထုံ အလွန်ကျေနပ်သွား၏။

လက်ဖြင့် အချက်ပြလိုက်သောအခါ အဆင့်မြင့်သိုင်းသမားအားလုံးက အိုယန်ထုံအား အရိုအသေပေးပြီး ထွက်ခွာသွားကြလေတော့သည်။

ထိုအချိန်တွင် နိုင်ချစ်နော်၊ ဆန့်ကွမ်းချိနှင့်ယွမ်ရှောက်တို့သည် ထိုထင်းရှူးတောင်ကြီး၏ တောင်ခေါင်းပန်းသို့ ရောက်ရှိနေလေပြီ။

နိုင်ချစ်နော်က ယွမ်ရှောက်အား လှမ်းမေး၏။

'စောစောက ဘယ်သွားနေသလဲ'

'မိတ်ဆွေတစ်ယောက်နဲ့တွေ့ပြီး စကားပြောနေလို့နည်းနည်း နောက်ကျသွားတာပါ'

ယွမ်ရှောက် ရိုးရိုးစင်းစင်း ပြန်ဖြေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို ရိုးစင်းသောအဖြေစကားသည် စိန့်သွားတပ်ထားသော မြားချွန်ပမာ ဆန်ကွမ်းချီ၏ ရင်ထဲသို့ ဝင်သွားလေ၏။

ယွမ်ရှောက်သည် အလွန်ရိုးသားပြီး မိတ်ဆွေဖွဲ့သူ မဟုတ်ကြောင်း ဆန်ကွမ်းချီ သိ၏။

ယခုလေးငါးလအတွင်း၌လည်း မိတ်ဆွေသစ် မရရှိနိုင်ပေ။

အဘယ်ကြောင့်ဆိုသော် နိုင်ချစ်နော်နှင့်အတူ ပိုင်မာစုန်းတောင်သို့သွားပြီး အချိန်ဖြုန်းနေသောကြောင့်တည်း။

ထိုခရီးကိုသွားရင်း မိတ်ဆွေဖြစ်လာသူ ဆိုပါကသည်း ထို မိတ်ဆွေဆိုသူကို နိုင်ချစ်နော်လည်း သိရှိပေလိမ့်မည်။

ဆန်ကွမ်းချီသည် ဤတောဤတောင်အတွင်းသို့ ကွန်လုံဝမ်၏ဘက်တော်သားများ ထိုးဖောက်ဝင်ရောက်လာမည်ကိုအလွန် စိုးရိမ်၏။

'ညီလေး....ဘယ်ကမိတ်ဆွေလဲ'

ဆန်ကွမ်းချီ၏အမေးကို ယွမ်ရှောက်က ရယ်ရယ်မောမော ဖြင့် ပြန်ဖြေသည်။

'အစ်ကိုကြီး မသိဘူးလို့ထင်ပါတယ်'

ဆန်ကွမ်းချီသည် ယွမ်ရှောက်၏စကားကိုကြားရသောအခါ အလွန်တရာအံ့ဩသွား၏။

ယွမ်ရှောက်သည် ယခင်ကဤသို့ တစ်ကြိမ်တစ်ခါမျှမပြောဘူးပေ။



ဆန်ကွမ်းချီက လေသံမာမာနှင့် မေးလိုက်၏။

'ငါက ဘာဖြစ်လို့မသိရမှာလဲ၊ မင်းတောင်သိရင် ငါက ပို သိရမှာပေါ့၊ ဒီကျွန်လုဂိုဏ်းထဲကမဲ့သား'

'ဒါ....ဒါတော့....'

'ဘာ....ဒါတော့လဲ'

'မင်း မြင်ဖူးတဲ့လူလား'

'ကျွန်....ကျွန်တော် မြင်ဖူးပါတယ်'

'နာမည် သိလား'

'မ....မသိပါဘူး'

'လူပုံပန်းသဏ္ဌာန်တော့သိမှာပေါ့၊ ပုံပန်းသဏ္ဌာန်ကို ပြောပြစမ်း'

'ဟုတ်....ဟုတ်ကဲ့'

ယွမ်ရှောက်သည် သူ့အား ဆန်ကွမ်းချီက တစ်ကြိမ်တစ်ခါမျှ လေသံမာမာနှင့် စကားမပြောဖူးသဖြင့် ယခုထိုသို့ပြောခံရသောအခါ ကြောက်လန့်သွားသည်။

သူ့ကိုယ်သူ အမှားလုပ်မိသူပမာ မလုံမလဲဖြစ်သွားလေ၏။

'ဘယ်လိုပုံပန်းသဏ္ဌာန်လဲ၊ ပုပုလား၊ ရှည်ရှည်လား၊ ဘာ လက်နက်ကိုင်သလဲ၊ စုံစုံစေ့စေ့ ပြောစမ်းပါညီလေး၊ အရေးကြီးလို့ ငါမေးနေတာပါ'

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက်က ခပ်တိုးတိုးဖြေ၏။

'လူကပိန်ပိန်လေးပါ၊ အရပ်လဲပုတော့ သေးသေးကလေးလို့ ထင်ရတယ်'

ဆန်ကွမ်းချီသည် တစ်ကြိမ်က သူတွေ့ခဲ့ဖူးသည့် ပလွေသီချင်း မှုတ်ဆိတ်နှင့်အဘိုးကြီးအား သွား၍သတိရမိတော့၏။

'ဘယ်လိုအင်္ကျီ ဝတ်ထားသလဲ'

'အနက်ရောင် ဝတ်စုံပဲ'

'မှုတ်ဆိတ် ရှိတယ်မဟုတ်လား'

'ဟုတ်ကဲ့....ရှိပါတယ်၊ အစ်ကိုကြီး ဘယ်လိုလုပ်သိနေတာလဲ'

'ငါမေးတာကိုသာ ဖြေစမ်းပါ၊ သူ့လက်ထဲမှာလဲ ပလွေ တစ်ချောင်းရှိရမယ်'

ယွမ်ရှောက် အံ့ဩစွာ ဝန်ခံလေ၏။

'ဟုတ်တယ်...ဟုတ်တယ်၊ ပလွေတစ်ချောင်းလဲ ကိုင်ထား တယ်၊ အစ်ကိုကြီးနဲ့ အဲဒီလူနဲ့တွေ့ပြီးပြီကိုး'

'အဲဒီလူ အခု ဘယ်မှာရှိသလဲ'

'မရှိတော့ဘူး၊ သူထွက်သွားပြီ'

'သူ့အပြင် တခြား ဘယ်သူ့ကို မြင်ခဲ့သေးလဲ'



ယွမ်ရှောက်သည် ရေအလျှင်စီးသကဲ့သို့ အဆက်မပြတ် မေး လာသော မေးခွန်းများကို တတ်နိုင်သမျှ အမြန်ဆုံး ကြိုးစား၍ ဖြေနေရလေ၏။

နောက်ဆုံးမေးခွန်းကို ဖြေကာနီး၌....

'အစ်ကိုကြီး၊ အဲဒီ ပလွေနဲ့အဘိုးကြီးကို တွေ့ချင်လို့လား ဟင်'

'တွေ့ချင်ရုံ မင်းက တွေ့အောင် လုပ်ပေးနိုင်လို့လား၊ သူနဲ့ မင်းက အမြဲတမ်းတွေ့နေလို့လား'

'မနက်ဖြန် သူလာလိမ့်ဦးမယ်'

'အေး....ဒါဖြင့် ငါ့ကိုပြော'

'သူလာသတော့ကောင်းပါတယ်၊ စောင့်ခိုင်းထားလို့ ပေါ တယ်၊ သူလာရင် အစ်ကိုကြီးကို ကျွန်တော် ပြောပါမယ်'

'တစ်ခုတော့ရှိတယ်နော်၊ ဒီမှာ ငါတို့ ဘာပဲလုပ်လုပ် အဲဒီ အဘိုးကြီးကိုသွားမပြောနဲ့ဦး'

ယွမ်ရှောက်က ခေါင်းညိတ်၏။

'ဟုတ်ကဲ့...ဒီလောက်တော့ ကျွန်တော်သိပါတယ်'

နိုင်ချစ်နော်သည် သူတို့နှစ်ယောက် ပြောနေသည့်စကားဝိုင်း ထဲသို့ ဝင်၍မေးပြန်သေး။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ပြောသည့် စကားများကိုသာ ဂရုစိုက်၍ နားထောင်သည်။

သူတို့ စကားပြောနေခြင်းမှာလည်း ရပ်၍ ပြောနေခြင်း မဟုတ်ပေ။

ခပ်သွက်သွက်လျှောက်ရင်း စကားပြောခြင်းဖြစ်၍ သုံးမိုင်လောမိုင်မျှ ခရီးပေါက်လာပြီး ဖြစ်ပေသည်။

နိုင်ချစ်နော်သည် ရောက်သည့်ဒေသ ပတ်ဝန်းကျင်ကို အ[illegible] တမ်း အသေအချာ အကဲခတ်သည်။

လေးမိုင်အကွာသို့ ရောက်သည့်အခါ အနည်းငယ်မြင့်သော်လည်း တောင်ထွတ်များကို တွေ့ရသဖြင့် ထိုတောင်ထွတ်များကို တက်ရောက်ကြည့်ကြပြန်သည်။

တောင်ထွတ်များမှာ ဖိုခိုလောက် ဆိုင်သကဲ့သို့ တောင်ထွတ်သုံးခု ဆိုင်နေ၏။

ဆန်ကုမ်းချိပင် ထိုနေရာသို့ မရောက်ဖူးပေ။

တောင်ထွတ်သုံးခု၏ အလယ်ခေါင်မှာ ချိုင့်ဝှမ်းကြီး ဖြစ်နေသည်။

နိုင်ချစ်နော်တို့ ချိုင့်ဝှမ်းကို အသေအချာ ကြည့်သည်။

'ဟောဒီနေရာဟာ တကယ့်ကို အချက်အချာကျတဲ့ နေရာ[illegible] ရန်သူ့ အတွက်ပဲဖြစ်ဖြစ်၊ ကိုယ့်အတွက်ပဲဖြစ်ဖြစ် အင်မတန် [illegible] အန္တရာယ်များတဲ့ နေရာပဲ'



ဆန်ကုမ်းချိက....

'ဘာဖြစ်လို့လဲ'

'တောင်ထွတ်သုံးခုထဲက ချိုင့်ဝှမ်းထဲ ဝင်မိတဲ့ လူကတော့ ကိုယ့်လည်ပင်းကို ကိုယ်ကြိုးကွင်းစွပ်တာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ တောင်ထွတ်သုံးခုက ဝိုင်းဝန်းပိတ်ဆို့ပြီး မီးလောင်တိုက်သွင်းနိုင်တယ်၊ ပေါက်ကွဲစေနိုင်တဲ့ ယမ်းထုပ်တွေနဲ့ ပစ်ခတ်နိုင်တယ်၊ ဆီမှုတွေ လောင်းချနိုင်တယ်၊ နောက်ဆုံး လေးမြားတွေနဲ့ ပစ်ခတ်နိုင်တယ်၊ ကုန်လုံဝမ်ရဲ့ ဂိုဏ်းသားတွေကို ဒီထဲ မျှားခေါ်နိုင်ရင် ကျွန်တော်တို့ အသာစီးရနိုင်တယ်'

ဆန်ကုမ်းချိသည် ထန်ရှင် မသေမီက ပြောကြားခဲ့သည့် စကားများကို ပြန်လည် အမှတ်ရလာ၏။

ထန်ရှင်သည် ကျုံမိန်းမငယ်လေးအား ထူးထူးခြားခြား ချီးကျူးခဲ့၏။

ထန်ရှင် ချီးကျူးခြင်းကို ဆန်ကုမ်းချိ သဘောမပေါက်ခဲ့ပေ။

ယခုမှ သဘောပေါက်စ ပြုလာလေပြီ။

ဆန်ကုမ်းချိသည် သိုင်းပညာ၌ နိုင်ချစ်နော်ထက်တော်သည်။

'ကုန်လုံဝမ်ကိုပင် သူတင်ကိုယ်တင် တိုက်နိုင်သော အစ[illegible] အထူးမျိုးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် လောကအတွေ့အကြုံ သိုင်းလောက အတွေ့အကြုံ ထွက်မူ ကွန်လုံဝမ်ကို မမီ။

သိုင်းလောက၏ မကိုင်နှိုး သွားလို ဖြစ်နေသည့် ကွန်လုံဝမ်သည် ရန်သူများကို တိုက်ခိုက်ရာတွင် သိုင်းပညာရှင် တစ်ဦးက တိုက်ခိုက်ခြင်းမျိုးထက် စစ်အုပ်တစ်ဦးအား ဗိုလ်ချုပ်စစ်ဘုရင်ခံ တစ်ဦးကို တိုက်ခိုက်ခြင်းမျိုးအသွင် ဖိပေါက်နေသည်။

စစ်ချိုး စစ်ကျော်၊ စစ်ဆွဲ၊ စစ်ကျူး စစ်ထောက်၊ ထူးဆန်းသော လက်နက်အမျိုးမျိုးကို အသုံးပြုသည်။

ဆန်ကွမ်းချီ၌ ဤကဲ့သို့သော အတွေ့အကြုံမျိုး ဗဟုသုတမျိုး မရှိပေ။

နိုင်ချစ်နော်ကမူ ကွန်လုံဝမ်၏ မွေးစားသမီး ဖြစ်နေသဖြင့် ကွန်လုံဝမ် လုပ်ပုံ ကိုင်ပုံ တွေးပုံ ခေါ်ပုံတို့ကို သိမြင်နားလည် သဘောပေါက်နေသည်။

ထို့ကြောင့် ကွန်လုံဝမ်သည် သူ့အား အနိုင်ရမည်ဆိုလျှင် မည်သည့် ကောက်ကျစ်မှုမျိုးကိုမဆို သုံးရန် အဆင်သင့်ရှိ၏။

ဆန်ကွမ်းချီမှာ ထိုသို့သော စိတ်ထားမျိုးမရှိပေ။

ကွန်လုံဝမ်နှင့် ဆန်ကွမ်းချီ ယှဉ်ရှိတိုက်လျှင် ဆန်ကွမ်းချီရှုံးရန် ကိုးဆယ်ရာခိုင်နှုန်း သေချာသည်။

ဆန်ကွမ်းချီသည် နိုင်ချစ်နော်၏ သိမြင်မှုကို စိတ်ထဲမှ ချီးကျူးရင်း အကျင်္ကျီအိတ်ထဲမှ စာကလေးတစ်စောင်ကို ဆွဲထုတ်လိုက်သည်။



ထန်ရှင် မသေမီက နိုင်ချစ်နော်အပေါ် သူ့သုံးသပ်ချက်များကို ရေးသားခဲ့သည့် စာဖြစ်သည်။

နိုင်ချစ်နော်အား ချီးကျူးထားသည့် စာဖြစ်သည်။

'နိုင်ချစ်နော်၊ ခင်ဗျားကို ဆရာကြီး ထန်ရှင်က ဟာကယ် ချီးကျူးခဲ့တယ်၊ သူ မသေမီက ရေးခဲ့တဲ့ စာကို ဖတ်ကြည့် ပါဦး'

နိုင်ချစ်နော်က လှမ်းယူဖတ်ကြည့်၏။

သူမမျက်နှာ၌ မာနတက်သည့် အရိပ်အယောင်များ လွှမ်း သသည်။

ဆန်ကွမ်းချီသည် ခေါင်းတညိတ်ညိတ်ဖြင့် ကြည့်နေ၏။

ကြော်...မိန်းမဆိုသည်မှာ မိန်းမပါပဲလား ဟု တွေးနေ သည်။

ဆန်ကွမ်းချီက ဆက်ပြော၏။

'ပညာရှိတွေ ပြောတဲ့စကားဟာ အမြဲတမ်း မှန်တယ် ဆရာကြီးထန်ရှင်က ကျုပ်ကို အမြဲတမ်း ပြောခဲ့တယ်၊ မျက်စိ တစ်ဆုံးကြည့်ရမယ်တဲ့၊ မျက်မွေးတစ်ဆုံး မကြည့်ရဘူးတဲ့၊ ကျုပ် [illegible] သိုင်းလောကချစ် တစ်[illegible] ဖြစ်မယ်လို့ သူခန့်မှန်းခဲ့တယ်၊ ကျုပ် [illegible] ကျုပ် အမှန်တင်ချင်လို့ ပြောတာ မဟုတ်ပါဘူး၊ ကျုပ်ရဲ့ [illegible]သတဲ့ ဆုံးမစကားတွေကို သိစေချင်လို့ ဒီအကြောင်းပြော ပြတာပါ'

www.burmeseclassic.com



နိုင်ချစ်နော်ဘ ဆန်ကွမ်းချီ၏ လက်ထဲသို့ ထန်ရှင်၏ စာကို ပြန်လည် ထည့်ပေးသည်။

'ပညာရှိထန်ရှင်ကို ဂိုဏ်းချုပ်ကြီးအိုးယန်ထု ကိုယ်တိုင်က ယုံကြည်အားကိုးတာပဲ၊ ရှင့်ကို သူက ဘာတွေ ဆုံးမခဲ့သလဲ'

'တကယ်လို့ ကျုပ်သာ သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းဂိုဏ်းကို ဦးဆောင်ရမယ် ဆိုရင် ကျုပ် ဘာလုပ်ရမလဲ ဆိုတာတွေကို မြွေပြခဲ့တယ်'

'ဆိုစမ်းပါဦး'

'တစ်အချက် သာမန်ဂိုဏ်းသားတွေ စားသုံးသလို စားသုံးဖို့၊ တတ်နိုင်ရင် သာမန် ဂိုဏ်းသားတွေထက် အခွင့်အရေးကို လျှော့ယူဖို့'

'နှစ်အချက်၊ ပြဿနာတစ်ခု ပေါ်လာရင် အနည်းဆုံး သုံးကြိမ်စဉ်းစားဖို့၊ စဉ်းစားပြီးမှ ရတဲ့ဆုံးဖြတ်ချက်ကို မပြောင်းလဲဖို့'

'သုံးအချက်၊ ဂိုဏ်းသားတွေရဲ့ အကျိုးနဲ့ ပတ်သက်လာရင် ရှေ့ဆုံးမှ ကာကွယ်ဖို့၊ ရှေ့ဆုံးက အသေခံဖို့'

'လေးအချက်ကတော့ နှစ်ပေါင်း သုံးလေးရာ ဖြစ်ပွားခဲ့တဲ့ သမိုင်းဝင်တိုက်ပွဲကြီးတွေကို လေ့လာဖို့၊ သိုင်းလောကရဲ့ တိုက်ကွက်ဘာ၊ ဘုရင်ကေရာဇ်တွေရဲ့ စစ်ပွဲကြီးတွေကိုကော လေ့လာဖို့၊ ငါးအချက်ကတော့ စိတ်ကောင်း စေတနာကောင်းထားဖို့'



'နောင်ကြီးထန်ရှင်က ပြောခဲ့တယ်၊ အဲဒီအချက်တွေ ပြည့်စုံအောင် ဖြည့်ဆည်းနိုင်ရင် ကျုပ် ဦးဆောင်ရမယ့် သိုင်းဂိုဏ်းဟာ သိုင်းလောကကြီးမှာ လျှမ်းလျှမ်းတောက် ကျော်ကြားထိမ့်မယ်တဲ့၊ ကျုပ်ဟာ ကျော်ကြားတဲ့ သိုင်းသူရဲကောင်းဘဝ ကနေသိုင်းကေရာဇ်ကြီးဘဝကိုရောက်ရမယ်တဲ့၊ ဒါဟာ နောင်ကြီးထန်ရှင်ရဲ့ အမှာစကားပါ၊ ကျုပ်ကတော့ သိုင်းကေရာဇ်လဲ မဖြစ်ချင်ဘူး၊ သိုင်းဘုရင်လဲ မဖြစ်ချင်ဘူး၊ သိုင်းသူရဲကောင်းလဲ မဖြစ်ချင်ဘူး၊ ကျုပ် တစ်ခုတော့ သိနေတယ်၊ ကျုပ်ဘာပဲဖြစ်ချင်ချင် ဖြစ်ချင်ချင် နောင်ကြီးထန်ရှင်ရဲ့စကားတွေကတော့ အမြဲတမ်း ခံနေတတ်တယ် ဆိုတာပဲ'

နိုင်ချစ်နော်ဘ ခေါင်းတညိတ်ညိတ် နားထောင်နေ၏။

အတန်ကြာမှ....

'ရှင်ဟာ ပညာရှိထန်ရှင်ကို သိမ်လေးစားတာပဲနော်'

'ဘယ်လိုလုပ် မလေးစားလို့ရမလဲ၊ သူပြောခဲ့တဲ့အတိုင်း ချည်းဖြစ်နေတာကိုး၊ ခင်ဗျား ရောက်လာမယ့်အကြောင်း၊ သိုင်းလောကကြီးတစ်ခုလုံးရဲ့ အကျိုးအတွက် ကျုန်လုဂိုဏ်းဘက်က ပြီး တာဝန်ထမ်းဆောင်မယ့် အကြောင်းတွေကို ပုရောဟိတ်တစ်ပါးလို ပြောခဲ့တာပဲ'

'ဒါဆို ရှင်လဲ သိုင်းကေရာဇ်ကြီးတစ်ပါးဖြစ်မှာ သေချာတာပေါ့'

'မပြောနိုင်ဘူးလေ၊ ကျုပ်ကတော့ ဒီလိုဖြစ်မယ်မထင်....'

www.burmeseclassic.com

www.burmeseclassic.com



ဆန်နီကွမ်းချီမှာ ဆက်မပြောနိုင်တော့ပေ။

ဟူဘန်းဂိုဏ်းချုပ်ကြီးက သူ့အား သင်ကြားပေးခဲ့သည့် ထိုက်ကျိုးသိုင်းနှင့် ဟူဘန်းဂိုဏ်း၏ အတွင်းအားပညာတို့ကို ပြန်လည်သတိရလာ၏။

ဟူဘန်းဂိုဏ်းချုပ်ကြီးအား သူပေးခဲ့ရသည့် ကတိများကိုလည်း အမှတ်ရလာ၏။

ထို့ကြောင့် တင်းခနဲ သက်ပြင်းချပြီး နှုတ်ပိတ်သွားတော့၏။

နိုင်ချစ်နော်သည် ဆန်နီကွမ်းချီကို ငေးကြည့်နေမိ၏။

သူသည် ဆန်နီကွမ်းချီ၏ ချောမောသော ရုပ်ရည်ကိုလည်း သဘောကျသည်။

ထက်မြက်သော သိုင်းပညာကိုလည်း အားကျသည်။

ရိုးသား ဖြူစင်လှသော စိတ်နေသဘောထားကို လည်း လေးစားသည်။

သို့သော် သူမနှင့် နီးစပ်ရန် ဝေးလှသည့် အချက်ကိုလည်း မတွေးဘဲမနေနိုင်ဘဲ ဖြစ်နေရှာသည်။

'ဟင်း....'

နိုင်ချစ်နော်ကလည်း သက်ပြင်းချ၏။



ဆန်နီကွမ်းချီက ဆက်ပြော၏။

'နောင်ကြီးထန်ရှင်က အမွေလားအနက် ပြောခဲ့တဲ့ စကား တစ်ခွန်းရှိတယ်၊ အဲဒါ သိပ်အရေးကြီးတယ်'

'ဘာတဲ့လဲ'

'နိုင်ချစ်နော်ဟာ ကျွန်လုံခမ်ကို ဖျက်ဆီးပစ်နိုင်လိမ့်မယ်တဲ့'

ဆန်နီကွမ်းချီက ယုံယုံကြည်ကြည် ပြောနေသဖြင့် မျက်လုံးများမှာ တပြောင်ပြောင် တောက်ပလာသည်။

ဆန်နီကွမ်းချီ၏စကားသံအဆုံးတွင် သူတို့နှင့် မလှမ်းမကမ်း၌ ရှိနေသည့် ကျောက်ကမ်းပါးယံအက်မှ တလိုက်လိုက် ရယ်မောသည့် အသံကြီး ထွက်ပေါ်လာလေ၏။

နိုင်ချစ်နော်၊ ဆန်နီကွမ်းချီနှင့် ယွမ်ရှေက်တို့အားလုံး အရေးတကြီး မော့ကြည့်မိလိုက်ကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃၃)

## ညာဏ်များသော ကွန်လုံဝမ်

သူတို့အထက်ရှိ ကျောက်ကမ်းပါးယံပေါ်၌ လူတစ်ယောက် ရပ်နေ၏။

ရယ်ပြုံးရာ၌ ကြက်သား လှုပ်ရှားမှုရှိသော မျက်နှာ၊

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသူကား ကွန်လုံဝမ်ပေတည်း။

ကွန်လုံဝမ်....

ကွန်လုံဝမ်....

ယွမ်ရှောက် လက်ညှိုးထိုး၍ ပြောပြလေ၏။

ကွန်လုံဝမ်၏ မျက်လုံးများသည် ဒေါသကြောင့် တလက်လက် အရောင်တောက်ပနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်က အားစိုက်ခဲ့သော လေသံဖြင့် လှမ်းမေးသည်။

'နိုင်ချစ်နော်...နင်မသေသေးပါလား၊ နင်ဟာ ငါထင်တာထက်တောင် အသက်ပြင်းနေသေးပါကလား'

နိုင်ချစ်နော်သည် ပထမ၌ ကြောက်ရွံ့သွားသည်မှာမှန်သော်လည်း ချက်ချင်းပင် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်လိုက်ပေသည်။

'ကွန်လုံဝမ်ရဲ့ သစ္စာပြု မွေးစားသမီး နိုင်ချစ်နော် သေသွားပြီပဲ၊ ဘယ်သူက မသေသေးဘူးလို့ ပြောသလဲ'

နိုင်ချစ်နော်၏ ရွေးချယ် သုံးနှုန်းလိုက်သော အာခံစကားသည် အတော်ကလေး ထိရောက်၏။

ကွန်လုံဝမ်မှာ အကြီးအကျယ် ဒေါသထွက်သွား၏။

'နင်က ငါ့ကို ဒီလိုပြောရဲသလား'

နိုင်ချစ်နော်က ရယ်သွမ်းသွေး၏။

'ဘာဖြစ်လို့ မပြောရဲရမှာလဲ၊ ကွန်လုံဝမ်ရဲ့ သစ္စာပြုမွေးစားသမီးသေတာ အသေအတော် နည်းသေးတယ်၊ ဒီကောင်မဟာ စောစောကတည်းက သေဖို့ ကောင်းတယ်၊ ခေါင်းဆောင်မပီသတဲ့လူရဲ့ မွေးစားသမီး ဖြစ်လိုက်ကတည်းက သူဟာ လူပြ ရှုံးသွားပြီပဲ'

'ဟား...ဟား...ဟား၊ တယ်လဲ ရဲရင့်နေပါကလား၊ အခု စကားပြောနေတဲ့လူက ဘယ်သူလဲ'



'အခု စကားပြောနေတာက ကျုန်လုဂိုဏ်းသား ခေါင်းဆောင်များစွာက ချစ်ကြောက်ရိုသေကြတဲ့တိုက်ခိုက်ရေးနည်းပညာရှင် နိုင်ချစ်နော်ပဲ'

ကွန်လုံဝမ်သည် ခါးထောက်၍ ရယ်မောနေ၏။

ပါးစပ်ထဲမှ ဖြူဖွေးသော သွားများကိုပင် မြင်ကြရသည်။

အထန့်ကြာမှ...

'ထန့်ရှင် သေပြီလို့ ကြားတယ်၊ အဲဒီသတင်း အမှန်မဲလား'

'မှန်တယ်၊ မှန်လို့ သူ့နေရာမှာ ကျွန်မ အစားထိုး ဝင်လိုက်တာပဲ၊ မယုံဘူးလား'

'ဟား...ဟား...ဟား ငါက ကွန်လုံဝမ်ပဲ၊ သူတစ်ပါး ပြောတိုင်း ယုံတာမဟုတ်ဘူး၊ ကြားတိုင်း ယုံတာမဟုတ်ဘူး ထန့်ရှင်ဆိုတဲ့ကောင်က အင်မတန် ညာဏ်များတဲ့ကောင်၊ သူ သေပြီဆိုပေမယ့် သေချင်မှသေမှာ၊ တကယ်သေတယ်ဆိုတာ ငါ ယုံရခက်ခက်ပဲ'

နိုင်ချစ်နော်က မဲ့ပြုံးပြုံး၍ မေးလိုက်၏။

'ဒါဆိုရင် ပညာရှိထန့်ရှင်ကို ရှင်ကြောက်နေပြီပေါ့'

'ဘာ...'

ကွန်လုံဝမ်က ဒေါသဖြင့် အော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အော်သံသည် ပက်ဝန်းကျင်၌ ပဲ့တင်ထပ်သွား၏။

'သူနဲ့ ငါဟာ တစ်ဆရာတည်းတပည့် ဖြစ်ခဲ့ဖူးမယ့် ငါက သူ့ရဲ့ ဂိုဏ်းတူအစ်ကိုပါ၊ ဒီကောင် ဘက်နိုဘက်နက်များပေမယ့် နောက်ဆုံး ငါ့ကို ရှုံးရမှာပဲ၊ အခုတောင် ကျွန်လုဂိုဏ်းတစ်ဝက်လောက် မျက်စိနေပြီ'

သူသည် ပထမ၌ စိတ်လွတ်ကိုယ်လွတ် စကားပြောနေမိ၏။

အတန်ကြာမှ ဤမိန်းကလေးကား ငါ့သမီးမဟုတ်၊

ကျွန်လုဂိုဏ်း၏ တိုက်ခိုက်ရေးနည်းပညာမျုးတည်း ဟူသော အသိဝင်လာသဖြင့် ရှုတ်တရက် စကားရပ်သွား၏။

သူသည် ချောက်ကမ်းပါးထိပ်မှ ခုန်ချလာသည်။

တောင်ပံဖြန့်၍ အရှိန်သတ်ပြီးဆင်းလာသည့် သိမ်းငှက်ကြီး တစ်ကောင်ကဲ့သို့ ကွန်လုံဝမ်၏ လှုပ်ရှားမှုမှာ လွန်စွာပေါ့ပါး လှပေသည်။

'နင်က ကျွန်လုဂိုဏ်းရဲ့ တိုက်ခိုက်ရေး နည်းဗျူဟာမျုး ဆိုတော့ ငါ့ရန်သူဖြစ်ပြီ'

'ကျွန်မက အဲဒီလိုရန်သူဖြစ်အောင်ကို တမင်တာဝန်ယူလိုက်တာ၊ အခုဆိုရင် ကျွန်မ နောက်မှာ အင်မတန် ကြီးမားတဲ့ ကျွန်လုဂိုဏ်းကြီးရှိတယ်၊ ထိပ်သီး သိုင်းသမားတွေလဲ ရှိတယ်၊ အရင်က ကျွန်မဟာ သိုးကလေးပဲ၊ အခုတော့ ကျား ပြန်ဖြစ်လာပြီ'



ကွန်လုံဝမ်က လက်ပိုက်ရပ်ပြီး ကြည့်နေလေ၏။

'နိုစ်ချစ်နော်'

အတွင်းအားထုတ်၍ ခေါ်လိုက်သည့် ကွန်လုံဝမ်၏ အသံသည် ကျောက်နံရံများကိုပင် တုန်လှုပ်သွားစေသည်ဟုထင်မှတ်မှားရသည်။

တကယ့်ခြေဦးအာဏာသံပါသည့် အသံဖြစ်၍ ငယ်ကြောက်ဖြစ်သော နိုင်ချစ်နော်မှာ တုန်လှုပ်သွားသည်။

'ငါ့ဆီ တိုးလာခဲ့စမ်း'

ကွန်လုံဝမ်က ထပ်၍အမိန့်ပေးလိုက်၏။

နိုင်ချစ်နော်မှာ စိတ်ညှို့ခံရသူပမာ ရှေ့သို့ တစ်လှမ်းတိုးသွားလေ၏။

ဆန့်ကွမ်းချိုက ငါတို့တော့ ကိုယ်ကျိုးနည်းပြီဟု တွေးလိုက်မိ၏။

'နှောင်ကြိုးထန်ရွှင် ကြိုဘင်ပြောခဲ့တာတွေ မှားများ မှားနေပြီလားမသိဘူး'

သူသည် စိတ်ထဲ၌ရေရွတ်လိုက်မိ၏။

နိုင်ချစ်နော်အားသတိမပေးပါက ကွန်လုံဝမ်အနီးသို့ရောက်ရှိသွားပြီး ကွန်လုံဝမ်၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံသွားနိုင်ကြောင်း တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အော်ဟစ်သတိပေးရတော့သည်။

'နိုင်ချစ်နော်၊ ခင်ဗျားဟာ ဝမ်ကိုကျော်သွားမဟုတ်ဘူး။ ကွန်လုံဝမ်ရဲ့ အမိန့်ကြွေစာကို နာခံဖို့ မလိုတော့ဘူး။ ခင်ဗျားဟာ ကျွန်လုကိုကျော်မှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်နေပြီ။ သတိထားပါ၊ ကြပ်ကြပ် သတိထားပါ'

ထို သတိပေးသံ သည် နိုင်ချစ်နော်အတွက် များစွာ ထိရောက်သွား၏။

သူမသည် တုံ့ခနဲ ရပ်သွားသည်။

နောက်ပြန် လှည့်ကြည့်၏။

'နိုင်ချစ်နော်... ပြန်ဆုတ်ခဲ့'

ဆန်ကွမ်းချီ၏ သတိပေးစကားကြောင့် သူမသည် အလျင်အမြန် ပြန်ဆုတ်လိုက်၏။

သူဆုတ်လိုက်သည့်အချိန်မှာ အချိန်မီရုံကလေးရှိသည်။

ကွန်လုံဝမ်ရိုက်ပိုက်သည်နှင့် တစ်ချိန်တည်းမှာပင်ချိန်ကိုက်၍ နောက်ဆုတ်သလို ဖြစ်သွား၏။

လက်ဝါးရိုက်ချက်သည် ဝှီးခနဲလွဲချော်သွားလေ၏။

ဆန်ကွမ်းချီသည် တုံ့ဆိုင်းမနေတော့ဘဲ ရှေ့သို့ ခုန်ဝင်ပြီး ကွန်လုံဝမ်ကို ရင်ဆိုင်သည်။



လက်ဝါးချင်း၊ တံတောင်ချင်း ဘုဖျပ်ဖျပ်တိုက်ခိုက်နေသည်မှာ လွန်စွာ လျှင်မြန်လှသည်။

ကွန်လုံဝမ် မြန်သလို ဆန်ကွမ်းချီကလည်း လျင်မြန်သည်။

ကွန်လုံဝမ်ကန်လိုက်သည့် ကန်ချက်များသည် လင်းရှူးပျံပ... င် ပြုတ်သွားလောက်အောင် ပြင်းထန်သည်။

ဆန်ကွမ်းချီ၏ ငုံ့ရှောင်မှုကလည်း မြန်သည်။

ဆံပင်အစလေးများပင် လေဟပ်သွားသည်။

နှစ်ယောက်သား ဆက်တိုက် ကန်ကြပုံမှာ လေဘာဘူးဟူးသွားအောင် ပြင်းထန်၏။

သို့သော် အချိန် အတော်ကြာသည်သည်အထိ တစ်ဦးနှင့်တစ်ဦး ခုန်ပျံ၍ မတိုက်ကြပေ။

မည်သို့ပင်ဖြစ်စေ အချိန်ကြာလာသည်နှင့်အမျှ ဆန်ကွမ်းချီ... နောက်ဆုတ်လာရ၏။

အတွင်းအား မညီတွင် ကွန်လုံဝမ်က ဆန်ကွမ်းချီထက်... သာသည်။

ယွမ်ရှောက်သည် အတန်ကြာ ငိုင်၍ကြည့်နေမိ၏။

ထို့နောက် ရှေ့သို့ခုန်ထွက်လာပြီး ကွန်လုံဝမ်ကို တိုက်ခိုက်... တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ယွမ်ရှောက် ဝင်သည့်အချိန်မှာပင် ကွန်လုံဝမ်က မာန်သွင်းအော်ဟစ်ပြီး ဆန်ကွမ်းချီအား ရိုက်ထုတ်လိုက်၏။

လက်ဝါးချင်းရိုက်မိကြသဖြင့် ဝုန်းခနဲမြည်ဟည်းကာ ဆန်ကွမ်းချီတစ်ကိုယ်လုံး တုန်ခါသွား၏။

အတွင်းအား လေ့ကျင့်မှု လျော့နည်းခဲ့သဖြင့် ဆန်ကွမ်းချီ တုန်ခါသွားခြင်း ဖြစ်ပေသည်။

ယွမ်ရှောက်သာ ဝင်မလာခဲ့လျှင် ဆန်ကွမ်းချီအကြီးအကျယ် ဒုက္ခရောက်နိုင်၏။

ယခုမူ ကွန်လုံဝမ်သည် ဆန်ကွမ်းချီဘိုဖိပြီး မတိုက်နိုင်တော့ဘဲ ယွမ်ရှောက်ကို ခုခံရတော့၏။

ယွမ်ရှောက်၏တိုက်ကွက်များမှာ မုန်တိုင်းတိုက်သလို ပြင်းထန်၏။

ဆန်ကွမ်းချီနှင့် ကွဲကွာနေသည့် ခြောက်လခုနစ်လအတွင်း၌ ယွမ်ရှောက်၏ သိုင်းပညာသည် သိသိသာသာ တိုးတက်လာ ရ၏။

သူသည် ပင်ကိုယ်က အခုန်အပျံကောင်းသူဖြစ်၍ ကွန်လုံဝမ်အား တိုက်ခိုက်ရာတွင် သိမ်းငှက်တစ်ကောင်က မြွေတစ်ကောင်ကို တိုက်ခိုက်သလို အပေါ်မှ ခုန်ပျံတိုက်ခိုက်သည်။

သို့သော် သူတစ်ကြိမ်ခုန်အုပ်သည့်အချိန်တွင် ကွန်လုံဝမ်က လှင့်မျှောရိုက်ထုတ်လိုက်ရာ ကြိုးပြတ်သွားသည့်စွန်လို လွင့်မျောသွား၏။



သို့သော် ကျောက်နံရံကို ခြေထောက်ဖြင့်စုံထန်ပြီး ကွန်လုံဝမ်ထံသို့ ပြန်လည်ရောက်ရှိလာပြန်၏။

'ခြေါ်... မင်းက ဆိပ်အငွေ့မီးကောင်းနေသကိုး၊ဟိုတစ်ကြိမ်က ရရှိတော့ဘို မင်းမမွတ်မိသေးဘူးနဲ့တူတယ်'

ယွမ်ရှောက်သည် စကားမပြောဘဲ ကွန်လုံဝမ်၏ ဦးခေါင်းကို တံတောင်ဖြင့်တွက်သွားပြီး တစ်ဖက်၌ ကြောင်ကျ ကျသွား၏။

ကွန်လုံဝမ်သည် သူ၏လက်ကိုဝှေ့ယမ်း၍ သိုင်းကွက်ခင်းရာ ၎င်း၏လက်စရှည်၏ ဝေတိုးသည့်အသံသည် တဝှီးဝှီး ထွက်ပေါ်သ၏။

ထိုနောက် ယွမ်ရှောက်ထံသို့ ဆက်တိုက်ခုန်ဝင်၍ ဆင့်ကာဆင့်ကာ ကာန် တော့သည်။

ယွမ်ရှောက်သည် ဆက်တိုက်ဆက်တိုက် နောက်ဆုတ်ပေးနေ၏။

မမျှော်လင့်ဘဲ နောက်ကျောမှ ကျောက်တုံးဖြင့် တိုက်မိ၍ ဟိုယိမ်းဟန်ပျက်သွားချိန်တွင် ကွန်လုံဝမ်၏ လက်ညှိုးနှင့် လက်ခလယ်သည် သူ့ရင်ဝသို့ တိုးဝင်လာ၏။

ယွမ်ရှောက်သည် လျှပ်တစ်ပြက် ဆုံးဖြတ်ချက်ချပြီး ခန္ဓာကိုယ်ကို လွှဲချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားသည်နှင့် ညာခြေထောက်က ကွန်လုံဝမ်၏ ဝမ်းဗိုက်ကို လှမ်းကန်ပြီး ဖြစ်ခနေ၏။

ကွန်လုံဝမ်မှာ ငှက်ကြီးတစ်ကောင် မြားထိုးဆလို ကားခနဲ နောက်ဆုတ်သွားရ၏။

မှေ့သို့မဲ့ သိုက်လျှင် ထိုကန်ချက် တစ်ချက်တည်းဖြင့် အသက်ထွက်သွားနိုင်ပေသည်။

ဆန်ကွမ်းချီသည် သည်းထိတ်ရင်ဖို တိုက်ပွဲကို ဂရုမစိုက်နိုင်ဘဲ တင်ပျဉ်ခွေထိုင်ကာ အတွင်းအား လေ့ကျင့်ခန်းကို လေ့ကျင့်ရတော့၏။

မကြာမီ သူ့တစ်ကိုယ်လုံး နွေးထွေးလာပြီး အသည်းနှလုံးတုန်ခါခြင်းများ သိသိသာသာ သက်သာသွားလေတော့၏။

ထိုအချိန်တွင် ယွမ်ရှောက်နှင့် ကွန်လုံဝမ်တို့ အသေအကြေ တိုက်ခိုက်နေကြဆဲ ရှိသေးသည်။

ကွန်လုံဝမ်သည် ယွမ်ရှောက်နှင့် ဆန်ကွမ်းချီတို့၏ သိုင်းပညာစွမ်းကို မြက်ရိုင်းလွင်ပြင်အစပ်၌ တစ်ခါတွေ့ခဲ့ဖူးလေပြီ။

ယခုတိုက်ရာ၌ ပိုမို ခက်ခဲလာကြောင်း တွေ့ရသဖြင့် လူငယ် နှစ်ဦးအား တစ်ချီတည်း လက်စသိမ်းလိုပ်မှသာ အတွက် နောက်ကြောင်းအေးတော့မည်ဟု ဆုံးဖြတ်ချက် လိုက်သည်။

ဆန်ကွမ်းချီသည် တိုက်ပွဲစည်းအဘွင်းသို့မဝင်ဘဲ ကွန်လုံဝမ်၏ တိုက်ကွက်များကို ရပ်၍ အကဲခတ်နေသည်။



'ဒီလူကြီးရဲ့ သိုင်းပညာက တကယ် ကြောက်စရာပဲကိုး၊ ငါတို့နှစ်ယောက် ပေါင်းတိုက်ရင်တောင် လက်ရည်ဘူလောက်ပဲ ရှိလိမ့်မယ်ထင်တယ်'

ထိုအချိန်တွင် ယွမ်ရှောက်သည် ကွန်လုံဝမ်ထံသို့ ခုန်မျှောင်သွား၏။

ကွန်လုံဝမ်က ရိုက်ချရာ ယွမ်ရှောက်က လက်ဝါးဖြင့် ပြန်ခံပြီး တံတောင်ဆစ်အကြောကို လက်ညှိုးဖြင့် ထောက်၍ တစ်ဖက်သို့ ခုန်ထွက်သွားလေ၏။

ကွန်လုံဝမ်၏ ရင်ထဲ၌ 'ထိတ်ခနဲဖြစ်သွားလေ၏။

သူ၏ ဝဲဘက်လက်မောင်းရင်း၌ ကျဉ်ခနဲ ခံစားလိုက်ရသဖြင့် ပေါင်းများစွာအတွင်း သည်တစ်ကြိမ် ပထမဦးဆုံးအကြိမ်ဖြစ် နှပ်ပစ်ခံရမှုကို သိလိုက်မိသည်။

ကွန်လုံဝမ်သည် သူနှင့်ယှဉ်ပြိုင်ဘက် သိုင်းသမားအတော်များနှင့် အဆက်မပြတ် တိုက်ခိုက်ခဲ့၏။

တိုက်ခိုက်ရာတွင် သူသာ နိုင်ခဲ့သည်။

မနိုင်သည့်တိုင် သူက အထက်စီးမှသာ တိုက်ခိုက်နိုင်ခဲ့သည်။ ယခုမူ မလောက်လေး မလောက်စား ရန်သူ လူငယ်တစ်ယောက်က သူ့အား ထိခိုက်ဒဏ်ရာရအောင် တိုက်ခိုက်သွားနိုင်လေပြီ။

ယွမ်ရှောက်အနေဖြင့် ဤသို့တိုက်ခိုက်နိုင်ခြင်းမှာ ကွန်လုံဝမ်အား စိုးရိမ်တကြီးဖြင့် မတိုက်ခိုက်ဘဲ သာမန်ရန်သူတစ်ယောက်

www.burmeseclassic.com



အား တိုက်ခိုက်သကဲ့သို့ ပေါ့ပေါ့ဆဆ တိုက်ခိုက်ခြင်းကြေ[...] ယခုကဲ့သို့ ဒဏ်ရာရစေခိုက်ခြင်း ဖြစ်ပေသည်။

ကွန်လုံဝမ်သည် ဝဲဘက်လက်မောင်း လှုပ်ရှား၍မရ[...] သဖြင့် လက်ယာလက်ကို ဖြေ့ယမ်းလှုပ်ရှားကာ သူ့ခန္ဓာကို[...] ကို စက်ဝိုင်းပမာ လှည့်ပတ်စေတော့၏။

လက်မောင်းအရိပ်များစွာ ခန္ဓာကိုယ် အရိပ်များစွာ [...] ပေါ်လာ၏။

ယွမ်ရှောက်အနေဖြင့် ထိထိမိမိ တိုက်ခိုက်ရန် ခက်ခဲသွ[...] လေပြီ။

ဆန့်ကွမ်းချီသည် ယခုအချိန်အထိ ဟူတန်းရိုက်း၏ အား[...] အားသိုင်းနှင့် ထိုက်ကျိစေးသိုင်းကို ထုတ်ယူသုံးစွဲခြင်းမရှိသေး ပေ။

ကွန်လုံဝမ်၏ လက်ဝဲဘက် မလှုပ်နိုင်ခြင်းကိုလည်း သတိ[...] မိ၏။

ထို့ကြောင့် အပြီးအပိုင် သုတ်သင်နိုင်ရန် တိုက်ပွဲ[...] အတွင်းသို့ တစ်လှမ်းချင်း တိုးဝင်လာလေတော့၏။

နိုင်ချွတ်နေဘိကမူ ယွမ်ရှောက်နှင့် ကွန်လုံဝမ်တို့၏ မြင်း[...] သော တိုက်ပွဲကို ငေးမောကြည့်နေမိသည်။

ကွန်လုံဝမ်အား ကြောက်ရွံ့သည့်စိတ်များ ပြန်လည်[...] ပေါ်လာသဖြင့် ယွမ်ရှောက်ဘက်မှ ကူညီရန်လည်း သ[...] တဲ့ ဖြစ်နေ၏။



ယွမ်ရှောက်သည် အကြောက်တရား လုံးဝရှိသူမဟုတ်ပေ။

ထို့ကြောင့် ကွန်လုံဝမ် ဤသို့ အဝိုက်မိခံရခြင်း ဖြစ်သည်။

သို့သော် ကွန်လုံဝမ်သည် တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူ ဖြစ်၍ ယွမ်ရှောက်အား ကောင်းစွာ ထိန်းထားနိုင်၏။

ထိုအချိန်မှာပင် ဆန့်ကွမ်းချီ တဖြည်းဖြည်း ချဉ်းကပ်လာနေကြောင်း သတိပြုလိုက်မိလေ၏။

ယခု သူ့ထံချဉ်းကပ်လာနေသည့် လူငယ်သည် တစ်ကြိမ်က သူသတ်ဖြတ်ခဲ့သည့် လူငယ်ကလေးဖြစ်ကြောင်းကိုလည်း ကွန်လုံဝမ် အမှတ်ရနေ၏။

ဤလူငယ်၏ အငြိုးသည် အလွန်ကြီးမားလိမ့်မည်ဟု ကွန်လုံဝမ် တွက်၏။

သူ တွက်ထားသည့်အတိုင်းပင် ဆန့်ကွမ်းချီကလည်း ချဉ်းကပ်လာနေခြင်း ဖြစ်၏။

ယခုတစ်ကြိမ် ဝင်လာနေခြင်းမှာ သူသေသေ၊ ကိုယ်သေသေ တိုက်ခိုက်ရန် ဝင်လာနေခြင်း ဖြစ်ပေသည်။

နှစ်ဦးစလုံးသေလျှင် သိုင်းလောကအတွက် အသခံ၍ ဘေးငြိမ်းပေးလိုက်ခြင်းဟု သဘောထားကာ ချဉ်းကပ်လာနေခြင်း ဖြစ်သည်။

ကွန်လုံဝမ်သည် နှစ်ပေါင်းလေးဆယ်အတွင်း ဤသို့ စိုးရိမ်ထိတ်လန့်ခြင်းမျိုး တစ်ကြိမ်မျှ မခံစားခဲ့ရပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီလည်း တိုက်ပွဲစည်းအတွင်းသို့ ရောက်ရှိလာလေ တော့၏။

ယွမ်ရှောက်နှင့် ဆန်ကွမ်းချီတို့နှစ်ယောက် ပူးပေါင်း တိုက် ခိုက်ချိန်၌ သူ၏ သက်ဝဲဘက်လက် မလှုပ်ရှားနိုင်ခြင်းမှာ သူ့ အတွက် ကံဆိုးမှုတစ်ရပ်ဟု ကွန်လုံဝမ် ယူဆ၏။

အကယ်၍ နိုင်ချစ်နော်သာ ဤတိုက်ပွဲအတွင်း ပါဝင်လာ ပါက နဂါးမင်းကွန်လုံဝမ်ဟူသော သူ့အမည်မှာ အဖတ်ဆယ် ၍ ရတော့မည် မဟုတ်ပေ။

'သိုင်းလောကထဲမှာ တစ်ယောက်သမားကို နှစ်ယောက်နဲ့ ဝိုင်းတိုက်ပြီး အနိုင်ယူတာ ရှက်စရာကောင်းတယ်'

ကွန်လုံဝမ်က လှမ်းအော်သည်။

ကွန်လုံဝမ်၏စကားကို ကြားသောအခါ ဆန်ကွမ်းချီ ရယ် လေတော့၏။

'ခင်ဗျားက တစ်ခေတ်တစ်ယောက် သိုင်းအကျော်အမော် ကြီးပဲ၊ ခင်ဗျားလိုလူမျိုးကို ဆယ်ယောက်နဲ့ ဝိုင်းတိုက်လဲ ကျုပ် တို့ကို ဘယ်သူမှ မရှုတ်ချဘူး'

ဆန်ကွမ်းချီသည် ချက်ချင်းပင် နိုင်ချစ်နော်ကို သတိရသွား လေ၏။

'နိုင်ချစ်နော်....ခင်ဗျား ဘာငိုင်နေတာလဲ၊ ဒါဟာ အခွင့် အရေးပဲ၊ အမြန်ဆုံး ဝင်တိုက်စမ်းပါ'



သုံးယောက် ဝိုင်းထိုက်မည့် အခြေအနေကို ကွန်လုံဝမ် အမှန်တကယ် ကြောက်၏။

သူကြောက်နေသည့် အခြေအနေသို့ရောက်ရှိရန် ဆန်ကွမ်းချီ လှုံ့ဆော်နေကြောင်း တွေ့ရသောအခါ ကွန်လုံဝမ် ထိတ်ထိတ် ပျာပျာ ဖြစ်လာရတော့၏။

သူသည် ကျွန်လုဂိုဏ်း အကြီးအကဲ အထိနာနေပြီ ကောင်းစွာ သိရှိ၏။

ဤတောင်များ၏ ပတ်ပတ်လည်တွင် သူ့ဂိုဏ်းသားများ အထပ်ထပ် ဝိုင်းဝန်းပိတ်ဆို့ပြီးဖြစ်၍ မကြာမီ ကျွန်လုဂိုဏ်း ပြိုပျက်တော့မည်ကိုလည်း နားလည်၏။

သို့သော် သူသည် အနည်းငယ် ဆန္ဒစောခဲ့သည်။

ကျွန်လုဂိုဏ်း အမြန်ဆုံး ပြိုပျက်နိုင်သည့်နည်းလမ်းကိုရှာဖွေ ရန် ကင်းပုန်းအထပ်ထပ် ချထားသည့် ဤတောင်သို့ အခြေအရံ များမပါဘဲ သူတစ်ဦးတည်း ဘက်ရောက်လာခဲ့ခြင်းဖြစ်သည်။

သူ၏ ကိုယ်ဖော့ပညာမှာ ပြိုင်စံရှားဖြစ်၍ ကျွန်လုဂိုဏ်း၏ နယ်ပယ်အတွင်းဝင်၍ အန္တရာယ်မရှိနိုင်ဟု ယူဆခဲ့သည်။

သို့သော် တကယ်တမ်း ယွမ်ရှောက်၊ ဆန်ကွမ်းချီ၊ နိုင်ချစ် နော်တို့နှင့် တွေ့ဆုံတိုက်ခိုက်ရသည့်အခါ သူထင်သလို ဖြစ်မလာ တော့ပေ။

အသက်အန္တရာယ်သည် လက်တစ်ကမ်းအကွာသို့ ရောက်ရှိ လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖြတ်ဖြာ်သားသားပင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေ၏။

ထိုဆုံးဖြတ်ချက်ကား နောက်ပြန် လှည့်ပြေးရန်ပင်တည်း။

နိုင်ချစ်နော် ဝင်တိုက်မှ လှည့်ပြေးလျှင် ပို၍အရှက်ကွဲနိုင်ပေသည်။

ကွန်လုံဝမ်သည် ရန်သူနှစ်ဦးကို ပြုံးပြုံးထန်ထန် ခုခံပြီး အေးစက်စက် ရယ်မောလေ၏။

'ခင်ဗျား ဘာရယ်တာလဲ'

ဆန်ကွမ်းချီက လှမ်းမေး၏။

'မင်းတို့ရဲ့ သိုင်းပညာ အရည်အချင်း အဆတ်တိုးတက်လာတယ်၊ မင်းတို့နဲ့ နောက်တစ်ပွဲတော့ တိုက်ရဦးမယ်'

'နောက်တစ်ပွဲ မလိုဘူး၊ အခုတစ်ပွဲနဲ့ တိုက်မယ်'

'အရှုံးအနိုင်တိုက်ဖို့ ငါအချိန်မပေးနိုင်ဘူး၊ ငါ့မှာ တခြားကိစ္စတွေ ရှိသေးတယ်'

'ဟား...ဟား...ဟား ခင်ဗျား ဉာဏ်များနဲ့၊ လက်ဝဲဘက်လက် မလှုပ်နိုင်ဘူးဆိုတာ ကျုပ်မသိဘူး ထင်နေသလား'

'ဟား...ဟား ဒီမှာကြည့်၊ ငါက ဘာဖြစ်လို့ မလှုပ်နိုင်ရမှာလဲ'

ကွန်လုံဝမ်က တဟားဟားရယ်ရင်း သူ့လက်ဝဲလက်ဝါးဖြင့် လေးငါးချက် ရိုက်ပြသွားသည်။



သို့သော် အားမပါလှပေ။

ဆန်ကွမ်းချီ၏ မျက်နှာ၌ တွေဝေသော အရိပ်အယောင်များ ပေါ်လာသည်။

'ကဲ...ငါသွားပြီဟေ့၊ ဒီနေ့အကြောင်းကို မှတ်ထားဦး၊ နောင်ကြုံတဲ့တစ်နေ့မှာ ဒီနေ့အကြောင်းအတွက် မင်းတို့နှစ်ယောက်စလုံးကို အရေခွံ ချွတ်ပြီး မီးကင်သတ်မယ်'

ကွန်လုံဝမ်သည်စကားဆုံးသည်နှင့် ချောက်ကမ်းပါးအစွန်းသို့ ပေါ့ပါးစွာ ခုန်တက်သွား၏။

ထို့နောက် ပျောက်ကွယ်သွားတော့သည်။

ယွမ်ရှောက်သည် ချောက်ကမ်းပါးပေါ်သို့ ခုန်လိုက်၏။

'ညီလေး...လိုက်နဲ့၊ ပြန်ဆင်းခဲ့'

ယွမ်ရှောက်သည် ဆန်ကွမ်းချီ၏ စကားကို မြေဝယ်မကျ နားထောင်သူဖြစ်၏။

ချောက်ကမ်းပါးပေါ်မှ ပြန်လည်ခုန်ဆင်းလာခဲ့၏။

ဆန်ကွမ်းချီသည် ပထမပိုင်း တစ်ချိန်လုံး လက်ဝဲဘက် လက်မောင်း မလှုပ်နိုင်ဘဲ နောက်ဆုံးအကြိမ်ကျမှ လှုပ်ရှားပြသွားခြင်းကို တွေးတောစဉ်းစားနေ၏။

စင်စစ် ကွန်လုံဝမ်သည် ဤဒဏ်ရာကို တစ်ရက်နှင့် ကုသရမည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ အတွင်းအားကို အားကုန်ထုတ်၍ ခက်ခက်ခဲခဲ လှုပ်ရှားပြုလိုက်ရခြင်းကြောင့် အနည်းဆုံး ရက်သတ္တပတ်မျှ ကုသရပေတော့မည်။

သူ ဒဏ်ရာရနေသည်ကို ဆန်ကွမ်းချိုတို့ မသိစေလိုသဖြင့် ဤသို့ အနာခံကာ သူ့သိက္ခာကို ဆည်သွားခြင်း ဖြစ်ပေသည်။

ပြန်လည်ခုန်ဆင်းလာသော ယွမ်ရှောက်က....

'အစ်ကိုကြီး....သူ ကျွန်တော်တို့ကို ကြောက်သွားတာ သေချာတယ်၊ ဘာဖြစ်လို့ လိုက်မသတ်တာလဲဟင်'

'မလိုက်နဲ့ ညီလေး၊ စောစောက သူ့လက်ဝါးရိုက်ချက် မိပြီး အတွင်းဒဏ်ရာရခဲ့တယ်၊ ဒဏ်ရာကို ခဏသက်သာအောင် ကုသပြီး သူ့ကို အသေသတ်မယ့်ပုံနဲ့ ဉာဏ်ဆင်တိုက်ခိုက်ရတာပဲ'

ဆန်ကွမ်းချိုသည် စိတ်လျှော့လိုက်သဖြင့် နဖူးမှ ချွေးသီး ချွေးပေါက်များ ကျလာသည်။

သူသည် တင်ပျဉ်ခွေထိုင်ကာ အတွင်းအား လေ့ကျင့်ခန်း ပြန်လည်လေ့ကျင့်ရပြန်တော့၏။

နိုင်ချစ်နော်သည် ကွန်လုံဝမ်နှင့် တွေ့စက သူမ၏စိတ်ကို ထိန်းသိမ်းနိုင်ခဲ့သော်လည်း နောက်ပိုင်း၌ ကြုံကြုံခံမထိန်းသိမ်း နိုင်တော့ပေ။

အကြောက်တရားသည် သူမကိုကြီးစိုးသွားခဲ့ပေတော့သည်။



ယခု ကွန်လုံဝမ် ထွက်ပြေး ပျောက်ကွယ်သွားသောအခါ မှ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာသည်။

ဆန်ကွမ်းချို အတွင်းဒဏ်ရာ ရသည့်အတွက်သာ ... ပူပင်ရ ကောင်းမှန်း သိလာခဲ့သည်။

'ဆန်ကွမ်းချို....ဒဏ်ရာအတော်ပြင်းသလား'

ဆန်ကွမ်းချိုက မျက်လုံးများဖွင့်ကြည့်ပြီး ခေါင်းခါ၏။

'သိပ်မပြင်းပါဘူး၊ ကွန်လုံဝမ်က နှလုံးခြေလက်ဝါးနဲ့ရိုက် သွားတယ်၊ကျုပ်က မစဉ်းမစား ထိပ်တိုက်ခံလိုက်မိလို့ အသည်း နှလုံးတွေ တုန်ခါသွားတာပါ၊ နည်းနည်းနားလိုက်ရင်ပျောက် သွားမှာပါ'

ဆန်ကွမ်းချိုသည် ထိုမျှသာပြောပြီး မျက်လုံးများ ပြန်မှိတ် သွားလေတော့၏။

ယွမ်ရှောက်သည် သူ့အစ်ကိုကြီးဘေး၌စိုးရိမ်စွာထိုင်စောင့် နေ၏။

နိုင်ချစ်နော်က....

'ယွမ်ရှောက်၊ ရှင့်အစ်ကိုကြီးကို ကျွန်မ ဆေးကုပေးမယ် ရှင် ကင်းစောင့်ပေးပါလား'

ဆန်ကွမ်းချိုက တားမြစ်လိုသည်။

တားမြစ်မှ ပို၍ရှုပ်ထွေးကုန်မည်စိုးသဖြင့် ငြိမ်နေလိုက်ရပြန် သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက်သည် သူ့အစ်ကိုကြီးကို တစ်ချက်ကြည့်ကာ ကိုက်ဖာစ်ရာအကွာအဝေးသို့ ထွက်ခွာသွားလေ၏။

ဆန်ကွမ်းချီက သက်ပြင်းချ၍....

'နိုင်ချစ်နော်၊ ကျုပ်ဒဏ်ရာမပြင်းထန်ပါဘူး၊ အကွင်းအား လေကျင့်လိုက်ရင် သက်သာသွားမှာပါ'

'ကျွန်မသိတယ်၊ ကျွန်မတို့ ကိုယ်ရေးကိုယ်တာကိစ္စ ပြောချင်လို့ သူ့ကို တမင် အဝေးလွှတ်လိုက်တာပဲ'

ဆန်ကွမ်းချီမှာ တစ်ခေါင်းလုံး ထူပူသွားသည်။

'ကျုပ်တို့မှာ ဘာပြောစရာရှိလို့လဲဗျာ'

'ရှင့်မှာ ဘာမှပြောစရာမရှိဘူးလား'

'မရှိပါဘူး'

'တကယ်လား'

နိုင်ချစ်နော်၏ အော်သံက စူးရှစွာ ထွက်ပေါ်လာ၏။

ဆန်ကွမ်းချီသည် နိုင်ချစ်နော် စိတ်ဆိုးပြီးထွက်သွားမည်ကို အလွန် စိုးရိမ်မိသဖြင့် ခပ်တိုးတိုး ပြောသည်။

'ခင်ဗျားနဲ့ ကျုပ်ညီ သဘောချင်း ကိုက်ညီသွားပြီလို့ ထင်ထားတာပဲဗျာ'

'ဘာဖြစ်လို့ သဘောထားချင်း ကိုက်ညီရမှာလဲ၊ ရှင့်ညီကို ကျွန်မရဲ့အကြောင်းဖော်အဖြစ် မသတ်မှတ်နိုင်ဘူးရှင့်'



'ခင်ဗျားတို့ ခြောက်လလောက် အတူသွားအတူစားလုပ်ခဲ့ကြတာပဲ၊ ကျုပ်စိတ်ထင်....'

'ဟော်ဇမ်းပါ၊ သိုင်းလောကထဲမှာ ဒီလိုသွားတာလာတာ အဆန်းမဟုတ်ပါဘူး၊ ရှင့်ညီနဲ့ကျွန်မတို့က လက်ဖျားချင်းတောင် ထိခဲ့တာမဟုတ်ဘူး'

'သူက ခင်ဗျားကို သိပ်ချစ်ရှာပါတယ်'

'ကျွန်မက သူ့ကို မချစ်ဘူး၊ အဲဒါကိုတော့ ရှင်သိထားပါ၊ ကျွန်မက သူများလို အိုးပုန်း လုပ်တတ်တဲ့သူ မဟုတ်ဘူး၊ စိတ်ထဲရှိတာကို ရှင်းရှင်းနဲ့ဘွင်းဘွင်းပဲ ပြောတတ်တယ်'

ဆန်ကွမ်းချီ အိုးပုန်းလုပ်နေခြင်းမှာ ယွမ်ရှောက်အား ညှာတာပြီး အိုးပုန်းလုပ်နေခြင်းသာ ဖြစ်သည်။

ဆန်ကွမ်းချီ၏ စိတ်သဘောမှာ အခြားသူ စိတ်ဆင်းရဲသည့်အစား သူသာ စိတ်ဆင်းရဲခံမည်ဟု မြင့်မြတ်သူများ၏ ပတ်သဘောထားမျိုး ဖြစ်သည်။

ထိုအချက်ကို နိုင်ချစ်နော် သဘောမပေါက်ပေ။

နိုင်ချစ်နော်က....

'ကျွန်မ သူ့ကို မချစ်ဘူးဆိုတဲ့ အကြောင်း ခုပဲ ဖွင့်ပြောလိုက်ရမလား'

ဆန်ကွမ်းချီက ကမန်းကတန်းတားဆီးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'မ...မလုပ်ပါနဲ့၊ အားလုံး စိတ်ဆင်းရဲစရာ ဖြစ်ကုန်ပါလိမ့်မယ်'

'ကျွန်မ စိတ်ဆင်းရဲရတာ ဖြစ်နေတာကိုတော့ ရှင့်ကြည့်ရက်သလား'

ဆန်ကွမ်းချီမှာ မည်သည့်အရာကို ဆုံးဖြတ်ရမှန်းမသိအောင် စိတ်များ ရှုပ်ထွေးနောက်ကျိသွားလေတော့၏။

ထိုစဉ် ယွမ်ရှောက်က အော်သံပေး၍ ပြေးဝင်လာလေ၏။

'လူလာနေပြီ အစ်ကိုကြီး၊ ကျွန်တော် ထွက်တားရမလား'

ယွမ်ရှောက်သည် နိုင်ချစ်နော်နှင့် ဆန်ကွမ်းချီတို့၏ အခြေအနေကို လုံးဝရိပ်မိခြင်းမရှိပေ။

လူတောသူတော်ထဲနေခဲ့ရသူမဟုတ်၍ လူရိပ်လူကဲကိုလည်း သူမသိရှိပေ။

ဆန်ကွမ်းချီသည် ရိုးသား ဖြူစင်လှသော ယွမ်ရှောက်၏ မျက်နှာကိုကြည့်၍ သက်ပြင်းရှည်ကြီး ချမိလေ၏။

'ဘယ်သူလာလဲ ညီလေး'

'ကျွန်တော်တော့မသိဘူး၊ ကွန်လုံဝမ်လဲမဟုတ်ဘူး၊ ကျိန်းကျိုက်သားတွေလဲမဟုတ်ဘူး၊ အစ်ကိုကြီးဒက်ရာ မသက်သာရင် ကျွန်တော် ထွက်တားလိုက်ပါ့မယ်'

'နေပါစေ၊ ငါ သက်သာပါတယ်'



ဆန်ကွမ်းချီသည် နိုင်ချစ်နော်၏မျက်နှာကို မကြည့်မိအောင် ကြိုးစားပြီး ထိုင်ရာမှထလေ၏။

'ဘယ်သူလဲဆိုတာ ငါကြည့်မယ်၊ အဲဒီလူဘယ်မှာလဲ'

'ဟိုဘက် သစ်တောထဲမှာ ညာဘက်က သစ်ပင်တွေကြားထဲမှာ လာနေတယ်'

ဆန်ကွမ်းချီသည် ယွမ်ရှောက်၏ နောက်မှလိုက်သည်။

နိုင်ချစ်နော်သည်း ထက်ကြပ်မကွာ လိုက်ရလေတော့၏။

သူတို့သုံးယောက်သည် ညာဘက် သစ်တောထဲသို့ ရောက်ရှိသွားကြ၏။

ထိုသစ်တောမှာ တောင်ကမ်းပါးယံတစ်ခု၌ ကပ်ပေါက်နေသည့် သစ်တောဖြစ်ရာ ရှေ့ဆက်သွား၍မရတော့ပေ။

ယွမ်ရှောက်သည် တောင်ကမ်းပါးယံအစပ်မှနေ၍ အောက်ခြေရှိသစ်ပင်များအကြားသို့ လှမ်းကြည့်နေ၏။

'ညီလေး...မင်းတွေ့တာ လူဟုတ်ရဲ့လား'

'ဟုတ်ပါတယ် အစ်ကိုကြီးရဲ့၊ လူ...လူ...အို... မဟုတ်သေးပါဘူး၊ အဝါရောင်လား အနီရောင်လား ဝတ်ထားတယ်၊ အဲဒီအရောင်တွေကို ကျွန်တော်မခွဲတတ်ဘူး'

ဆန်ကွမ်းချီသည် ချက်ချင်း သဘောပေါက်သွားလေ၏၊

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ဘုန်းကြီးတစ်ပါးပါး ဖြစ်လိမ့်မယ်၊ သိုင်းပညာ တတ်တဲ့ တရုတ်ဘုန်းကြီးမှသာ ဒီချောက်ကမ်းပါးပေါ်ကနေ ခက်ခက်ခဲခဲ ဆင်းနိုင်မှာ၊ ဒီနားမှာတော့ ဘယ်ဘုရားကျောင်းမှ မရှိဘူး၊ တရုတ်ဘုန်းကြီးကို တွေ့တာ အံ့သြစရာပဲ၊ ညီလေးများ အမြင်မှားသလား'

ယွမ်ရှောက်က ခေါင်းခါ၏။

'အစ်ကိုကြီးလဲ သိသားပဲ၊ ကျွန်တော့်မျက်စိက သိပ်ကောင်းတယ်လေ၊ ဒီတရုတ်ဘုန်းကြီးဟာ ဒီတောင်ကမ်းပါးယံကနေ အောက်ဘက် သစ်တောထဲ ဆင်းသွားလိမ့်မယ်၊ ဒါကြောင့် သူ့ကို မတွေ့တော့တာ'

နိုင်ချစ်နော်က ဝင်ပြော၏။

'ကျွန်မသိထားတာ တစ်ခုရှိတယ်၊ ကျွန်လုံဝမ်ဆီမှာ တိဗက် ဘုန်းကြီးမိတ်ဆွေတွေရှိတယ်၊ နန်းတွင်းအဆောင်မြင့် သိုင်းသမား ဘုန်းကြီးတွေပဲ၊ သူတို့လူမျိုးဆိုရင် သိပ်မြီးကူညီတတ်ကြတယ်'

ဆန်ကွမ်းချီက ခေါင်းညိတ်၏။

'ဖြစ်နိုင်တယ်၊ တိဗက်ဘုန်းကြီးပဲ ဖြစ်ဖို့များတယ်၊ တက် ဆရာတော်ကတော့ အခုလိုတစ်ပါးတည်း လျှောက်သွားနေမှာ မဟုတ်ဘူး၊ ဖန်မုံဆရာတော်ကတော့ ရှောင်လင်ကျောင်းက ပြန်သွားပြီ'

နိုင်ချစ်နော်က....



'တခြား ရှောင်လင် ဘုန်းတော်ကြီးတွေတော့ မဖြစ်နိုင် ဘူးလား'

ဆန်ကွမ်းချီသည် အတန်ကြာမျှ တွေဝေစဉ်းစားနေ၏။

ထို့နောက် ခေါင်းညိတ်ပြ၏။

'ဖြစ်နိုင်စရာလဲ ရှိတာပဲ၊ ကျွန်လုံဝမ်ဟာ ရှောင်လင်ကျောင်း က တရုတ် ဘုန်းတော်ကြီးတစ်ပါးကို သတ်သွားတယ်လို့ အခု ရှိတယ်၊ ရှောင်လင်ကျောင်းတော်ဟာ ဒီသစ္စာဖောက်ကို ဘယ် တော့မှ ခွင့်မလွှတ်ဘူး၊ ကမ္ဘာဆုံးတဲ့အထိ လိုက်ရှာမှာ သေချာ တယ်၊ အပြစ်ဒဏ်ပေးပြီးမှ သူတို့ စိတ်ကျေနပ်ကြလိမ့်မယ်'

နိုင်ချစ်နော်က....

'တိဗက်ဘုန်းကြီးပဲ ဖြစ်ဖြစ်၊ တရုတ်ဘုန်းကြီးပဲ ဖြစ်ဖြ ...က်းချုပ်ကြီး အိုယန်ထုံဆီ သတင်းပို့ထားရင်တော့ ကောင်း ...ယ်နဲ့တူတယ်၊ ကျွန်မတို့လဲ သတိထားမှ ဖြစ်လိမ့်မယ်'

'သတင်းပို့ထယ်ဆိုရင် ကျုပ်တို့ထဲက တစ်ယောက်ယောက် ...နီသွားရမှာပေါ့'

'မလိုပါဘူး၊ ဒီတောင်ကြောတွေမှာ ကင်းစခန်းတွေ အများ ...ကြီး ရှိနေတာမဟုတ်လား၊ အဆင့်ဆင့် သတင်းပို့လိုက်ရင် ...တာပဲ'

ချောက်ကမ်းပါးအောက်သို့ စူးစိုက်ကြည့်နေသည့် ယွမ် ရှောက်ထံမှ အော်သံကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'အောက်မှာ....အောက်မှာ....လူ....လူ'

နိုင်ချစ်နေဘ်နှင့် ဆန်ကျွမ်းချီတို့သည် ယွမ်ရှောက်ညွှန်ပြသည့် နေရာသို့ အရေးတကြီး လှမ်းကြည့်လိုက်ကြလေ၏။ သစ်ပင်များနှင့် ကွယ်သွားပြီဖြစ်၍ လူလော ဘုန်းကြီးလော ဆိုသည့် အချက်ကို ကွဲကွဲပြားပြား မသိလိုက်ရပြန်ပေ။

## အခန်း (၁၃၄)

## ရွှေခင်ထင် ဆရာတော်လေးပါး ရှောက်ရှိလာခြင်း

'ဆင်းလိုက်သွားမလား'

ယွမ်ရှောက်က နိုင်ချစ်နေဘ်ထံမှ သဘောထား တောင်းခံသလိုလို ဆန်ကျွမ်းချီထံမှ သဘောထား တောင်းခံသလို လှမ်း၍ မေးခဲ့လေ၏။

နိုင်ချစ်နေဘ်က အဆုံးအဖြတ်ပေးသည်။

'လိုက်ရမယ်၊ ဒါပေမယ့် တွေ့တွေ့ချင်း ဟိုက်သွားနိုင်လား ဘာမှ မလုပ်ရဘူး'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နေဘ်၏ အမိန့်ကို ဖီဆန်နိုင်သူမှာ ယွမ်ရှောက်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ယွမ်ရှောက်သည် ကျွန်လု ဂိုဏ်းသား မဟုတ်သောကြောင့်တည်း။

သို့သော် ယွမ်ရှောက်မှာ အချစ်၏ကျေးကျွန် ဖြစ်နေသဖြင့် ကျွန်လုဂိုဏ်းသားတို့ထက်ပင် နိုင်ချစ်နေဘ်၏ အမိန့်ကို မြေဝယ်မကျ နားထောင်မည့်သူ ဖြစ်နေ၏။

'ကျွန်တော် အယ်တုန်းကများ အစ်မလေးရဲ့ စကားတွေကို ဆန့်ကျင်ပြီး လုပ်ခဲ့လို့လဲဗျာ'

ယွမ်ရှောက်၏ စကားသံမှာ ရင်နာဖွယ်ဖြစ်နေ၏။

နိုင်ချစ်နေဘ်သည် ဘာဆက်ပြောရမည်မှန်း မသိဘဲဖြစ်သွား၏။

အတန်ကြာမှ....

'ဟုတ်ပါတယ်လေ၊ ကျွန်မက စိတ်စောသွားလို့ပါ၊ ရှင်က ကျွန်မစကားကို အမြဲတမ်း နားထောင်ခဲ့တာပဲ'

ယွမ်ရှောက် စိတ်ကျေနပ်သွား၏။

သူသည် ချောက်ကမ်းပါးပေါ်မှ ခက်ခက်ခဲခဲဆင်းသွား၏။

'သတိထားပြီးဆင်း ညီလေး'

ဆန်ကွမ်းချီက အော်ဟစ် သတိပေးလေ၏။



ဆန်ကွမ်းချီက နိုင်ချစ်နေဘ်အား လှည့်ပြောသည်။

'ကျုပ်တို့လဲ ဆင်းမှ နို့မို့ ရင် သူ့ ကိုမမီဘဲ ဖြစ်နေပါမယ်'

'ဆင်းလေ'

ဆန်ကွမ်းချီက ဦးဆောင်ဆင်း၏။

အမြင့်၌ ခက်ခဲသော်လည်း တကယ်ဆင်းသောအခါ တွင် သလောက် မခက်ခဲကြောင်း တွေ့ကြရသည်။

ချောက်ကမ်းပါးအောက်ရှိ သစ်တောများအတွင်းရောက်ရှိ ချိန်မှာပင် ယွမ်ရှောက်၏ အော်သံကို ကြားလိုက်ရလေ၏။

'ရုပ်လိုက်'

ဆန်ကွမ်းချီသည် နိုင်ချစ်နေဘ်၏ လက်ကိုဆွဲကာ အမြန် တလေးလိုက်သွား၏။

ယွမ်ရှောက်နှင့် အမည်မသိလူတို့ မတော်တဆ ခိုက်ရန်ဖြစ် သွားမည်ကို စိုးရိမ်၍ ဖြစ်ပေသည်။

ယွမ်ရှောက်၏ရှေ့တွင် တရုတ်ဘုန်းတော်ကြီး တစ်ပါးကို တွေ့ရပြီး သူ၏လက်ဝါးအစ်ဖက်ကို ရင်ဘတ်ရှေ့၌ ထောင် ထား၏။

'ဒကာတော်က ကျွန်လုဂိုဏ်းကလား'

'ကျုပ်က ခင်ဗျားကိုမမေးရသေးဘူး၊ ခင်ဗျားက ကျုပ်ကို ပြန်မေးနေရသလား'

www.burmeseclassic.com



ယွမ်ရှောက်သည် လူပြောဟက်သလို ပြန်ပြောနေ၏။

ဆန်ကွမ်းချီသည် ယွမ်ရှောက်အားသို့ အပြေးအလွှားရောက်ရှိသွားသည်။

လက်အုပ်ချီကါ ဂါရဝပြုပြီး တရုတ်ဘုန်းကြီးအား မေးလျှောက်လေ၏။

'ဆရာတော် ဘယ်က ကြွလာတာပါလဲ'

'ကျုပ်က ရှောင်လင်ကျောင်းတော်ကပါ'

'ရှောင်လင်ကျောင်းတော်ကဆိုရင် တပည့်တော်တို့ ဦးညွှတ်ဂါရဝပြုပါတယ် ဘုရား'

'ဒကာတော်က ကျွန်လုဂိုဏ်းကလား၊ ဒကာတော်ရဲ့ ဝတ်စုံကတော့ ကျွန်လုဂိုဏ်းရဲ့ ဝတ်စုံ မဟုတ်ပေဘူး၊ အပေါက်အပြဲအဖာအထေး မပါတဲ့ သန့်သန့်ရှင်းရှင်း ဝတ်တယ်ဆိုတဲ့ ကျွန်လုဂိုဏ်းသားကိုတော့ ကျုပ် မမြင်ဖူးသေးဘူး'

ဆန်ကွမ်းချီသည် သူ့အနေအထားကို ရှင်းပြမည် ဆိုပါက အလွန်ရှည်ဝေးစွာ ရှင်းပြရမည် ဖြစ်သဖြင့် တိုတိုနှင့်လိုရင်းကိုသာ မေးလိုက်သည်။

'ဆရာတော်က ဘယ်သူနဲ့ တွေ့ချင်လို့လဲဘုရား'

'ဂိုဏ်းချုပ်ကြီး အိုယန်တုနဲ့ တွေ့ချင်ပါတယ်'

'ဪ...ဂိုဏ်းချုပ်ကြီးနဲ့ကိုး'



'ဒကာတော် စီစဉ်ပေးနိုင်မလား'

'ဆရာတော်ရဲ့ ဘွဲ့အမည်ကို သိရဘူးလား'

'သိရပါတယ်၊ စီမုပါ'

'ရှောင်လင်ကျောင်းတော်မှာတော့ ဆရာတော်ဟာ အမတ်အသင့် တာဝန်ရှိတယ်လို့ ထင်ပါတယ်'

ဆန်ကွမ်းချီက စီမုဆရာတော်၏ ရာထူးအဆင့်ကို သွယ်ဝိုက်၍ မေးမြန်းခြင်း ဖြစ်သည်။ စီမုဆရာတော်ကလည်း သဘော ပေါက်သည်။

'ကျုပ်က ဂိုဏ်းချုပ်ဆရာတော်ကြီးရဲ့ အပါးတော်မြဲ ဖြစ်ပါတယ်'

'အို...တကယ့် ဆရာတော်နဲ့ လာတွေ့နေရတာကိုး၊ တွေ့ရတာ ဝမ်းသာပါတယ် ဘုရား၊ ဒါယက် ဆရာတော် တစ်ပါးတည်း ကြွလာပါသလား'

'မဟုတ်ပါဘူး၊ ကျုပ်ပါဆိုရင် လေးပါး ကြွလာတာပါ၊ သူတစ်ပါးရဲ့ ပိုင်နက်နယ်မြေထဲ ဝင်လာတာဆိုတော့ သတိထားရတယ်လေ၊ လေးပါးစလုံး ရင်ပေါင်တန်း ဝင်လာရင် နယ်မြေတွေက တစ်မျိုးမြင်နိုင်တယ်၊ အထင်အမြင်မမှားအောင် ကျွန်တဲ့ သုံးပါးကို နောက်ချန်ပြီး ကျုပ်က ရှေ့က ဦးဆောင်ဝင်လာတာပါ'

'ဪ...အမြော်အမြင် ကြီးပါပေတယ်၊ ဆရာတော်ရဲ့ အဖော်တွေကို အခု ခေါ်ထုတ်လို့ရနိုင်ပါသလားဘုရား၊ တပည့်တော်တို့က အရှင်ဘုရားတို့ရဲ့ ရန်သူတွေ မဟုတ်ပါဘူး'

www.burmeseclassic.com



စိမ့်ဆရာတော်က ခေါင်းညိတ်၏။

'လှယ်ပါတယ်၊ သူဘိုက ဒီပတ်ဝန်းကျင်မှာရှိနေတာပဲဥစ္စာ၊ မြောင်း...မြောင်း...မြောင်း'

စိမ့်ဆရာတော်သည် စကားဆုံးသည်နှင့် လက်ခုပ်သံသုံးချက် တီးလိုက်လေ၏။

ဆရာတော်၏ လက်ခုပ်သံသည် တောထဲ၌ ပဲ့တင်ထပ်သွားသည်။

ခပ်လှမ်းလှမ်းရှိ သစ်ပင်များအကြားမှ တရုတ်ဘုန်းတော်ကြီး သုံးပါးထွက်လာကြသည်။

နိုင်ချစ်နော်သည် ဆန်ကွမ်းချီတို့၏ အနောက်ဘက်ခပ်လှမ်းလှမ်းမှရပ်ကာ အကဲခတ်နေသည်။ ဆန်ကွမ်းချီနှင့် တရုတ်ဘုန်းကြီးတို့ အပြန်အလှန် စကားပြောနေချိန်တွင် လုံးဝ ဝင်စွက်ခြင်းမရှိပေ။

တရုတ်ဘုန်းတော်ကြီး သုံးပါး အနီးသို့ ရောက်လာသောအခါ ဆန်ကွမ်းချီက လက်အုပ်ချီ၍ ကန်တော့လေ၏။

ယွမ်ရွှောက်ကလည်း ဆန်ကွမ်းချီပြုမူသည့်အတိုင်း လိုက်လုပ်သည်။

'ဆရာတော်တို့ကို တပည့်တော် ဂါရဝ ပြုပါတယ်ဘုရား တောထဲအောင်းနေတဲ့အတွက် ထိုက်သင့်တဲ့ ဥဩ့ဝတ် မပြုနိုင်တာကို ခွင့်လွှတ်ပါ'



ရှောင်လင် ဘုန်းတော်ကြီးများက အရေးမကြီးကြောင်း လက်ပြ၍ အချက်ပြကြ၏။

ဆန်ကွမ်းချီသည် စိမ့်ဆရာတော်အားပြန်လည်မေးလျှောက် လေ၏။

'ဆရာတော့်အနေနဲ့ ပြောကြားစရာကိစ္စများ ရှိပါသလား၊ တပည့်တော်ကို ပြောကြားရင် တပည့်တော်ဘက်က ဂိုဏ်းချုပ်ကြီး အိုယန်ထုဆီ အကြောင်းကြားပေးပါမယ်ဘုရား'

စိမ့်ဆရာတော်က ခေါင်းခါ၏။

'မဖြစ်ပါဘူး၊ ကျုပ်ကိုသာ ဂိုဏ်းချုပ်ကြီး အိုယန်ထုဆီ ပို့ပေးပါ'

'တပည့်တော်ပို့ပေးချင်ပါတယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီး အိုယန်ထုရဲ့ လက်ထဲကို စာတစ်စောင်ထည့်ပေးရုံမှာ ဖြစ်ပါတယ်'

'တပည့်တော်ကတစ်ဆင့် ပေးရင်ကော'

စိမ့်ဆရာတော်၏ဘေးမှ ဆရာတော်တစ်ပါးက စိတ်မရှည်သံဖြင့် ဝင်ပြောလိုက်လေ၏။

'တယ်လျှာရှည်တဲ့ကောင်ပဲ၊ ကျုပ်တို့ပြောသလို ဆောင်ရွက်ပေးမှပေါ့'

စိမ့်ဆရာတော်က ပြေပြစ်စွာဝင်ဖြေ၏။

www.burmeseclassic.com

www.burmeseclassic.com



'သည်းခံပါဒကာမတော်၊ ကျုပ်တို့က ဂိုဏ်းချုပ်ဆရာတော်ကြီးရဲ့အမိန့်ကို တစ်သံခြည်ကလေး သွေဖည်ပြီး မဆောင်ရွက်ရဲပါဘူး၊ ကျုပ်ကိုယ်တိုင် ဂိုဏ်းချုပ်ကြီးရဲ့ လက်လဲကို စာထည့်ပေးမှ ကျုပ်တာဝန်ကျေပါလိမ့်မယ်'

ဆန်ကွမ်းချိုသည် ကျွန်လုဂိုဏ်း၌ သူ့ထက်အာဏာပိုင်ရှိသည့် နိုင်ချစ်နေဘ်အား သတိရလာသဖြင့် လှည့်ကြည့်မိ၏။

'နိုင်ချစ်နေဘ်....အခုရောက်နေတာ ရွှေဉ်လင် မကျောင်းက ဆရာတော်လေးပါးပါ၊ ဒီကိစ္စကို လာဖြေရှင်းပေးပါဦး'

စိမုဆရာတော်က....

'ဒီဒကာမလေးက ဘယ်ကလဲ'

ဆန်ကွမ်းချိုက ရှိသေစွာ ဖြေသည်။

'သူက ကျွန်လုဂိုဏ်းရဲ့ တိုက်ခိုက်ရေးနည်းပညာမှူး ပညာရှိထန်ရွှင်ရဲ့နေရာကို ဆက်ခံတဲ့လူပါ'

'ဩော်'

စိမုဆရာတော် အံ့ဩသွားသည်။

နိုင်ချစ်နေဘ် ရောက်လာသည့်အခါ စိမုဆရာတော်က မိတ်ဆက်စကား ပြောကြားလေ၏။

'ကျုပ်က စိမုဆရာတော်ပါ၊ သူက ချီမုဆရာတော်၊ သူက ဖွမုဆရာတော်၊ သူက ရှင်မုဆရာတော်ပါ'



နိုင်ချစ်နေဘ်က လက်အုပ်ချီကန်တော့ပြီး....

'တပည့်တော်မကတော့ နိုင်ချစ်နေဘ်ပါ၊ ကျွန်လုဂိုဏ်းရဲ့ တိုက်ခိုက်ရေး နည်းပညာမှူးပါပဲ'

'ကျုပ်တို့သိပ်ဝမ်းသာပါတယ်၊ စောစောကကိစ္စကိုဆက်ကြရအောင်၊ ဂိုဏ်းချုပ်ကြီးအိုယန်ထုနဲ့ ကျုပ်တို့ တွေ့နိုင်အောင် စီစဉ်ပေးစေချင်ပါတယ်'

နိုင်ချစ်နေဘ်က စဉ်းစဉ်းစားစား ဖြေ၏။

'အရှင်ဘုရားတို့ ဒီကပဲစောင့်ပါ၊ တွေ့နိုင်အောင် တပည့်တော်စီစဉ်ပေးပါ့မယ်'

ဆရာတော်လေးပါးမှာ ကသိကအောင့် ဖြစ်သွားကြ၏။ သို့ဝတ်မကျေမှန်သော တိုက်ခိုက်ရေး နည်းပညာမှူးဆိုသည့် မိန်းကလေးကိုလည်း စိတ်ကွက်သွားကြသည်။

'ဒကာမလေး၊ ကျုပ်တို့အဖို့ သိပ်အရေးကြီးပါတယ်၊ ဒီမှာ စောင့်ရမယ်ဆိုတာ ကျုပ်တို့ကို လေးစားရာ မရောက်ပါဘူး၊ ဒကာမလေးတို့လဲ သို့ဝတ်ကျေရာမကျပါဘူး'

နိုင်ချစ်နေဘ်က ခေါင်းညိတ်၏။

'မှန်ပါတယ်ဆရာတော်၊ ဒါပေမယ့် အခု ဒီမှာ ဖြစ်နေတဲ့ အခြေအနေက သာမန်အေးချမ်းတဲ့ အခြေအနေမဟုတ်ပါဘူး၊ ကျွန်လုံဝမ်ရဲ့ တပ်သားတွေနဲ့ ကျွန်လု ဂိုဏ်းသား တွေဟာ တစ်ယောက်ရဲ့အသက် တစ်ယောက်စောင့်နေကြပါတယ်၊ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ကိုဂိုဏ်းချုပ်ကြီးအိုယန်ထု ဆီကို ခေါ်သွားဖို့ကိစ္စဟာ တပည့်တော်မတို့အတွက် အတော် စဉ်းစဉ်းစားစား လုပ်ရမယ့် ကိစ္စဖြစ်နေပါတယ်'

ဆန်ကွမ်းချီသည် နိုင်ချစ်နော်၏ အမြော်အမြင် ကြီးမှုကို ချီးကျူးမိ၏။

စိမုဆရာတော်က....

'ကောင်းပြီ၊ ချုပ်တို့စောင့်မယ်၊ ဂိုဏ်းချုပ်ကြီး အိုယန်ထု ကိုသာ ခေါ်ပေးပါတော့'

'ကောင်းပါပြီ၊ ဒါကိုတော့ တပည့်တော် ဆောင်ရွက်ပေး နိုင်ပါတယ်'

သူမသည် ဆန်ကွမ်းချီအား လှည့်၍ အမိန့်ပေးလေ၏။

'ဆန်ကွမ်းချီ ဒီပတ်ဝန်းကျင်မှာ ကျုန်လုဂိုဏ်းရဲ့ ကင်းပုန်း တွေရှိပါတယ်၊ သူတို့ကိုရှာပြီး ဂိုဏ်းချုပ်ကြီး ဒီကိုလာဖို့အချက် ပြ ဆောင်းပန်ခိုင်းလိုက်ပါ'

ဆန်ကွမ်းချီသည် ချောက်ကမ်းပါးပေါ်သို့ ပြန်တက်ရတော့၏။ ကင်းပုန်းများကိုမည်သို့ရှာရမည်နည်းဟု တွေးနေမိ၏။

အတန်ကြာမှ....

'ကျုန်လုဂိုဏ်းက ကင်းတွေ'

ဆန်ကွမ်းချီအော်သံသည် လေထဲတွင် လွင့်ပျံသွား၏။



အလွန်တရာကြီးမားသော ထင်းရှူးပင်ကြီးပေါ်မှ ခုန်ချလာကြ၏။ လက်ဝဲရုံလူငယ်နှင့် လက်ယာရုံလူငယ်မှာ ကုန်သည်၊ ဆန်ကွမ်းချီမှာ အလွန်ဘရော ဝမ်းသာသွားကြီးနှင့်အစ်ကို

'အစ်ကိုကြီး ဘာများ အလိုရှိလို့ပါလဲ' တိုက်နေကြတဲ့ ကြည့်ရှုနေခဲ့

ဆန်ကွမ်းချီက အခြေအနေကို ရှင်းပြလိုက်၏။

'အခုလောလောဆယ် ဂိုဏ်းချုပ်ကြီး အိုယန်ထု ဆီကိုဆက် သွယ်ပေးကြပါ၊ ဒီကိုကြွလာဖို့လဲပင့်ဖိတ်လိုက်ကြပါ၊ ချောင်လဲ ကျောင်းက ညီသည်တွေက သိပ်စိတ်ရှည်ပုံမရဘူး၊တော်ကြာ ခိုက်ရန်ဖြစ်ပွားဦးမယ်'

'စိတ်ချပါ၊ ကျွန်တော်တို့ ခုပဲ ဆက်သွယ်လိုက်ပါ့မယ်'

လက်ဝဲရုံလူငယ်သည် တုတ်တစ်ချောင်းကိုဆွဲထုတ်ပြီး ခြောက် သွေ့နေသော သစ်ပင်ကြီးတစ်ပင်၏ပင်စည်သို့ တစ်ချက်ခေါက် လိုက် နားလိုက်၊ သုံးချက်ခေါက်လိုက်နားလိုက်ဖြင့် တုံးမောင်း သံဖြင့် အချက်ပေးလေ၏။ အဝေးဆီမှသည်း ထိုကဲ့သို့ စည်း ချက်ဝါးချက်ကျကျ တုံးမောင်းခေါက်သံ ပေါ်လာသည်။

ကျုန်လုဂိုဏ်းသည် မပြေးလွှားဘဲနှင့် သတင်းပို့ရန် ကြိုတင် စီစဉ်ထားပြီးဖြစ်နေပေ၏။

ထိုတုံးမောင်းခေါက်သံသည် ဆက်ကာဆက်ကာ ပေါ်လာ သောအခါမှ လက်ဝဲရုံလူငယ်က သူ၏ တုံးမောင်း ခေါက် ခြင်းကို ရပ်ဆိုင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


၁၈၈ ကွမ်းချိုက ပြုံး၍ပြောသည်။

ဒီတို့ကို အဘောင်ဆင့် တွေ့လိုက်ရတာ ငါ့အဖို့ သိပ်ပြီး တော်တို့ကို ...တယ်၊ မင်းတို့ကို မတွေ့ချင် ဂိုဏ်းချုပ်ကြီးဆီ ကပည့်တော် ပြီးသတင်းပို့ရမှာ သေချာတယ်'

ကိစ္စဖြစ်နေပ ...ရုံးလူငယ်က ရိုသေလေးစားစွာ ပြော၏။

ဆန်း ...ဟင်း....ဟင်း....ဒီလိုလဲ မဟုတ်ပါဘူး ကျွန်တော် တို့က ဗိပတ်ဝန်းကျင်မှာ ကင်းစောင့်နေရတာ ကြာပါပြီ၊ ကျွန်တော် တို့ ဂိုဏ်းသား ဆယ့်နှစ်ယောက်တောင် ဒီနားပတ်ဝန်းကျင်မှာ ရှိပါတယ်'

ဆန်ကွမ်းချို၏ စိတ်ထဲ၌ တစ်မျိုးဖြစ်သွား၏။ ကွန်လုံဝမ် ကဲ့သို့သော ရန်သူကြီးတစ်ယောက် ထိုးဖောက် လာခြင်းကို မင်းတို့ မသိကြပေဘူးလားဟု မေးလိုက်ချင်သည်။

'ဟုတ်လား၊ မင်းတို့ ဒီက ဆယ့်နှစ်ယောက်တောင် ကင်း စောင့်နေကြတာလား'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့က ခေါင်းဆောင်တွေမပေါ့ အစ်ကိုကြီး ဆန်ကွမ်းချို့ရဲ့ သိုင်းပညာထက်မြက်မှုကို ကိုယ်တွေ့ မျက်မြင် တွေ့လိုက်ရတော့ အင်မတန်ထဲ ချီးကျူးမိပါတယ် ခင်ဗျာ'

'ဟင်'

'အစ်ကိုကြီးရဲ့ညီတော်တာလဲ သိုင်းပညာတကယ်တော်တာပဲ ကိုး၊ ကျွန်တော်တို့ တကယ့်ကို လေးစားမိပါတယ်ခင်ဗျာ'

'မင်း....မင်းတို့....'

'ဟုတ်ပါတယ်၊ ကွန်လုံဝမ် ရောက်ရှိနေတဲ့အချိန်မှာ ကျွန် တော်တို့ ဒီပတ်ဝန်းကျင်မှာ ရှိနေပါတယ် အစ်ကိုကြီးနဲ့အစ်ကို ကြီးရဲ့ ညီတော်နှစ်ယောက် ကွန်လုံဝမ်ကို ပိုင်းတိုက်နေကြတဲ့ တိုက်ပွဲကို ကျွန်တော်တို့ ရင်သပ်ရှုမောအံ့သြစွာ ကြည့်ရှုခဲ့ ရပါတယ်'

ဆန်ကွမ်းချိုသည် လူငယ်နှစ်ဦးအား အဖြစ်မှန်နိုင်တော့ ပေ။

'မင်းတို့ ဘာဖြစ်လို့ ဂိုဏ်းချုပ်ကြီးဆီ အကြောင်းမကြား တာလဲ၊ အဲဒီအချိန်မှာ ငါတို့အနေနဲ့ ကွန်လုံဝမ်ကို ဝိုင်းဖမ်း သင့်တယ်'

'ကျွန်တော်တို့စိတ်ထဲမှာ အစ်ကိုကြီးနဲ့ အစ်ကိုကြီးရဲ့ညီတော် နှစ်ယောက်တည်းနဲ့ ကွန်လုံဝမ်ကို သုတ်သင်နိုင်လိမ့်မယ်လို့ ထင်ခဲ့ ပါတယ်၊ ကွန်လုံဝမ်ရဲ့လက်တစ်ဖက်တောင် ဒဏ်ရာရသွားတယ် မဟုတ်လား'

ဆန်ကွမ်းချိုသည် ထိုအချက်ကိုသံသယရှိနေသူဖြစ်၍ချက်ချင်း ပင် မေးသည်။

'ဒါပေမယ့် သူ့ လက်ဝဲဘက်လက်ကို လှုပ်ပြသွားတယ်မဟုတ် လား၊ အဲဒါကြောင့် မင်းတို့ သတိထားမိရဲ့လား'

လက်ဝဲရုံလူငယ်က လက်ယာရုံလူငယ်ပါ ခေါင်းညိတ်၏။

www.burmeseclassic.com



'ဟုတ်ပါတယ်၊ ကျွန်တော်တို့ သတိထားမိပါတယ်၊ သူ့အတွင်းအားပညာနဲ့ ပြန့်ကြောင်းအောင် လှုပ်လိုက်တာ လို့ပဲ ထင်ပါတယ်'

ထိုလူငယ်နှစ်ဦးသည်လည်း ကွန်လုံ၀မ်၏ တကယ့်အဖြစ်မှန်ကို မသိကြပေ၊

သူတို့က ဆက်ပြောၾ၏၊

'အကယ်၍ ကျွန်တော်တို့ရဲ့ တိုက်ခိုက်ရေးနည်းပညာမျိုးအသစ်ကသာ ၀င်တိုက်မယ်ဆိုရင် ကွန်လုံ၀မ်ဟာ အကြီးအကျယ် ရှုံးနိမ့်ရောက်နိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးတို့ရဲ့ပညာဟာ ကွန်လုံ၀မ်ကို ထိတ်လန့်သွားစေတာတော့ အမှန်ပါပဲ'

လူငယ်နှစ်ဦးက ဆန်ကွမ်းချီကို ဂါရ၀ပြုကြလေ၏၊

လူငယ်နှစ်ဦးက တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်....

'အစ်ကိုကြီး....အစ်ကိုကြီးကိုတစ်ခုပေးစရာရှိပါတယ်ခင်ဗျာ'

'ဟော...ဘာများလဲ'

'ရွှဲမေကတစ်ဆင့် ကျွန်တော်တို့ကို ပေးထားတာပါ'

'ရွှဲမေ....ရွှဲမေက ဘာဖြစ်လို့ မင်းတို့ကို တစ်ဆင့်ပေးရတာလဲ၊ ငါ့ကို တိုက်ရိုက်ပေးရင်လဲ ရလျက်သားနဲ့'

'ပညာရှိထန်ရှင်ရဲ့ပစ္စည်း ဖြစ်နေလို့ပါ ခင်ဗျာ'

'ဟော...'



ဆန်ကွမ်းချီမှာ အလွန်တရာ အံ့သြသွားလေ၏၊

ပညာရှိထန်ရှင်၏ အမွေပစ္စည်းအားလုံးကို သူ လက်ခံရရှိထားပြီးဖြစ်သည်ဟု သူယူဆသည်၊ ယခု ထန်ရှင်က ထင်မှတ်မထားဘဲ ပို့ပေးလိုက်သေးသည်တဲ့၊ ဆန်ကွမ်းချီသည် မယုံနိုင်ဖွယ်ရာ မျက်နှာဖြင့် လူငယ်နှစ်ဦးကို လှမ်းကြည့်သည်၊

လူငယ်တစ်ဦးသည် သူတို့ရင်ထဲမှ စက္ကူထုပ်နှစ်ခုကို ဆွဲထုတ်သည်၊ တစ်ဦးက စုတ်ပြဲထားဟန်တူသော စက္ကူပြဲတစ်ထုပ်ကို ထုတ်သည်၊

လက်ဝဲရှိလူငယ်က ဆုတ်ပြဲထားသည့် စက္ကူပြဲ အထုပ်ကို ပြောက်ပြကာ....

'အစ်ကိုကြီး...ဒီအထုပ်ကတော့ ကျွန်တော်တို့နားမလည်တာတွေအတွက် ကျွန်တော်တို့ ဆွဲဖြဲပြီး အထဲကပါတဲ့စာကို ဖတ်ပြီးပါပြီ'

'ဟုတ်လား...နောင်ကြီးထန်ရှင်ကဘာဖြစ်လို့ ငါ့ကိုတိုက်ရိုက်မပေးတာလဲ မသိဘူး'

'အကြောင်းရှိပါတယ် အစ်ကိုကြီး၊ ဒီအထုပ်တွေကိုလဲ ကျွန်တော်တို့ရဲ့ တိုက်ခိုက်ရေး နည်းပညာမျိုးအသစ် ကျွန်တော်တို့ အောင်မြင်မှ သူ့လက်ထဲကို ပေးအပ်ရမှာ ဖြစ်ပါတယ်၊ တိုက်ခိုက်ရေး နည်းပညာမျိုးအသစ် ကျွန်တော်တို့ကိုကျား၀င် မဖြစ်ခင် နောင်ကြီးကို ပေးထားရင် မခွဲမျှော်လင့်တဲ့ ပြဿနာတွေ ပေါ်လာမှာစိုးလို့ပါတယ်လို့ ကျွန်တော်တို့ စာထဲမှာ ရေးထားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုသည် ထူးဆန်းသော ထန်ရှင်၏ အပြုအမူအတွက် စဉ်းစားနေမိသည်။

သက်ဝဲရုံလူငယ်က....

'ကျွန်တော်တို့ကို စိတ်မရှိပါနဲ့ ခင်ဗျာ၊ ဆရာကြီးထန်ရှင် မှာတဲ့အတိုင်း ကျွန်တော်တို့က ဆောင်ရွက်ရတာပါ'

ဆန်ကွမ်းချိုက ခေါင်းညိတ်၏။

'ဘာမှ စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့၊ နောက်ထပ် … ဘာများ ရေးထားသေးသလဲ'

'ကျွန်တော်တို့ဆီ ပေးထားတဲ့ စာထဲမှာလား'

'အေး....ဟုတ်တယ်'

'တိုက်ခိုက်ရေးနည်းပညာမှူးအသစ်ဟာ ကျွန်တော်တို့ဂိုဏ်း … ထဲ မဝင်ဘူးဆိုရင် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံအနေနဲ့ နာယက … နာယကကြီးနဲ့ ဆွံ့အနာယကကြီးတို့ကို ကွန်လုံဝမ်နဲ့တိုက်ခိုက် … မေတ္တာရပ်ခံပါလို့ မှာကြားခဲ့ပါတယ်၊ တိုက်ခိုက်တဲ့အခါမှာ … ဆရာကြီးထန်ရှင်ရဲ့ မဟာသချိုင်းဂူရှေ့မှာတိုက်ခိုက်ဖို့ မှာကြား … ရေးသားထားပါတယ်၊ အခု အစ်ကိုကြီးလက်ထဲ ရောက် … စက္ကူဖြူအိတ်နှစ်လုံးကိုတော့ မီးရှို့ဖျက်ဆီးပစ်ရမယ်လို့ … တော်တို့ကို မှာကြားခဲ့ပါတယ်'

ဆန်ကွမ်းချိုသည် ထန်ရှင်အား လေးစားသည်ထက်လေး … လာမိသည်။ ထန်ရှင်သည် နိုင်ချစ်နော်အား သေချာစေ …



တိုက်ခိုက်ရေး နည်းပညာမှူး တာဝန်ယူလိမ့်မည်ဟု တွက်ဆ … ထားခဲ့ချေ။ အကယ်၍ နိုင်ချစ်နော် ရောက်ရှိမလာပါက ကျွန်လု … ဂိုဏ်းက ကွန်လုံဝမ်အား ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရင်ဆိုင်နိုင်ရန် ကြိုတင်စီစဉ်ထားခဲ့ပြီးပေပြီ။

လက်ယာရုံလူငယ်က ဖြည့်စွက်ပြော၏။

'အစ်ကိုကြီး....ဒီအိတ်တွေက အပြင်ကသာ စက္ကူအိတ်တွေပါ၊ အထဲမှာတော့ ပိုးအိတ်ကလေးတွေ ဖြစ်နေပါတယ်၊ သေသေချာချာ ထုပ်ပိုးထားပါတယ်'

ဆန်ကွမ်းချိုသည် စက္ကူအိတ်ကလေးများကို သေချာစွာ စစ်ဆေးသည်။

'ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်မှာ ဖောက်ရမယ်လို့တော့ ညွှန်ကြားမထားဘူးနော်'

လက်ဝဲရုံလူငယ်က ခေါင်းညိတ်ပြကြ၏။

'စာနဲ့တော့ ရေးမထားပါဘူးအစ်ကိုကြီး၊ ဒါပေမယ့် ရှေ့မေ … တော့ ပါးစပ်နဲ့မှာထားတယ်လို့ ဆိုပါတယ်'

'ဘယ်လိုများ မှာထားလို့လဲ၊ ဒီစာအိတ်တွေက နိုင်ချစ်နော် … အတွက်နော်'

… ပါတယ်၊ ဆရာကြီးက စာအိတ်သုံးအိတ် ပေးခဲ့ရာမှာ … ကျွန်တော်တို့သို့အစ်ကို ဖောက်ဖတ်လိုက်ပါတယ်၊ … ထဲမှာ ရှိနေတာကတော့ ဒုတိယအိတ်နဲ့ တတိယ

www.burmeseclassic.com

www.burmeseclassic.com



အိတ်ပါ၊ ရွှေမပြောသွားတဲ့ စကားကတော့ 'ဘေးဆိုအနှ... ဆိုးကြုံရင် ဒုတိယစာ အိတ်ကို ဖောက်၊ ချစ်ခြင်းမေတ္တာနဲ့ ... ရင် တတိယစာအိတ်ကို ဖောက်လို့ မှာကြားသွားခဲ့ပါတယ်'

ဆန်ကျွမ်းချိုသည် စာအိတ်နှစ်အိတ်ကို ရင်ခွင်ထဲ ထိုးသွ... သိမ်းဆည်းလိုက်လေ၏။

သူသည် လူငယ်နှစ်ဦးအား မချောက်ကမ်းပါး အောက... လက်ညှိုးထိုး ညွှန်ပြလိုက်ပြီး....

'ညီလေး....ရှောင်လင် ဘုန်းတော်ကြီး လေးပါးဟာ ... အောက်မှာ စောင့်နေကြတယ်၊ ဂိုဏ်းချုပ်ကြီးအို ယန်ထိုရော... လာရင် အဲဒီကိုညွှန်ပြလိုက်ကြပါ၊ ငါ့ဟာ အဲဒီကို ပြန်... လိုက်မယ်'

လူငယ်နှစ်ဦးက ဂါရဝပြုကြ၏။

စိတ်ချောက်ချသွားပါရန် လေးစားစွာ ပြောကြားကြ... ဆန်ကျွမ်းချိုလည်း ချောက်ကမ်းပါးအောက်သို့ ပြန်လည် ... ဆင်းသွားတော့သည်။

ဆန်ကျွမ်းချို ရောက်သွားချိန်တွင် စီမုဆရာတော်နှင့် နိုင်... နော်တို့ ရန်စောင်နေကြကြောင်း အံ့သြဖွယ် တွေ့ရှိရ...

စီမုဆရာတော်က....

'တို့ ရှောင်လင်ကျောင်းတော်ဟာ သိုင်းလောကရဲ့ ... ကြီးဖြစ်တယ်၊ ကျုပ်တို့ကို ဒီလို ရိုင်းရိုင်းစိုင်းစိုင်း မဆက်... သင့်ဘူး'



ဆန်ကျွမ်းချိုသည် မပြေလည်သောအခြေအနေကိုဝင်၍ဖျန်... ပေးချင်၏၊ သို့သော် နိုင်ချစ်နော်၏ အမူအရာ အလွန်ဟင်းမာ... နေသဖြင့် ဆန်ကျွမ်းချိုမှာ ဝင်၍ဖျန်ဖြေးပေးနိုင်ဘဲ ဖြစ်နေသည်၊ ...အခြေအနေအရ နိုင်ချစ်နော်ကို ဦးစားပေးနေရ၍ ဖြစ်ပေ... သည်။

စီမုဆရာတော်က....

'ကျုပ်တို့ဟာ ကျွန်လူဂိုဏ်းရဲ့ ရန်သူတော်တွေ မဟုတ်ဘူး၊ ...ချုပ်ကြီး အိုယန်ထိုကိုယ်တိုင် တွေ့ဆုံတာတောင် အ... ...ဆက်ဆံသလို ဆက်ဆံမှာ မဟုတ်ဘူး၊ ရန်သူမဟုတ်ရင် ...ကျေးဇူးသိမ်မွေ့ သင့်တယ်'

'ဒါ ဘာနေရာလဲဆိုတာ ဘုန်းကြီးတွေ သိကြရဲ့လား'

'ဘာနေရာလဲ'

စီမုဆရာတော်သည် ပြောပြောဆိုဆို ခုန်ဝင်လာ၏။

ကြည့်ရသည်မှာ နိုင်ချစ်နော်က လွန်လွန်ကျူးကျူး စကားများ... ...ဟန်တူသည်၊ စီမုဆရာတော် အပါအဝင် သူန်းတော်ကြီး ...ပါးစလုံး အလွန်ဟာရော ဒေါသ ထွက်နေကြလေ၏။

'ဖြန်း'

စီမုဆရာတော်သည် မိန်းမသားဖြစ်သည် မဖြစ်သည်ကို ဂရု... ...ဘဲ လက်ဝါးဖြင့် ရိုက်ချ၏။

www.burmeseclassic.com



နိုင်ချစ်နေဘ်လည်း ပြန်လည်ခုခံ၏၊ ထိုမှစ၍ ကြီးကျယ်သော တိုက်ပွဲကြီး စတင်လေတော့သည်၊

ချီမုဆရာတော်၊ ဖွမုဆရာတော်နှင့် ရင်မုဆရာတော်တို့သည် ဒေါသထွက်နေဟန် တူသော်လည်း ဝင်တိုက်ခြင်း မရှိကြ ဘေးမှ အံကြိတ်၍ ကြည့်နေကြသော ဤဆရာတော်များအား ဖျန်ဖြေရန်ကိစ္စမှာ မလွယ်ဟု ဆန်ကွမ်းချီ သဘောပေါက်လ သည်၊

သူသည် နိုင်ချစ်နေဘ်ကိုလည်း သဘောမတွေ့လှပေ၊ နိုင်ချ နေဘ်သည် ကျန်လုဂိုဏ်းက သူမအား အရေးတကြီး အလိုရှိ သည်ဟု သိသည်နှင့် အတော်ကလေး မောက်ကြွားလာသည် ဆန်ကွမ်းချီ ထင်မြင်သည်၊ သို့သော် ပညာရှိထန်ရှင်၏ အ အမြွတ် ဖြစ်သဖြင့် သူလည်း မဘာတ်နိုင်တော့ပေ၊

စိမုဆရာတော်နှင့် နိုင်ချစ်နေဘ်တို့သည် တိုက်ကွက် ပေ ငါးဆယ်မျှ တိုက်ခိုက်ခဲ့ပြီး ကြလေပြီ၊ ဆရာတော်၏ လက် ရိုက်ချက်များသည် တဖြည်းဖြည်း ပြင်းဆန်လာ၏၊ လေတ ဟူး ထလာ၏၊

'ကျေးဇူးပြုပြီး တိုက်ပွဲကို ရပ်လိုက်ကြပါ'

လေလှိုင်း ထလာအောင် အော်ဟစ်လိုက်သည့် အသံ ပတ်ဝန်းကျင်တစ်ခုလုံး ဂယက်ထသွားစေ၏၊

ဆန်ကွမ်းချီသည် အရေးတကြီး လှည့်ကြည့်လိုက်သည်၊



မီးခိုးရောင် ဝတ်ဆင်သူ ကျန်လုဂိုဏ်းသားလေးဦး ခြံရံ၍ ပြေးလာနေသည့် ဂိုဏ်းချုပ်ကြီး အိုယန်ဘု ကို မြင်လိုက်ရလေ သည်၊

'ဂိုဏ်းချုပ်ကြီး ကြရောက်လာပြီ'

ဆန်ကွမ်းချီက ကျယ်လောင်စွာ အော်ဟစ်လိုက်၏၊

စိမုဆရာတော်နှင့် နိုင်ချစ်နေဘ်တို့သည် နားမကြားသူများ အလား ဆက်၍တိုက်ခိုက်နေ၏၊ ဆန်ကွမ်းချီသည် စိတ်မရှည် တော့သဖြင့် လှူပ်တစ်ပြက်ခုန်ဝင်ပြီး နှစ်ဖက်စလုံးကို လက်ဝါး ဖြင့် တွန်းထုတ်လိုက်၏၊

'ဝုန်း'

ဆန်ကွမ်းချီ၏အင်အား ကြီးမားလှသဖြင့် စိမုဆရာတော် ရော နိုင်ချစ်နေဘ်ပါ နောက်သို့ ခြေလှမ်း ခုနစ်လှမ်းခန့် နောက် ဆုတ်သွားကြရသည်၊ တိုက်ပွဲလည်း ချက်ချင်း ရပ်ဆိုင်းသွား သည်၊

ဂိုဏ်းချုပ်ကြီး အိုယန်ထု သည် လက်နှစ်ဖက်ဆုပ်ကာ ဆရာ တော် လေးပါးအား ဂါရဝ ပြု၏၊ စိမုဆရာတော်သည် ဆန် ကွမ်းချီအား မကျေမနပ် ဖြစ်သွားသော်လည်း တည်ကြည် ခန့် ညားသော အဘိုးအိုတစ်ဦးအား တွေ့လိုက်ရသဖြင့် သူ၏ဒေါသ များကို သိမ်းဆည်းပြီး ရင်ဆိုင်လိုက်၏၊

'တပည့်တော်ဟာ ကျန်လုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး အိုယန်ထု ပါ၊ ဆရာတော်တို့က....'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က စိမုဆရာတော်၊ သူက ချီမုဆရာတော်၊ သူက ဖုမှဆရာတော်၊ သူက ရှင်မုဆရာတော်၊ အားလုံး ရှောင်လင် ကျောင်းတော်က ဖြစ်တယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ဖု က အကြိမ်ကြိမ် ဂါရဝပြုပြီး…

'ရှောင်လင်ကျောင်းတော်ဟာ သိုင်းလောကရဲ့ မဏ္ဍိုင်ကြီး ဖြစ်ပါတယ်၊ တပည့်တော် ဉာဏ်ဝတ်မကျေတဲ့အတွက် ခွင့်လွှတ် ပါလို့ အနူးအညွတ် တောင်းပန်အပ်ပါတယ်'

ဆရာတော်လေးပါးသည် ဒေါသ မပြေပျောက်သေးသော် လည်း သိုင်းလောက၌ ကျော်ကြားသော ဂိုဏ်းချုပ်ကြီးအိုယန် ထု နှင့် ပြဿနာ မဖြစ်လိုကြပါ။ ထို့ကြောင့် လက်အုပ်ချီပြီး ပြန်လည်ဂါရဝပြုကြလေ၏။

## အခန်း (၁၃၅)

## လက်ရ ဖမ်းဆီးခြင်း

'ဆရာတော်တို့ဆီမှာ အရေးတကြီးကိစ္စ ပါလာတယ်လို့ ထင်မှတ်ပါတယ်၊ ပြောကြားတော်မူကြပါ'

အိုယန်ဖု၏ စကားသံက မျှားစွာ သိမ်မွေ့ နူးညံ့သည်၊ ဆရာတော်လေးပါး၏ ဒေါသများသည် အံ့ဩဖွယ်ရာ ပျောက် ကွယ်သွားကြလေ၏။

'ကျုပ်တို့က တာဝန်အရ လာတာပါ၊ မပြေမပြစ်ဖြစ်တော့ ဒေါသထွက်မိတာပေါ့လေ၊ တာဝဲဖြစ်ဖြစ် ကျုပ်တို့ လူမိုက်လို့ ပြောရမှာပဲ၊ ကျုပ်တို့က တရားရှင်တွေပဲ'

www.burmeseclassic.com

www.burmeseclassic.com



စိမ့်ဆရာတော်က ပြုံးပြုံးမိုးသည့်ကောင်းကို ပြောသည်။

'ဒီလိုလဲ မဟုတ်ပါဘူး ဘုရား။ တပည့်တော်ရဲ့ ချစ်ယွင်းချက်ပါ။ ဆရာတော်တို့ခွင့်လွှတ်တာကိုလဲ ကျေးဇူးတင်ပါတယ်'

'ထားပါတော့လေ၊ ကျုပ်တို့ဂိုဏ်းချုပ် ဆရာတော်ဘုရားရဲ့စာကို ဒကာကြီးဆီ လာပေးအပ်ပါ။ ဟောဒီက ဒကာမလေးက ပြေပြစ်အောင်စကားမပြောတော့ ပြဿနာတွေ မရှုပ်သင့်တဲ့ ရှုပ်တာပေါ့'

ဂိုဏ်းချုပ်ကြီးအိုယန်ထုက ပြုံးပြုံးရွှင်ရွှင်ဖြင့်ပင် တောင်းပန်သည်။

'ဒီမိန်းကလေးက တပည့်တော်တို့ကျွန်လုဂိုဏ်းရဲ့ တိုက်ခိုက်ရေး နည်းပညာမှူးဖြစ်ပါတယ်၊ ပညာရှိ ထန့်ရှင်ရဲ့ ကိုယ်စားတာဝန်ထမ်းဆောင်သူမို့ သူ့မှာလဲ တာဝန် အတော်အတန်ရှိနေပါတယ်၊ အဲဒီကိစ္စတွေကို ထားလိုက်ပါတော့၊ ဆရာတော်တို့ လာရင်းကိစ္စကိုပဲ ဆက်ပြောကြရအောင်'

စိမ့်ဆရာတော်က....

'ဖြစ်ပါတယ်၊ ကျုပ်နဲ့ တက်မုဆရာတော်ဟာ အင်မတန်ရင်းနှီးခင်မင်တဲ့သူတွေပါ၊ တက်မုဆရာတော်ဟာ ဒကာကြီးတို့ရဲ့ဂိုဏ်းထဲ ဧည့်သည်အဖြစ် ရောက်နေတယ်လို့ သိထားရပါတယ်၊ ဟုတ်ပါသလား'

ဂိုဏ်းချုပ်ကြီး အိုယန်ထုက စိမ့်ဆရာတော်အား တက်မုဆရာတော်နှင့် တွေ့ခွင့်ပေးရကောင်းနိုးနိုး စဉ်းစားပြီး....

'အရှင်ဘုရားတို့က တက်မုဆရာတော်နဲ့ တွေ့ချင်လို့လား၊ တပည့်တော် စီစဉ်ပေးရမလား'



စိမ့်ဆရာတော်က လက်ကာ၍....

'နေပါစေတော့ ဒကာကြီး၊ ကျုပ် လာတဲ့ကိစ္စက ဒကာကြီးနဲ့ ဆက်ဆံဖို့ပဲ ဆိုတော့ တက်မုဆရာတော်နဲ့ မတွေ့တော့ပါဘူး'

ဂိုဏ်းချုပ်ကြီး အိုယန်ထုသည် တာဝန်တစ်ရပ် အေးငြိမ်းသွားပြီဟု ယူဆမိ၏။

'ဆရာတော်ပေးမယ့် ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးရဲ့စာက ဘယ်မှာလဲ'

စိမ့်ဆရာတော်သည် သူ့ရင်ခွင်မှ အတွင်းအိတ်ထဲသို့ လက်နှိုက်လိုက်ပြီး ခြောက်လက်မခန့် အရှည် ရှိသော အဝါရောင် ပိုးချည်အိတ်ကလေးကို ဆွဲထုတ်လိုက်သည်။

စိမ့်ဆရာတော်က စာကိုမြှောက်ပြပြီး....

'ဟောဒီစာကို ဂိုဏ်းချုပ်ကြီးက လွဲရင် ဘယ်သူ့ကိုမှ မပေးရဘူးလို့ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ် ဆရာတော်ကြီးက မိန့်မှာထားတယ်၊ ဒါဆိုရင် ဒကာကြီး သဘောပေါက်လောက်ရောပေါ့'

ဂိုဏ်းချုပ်ကြီးအိုယန်ထုက ပိုးချည်အိတ်ကို လှမ်းကြည့်ရာ ပိုးချည်အိတ်ပေါ်၌ စာရေးထားသည်။

'ကျွန်လု ဂိုဏ်းချုပ်ကြီး အိုယန်ထု ကိုယ်တိုင် ကိုယ်ကျ ဖောက်ဖတ်ပါရန်'

အိုယန်ထုက လက်လှမ်း၏။ စိမ့်ဆရာတော်က ရှေ့သို့တိုးလာပြီး ပိုးချည်အိတ်ကို ဂိုဏ်းချုပ်ကြီးအိုယန်ထု၏ လက်ထဲသို့ ထည့်၏။

www.burmeseclassic.com

www.burmeseclassic.com



အိုးယန်တုသည် ပိုးချည်အိတ်ကို ဆွဲဖောက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'ကိုကျားချုပ်ကြီး ခဏနေပါဦး၊ အိတ်ကို မဖောက်လိုက်ပါနဲ့'

နိုင်ချစ်နော်၏အော်သံသည် စူးရှစွာ ထွက်ပေါ်လာသည်။ အိုးယန်တုသည်း တုံ့ဆိုင်းသွား၏။

'ဘာဖြစ်လို့လဲ'

'ကိုကျားချုပ်ကြီးလဲသိသားပဲ၊ သိုင်းလောကဆိုတာ အင်မတန်ကောက်ကျစ်တယ်၊ ဘယ်နေရာမှာမှ ပေါ့ဆလို့မရပါဘူး'

နိုင်ချစ်နော်၏စကားမှာ စိမ့်ဆရာတော်နှင့်တကွ ရွှေလင်ကျောင်းတော်တစ်ခုလုံးကိုပါ မယုံကြည်ရာကျသည်။ အိုးယန်ထုံသည် စိမ့်ဆရာတော်ကိုအားနာသွား၏။ သို့သော် နိုင်ချစ်နော်၏စကားကိုလည်း မပစ်ပယ်ခဲ့။

ထို့ကြောင့် ပိုးချည်အိတ်ကိုဖွင့်တော့ဘဲ စိမ့်ဆရာတော်အား လှမ်းပြော၏။

'ဆရာတော်၊ ဒီစာအိတ်ကို တပည့်တော် လက်ခံလိုက်ပါပြီ။ ဒီအကြောင်းကို ရွှေလင်ကိုကျားချုပ် ဆရာကြီးဆီ အကြောင်းပြန်ပေးပါတော့'

စိမ့်ဆရာတော်က ခေါင်းခါ၏။

'ကျုပ်တို့ ဒီအတိုင်းပြန်လို့မဖြစ်ဘူး၊ ဒကာကြီးဆီက အဖြေအသည်း အကြောင်းပြန်ချက်ကို သိချင်သေးတယ်'



စိမ့်ဆရာတော်၏ စကားကြောင့် အိုးယန်တုမှာ ပိုးချည်အိတ်ကို မဖောက်၍ မဖြစ်သည့် အခြေအနေမျိုး ဆိုက်ရောက်သွားရတော့သည်။

ထို့ကြောင့် ကိုကျားချုပ်ကြီးအိုးယန်တုံသည် ပိုးချည်အိတ်ကို အသေအချာ ထပ်မံစစ်ဆေးရပြန်လေ၏။ သံသယ မကင်းစရာကောင်းသည့် မည်သည့်အချက်ကိုမျှမတွေ့ရပေ။

သို့သော် နိုင်ချစ်နော်၏ သတိပေးချက်ကိုလည်း လျစ်လျူရှု၍ မဖြစ်ပေ။

ပညာရှိထန်ရှင်သည် နိုင်ချစ်နော်အား အကြောင်းမဲ့ သံသယ ကိုယ်စား တာဝန်ထမ်းဆောင်နိုင်းမည် မဟုတ်ပေ။

အိုးယန်ထုံက ခပ်စဉ်းစဉ်းစားစားပြော၏။

'အရာတော်တို့ရဲ့စာကို ဒီမှာဖွင့်ဖောက်လို့ မသင့်လျော်ဘူး၊ ဒါကြောင့် တပည့်တော်အနေနဲ့ လောလောဆယ်ဆယ် အကြောင်းပြန်စရာ မရှိသေးပါဘူး'

'ဒါဖြင့်ရင် အဲဒီပိုးချည်အိတ်ကို ပြန်ပေးပါ၊ ရွှေလင်ကျောင်းတော်ကို ပြန်ယူသွားရပါမယ်'

အိုးယန်ထုံမှာ အကျဉ်းအကျပ် ကျနေ၏။ ကိုကျားချုပ်ကြီးအိုးယန်ထုက စာအိတ်ကိုဖွင့်မဖတ် အကြောင်းမပြန်စာသာပြန်ပေးသည်ဆိုလျှင် ရွှေလင်ကျောင်းတော်သည် ကျန်လဝိုင်းအား အကြီးအကျယ် စိတ်ဆိုးပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အိုယန့်ထုံသည်စိမုဆရာတော်၏မျက်နှာကိုကြည့်၍အကဲခတ်နေ၏။

ပိုးချည်အိတ်ကိုဖွင့်လျှင် ကောင်းမည်လော။

ဆန်ကွမ်းချီကလည်း နိုင်ချစ်နော်၏ တားမြစ်မှုကို သဘောမပေါက်ဘဲ ဖြစ်နေသည်။

ရှောင်လင်ဆရာတော် လေးပါးကို သံသယရှိရန် မလိုဟု ယုံကြည်သည်။

သို့သော် အခြေအနေအရ စွက်ဖက်ရန် မသင့်သဖြင့် စောင့်ကြည့်နေရတော့သည်။

ထိုစဉ် နိုင်ချစ်နော်က စကားပြောလာလေ၏။

'ရှောင်လင်ကျောင်းတော်က ရှောင်လင်ဆရာတော်တွေဟာ အင်မတန် အေးချမ်းကြတယ်လို့ ကျွန်မ သိထားပါတယ်၊ အခု တွေ့နေရတဲ့ ဘုန်းကြီးတွေကတော့ သိပ်ပြီး ဒေါသကြီးနေကြတယ်၊ အဲဒါ ဘာဖြစ်တာလဲ၊ ကျွန်မ မယုံနိုင်ဘူး'

'ဒါ သံသယဖြစ်စရာလား'

စိမုဆရာတော်က ပြန်လှန်မေးခွန်းထုတ်လေ၏။

'စောစောက တိုက်ကွက်တွေဟာ ရှောင်လင်ကျောင်းက တိုက်ကွက်တွေ ဟုတ်ကောင်းမှ ဟုတ်မယ်၊ ကျွန်မ အများကြီး သံသယရှိနေတယ်'



နိုင်ချစ်နော်က ရှင်းရှင်းပင် ပြောသည်။ အိုယန့်ထုံက ဝင်၍ ရှင်းပြ၏။

'စောစောကတိုက်ဖျက်ထိုက်ကွက်တွေက ရှောင်လင်ကျောင်းရဲ့ တိုက်ကွက်တွေပါ၊ ဒါတော့ ကျုပ်သိပါတယ်'

'ဒါဆိုရင် သူတို့ဟာ ရှောင်လင်ဘုန်းကြီးအတုတော့ မဖြစ်နိုင်ဘူး၊ ကွန်လုံဝမ်ရဲ့ အဆိပ်ဆေးနဲ့ အကျုပ်ကိုင်ခံရတဲ့ ရှောင်လင်ဘုန်းကြီးအစစ်တွေပဲ ဖြစ်လိမ့်မယ်'

ဆရာတော်လေးပါးမှာ အကြီးအကျယ် မျက်နှာပျက်သွားကြလေ၏။

အိုယန့်ထုံသည် ရှောင်လင်ကျောင်းတော်၏ ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်စေနိုင်သည့် စကားအတွက် စိုးရိမ်သွားသည်။ တိုက်ပွဲများ ဖြစ်ပေါ်လာနိုင်သည် မဟုတ်ပါလား။

နိုင်ချစ်နော်ကမူ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ပြောချင်ရာကိုသာ ဆက်ပြောနေသည်။

'ဆရာတော်လေးပါးဟာ ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီးရဲ့ အမိန့်အရ စာလာပေးတယ်လို့ ဆိုတယ်၊ စာတစ်စောင်ပေးအပ်ဖို့ကိစ္စကို လေးပါးစလုံး လွှတ်ဖို့ရှိသလား၊ ဆရာတော်တို့ကို ကွန်လုံဝမ်က ခုတုံးလုပ်ရင်တော့ ရှောင်လင်ကျောင်းသဲ ဂုဏ်သိက္ခာကျတယ်၊ ကျုပ်လိုဂိုဏ်းသဲ ဗုဒ္ဓရောဘ်မပါ တည်တော်ပြောတာ သဘာဝကျတယ်မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဘာသဘာဝကျတာလဲ'

စိမ့်ဆရာတော်က ခက်ဆန်စွာ ပြောလေ၏။

'ဒီ့ထက် သဘာဝကျတာတာ တော....'

နိုင်ချစ်နော်သည် လျှမ်တစ်ပြက် ခုန်ဝင်လျက် စိမ့်ဆရာတော်အား တိုက်ခိုက်တော့၏။

အိုယန်ထုလည်း မအားမြစ်နိုင်တော့ပေ၊ စိမ့်ဆရာတော်မှာ နိုင်ချစ်နော်၏ အကွက်စီးမှုကို စံလိုက်ရသဖြင့် တစ်ဆုတ်တည်း ဆုတ်ရလေတော့၏။

ချီမှု၊ ရင်မှုနှင့် ဖွမှုဆရာတော်တို့သည် ချက်ချင်းအော်ဟစ်ပြီး နိုင်ချစ်နော်အား လက်ဝါးဖြင့် ဝင်ရိုက်သည်။ ဘုန်းကြီးသုံးပါး၏လက်ဝါးရိုက်ချက်မှာ ပြင်းထန်လှသဖြင့် နိုင်ချစ်နော်မှာ အားနွဲ့၍ ရှောင်ထွက်သွားရလေ၏။

'ဘယ်သူ့လူတွေလဲ'

ယွမ်ရှောက်က ဒေါသတကြီး အော်သည်။

သူသည် နိုင်ချစ်နော်အား အသည်းနှလုံးထဲမှ ကိုးကွယ်နေသူဖြစ်၍ တစ်ဟုန်ထိုး ဝင်လာသည်။ ဘုန်းကြီးသုံးပါး၏ရိုက်ကွက်များကို ဖယ်ထုတ်သည်။ လက်ဝါးများ အရောင်အဝါ ထပ်လာတော့သည်။

ယွမ်ရှောက်၏ တိုက်ခိုက်မှုမှာ လွန်စွာပြင်းထန်လှ၏။ ချီမှု ရင်မှုနှင့် ဖွမှုတို့သည် ထိပ်တိုက် မခုခံနိုင်ပေ၊ အသီးသီး ဆုတ်ပေးကြရသည်။



ဆန်ကွမ်းချီကမူ ရှောင်လင်ဆရာတော်လေးပါးနှင့် သူ့လူများ တိုက်ခိုက်နေသည်ကို စိတ်မသက်မသာဖြင့် ကြည့်နေမိသည်။ ဤဆရာတော်များအပေါ် သူ သံသယမရှိပေ။

'ရှင် ဘာခေါင်းနေတာလဲ၊ ဒီဆရာတော်ကို ဝင်တိုက်စမ်းပါ ခပ်မြန်မြန်'

ဆန်ကွမ်းချီသည် တိုက်ခိုက်ရေးနည်းပညာ မှူးနိုင်ချစ်နော်၏ အမိန့်ပေးချက်ကို ပြင်းဆန်လိုဟန်ဖြင့် ဂိုဏ်းချုပ်ကြီး အိုယန်ထုံအား လှမ်းကြည့်သည်။ ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် နိုင်ချစ်နော်၏ အကဲဖြတ်မှုကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်ပြီး ဆန်ကွမ်းချီအား ခေါင်းညိတ်ပြလိုက်၏။

ဆန်ကွမ်းချီ မနေသာတော့ဘဲ နိုင်ချစ်နော်နှင့် တိုက်ခိုက်နေသည့် စိမ့်ဆရာတော်အား ဝင်၍တိုက်ခိုက်ရလေတော့၏။

သို့သော် သူသည် အစွမ်းကုန် တိုက်ခိုက်ခြင်း မရှိပေ။

နိုင်ချစ်နော်သည် ဆန်ကွမ်းချီ ဝင်ကူလာသဖြင့် အသာနောက်ဆုတ်သွား၏။ ဂိုဏ်းချုပ်ကြီး အိုယန်ထုံအနီးသို့ ချဉ်းကပ်သွားပြီး....

'ဂိုဏ်းချုပ်ကြီး....ကျွန်မ်အပေါ် သံသယများ ရှိနေသလား'

အိုယန်ထုံမှာ ဤသို့ ဗြုံးစားမေးခံရလိမ့်မည်ဟု မထင်မှတ်ခဲ့ချေ။ ယခုကဲ့သို့ အမေးခံလိုက်ရသောအခါ ရုတ်တရက် အဘယ်သို့ ပြောရမှန်းမသိဘဲ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးသည် တိုက်ခိုက်သူများကို လှမ်းကြည့်ပြီး ဖြေရမည့်စကားကို စဉ်းစားနေမိ၏။

နိုင်ချစ်နော်က တည်ကြည်စွာ ပြောသည်။

'ကျွန်မရဲ့စွမ်းရည်ကို မယုံရင် ကျွန်မကို အပ်နှင်းထားတဲ့ တာဝန်တွေကို ပြန်ရုပ်သိမ်းပါ၊ ဂိုဏ်းဖင်အဖြစ်ကလဲ ထုတ်ပစ်ပါ'

'ဒီလိုလဲ မဟုတ်သေးဘူးလေ၊ ရှောင်လင် ကျောင်းဆိုတာ သိုင်းလောကမှာ နည်းနည်းနောနော အင်အား မဟုတ်ဘူး၊ သူတို့နဲ့ ရန်ငြိုးထားမိရင် ကျုပ်တို့ဟာ ဆူးကြားထဲ ဘူးပါးဖြစ်သွားလိမ့်မယ်၊ သိုင်းလောကကြီး တစ်ခုလုံး ကျုပ်တို့ရဲ့ရန်သူ ဖြစ်နေရင် ကျုပ်တို့အလွန် ဖြစ်သွားလိမ့်မယ်၊ တိုက်ခိုက်ရေး နည်းပညာမှုးအနေနဲ့ တာဝန်ယူတာကိုလဲ ကျုပ် သဘောကျပါတယ်'

ယွမ်ရှောက်နှင့် တိုက်ခိုက်နေသည့် ဆရာတော် သုံးပါးမှာ တဖြည်းဖြည်း အရေးနိမ့်နေလေပြီ။

နိုင်ချစ်နော်က ခေါင်းညိတ်ပြီး....

'စိတ်ချပါ၊ ကျွန်မထင်တာ လွဲခဲ့ပါတယ်'

'မိန်းကလေးက သူတို့အပေါ် တကယ်ပဲ သံသယ ရှိနေသလား'

'တကယ်ပဲ ရှိပါတယ်၊ ကွန်လုံဝမ်ဟာ သူတို့ကို ခေါ်ခဲ့လုပ်ခိုင်းလိုက်တာပါ'



'အကြောင်းရှိမှာပေါ့'

'ရှိပါတယ်၊ ကျွန်မတို့သာ ဒီ ဘုန်းကြီးတွေကို သေကြေအောင် လုပ်မိရင်တော့ ကွန်လုံဝမ်ဟာ လက်ပန်းပေါင် ခတ်မိမယ်၊ ရှောင်လင်နဲ့ ကျွန်လုပ်ဟာ ငြိုးသူရန်ဘက်တွေ ဖြစ်သွားမှာ သေချာတယ်၊ အဲဒါထက် ပိုပြီး....'

အိုယန်ထုံ အံ့သြသွား၏။

'အဲဒါထက်တောင် ပိုနေသေးသလား'

နိုင်ချစ်နော်က ခေါင်းညိတ်၏။

'ကွန်လုံဝမ်ရဲ့ ရည်ရွယ်ချက်ဟာ အဲဒီထက် မကဘူးလို့ ထင်ပါတယ်'

အိုယန်ထုံက ဆရာတော်လေးပါးကို လက်ညှိုး ညွှန်ပြ၏။

'ဆေးမိရိုးမှန်ရင် ဒီဆရာတော် လေးပါးကို ထိခိုက် အနာမဖြစ်စေချင်ဘူး၊ ဒါပေမယ့် သူတို့အားလုံး ဆေးမိနေတယ်တဲ့ အရိပ်အယောင်တော့ ကျုပ် လုံးဝမတွေ့သေးဘူး'

'ဂိုဏ်းချုပ်ကြီး မတွေ့ပေမယ့် ကျွန်မ တွေ့ထားပါတယ်'

သူမသည် ယွမ်ရှောက်အား လှမ်း၍ အမိန့်ပေးလေ၏။

'ယွမ်ရှောက်၊ အဲဒီ တရုတ်ဘုန်းကြီး သုံးပါးကို လက်ရဖမ်းပါ'

www.burmeseclassic.com



ယွမ်ရှောက်သည် နိုင်ချစ်နော်အား နှစ်ဘုရားမ [illegible] တစ်မျှ ကိုးကွယ်နေသူဖြစ်၍ ချက်ချင်းပင် လက်ရဖမ်းရန် [illegible] စားတော့သည်။

ယွမ်ရှောက်၏ လက်ဝါးရိုက်ချက်များသည် လေတဟူး [illegible] ယလာ၏၊ ပြင်းထန်လာ၏။

ဆန်ကွမ်းချီမူ စိမုဆရာတော်ကို ဝင်ကျ တန်းကော [illegible] တိုက်ခိုက်သည်။ ထို့ကြောင့် သူတို့နှစ်ယောက်၏ တိုက်ကွ [illegible] ပြင်းထန်မှုမရှိချေ။

နိုင်ချစ်နော်သည် ယွမ်ရှောက်၏ တိုက်ခိုက်ပုံကို ကျေနပ် [illegible] ဆန်ကွမ်းချီ၏ တိုက်ခိုက်ပုံကို မြင်သောအခါ မျက်မှောင်ကြ [illegible] သွားသည်။

'ဆန်ကွမ်းချီ... ယွမ်ရှောက်က သူ့ဘုန်းကြီးသုံးပါးကို [illegible] ဆီးပြီးလို့မှ ရှင့်ဘုန်းကြီးကို ရှင် မဖမ်းနိုင်ရင်တော့ ကျွန် [illegible] အဆိုးမဆိုနဲ့၊ ရှင့်ကို အပြစ်ဒဏ်ပေးမယ်'

ဆန်ကွမ်းချီသည် အလျှော့ပေး၍ မဖြစ်တော့ပေ [illegible] နောက်ပိုင်းတွင် ဆန်ကွမ်းချီ၏ တိုက်ကွက်များ ပြင်းထန် [illegible] လေတော့၏။

သူသည် ပြင်းထန်စွာ တိုက်နေရသည့်တိုင် စိမုဆရာ [illegible] အား အဆက်စီးမှ မတိုက်နိုင်ပေ။ သူသည် ပြင်းထန်စွာ [illegible] မိန့်လာသလို စိမုဆရာတော်ကလည်း ပြင်းထန်စွာ ခုခံ [illegible] ဖြစ်ပေသည်။



စိမုဆရာတော်က တောင်ပင်လယ်ဖြတ် တိုက်ကွက်လက်သီး ဖြင့် ထိုးသည်။ လက်သီးချက်များမှာ နားထင်နှင့် ရင်အရိုက်ဆီ များသို့ တရစပ် ဝင်လာသော်လည်း ဆန်ကွမ်းချီ၏ လက်ဝါး ခင်းများက သမ်းကြောင်း လွှဲပြောင်းပေးပြီး လက်သီးများ ကို ရိုက်ထုတ်ပစ်သည်။

ကန့်ဖြိုဖြတ်တည်းမှာပင် ဆန်ကွမ်းချီ၏ ပတ်ခြေဖျားက စိမု ဆရာတော်၏ နံဘေးသို့ ဝှီးခနဲဝင်သွားသည်။ ဆရာတော်သည် အံ့သြဖွယ်ကောင်းလောက်အောင် ဘေးတိုက် တစ်ပတ်ကျွမ်းထိုး၍ ရှောင်နေလေ၏။

ဆန်ကွမ်းချီ ဆက်တိုက်ဆက်တိုက် လိုက်ကန်ရာ ဆရာတော် ကလည်း ဆက်တိုက်ဆက်တိုက် ကျွမ်းထိုး၍ရှောင်နေလေ၏။ ပြင်ပ မှ ကြည့်နေသူများ၏အမြင်တွင် စိမုဆရာတော်၏ လှုပ်ရှားမှုမှာ ဘက်စိုင်းကြီးတစ်ခုလို အဆက်မပြတ် လည်နေလေတော့၏။

ဆန်ကွမ်းချီ၏ ခြေကန်ချက်များမှာ အလွန်ပြင်းထန်လှသဖြင့် ဝှီး ဝှီး မြည်နေသည်။

စိမုဆရာတော်သည် ရှောင်တိမ်းရင်းမှ ဆန်ကွမ်းချီ၏ သိုင်း ပညာကို အလွန်အံ့သြနေလေ၏။

'အင်း... ဒီလူငယ်ရဲ့ သိုင်းပညာဟာ တကယ် အံ့သြစရာပဲ၊ အသက် ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက် တော်နေရင် နောက် ဆယ်နှစ်ဘန်သည် ဆယ့်ငါးနှစ်ဘန်သည် ကြာမြင့်သွားတဲ့အခါ ဘယ်သူမှ သူ့ကို ယှဉ်နိုင်မယ် မထင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



စိမုဆရာတော်သည် ထင်းရှူးပင်ကြီး တစ်ပင် ပင်စည်
ခြေထောက်နှင့် စုံကန်ပြီး ဆန်ကွမ်းချို၏ ဦးခေါင်းပေါ်မှထ
သွားခြင်းဖြင့် ဆန်ကွမ်းချို၏ ခြေကန်ချက်များမှ လွတ်မြော
ထွက်သွားသည်။

'တယ်နွမ်းတဲ့ ဆရာတော်ပါလား'

သူ့ခေါင်းပေါ်မှ ပျံသန်းခုန်ထွက်ရင်း သူ့ငယ်ထိပ်
လက်ချောင်းများဖြင့် ကုတ်ဆွဲသွားသေးသဖြင့် ဆန်ကွမ်းချို
အသေအလဲ ငုံ့ရှောင်လိုက်ရသေးသည်။

သူတို့နှစ်ဦး ပြန်လှည့်ရင်ဆိုင်မိချိန်တွင် တစ်ဦးနှင့် တစ်
လှန်စွာ သတိထားနေကြတော့၏။ လက်ညှိုးတစ်ထော
တံတောင်ဖြစ်ချက်သည် အသက်အတွက် ကြီးစွာသော
အန္တရာယ်များဖြစ်သည်ကို နှစ်ဦးစလုံး သိရှိပြီးကြလေပြီ။

ဆရာတော်၏ လက်ငါးချောင်းသည် ဆန်ကွမ်းချို၏မျက်
သို့ တိုးဝင်လာသည်။ ဆန်ကွမ်းချိုသည် ထိုလက်ငါးချောင်း
ရှောင်ရှား နောက်ထပ်ဝလာသည့် လက်ယာလက်ငါးချော
၏ ကုတ်ဆွဲမှုကိုသာ သတိထားသည်။ ပထမလက်ဝဲလက်
ချောင်း၏ တိုက်ကွက်မှာ ရောင်ပြသာ ဖြစ်၏။ ဆန်ကွမ်း
မျှော်လင့်ထားသည့်အတိုင်း လက်ယာလက်ငါးချောင်းဝင်
ရာအလွယ်တကူ ရိုက်ထုတ်ပစ်နိုင်၏။ သူတို့လှုပ်ရှားမှုမှာမျ
တစ်မိုတ်လျှပ်တစ်ပြက်သာဖြစ်၍ တဒင်္ဂအတွင်း ဆုံးဖြတ်ချက်
ပြီး ဆောင်ရွက်နိုင်မှုသည် တစ်ဆံခြည်ကလေးမျှ လွဲမှားချိ
ပေ။ လွဲမှားသည်နှင့် အသက်ထွက်သွားမည်သာ ဖြစ်လေ၏



'ပြန်း'

စိမုဆရာတော်၏ သက်နန်းစရိုက်သံသည် ကြောက်မက်မွယ်ရ
ပေါ်ထွက်လာ၏။ သက်နန်းစကို ခပ်တင်းတင်းကိုင်၍ ရိုက်လိုက်
သောအခါ သံပြားတစ်ချပ်နှင့် အတိုက်ခံရသည့်ပမာ ပြင်းထ
လှသည်။

ဆန်ကွမ်းချိုက ကျွမ်းထိုးရှောင်ထွက်သွား၏ သို့သော် စိမု
ဆရာတော်က ဆင့်ကာဆင့်ကာဆက်ရိုက်သဖြင့် ဆန်ကွမ်းချိုမှ
ဆက်တိုက် ကျွမ်းထိုးပြီး ရှောင်ရပြန်လေ၏။ ၎င်းဆိုသည်မှာ
ချက်ချင်းလည့်တွက်ပေတကား။

ဂိုဏ်းချုပ်ကြီးအို ယန်ထု သည် ရှောင်လင် ကျောင်းတော်၏
ဆိုင်းပညာကို ယခင်ကလည်း အထင်မသေးခဲ့ပေ။ သို့သေ
ယခုကဲ့သို့ကိုယ်တွေ့မျက်မြင် တွေ့ရသောအခါတွင်မူ ပို၍ အထ
ကြီး လေးစားလာမိသည်။

'ဆန်ကွမ်းချိုဟာ ထက်မြက်တဲ့ ဆိုင်းသမား သူ့ရဲ့ကောင်း
ဖြစ်တယ်၊ ဒါတောင် စိမုဆရာတော်ကို သူဟာ ကိုယ်တင်
တိုက်ခိုက်နိုင်တယ်'

သူသည် 'မုံ'အကျွဲရာ ပါသော ဆရာတော်များ အကြောင်း
ဆက်၍စဉ်းစားနေ၏။ သူ့ထံတွင် ရောက်ရှိနေသော တက်
ဆရာတော်ကလည်း မုံ အကျွဲရာပါသည်။ တက်မုံဆရာတော်
ပေါ်ပြီးဖျန်ဖြေခိုင်းလျှင် ကောင်းလေမည်လေဟု ချီတုံချတုံ
ဖြစ်နေ၏။

အိုယန်ထု ထိုသို့ စိတ်ကူးနေခိုက်တွင် စိမ့်ဆရာတော်သည် 'မိုးနဂါးလက်ဝါးဆယ့်ရှစ်ကွက်' ခေါ် လက်သိုင်းဖြင့် ဆက်တိုက် ရိုက်ထုတ်လာလေ၏။ ဆန်ကွမ်းချီသည် အကြိတ်အနယ် ခုခံနေရသည်။

မိုးနဂါးလက်ဝါးဆယ့်ရှစ်ကွက် သိုင်းကွက်ကို ထုတ်သုံးပြီး မကြာမီ သူတို့ပတ်ဝန်းကျင်၌ ထူးခြားသော လေလှိုင်း တုန်ခါမှုကို ဆန်ကွမ်းချီ ခံစားလာရ၏။

'ဘယ်လိုဖြစ်တာပါလိမ့်၊ ဒီသိုင်းကွက်က ဒီလောက်တောင် အရှိန်ပြင်းထန်သလား'

ဆန်ကွမ်းချီသည် သူ့အတွင်းအားကို နှိုက်ထုတ်၍ ခုခံလာရ၏။

'ဒီလှိုင်းဆင့် နောက်ပြန်ဝင်' သိုင်းကွက် ထုတ်သုံးရသည်၊ ထိုသိုင်းကွက်မှာ အဆင့်တိုင်း အဆင့်တိုင်း အားလှိုင်းကိုအဆက်မပြတ် ထုတ်သုံးသော သိုင်းကွက်ဖြစ်သည်။

နိုင်ချစ်နော်သည် တိုက်ပွဲကိုကြီးကြပ်ကွပ်ကဲနေသော စစ်သူကြီးပမာ အခြေအနေကို စောင့်ကြည့်နေသည်။

ယခုအချိန်၌ မည်သူ့ကိုမျှဝင်ကူခွင့်မလိုဟု သူမ ဆုံးဖြတ်ချက်ချသည်။

အိုယန်ထုသည် လက်ခုပ်သုံးချက် တီးလိုက်၏။

'ဖြောင်း....ဖြောင်း....ဖြောင်း'



ထိုလက်ခုပ်သံသုံးချက်ကြောင့် တိုက်ပွဲ ရပ်ဆိုင်းမသွားပါ။ လူရိပ်နှစ်ရိပ် လွှားခနဲလွှားခနဲ ရောက်ရှိလာသည်။ လက်ယာရံ လူငယ်နှင့် လက်ဝဲရံလူငယ်မင်တည်း။

အိုယန်ထုက လက်ဝဲရံလူငယ်အား အမိန့်ပေး၏။

'ဆန်ကွမ်းချီကို သွားကူလိုက်'

'ဟုတ်ကဲ့...အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်'

လက်ဝဲရံလူငယ်သည် ခုန်ထွက်သွား၏။

စိမ့်ဆရာတော်သည် နောက်တိုးရန်သူကို မျက်ခြည်မပြတ်ပါ။ ချက်ချင်း လှမ်း၍ခုခံသည်။

ဆန်ကွမ်းချီသည် သူ့ဘက်မှ စစ်ကူဝင်လာသည်ကို တွေ့ရသောအခါ အကြီးအကျယ် စိတ်ဆိုးသွား၏။

ယခု တွေ့ကြုံတိုက်ခိုက်ရသူမှာ ဆိုးယုတ်လှသော ကွန်လုံဝမ် ဟုတ်ပါ။

ရှောင်သင် ကျောင်းတော်မှ ဆရာတော်တစ်ပါးသာ ဖြစ်သည်။

'ဟေ...ဘာဖြစ်လို့ ဝင်လာရတာလဲ'

'အစ်ကို...ကျွန်တော် လက်ဝဲရံ ကျွန်းဖန်းပါ'

'မလိုချင်ဘူး၊ ခုထွက်'

ည

www.burmeseclassic.com



ဆန်ကွမ်းချီက ဒေါသဖြစ်ဖြစ်နှင့် ကြုံးအော်လေ၏။

လက်ဝဲရံလူငယ်မှာ ကွန့်လုံ့ဝမ်နှင့် လက်ရည်တူနီးပါး တိုက်ခိုက်နိုင်စွမ်းရှိသော ဆန်ကွမ်းချီအား မလေးစား၍ မပြုရပါ။

ချက်ချင်း ခုန်ထွက်သွားရသည်။ ဆန်ကွမ်းချီ ဒေါသထွက်မည်ဆိုကသည်း ထွက်စရာပါပေ။

သိုင်းလောက၌ တစ်ဦးချင်းယှဉ်ပြိုင်နေခိုက် အခြားသူဝင်ကူခြင်းကို လုံးဝလက်မခံလိုကြပေ။

စစ်ကူခြင်းသည် မိမိ ဘက်တော်သားအား သိက္ခာချခြင်းတစ်မျိုးဖြစ်၏။

ထို့ပြင် ယခုတိုက်ပွဲမှာ အကြိတ်အနယ် တိုက်ပွဲဖြစ်နေ၏။ လက်ဝဲရံလူငယ် လာကူခြင်းဖြင့် ညီမျှနေသော တိုက်ပွဲသည် ချိန်ခွင်လျှာ စောင်းသွားနိုင်သည်။

ဆန်ကွမ်းချီသည် သူ့ဘက်မှ ဝင်ကူလာခြင်းကြောင့် စိတ်ထွက်သွားပြီး သူ့တိုက်ကွက်များကို ပို၍ထုတ်လာသော စိမ့်ဆရာတော်၏ချေကွင်းများကို ပို၍တိုက်လာသည်။ ဒုတ်လို၍မရတော့ပေ။ အကြောကိုင်ဖမ်းဆီးလို၍ဖြစ်သည်။

'ဒကာလေး တော်တယ်'

အဆက်လှ တိုက်ခိုက်နေချိန် သော်မှ စိမ့်ဆရာတော်က လှမ်းကျူးသေး၏။



ထိုတခဏ်အချိန်ကလေးအတွင်းမှာပင်ဆန်ကွမ်းချီ၏ယက်ဝါးသည် စိမ့်ဆရာတော်၏ပခုံးကို တစ်ချက်ရိုက်နိုင်သွား၏။

'အား....'

ဆရာတော်ထံ့ကျဉ်သွားသည်။ဆန်ကွမ်းချီသည်လျှပ်တစ်ပြက်ချဉ်းကပ်လာပြီး ဆရာတော်၏ အကြောကို ထိုးပိတ်ပြန်၏။

'ဝုန်း....'

ဆရာတော် လဲပြိုကျသွားလေတော့၏။ဆန်ကွမ်းချီ၏ တိုက်ပွဲသိမ်းပုံမှာ အများမမျှော်လင့်သည့် တိုက်ကွက်ဖြင့် တိုက်ပွဲသိမ်းလိုက်ခြင်းဖြစ်သည်။ သပ်ရပ်သည်။ လျင်မြန်သည်။ ပိရိသေသပ် စိမ့်ဆရာတော် မလှုပ်နိုင်တော့။

သူသည် စိမ့်ဆရာတော်အားအနိုင်ယူပြီးသည်နှင့်တိုက်ပွဲစခန်းအတွင်းမှ ခုန်ထွက်သွားကာ အို့ယန်ထု ၏ဘေး၌ သွားရပ်နေလေ၏။တိုက်ပွဲသည် သူနှင့် မည်သို့မျှမသက်ဆိုင်တော့သယောင်။

တစ်ဖက်တိုက်ပွဲစည်းအတွင်းမှ ယွမ်ရှောက်သည်လည်း ဝါဖြိုင်ဖက်နှစ်ဦးအား အကြောထိုးပိတ်၍ ပွဲသိမ်းလိုက်သည်။ မကြာမြင့်မီ ကာလအတွင်း ရှောင်လင်ဆရာတော် သုံးပါးမှာ ကျွန့်လုံဂိုဏ်း၏ သုံ့ပန်းများအဖြစ်သို့ ကျရောက်သွားလေတော့၏။

ဗုဒ္ဓမုဆရာတော်က ကျားကုတ်ကျားခဲ ပြန်လည်ခုခံနေသဖြင့် ယွမ်ရှောက်သည် အလွန်တရာ ဒေါသထွက်လာ၏။ သူ့တိုက်ကွက်များ အလွန်တရာ ပြင်းထန်လှသဖြင့် သူ့လက်ချက်ကြောင့် ဗုဒ္ဓမုဆရာတော်မှာ အပိုင်းပိုင်းအပြတ်ပြတ် ပျံ့လွင့်သွားတော့မည်လောဟု ထင်မှတ်မှားနေကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက်သည် သေထဲ၌ တစ်ပတ်ကျွမ်းပစ်သွားး၏၊ ယွမ်ရှောက်၏ အကြံကို သိသဖြင့် ဖွမုဆရာတော် ဒူးထောက်ထိုင်လိုက်၏၊ သို့သော် နောက်ကျသွားသည်။

ယွမ်ရှောက်သည် လေထဲမှနေ၍ ဖွမုဆရာတော်၏ လက်မြင်ကျောကို ဖမ်းဆုပ်ကိုင်မိသွားသည်။

'အား....'

ယွမ်ရှောက်သည်စိတ်ယှက်နေပြီဖြစ်၍ဆရာတော်၏ဦးခေါင်းကို ရိုက်ခွဲရန် သူ့လက်ကို မြှောက်လိုက်သည်။

အို့ယန်ထု မှာ မျက်မြှူဆိုက်မတတ် ဖြစ်သွား၏၊ သူ အော်ဟစ် တားမြစ်ချင်သည်၊ ရုတ်တရက် မအော်နိုင်ဘဲ ဖြစ်နေလေသည်။

'ညီလေး....မလုပ်နဲ့'

အော်ဖြစ်သွားသည့်သူမှာ ဆန်ကွမ်းချီ ဖြစ်နေသည်၊ ဆန်ကွမ်းချီ၏ အသံသည် သေထဲ၌ တုန်ဟည်းသွားသည်။

ယွမ်ရှောက်၏ လက်ဝါးစောင်းသည် လမ်းခုလတ်၌ ရပ်တန့်သွားသည်၊ ဆန်ကွမ်းချီ၏ အမိန့်သည် သူ့အတွက် တစ်သွေးတစ်သံ တစ်မိန့်ဖြစ်သည်၊ ဆန်ကွမ်းချီက မသတ်နှင့်ဆိုလျှင် သူသည် ပရွက်ဆိတ်တစ်ကောင်ကိုပင် မသတ်၊ ဆန်ကွမ်းချီက သတ်ဆိုလျှင် ယမမင်းကိုပင် သတ်ဖြစ်အောင် သတ်ပေးလိမ့်မည်။

နိုင်ချစ်နေဘ်က ခုန်ဝင်လာပြီး ဖွမုဆရာတော်၏ သွေးကြောကို ပိတ်လိုက်သည်။



'ယွမ်ရှောက်...ရှင် ဖမ်းဆုပ်ထားတဲ့အကြောကို လွှတ်လိုက်တော့'

ယွမ်ရှောက် လွှတ်လိုက်သည်၊ ဖွမုဆရာတော် ဝုန်းခနဲ လဲကျသွားသည်၊ တိုက်ပွဲပြီးဆုံးသွားပေပြီ၊ ရှောင်လင် ဘုန်းတော်ကြီး လေးပါးစလုံး သုံ့ပန်းများ ဖြစ်သွားကြလေပြီ။

နိုင်ချစ်နေဘ်က ဆန်ကွမ်းချီအား ယှဉ်ကြည့်၏။

'ဆန်ကွမ်းချီ...ဒီဘုန်းကြီးတွေကို စုထားလိုက်စမ်းပါ'

ဆန်ကွမ်းချီသည် စေသည့်အတိုင်း ထွန့်သည်နှားပမာ ဘုန်းတော်ကြီးများကို ချီပိုးစုဝေးရလေ၏။

'ဂိုဏ်းချုပ်ကြီးရှင့်.... ရှောင်လင်ကျောင်းဂိုဏ်းချုပ် ဆရာတော်ကြီးက ပေးလိုက်တယ်ဆိုတဲ့ ပိုးချည်အိတ်ကို ခဏလောက်ပေးပါ'

အို့ယန်ထုက ထုတ်ပေးလိုက်၏။

နိုင်ချစ်နေဘ်က ပိုးချည်အိတ်ကို အသေအချာစစ်ဆေးသည်။ ထို့နောက် ခေါင်းယမ်း၏။

'ဂိုဏ်းချုပ်ကြီး....ဒီအိတ်ကို ဂိုဏ်းချုပ်ကြီး မဖောက်ဘာဟာ သိပ်ကောင်းပါတယ်၊ အခု ကျွန်မဆိုရင်လဲ မဖောက်ရဲပါဘူး'

နိုင်ချစ်နေဘ်သည် စိမုဆရာတော်ထံသို့ လျှောက်သွားပြီး စကားပြောနိုင်စေရန် ခန္ဓာကိုယ်အထက်ပိုင်း အကြောအချို့ကို ဖြင့်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော်...ဆရာတော်ဟာလေးပါးအုပ်စုရဲ့ခေါင်းဆောင် ဖြစ်တယ်၊ ဆရာတော်ရဲ့စကားအရ ဒီစာဟာ ဂိုဏ်းချုပ် ဆရာတော်ကြီးရဲ့စာလို့ ဆိုတယ်၊ ဒီတော့ ဆရာတော်ကိုယ်တိုင် ဒီစာကို ဖောက်ပေးပါ'

စိမုဆရာတော် မျက်နှာပျက်သွားသည်။ ခါးသီးစွာ ပြုံးသည်။

'ဟင့်အင်း....ကျုပ် မဖောက်နိုင်ဘူး'

'တပည့်တော်မ သိပြီ၊ ဆရာတော်တို့ အဆိပ်အမိခံခဲ့ရတယ် မဟုတ်လား'

စိမုဆရာတော်က ခေါင်းခါ၏။

'မဟုတ်ပါဘူး၊ ကျုပ် ခန္ဓာကိုယ်ထဲမှာ ရောက်နေတာက အဆိပ်အပ်ပါ'

'ဘယ်သူ့လက်ချက်လဲ'

'ကွန်လုံဝမ်ရဲ့ လက်ချက်ပါ'

'ဒီအပ် ထုတ်ပေးမယ်၊ ဒီစာ သွားပေးပါဆိုတဲ့ အပေးအယူကြောင့် ဆရာတော်တို့ ဒီကိုရောက်လာတာ ဆိုပါတော့'

'မှန်ပါတယ်'

'အဲ့ဒီအဆိပ်အပ်ကို ဆရာတော် ထိုင်းချုပ်ခဲ့သေးသလား'



'ဒါပေါ့၊ ထိန်းချုပ်ရတာပေါ့'

'ဒီပိုးချည်အိတ်ထဲမှာ ဘယ်လိုထောင်ချောက်ပါတယ်ဆိုတာ သိသလား'

'ဘာထောင်ချောက်လဲဆိုတာတော့မသိဘူး၊ ပါတယ်ဆိုတာ တော့ ကျုပ်သိနေပါတယ်လေ'

နိုင်ချစ်နော်သည် အောင်နိုင်သူ၏ အပြုံးမျိုးကိုပြုံးရင်း ဂိုဏ်းချုပ်ကြီး အို့ယန်ထု ကို လှည့်ကြည့်လေ၏။ အို့ယန်ထုက ခေါင်းညိတ်ပြလေ၏။

www.burmeseclassic.com

## အခန်း (၁၃၆)

### အသေခံ သူရဲကောင်း သုံးယောက်

'ဂိုဏ်းချုပ်ကြီးရှင့်ကျွန်မအပေါ် သံသယရှိပါသေးသလား'

'မိန်းကလေးအပေါ် သံသယရှိတာ မဟုတ်ပါဘူး၊ နည်းနည်းကလေးလောက် လွဲချော်သွားတာနဲ့ ရွှေပင်ကျောင်းတော်နဲ့ မြို့သူ ရန်ဖက်ဖြစ်မှာကို စိုးရိမ်မိတာပါ'

'ဂိုဏ်းချုပ်ကြီး... ဒီစာကို လောလောဆယ် မဖွင့်တာ အကောင်းဆုံးပါပဲ'

'မိန်းကလေးရဲ့ အယူအဆ မှန်နေပြီပဲ၊ ဒါမှ ကျုပ်တို့က ဆပ်ဖွင့်ရင် ကျုပ်တို့လောက် မိုက်တဲ့လူ ရှိပါဦးမလား'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နေဝ်သည် စိမ့်ဆရာတော်နှင့် ထပ်မံ ရင်ဆိုင်ပြန်လေ၏။

'ဆရာတော် ဒီစာကို ဘယ်လိုယူဆောင်လာပါသလဲ'

စိမ့်ဆရာတော်က ရိုးရိုးစင်းစင်းပင် ဖြေသည်။

'ဒီစာဟာ ပထမကတော့ ရှောင်လင် ဂိုဏ်းချုပ်ဆရာတော်ကြီးရဲ့ စာပါပဲ'

'နောက်ပိုင်း ဘယ်လို ဖြစ်သွားသလဲ'

'နောက်ပိုင်း ကျုပ်တို့က ဂိုဏ်းချုပ်ကြီး အို့ယန်ထု ဆီလာကြတာပါ၊ ဒီစာကိုမေးပြီး သဘောထားမေးဖို့ပဲ ဆိုပါတော့၊ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံဆီက ပြန်ကြားချက်ရပြီးရင် ရှောင်လင်ကျောင်းကို ပြန်ဖို့ပဲ၊ ကံဆိုးသွားတာက ကျုပ်တို့ လေယောက်စလုံး ကွန်လုံဝမ်ရဲ့ အဖမ်းအဆီးကို ခံလိုက်ရတာပဲ'

'နောက်တော့'

'ကွန်လုံဝမ်ဟာ ကျုပ်ဆီက စာကိုယူတယ်၊ သူဖောက်ဖတ်မှာ သေချာပါတယ်၊ အထဲမှာလဲ ဆိုးဆိုးရွားရွားတွေ ဖန်တီးထားမှာ သေချာပါတယ်၊ ဘာတွေ မြုပြင်ရေးသားထားတယ်ဆိုတာတွေ ဆိုးဆိုးရွားရွား စီရင်ထားတယ်ဆိုတာတော့ ကျုပ်တို့ မသိဘူး'

နိုင်ချစ်နေဝ်သည် စာအိတ်ကို ကျောက်ဖျာအောက် ချိုင့်ထဲမှ ဖြည့်ပြီး မီးခဲကျောက်ကို ခတ်ကာ မီးရှို့ပစ်လိုက်၏။



မီးရှို့စဉ် သူမပင် အနီး၌ကပ်၍ မရတော့ပေ။ ကျိုပိုးချည်အိတ်အတွင်း၌ လူတစ်ရာမှ လူတစ်ထောင် သေစေနိုင်သည့် အဆိပ်များ အဆိပ်ငွေ့များ ထွက်ပေါ်လာနိုင်သည် မဟုတ်ပါလား။ သူမသည် ကွန်လုံဝမ်ကို မည်သည့်အခါမှ လျော့မတွက်ခဲ့ချေ။

နိုင်ချစ်နေဝ်သည် ဆန်ကွမ်းချီကို အေးစက်စက် ကြည့်လိုက်လေသည်။

'ရှင့်အပြစ်ကို ရှင် သိသလား'

ဆန်ကွမ်းချီ အံ့ဩသွားသည်။

'ဘာအပြစ်လဲ'

'ရှင် တကယ် မသိဘူးလား'

'နိုင်ချစ်နေဝ်...ခင်ဗျား ဘာတွေ လာပြောနေတာလဲ'

'ရှင် ပေါ့ဆခြင်းအားဖြင့် စိမ့်ဆရာတော် လွတ်မြောက်သွားနိုင်တယ်၊ သူတို့ကို ဖမ်းမိထားခြင်းအားဖြင့် ကွန်လုံဝမ်ကိုတိုက်ချက်သွားနိုင်တယ်၊ ပထမပိုင်း တိုက်နေတဲ့ ရှင့်တိုက်ကွက်တွေဟာ အလကားတိုက်ကွက်တွေပဲ၊ ရန်သူကို ပေါ့ပေါ့ဆဆတိုက်နေတယ်၊ ကျွန်မရဲ့ ကွပ်ကဲမှုကို ရှင် သံသယဖြစ်နေတယ်'

ကျိကား အမှန်တရားများပင် ဖြစ်၍ ဆန်ကွမ်းချီ မငြင်းနိုင်ပေ။

ဂိုဏ်းချုပ်ကြီးအို့ယန်ထု အား လှမ်းကြည့်သောအခါ ဂိုဏ်းချုပ်ကြီးက သည်းခံပါဟူသော အကြည့်များဖြင့် လှမ်းကြည့်နေကြောင်း တွေ့ရလေ၏။ ထို့ကြောင့် ဆန်ကွမ်းချီ ငြိမ်နေလိုက်တော့သည်။

www.burmeseclassic.com

နိုင်ချစ်နော်က လက်ဝဲရှိလူငယ် ကျန်းဖန်းကိုကြည့်ပြီး အမိန့်ပေး၏။

'ရှင့်လူတွေနဲ့ မဟာဒီဘုန်းကြီးသုံးပါးကို လုံခြုံတဲ့ဆီ ခေါ်သွားပါ၊ စိမုဆရာတော်ကို ထားခဲ့ပါ'

ကျန်းဖန်းသည် မီးခိုးရောင် ဝတ်ဆင်သူ ကျွန်လုဂိုဏ်းသား သုံးဦးကို လှမ်း၍အချက်ပြလိုက်၏။ ထိုသူများသည် ချီမုရင်မုမုဆရာတော် သုံးပါးကို ပခုံးထက်၌ ထမ်းချီသွားလေ၏။

'အဲ...ကျွန်မတို့လဲ သွားကြရအောင်၊ ဆန့်ကွမ်းချီက စိမုဆရာတော်ကို ထမ်းခေါ်ခဲ့ပါ'

သိုင်းသူရဲကောင် တစ်ဦးအဖြစ် အိုယန်ထုံ၏ အလေးပေးဆက်ဆံခြင်းခံရသော ဆန့်ကွမ်းချီမှာ နိုင်ချစ်နော်၏ စီးစီးပိုးပိုး အခိုင်းခံနေရသော သာမန်ဂိုဏ်းသားတစ်ဦး ဖြစ်လာနေ၏။

နိုင်ချစ်နော်သည် သူမ ရောက်ရှိနေသည့် ယနရှင်၏ နေရာအခွင့်အာဏာများကို အပြည့်အဝ အသုံးချနေ၏။ နောက်ဆုံးကုန်ကုန်သုံးရလျှင် ဂိုဏ်းချုပ်ကြီး အိုယန်ထုံပင် ရုပ်သေးရုပ်တစ်ရုပ်ပမာ သူမခေါ်ဆောင်ရာသို့ လိုက်ပါသွားနေရပေ၏။

အိုယန်ထုံသည် သူ့အတွက် မည်သို့မျှ ခံပြင်းမှု မရှိပေ။ ဆန့်ကွမ်းချီအတွက်မူအားနာနေသည်။ ကွန်သူရဲကောင်းကလေးသည် သူ့အတွက် မည်သည့်မျှော်လင့်ချက်မှ မရှိဘဲ အကြောင်းမဲ့ သက်သက် ကျွန်လုဂိုဏ်းကို ကူညီရင်း အနိုင်ခံနေရသည်ကို အိုယန်ထုံ ကောင်းစွာ သိနေသည်။

ထို့ပြင် ဆန့်ကွမ်းချီ၊ ယွမ်ရှောက်နှင့် နိုင်ချစ်နော်တို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကိုလည်း သူထိုက်သင့်သလောက် ရိပ်



မိပြီးဖြစ်ရာ ယနုကဲ့သို့ ဆန့်ကွမ်းချီ အနိုင်ခံနေရခြင်း အတွက် အိုယန်ထုံ အလွန်အားနာမိပေသည်။

သူတို့အားလုံး ချောက်ကမ်းပါးပေါ်သို့ ခက်ခဲစွာ တက်ခဲ့ကြလေ၏။

အိုယန်ထုံက...

'မိန်းကလေး တဲခန်းကို သွားမလို့လား'

နိုင်ချစ်နော်က ခေါင်းညိတ်၏။

'ပထမတော့ သွားမလို့ဘဲ၊ ဒါပေမယ့် ကျွန်မ စိတ်ပြောင်းသွားပြီ၊ စိမုဆရာတော်နဲ့ ဒီမှာပဲ စာရင်းရှင်းကြတာပေါ့'

ဆန့်ကွမ်းချီက အသိုက်သိစွာပင် စိမုဆရာတော်ကို မြေပေါ်သို့ ချပေးလိုက်လေ၏။

ဂိုဏ်းချုပ်ကြီး အိုယန်ထုံ၊ ဆန့်ကွမ်းချီ၊ လက်ယာရံလူငယ်တို့က ဝိုင်း၍ကြည့်ကြသည်။

သူမသည် အတွင်းအိတ်ထဲမှ သေးငယ်သော သံလိုက်တုံးကလေးကို ဆွဲထုတ်ပြီး စိမုဆရာတော်နှင့် အပြန်အလှန် ရွေ့နေသည်။ ထို့နောက် ဆရာတော်၏ သွေးကြောများကို ဖိမ်းသပ်ပြီး သံလိုက်တုံးကလေးဖြင့် အဆိပ်အပ်ကို တဖြည်းဖြည်း ရွှေ့ပြောင်းယူသည်။ နောက်ဆုံး အဆိပ်အပ် ကလေး ထွက်လာလေ၏။

နိုင်ချစ်နော်က အဆိပ်အပ်ကလေးကို ကြည့်၍ ရယ်၏။

'ကျွန်မဆိုရင် ဒီထက် ဆိုးရွားတဲ့ အဆိပ်အပ်တွေကို ခံခဲ့သေးတယ်၊ ဆရာတော်က ကျွန်မထက် အများကြီး ကံကောင်

www.burmeseclassic.com



ပါတယ်၊ နောက်ဆုံးတော့ ကံကြမ္မာပါပဲလေ၊ ကံကြမ္မာရှိရင် ဘယ်သူမှ မသေနိုင်ပါဘူး'

ဆရာတော်ထံမှ သက်ပြင်းချသံ ကြားရသည်။

နိုင်ချစ်နှော်က....

'ဆန်ကွမ်းချီ၊ စိမ့်ဆရာတော်ရဲ့ပိတ်ထားတဲ့သေ့ကြောတွေကို ဖွင့်ပေးလိုက်ပါ၊ အသေအချာဆွေးနွေးကြမယ်'

ဆန်ကွမ်းချီက သွေးကြောများကိုဖွင့်ပေးလိုက်သည်။ ဆရာတော်သည် မတ်တတ်ရပ်ကာ အိုယန်ထုံ၊ နိုင်ချစ်နှော်နှင့် ဆန်ကွမ်းချီတို့ကို လက်အုပ်ချီ ဂါရဝပြုလေ၏။

'ကျုပ်ရဲ့အသက်ကို ကယ်လိုက်တဲ့ ဒကာမလေးကို ကျေးဇူးတင်ပါတယ်၊ ဒီအဆိပ်အာပ်မထုတ်နိုင်သမျှ ကျုပ်ဟာကွန်လုံဝမ်ရဲ့ တပည့်ပါး၊ ကျွန်ုပ်ဖြစ်မှာ သေချာပါတယ်'

နိုင်ချစ်နှော်က ပြုံး၍ပြော၏။

'ကျေးဇူးတင်ရင် ပြန်ကျေးဇူးဆပ်ဖို့တော့ လိုလိမ့်မယ်'

စိမ့်ဆရာတော်က ခေါင်းညိတ်၏။

'ကျုပ် ဝန်မလေးပါဘူး၊ ဘယ်လို ကျေးဇူးဆပ်ရမယ် ဆိုတာကိုသာ ပြောပါ'

ဂိုဏ်းချုပ်ကြီးအိုယန်ထုံက ချောင်းဟန့်လိုက်၏။ ကျေးဇူးကို အလဲအလှယ်မလုပ်စကောင်းဟု ဂိုဏ်းချုပ်ကြီး အိုယန်ထုံ သဘောပိုက်သည်။

နိုင်ချစ်နှော်က လှည့်ပြီး....

'ဂိုဏ်းချုပ်ကြီး၊ ကျွန်မမှာ အကြံတစ်ခုရှိနေပါတယ်'

'ဘယ်လိုအကြံဉာဏ်လဲ၊ ကွန်လုံဝမ်နဲ့ ပတ်သက်သလား'



'ပတ်သက်ပါတယ်၊ ကွန်လုံဝမ်ဟာ မရိုးမဖြောင့် လုပ်တဲ့နေရာမှာ ကော်ရုံစ်တစ်ဆူဖြစ်ပါတယ်၊ ကောက်ကျစ်တဲ့ နေရာမှာ သူများထက် ခေါင်းတစ်လုံးသာပါတယ်'

'မိန်းကလေးဟာ ဘယ်လို ဆောင်ရွက်ချင်သလဲ၊ အောင်မြင်ပါ့မလား'

'မအောင်မြင်ရင် ကျွန်မအသက်ကို ပေးလျော်ပါ့မယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံက ပျာပျာသလဲ မြွက်ဆိုလိုက်၏။

'အို....ဒီလိုလဲ မဟုတ်ပါဘူး၊ ကျုပ်က အခြေအနေကို တီးခေါက်တဲ့ သဘောပါ'

'စိတ်ချပါ၊ ကျွန်မ အစွမ်းကုန် ကြိုးစားပါ့မယ်၊ ကျွန်မပြောပြီးတဲ့စကားအတွက် ကျွန်မ မျက်နှာအမျက် မခံနိုင်ပါဘူး တစ်ခုတော့ရှိတယ်၊ ကိစ္စအားလုံး ပြီးမြောက်အောင်မြင်သွားရင်တော့ ကျွန်မ ကျန်လှဂိုဏ်းထဲက ထွက်ပါမယ်၊ အဲဒါကို ကြိုတင်မေတ္တာရပ်ခံပါတယ်'

အိုယန်ထုံက သဘောတူ၏။

'ဒီကိစ္စအတွက် ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ ကျုပ်က ခွင့်ပြုပေးဖို့ အဆင်သင့်ပါပဲ'

'ဒါဆိုရင် ကိစ္စအားလုံး ပြီးပြတ်ပြီပေါ့၊ ကွန်လုံဝမ်ရဲ့ကိစ္စကိုပဲ စဉ်းစားဖို့လိုတော့တယ်'

'မိန်းကလေးရဲ့ စိတ်ကူးက....'

'ကျွန်မသိထားတာတစ်ခုပဲရှိတယ်၊ ကွန်လုံဝမ်ဟာ သိုင်းသာ ထူးချွန်တာတစ်ဖက် အဆိပ်ဆေး၊ အတိုင်မေ ဆေးကိုသုံးနိုင်တာကတစ်ဖက်၊ ဘက်နှစ်ဘက်နဲ့ဝမ်ဂိုဏ်းကိုဦးဆောင်နေ

www.burmeseclassic.com



တယ်၊ ဘာကြောင့်လဲဆိုတော့ ကွန်လုံဝမ်ရဲ့ အဆိပ်ပညာတစ်ဖက်ကိုဖျက်ဆီး ပစ်နိုင်ရင် သိုင်းပညာ ထူးချွန်သော ကွန်လုံဝမ်ဟာ ကျန်ခဲ့မယ်၊ ကွန်လုံဝမ်ရဲ့ သိုင်းပညာကို ဂိုဏ်းချုပ်ကြီးတို့၊ ဆန်ကွမ်းချီတို့ ယွမ်ရှောက်တို့ စုပေါင်းတိုက်ဖျက်နိုင်ပါတယ်’

‘ဒီတော့ မိန်းကလေးက ဘယ်လိုစိတ်ကူးသလဲ’

‘ကျွန်မက ကွန်လုံဝမ်ရဲ့အဆိပ်သိုလှောင်ခန်းကို သိထားပါ တယ် အဲဒီအဆိပ်သိုလှောင်ခန်းကို ဖျက်ဆီးပစ်နိုင်ရင် ကွန်လုံ ဝမ်ကို ဖျက်ဆီးတာနဲ့အတူတူပါပဲ’

‘ဒီလောက်အရေးကြီးတဲ့ အဆိပ်သိုလှောင်ခန်းကို ကွန်လုံ ဝမ်က ဘယ် ပေါ့ပေါ့ဆဆ ထားမလဲ၊ အစောင့်အကြပ်တွေ ဝိုင်းဝိုင်းလည်နေမှာပေါ့’

‘လည်နေမှာကတော့ မြေကြီးလက်ခတ်မလွဲပဲ၊ အဲဒီအတွက် ဒီက စီမံဆရာတော်ကို ပြန်အသုံးချရမှာပေါ့’

ထိုအခါကျမှ နိုင်ချစ်နော်က စီမံဆရာတော်အား ပြန်လှန် ကျေးဇူး ဆပ်နိုင်းသည့်သဘောကို နားလည်တော့သည်။

‘အဲဒီအဆိပ်သိုလှောင်ခန်းကို ကျွန်မတို့ပြန်ဝင်ဖို့ဆိုတာ မလွယ်ဘူး၊ ဒီတော့ စီမံဆရာတော်ကို ပြန်လွှတ်ရမယ်၊ ကျွန်မ တို့ရဲ့ အသေခံတပ်သား သုံးယောက်လောက်ကို ထည့်ပေးရမယ်’

‘ကျုပ်အတွက် ဒါက ဝန်မလေးပါဘူး၊ ကျုပ်ရဲ့ဂိုဏ်းသား တွေက သေဆိုသေ ရှင်ဆိုရှင်ပဲ၊ ကျုပ်တာဝန်ပေးရင် တစ်ဂိုဏ်း လုံး အသေခံကြမယ့်လူချည်းပါပဲ’



နိုင်ချစ်နော်က ခေါင်းခါ၏။

‘လူတိုင်းကိုတော့ ရွေးလို့မဖြစ်ဘူး ဂိုဏ်းချုပ်ကြီး၊ ကွန်လုံ ဝမ်ရဲ့ အရေးကြီးတဲ့ စခန်းကိုဝင်ရမှာဆိုတော့ သိုင်းပညာသိပ် အင်မတန်သက်မြွက်ဖို့ လိုအပ်ပါတယ်’

‘တိတိကျကျပြောပါ၊ ဘယ်နှစ်ယောက်လိုမှာလဲ’

‘အသေခံတပ်သား သုံးယောက်ဆိုရင် လုံလောက်ပါပြီ’

‘ဒါဆို ကျုပ်ဂိုဏ်းထဲက ဝါစဉ်ကြီး သိုင်းသမားတွေထဲက ရွေးချယ်ရမှာပဲ’

အိုယန်ထု သည် ကွန်လုံဝမ်နှင့်ယှဉ်ပြိုင်နိုင်သော ဆန်ကွမ်းချီ နှင့် ယွမ်ရှောက်တို့အား တာဝန်ပေးလိုသည်။ သို့သော်တွင် ယခု ကိစ္စမှာ ရှေ့သွားတွင်းထဲ အဆင်းခိုင်းရမည့်ကိစ္စ ဖြစ်နေ၍ တာဝန် ပေးရမည့်ကိုသည်း အားနာနေသည်။ ယခုအထိဝင်ရောက်ကူညီ နေသည်ကပင် ကျေးဇူးတင်၍မကုန်နိုင်အောင်ဖြစ်နေရပေသည်။

ထိုအခါ နိုင်ချစ်နော်က ရှင်းရှင်းလင်းလင်း ဝင်ပြော၏။

‘ဂိုဏ်းချုပ်ကြီးရှင့်၊ ကျွန်မလိုဂိုဏ်းထဲက ဝါစဉ်ကြီး သိုင်း သမားတွေ အသေခံနိုင်ကြမယ်ဆိုတာ ကျွန်မ သံသယမရှိပါ ဘူး၊ ဒါပေမယ့်…’

သူမသည် ဆန်ကွမ်းချီအား လှမ်းကြည့်လေ၏။

ဆန်ကွမ်းချီ မနေသာတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



'နိုင်ချစ်နော်...အသေခံတပ်သား သုံးယောက်ထဲမှာ ကျုပ်ပါဝင်မယ်ဆိုရင် အဆင်ပြေနိုင်ပါ့မလား'

နိုင်ချစ်နော်က ပြုံး၍ပြောလေ၏။

'ဒါဟာ အကောင်းဆုံး ရွေးချယ်မှုပါရှင်၊ ကွန်လုံဝမ်ကို တော်ရုံတန်ရုံလူ တယ်ယှဉ်နိုင်ပါ့မလဲ'

ဆန်ကွမ်းချီသည် နောက်တစ်ယောက်ကိုတော့ သူ့စိတ် သူ့သဘောနှင့် မရွေးချယ်ပေ။

'ဒါကတော့ ခင်ဗျားသဘောပဲ၊ ခင်ဗျားက တိုက်ခိုက်ရေး နည်းပညာမှူးပဲ၊ ခင်ဗျား ရွေးချယ်ပါ'

ယွမ်ရှောက်သည် သူ့အစ်ကိုကြီးနှင့်အတူ လိုက်လိုသည်။

သို့သော် နိုင်ချစ်နော်က တာဝန်မပေးသဖြင့် မှုလနေရာ၌ပင် ရပ်နေရတော့သည်။

နိုင်ချစ်နော်က...

'ဂိုဏ်းချုပ်ကြီးရှင့်....ကျွန်တို့ အသေခံတပ်သား နှစ်ယောက်ကိုတော့ ဂိုဏ်းချုပ်ကြီးကပဲ ရွေးချယ်ပေးပါ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက လက်ယာရံလှူငယ်နှင့် လက်ဝဲရံ လှူငယ်တို့အား အမိန့်ပေးလေ၏။

'လီစင်းနဲ့ ကျွန်းဖန်း...သူရဲကောင်း ဆန်ကွမ်းချီတို့နဲ့အတူ လိုက်သွားလိုက်ပါ'



လှူငယ်နှစ်ဦးသည် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံအား ဦးညွှတ် ဂါရဝပြုပြီး ဆန်ကွမ်းချီ၏အနောက်၌ သွားရပ်သည်။ ကွန်လုံဂိုဏ်း အဆိပ်သိုလှောင်ခန်းအတွင်းသို့ ဝင်ရောက်ကြရမည့် အသေခံ သူရဲကောင်းသုံးယောက်ကို ရွေးချယ်ပြီးသေပြီ။

နိုင်ချစ်နော်က သူမ၏ လက်ဖဝါးနှစ်ဖက်ကို ပွတ်သပ်၍ ပြောလေ၏။

'ဒီထက်ကောင်းတဲ့လူတွေကိုတော့မရနိုင်တော့ဘူး၊ ဒီတော့ ခြေကအထွက်မှာ ကူညီစိုးဆောင်ပေးမယ့် တပ်သားသုံးယောက်ကိုလဲ ဂိုဏ်းချုပ်ကြီးကပဲ ရွေးချယ်ပေးပါ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် လက်ယာရံ လှူငယ်အား လှမ်းခေါ်၍ လက်ရွေးစင်ဂိုဏ်းသား သုံးဦးကို သွားခေါ်ခန် စေလွှတ်လိုက်သည်။

လက်ယာရံ လှူငယ်သည် ကိုယ်ဖော့ပညာသုံး၍ တရိပ်ရိပ် ပြေးထွက်သွားလေ၏။ သူ ပြန်လာသောအခါ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ ခေါ်ခိုင်းလိုက်သည့် မီးခိုးရောင် ဝတ်စုံဝတ် ကျူးလု ဂိုဏ်းသားသုံးဦး ပါလာသည်။

ထိုသုံးယောက်သည် အမှတ်လေးဆယ့်ရှစ်အဖွဲ့မှ တပ်သား များ မဟုတ်ကြချေ။ သို့သော် ဆန်ကွမ်းချီတို့ အားထားနိုင် လောက်သည့် အရည်အချင်းရှိသူများ ဖြစ်ကြ၍ အို့ယန်ထုံက အထူးရွေးထုတ်ပေးခဲ့ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်က ဂိုဏ်းချုပ်ကြီး အို ယန့်ထုံအား တီးတိုး ပြောလေ၏။

'ဂိုဏ်းချုပ်ကြီး...သူတို့သုံးယောက်ကို အပြစ်မှာ သုံးနိုင်မယ် ဆိုရင် အနက်ရောင် ဝတ်စုံတွေကို ဝတ်ဆင်ပေးဖို့ လိုပါသေး တယ်'

'ဆန်ကွမ်းချီတို့ကော မလိုဘူးလား'

'လိုပါတယ်၊ ကွန်လုံဝမ်ဂိုဏ်းသားတွေဟာ မြားသောအား ဖြင့် အနက်ရောင် ကိုယ်ကျပ်အင်္ကျီတွေ ဝတ်ဆင်ကြတော့ သူတို့ အတွက်လဲ လိုအပ်မှာပါ၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ သူတို့အတွက် အဲဒီဝတ်စုံတွေ စီစဉ်ပေးနိုင်ရင် သိပ်ကောင်းပါတယ်'

'ကောင်းပြီ၊ ကျုပ်ကိုယ်တိုင် စခန်းကိုပြန်ပြီး စီစဉ်လိုက်ဦး မယ်၊ မိန်းကလေးတို့ ဒီက စောင့်နေကြပေတော့'

'ကောင်းပါပြီ'

ဂိုဏ်းချုပ်ကြီးအို ယန့်ထုံဆိုလိုသည့်စခန်းမှာ ပညာရှိထန်ရှင် ခေါင်းချသေဆုံးခဲ့သည့် တဲစခန်းကို ဆိုလိုခြင်းဖြစ်ပေ၊ သူ အာဃာ သီးခြား အသည်းဆောက်ထားသည့် ယာယီဌာနချုပ်ကို ဆိုလိုခြင်းဖြစ်၏။

ဂိုဏ်းချုပ်ကြီး အို ယန့်ထုံ၊ လက်ဝဲရံ၊ လက်ယာရံလူငယ်နှင့် ကျွန်လုဂိုဏ်းသား လက်ရွေးစင်သုံးဦးတို့ ထွက်သွားသည့်အခါ နိုင်ချစ်နော်က ဆန်ကွမ်းချီအား သိုင်းလောက၏ ရတနာသုံးမျိုး ကိစ္စကို ရှင်းလင်းပြောပြလေ၏။



'ဆန်ကွမ်းချီ... သိုင်းလောကရဲ့ ရတနာသုံးမျိုး ဆိုတာကို ကြားဖူးထားတယ် မဟုတ်လား'

'ဟုတ်ကဲ့...ကြားဖူးထားပါတယ်'

'ကွန်လုံဝမ်ကိုယ်တိုင် ဒီရတနာတွေကို သိပ်လိုချင်နေသာ ပေါ့၊ သူဟာကျွန်မကို ဝမ်ဂေဟာထဲဝင်ခိုင်းခဲ့တာ သိုင်းလောက ရတနာသုံးမျိုးရဲ့သတင်းကို သိဖို့ပါပဲ၊ ဒါပေမယ့် ဒီသတင်းကို သိမထားတော့ ကျွန်မ အပင်ပန်းခံထားရတာတွေလဲ အလကား ဖြစ်ကုန်တာပဲ'

'ခင်ဗျားက ဒီရတနာတွေအကြောင်း သိခဲ့ပြီလား'

'ဟုတ်ကဲ့...သိခဲ့ပြီလို့ ဆိုနိုင်တယ်၊ ရှင့်ညီယွှမ်ရှောက်နဲ့ ကျွန်မ ရောက်သွားတဲ့ ပိုင်မာစမ်းတောင်နဲ့ တောတွင်း တစ်နေရာမှာ ဒီရတနာတွေ ရှိနေတာပဲ'

'ဪ...အဖျားငွေ့တွေ ထူးထူးခြားခြား ရစ်သိုင်းလွှမ်းခြုံ နေတဲ့ ကျောက်တံခါးနေရာပေါ့၊ ထူးခြားတဲ့ ဆေးရေအိုင်ရှိတဲ့ ကျောက်လိုဏ်ဂူကြီးပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ အဲဒီဂူထဲက အရိုးစုမှာ စိုက်နေတဲ့ ရွှေဓား ရယ်၊ အရိုးစုတွေ ဝတ်ထားတဲ့ ထူးခြားတဲ့ အင်္ကျီရယ်၊ ထူးခြား တဲ့ အိတ်ငယ်ရယ်၊ အဲဒါတွေဟာ သိုင်းလောကရဲ့ရတနာသုံးပါး ပါပဲ'

ဆန်ကွမ်းချီ အံ့ဩသွားသည်။ ဤပစ္စည်းများကို ယွှမ်ရှောက် က ပထမဦးဆုံး တွေ့ရှိရသည်။ ဒုတိယ တွေ့ရှိသူမှာ သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်စလုံး သိုင်းလောက အတွေ့အကြုံ မရှိကြသဖြင့်လည်းကောင်း၊ သေဆုံးနေကြသည့် ဆရာ့ဆရာကြီးများ၊ ဆရာ့ဆရာမကြီးများ၏ ဂုဏ်သိက္ခာကို ရှိသေလေးစား၍ သဖြင့်လည်းကောင်း၊ ထိုပစ္စည်းများကို ခိုးမင်တပ်မက်ခြင်း၊ ဖြတ်ယူ ယူငင်ခြင်းတို့ မပြုလုပ်ခဲ့ကြပေ။

ပိုင်မာစန်းသစ်တောကြီး အတွင်း၌ ကွန်လုံဝမ်ကို ဥဒဟိုတွေ့နေရခြင်းမှာ ကွန်လုံဝမ်သည် ထိုရတနာသုံးမျိုး၏ အတင်းအဖကို ရရှိသဖြင့် ထိုသစ်တောအတွင်းကျက်စားခဲ့ခြင်းဖြစ်ကြောင်း ဆန်ကွမ်းချီ ရိပ်မိလာလေ၏။

'ဪ...ဒါတွေကို သိုင်းလောကရဲ့ ရတနာသုံးမျိုးလို့ ခေါ်တာကိုး'

နောက်ဆုံး ဆန်ကွမ်းချီက ဤသို့ ရေရွတ်မိခဲ့ပေသည်။

'မှန်တယ်၊ အဲဒီရွှေဓားကို ဗိညာဉ်လိပ်ပြာနတ် ရွှေဓားလို့ ခေါ်တယ်၊ သူတို့ဝတ်ထားတဲ့ အနီရောင်အင်္ကျီနဲ့ အပြာရောင်အင်္ကျီကို ပိုးချည်မျှင်အင်္ကျီလို့ ခေါ်တယ်၊ ထူးဆန်းတဲ့ အိတ်ကလေးကိုတော့ နတ်ဆူးလုံးအိတ်ငယ်လို့ ခေါ်တယ်၊ နတ်ဆူးလုံးဆိုတာ လက်နက်ပုန်းတစ်မျိုးပဲ၊ အဲဒီလက်နက်တွေ ထည့်တဲ့အိတ်လို့ ဆိုလိုတာပေါ့'

'ဒါတွေက ဘာယ်လောက်များထူးဆန်းလို့လဲ'

'အင်မတန်ထူးတဲ့ပစ္စည်းတွေပေါ့၊ သိုင်းလောကသားတွေ အရူးအမူးတပ်မက်ကြတာကို ကြည့်ပါလား၊ ရွှေဓားက ဘယ်



အရာကိုမဆို ဖောက်နိုင်တယ်၊ အဲဒီအင်္ကျီတွေဟာ ရွှေဓားက လွဲရင် တခြား ဘယ်လက်နက်မှ ထိုးမဖောက်နိုင်အောင် လုံခြုံတယ်၊ သံကိုယ်ကျပ်အင်္ကျီလိုပဲ၊ ဒါပေမယ့် အဲဒီအင်္ကျီတွေက အင်မတန်ပျော့ပျောင်းပြီး ချွန်ထက်တဲ့ အရာတွေကို ခံနိုင်ရည်ရှိတယ်၊ နတ်ဆူးလုံးလက်နက်ကတော့ ကြောက်စရာအကောင်းဆုံး လက်နက်ပုန်းပဲ ဖြစ်တယ်'

နိုင်ချစ်နော်သည် ရှတ်ဘရက် စကားစကို ဖြတ်လိုက်လေ၏။ ဂိုဏ်းချုပ်ကြီးအိုယန်ထုတ်ိုလူစုက တရိပ်ရိပ်ပြေးလာကြသောကြောင့်ပင် ဖြစ်ပေသည်။

နိုင်ချစ်နော်ပြောနေသည့်စကားများကို ရှောင်လင်ကျောင်းမှ စိမုဆရာတော် ကြားသိနေခဲ့သည်။ ဆိုသော် စိမုဆရာတော်သည် ကွန်လုံဝမ်တို့ကဲ့သို့ အောက်လမ်းဂိုဏ်းသားများ မဟုတ်ကြသဖြင့် ကိုယ်နှင့်မထိုက်၍ မရသောပစ္စည်းများကို အတင်းအကျပ်ယူလိုသည့် သဘောမျိုးမရှိပေ။ ထို့ကြောင့် အံ့ဩဖွယ်ကောင်းသည့် သတင်းတစ်ရပ်ကို နားထောင်နေပုံမျိုးမှ လွဲ၍ အခြားမတော်သောစိတ်အကြံမျိုး လုံးဝမပေါ်ပေါက်လာပေ။

ဂိုဏ်းချုပ်ကြီးအိုယန်ထုံဘို၏ လူသိုက်တွင် လက်ဝဲရံလူငယ်နှင့် လက်ယာရံလူငယ်နှစ်ဦးစလုံး ပါရှိလာ၏။

သူတို့သက်ထဲတွင် အနက်ရောင်ကိုယ်ကျပ် ဝတ်စုံများဝတ်ဆင်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

နိုင်ချစ်နော်သည် ကွန်လုံ့ဝမ်ထံသို့ သွားရောက်ကြမည့် သူများအားလုံးကို တန်းစီစေလိုက်၏။

'အခု သွားရမယ့်နေရာဟာ အင်မတန်မှ ဘေးအန္တရာယ်ကြီးတယ်၊ ဘယ်လောက်ပဲ သိုင်းပညာ တော်တဲ့လူ ဖြစ်စေ၊ ဘယ်လောက်ပဲ သတ္တိရှိယှဉ်တဲ့လူဖြစ်စေ၊ ဒုက္ခရောက်သွားနိုင်တဲ့နေရာ ဖြစ်တယ်၊ ကွန်လုံဝမ်ဟာ သိုင်းလောကရဲ့ မကိုဋ်ဦးသျှောင် ဖြစ်မဖြစ်ကိုတော့ ကျွန်မ အတပ်မပြောနိုင်ပေမယ့် ယုတ်မာ ကောက်ကျစ်တဲ့နေရာ၊ ကြမ်းကြုတ် ရက်စက်တဲ့နေရာမှာတော့ မကိုဋ်ဦးသျှောင်ဖြစ်တယ်'

သူမက ခေတ္တရပ်နားပြီး အကဲခတ်နေလေ၏။ အားလုံးငြိမ်သက်စွာ နားထောင်နေကြသည်။

'အခုကိစ္စဟာ အင်မတန် တာဝန်ကြီးမေတယ်၊ ကျွန်ုပ်လုဂိုဏ်းရဲ့ ရပ်တည်ရေးသာမက သိုင်းလောကကြီး တစ်ခုလုံး အေးငြိမ်းစွာရပ်တည်ရေး ဖြစ်တယ်၊ ကွန်လုံဝမ်သာ ရိုးရိုးတန်းတန်း သိုင်းလောကကြီးကို စိုးမိုးလွှမ်းမိုးဖို့ ကြံစည်တယ်ဆိုရင် ဂိုဏ်းချုပ်ကြီး အိုယန်ယုဘာသာ ကွန်လုံဝမ်ကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်ပါတယ်၊ အခု ကွန်လုံဝမ်က ရိုးသားတဲ့လူမဟုတ်တော့ သူ့လိုပဲ ကောက်ကျစ်တဲ့ ကျွန်မက ကွန်လုံဝမ်ကို ဝင်ရင်ဆိုင်ရတာပါ၊ နှင်တို့အားလုံး အသက်စွန့်ပြီး ဆောင်ရွက်မယ်ဆိုရင် ဒီတာဝန်ဟာ မအောင်မြင်နိုင်စရာ အကြောင်းမရှိဘူး'

ဆန်ကွမ်းချီနှင့် ယွမ်ရွှောက်တို့ ငြိမ်သက်နေကြသော်လည်း ဝမ်ထာလုငယ်နှစ်ဦးက ဦးညွှတ် ဂါရဝပြုကြ၏။ အားလုံးက တစ်ပြိုင်တည်း တာဝန်ခံကြသည်။



'စိတ်ချပါ၊ ကျွန်တော်တို့ အသက်စွန့်ပြီး တာဝန် ထမ်းဆောင်ပါ့မယ်၊ တာဝန်မကျေရင် အသက်မပါပါယ်'

'သိပ်ကောင်းတယ်'

နိုင်ချစ်နော်က ထိုသို့မှတ်ချက်ချပြီး သူ့ရင်ထဲမှ ဆေးပုလင်းလေးတစ်လုံးကို ထုတ်ယူလိုက်သည်။ ဆေးလုံးကလေးများကို ထုတ်ယူ၏။

'ဟောဒီ အဆိပ်ဆေးဟာ အပြင်းထန်ဆုံးသော အဆိပ်တွေ ပါတယ်၊ လည်ချောင်းထဲ ဆေးရောက်တာနဲ့ ချက်ချင်း သေစေနိုင်တယ်'

လက်ဝဲရှိလူငယ်၊ လက်ယာရှိလူငယ်နှင့် ဆန်ကွမ်းချီတို့သည် တစ်လုံးစီ လက်ခံယူကြ၏။ အဆိပ်သို့လှမ်းမီနေပြင်ဆင်ထိုက်မည့် ကျွန်ုပ်လုဂိုဏ်းသားသုံးဦးကို အဆိပ်ဆေးလုံးများ ပေး၏။

'နောက်ဆုံးအချိန် မရောက်မချင်း ဒီအဆိပ်ကို မသောက်ပါနဲ့၊ လုံးဝ မလွတ်မြောက်နိုင်တော့တဲ့ အခါ၊ ကွန်လုံဝမ်က ရက်စက်စက် ညှဉ်းပန်းနှိပ်စက်တဲ့ အခါကျမှသာ ဒီအဆိပ်ဆေးလုံးကို သောက်ကြပါ'

လက်ယာရှိလူငယ်က ခေါင်းညိတ်၏။

'စိတ်ချပါ…မှာကြားတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်သည် စစ်မြေပြင်ကို ကြီးကြပ်အုပ်ချုပ်နေသေ… တပ်မှူးကြီးတစ်ဦးပမာ ဆန်ကွမ်းချိတို့၏ ရှေ့၌ ခေါ… ခေါက်ပြန် လမ်းလျှောက်နေ၏။ သူမသည် ကွန်လုံဝမ်… သခင်မတစ်ပါးအဖြစ် အမှုအမ်းဖူးသူဖြစ်၍ လက်အောက်… သားများကို မည်သို့ အုပ်ချုပ်ရမည်ကို တတ်ကျွမ်းပြီး… ရလသည်။

'ကွန်လုံဝမ်ရဲ့ အိမ်ဝင်းကြီးထဲမှာ အဆင့်မြင့် သိုင်း… တွေ အများကြီးရှိတယ်၊ သူတို့အားလုံးဟာ အတိတ်မေ့… ဆေး အခတ်ခံရရင်ခံရမယ်၊ မခံရရင် ခဖြေဆေးကို နာ… သောက်နေရတဲ့ ထိန်းချုပ်ဆေး အခတ်ခံရတဲ့လူ ဖြစ်… ဒါကြောင့် သူတို့ဟာ သေဖို့ ဘာမှ ဝန်မလေးဘူး၊ တစ်… စဉ်းစားရင်တော့ သူတို့ဟာ အင်မတန် သနားစရာ ေ… တယ်၊ သူတို့ကို တတ်နိုင်သမျှ ရှောင်ပါ၊ မရှောင်နိုင်ရင်… မညှာတမ်း တိုက်ပါ'

ပျာမ်ရှောက်သည့် သူ့ အစ်ကိုကြီး ဆန်ကွမ်းချိ အဆိပ်… ကို ပြန်လည်သတိရလာပြီး ကြိတ်သီးထသွား၏။

ဆန်ကွမ်းချိက လိုအပ်သည့် စကားတစ်ခွန်းကို မေးလို…

'ကွန်လုံဝမ်ရဲ့ အိမ်ဝင်းထဲကို ခိုးဝင်လို့ရမလား'

'ဘယ်ရမလဲ'

'ဘယ်လိုဝင်ရမလဲ'



'ပြောမယ်လေ၊ ကွန်လုံဝမ်ဟာ သူ့ အိမ်ဝင်းကို အစောင့် အကြပ်တွေ ခိုင်ခိုင်မာမာ ချထားတတ်တယ်၊ ဒါကြောင့် ပေဟာ့ဒီ စိမ့်ဆရာတော်ရဲ့ အကူအညီကို ယူရတာပေါ့'

စိမ့်ဆရာတော်က....

'ကျုပ်က ကူညီဖို့ ဝန်မလေးပါဘူး၊ အဆင်သင့်ပါပဲ'

ဂိုဏ်းချုပ်ကြီး အို ယန်ဆူ့ မှာ နှုတ်ခမ်းတလှုပ်လှုပ်ဖြစ်လာ ၏။ ရှောင်လင်ကျောင်းတော်မှ ဘုန်းကြီးတစ်ပါးကို အတင်း အကျပ် ခေါ်ခိုင်းရမည်ဆိုသည်မှာ အတော်ကလေး မဖွယ်မရာ သော အလုပ်ဖြစ်နေသည်။

ဂိုဏ်းချုပ် ဆရာတော်ကြီး၏ ခွင့်ပြုချက်မရဘဲ တာဝန်ပေး ခြင်းမှာလည်း သိုင်းဂိုဏ်းကြီးအချင်းချင်း မျက်နှာအိုးမည်းသုတ် ရာ ကျနေသည်။

'မိန်းကလေး၊ စိမ့်ဆရာတော်ရဲ့ အကူအညီနဲ့ ပတ်သက်ပြီး အတော်ကလေး ချင့်ချိန်စဉ်းစားရလိမ့်မယ်'

နိုင်ချစ်နော်က ပြုံး၍ ပြောသည်။

'ဒါကို စိတ်မပူပါနဲ့ ဂိုဏ်းချုပ်ကြီး၊ သိုင်းလောကကြီးတစ်ခု လုံး သေအောင်ကြုံနေတဲ့ အခါမျိုးမှာ ရှောင်လင်ဂိုဏ်းချုပ်ဆရာ တော်ကြီးက ကျွန်မတို့ကို အပြစ်တင်မှာ မဟုတ်ပါဘူး၊ သူ့ ကပည့် အသက်စွန့်ပြီး ကူညီတဲ့အတွက် ပိုတောင် ဂုဏ်ယူပြီး သိမ်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အိုယန်ထုမှာ စကား ဆက်မပြောနိုင်တော့ ချေ။ စီမုဆရာတော်ကလည်း ငြိမ်သက်စွာ ငေးနေသည်။

'အင်း...ဒီဓာတ်မလေးဟာ စကားပြောလဲ ပြတ်သားတော့ အပြုအမူကလဲ ပြတ်သားတယ်၊ မျက်လုံးတွေကလဲ အင်မ ပါးနပ်တယ်၊ ရုတ်တရက်ပုံလဲ ချတယ်၊ ကျွန်ုပ်လုံ့ဝမ်ကို ယှဉ်နိုင် လေချာတယ်၊ တာဝန်ထမ်းဆောင်တဲ့အခါမှာ အယ်သူ့မျက် ကိုမှ ထောက်မယ်ပုံ မတွေ့ဘူး'

စီမုဆရာတော်သည် စိုက်ထဲမှ မှတ်ချက်ချနေသည်။

'ကျုပ်ကတော့ ထားလိုက်ပါတော့ ကျုပ်ရဲ့ အပေါင်း ဆရာတော်တွေကော'

'အဲဒီဆရာတော်တွေ မိသားတဲ့ အဆိပ်တွေကို ကျု ကျုနိုလုဂိုဏ်းကပဲ ကုသပေးပါမယ်၊ အေးချမ်း သိတ်ငြိမ်တဲ့ ရာမှာ ရှိအားမှီ ဘာမှမစိုးရိမ်ပါနဲ့'

'ကျုပ်ကတော့ ကျုပ်အသက်အတွက် ဘာမှမစိုးရိမ်ပါ ဒါပေမယ့် ကျုပ်တို့ ရှောင်လင်ကျောင်းက ထွက်လာ အတော် ကြာနေပါပြီ၊ ရှောင်လင်ကျောင်းတော်ကို ကျ ပြန်ပြီး အကြောင်းကြားနိုင်ရင် ထပ်မံ လိုက်လာနိုင်ပါတယ'

'တပည့်တော်မတို့နဲ့ မပူးပေါင်းတဲ့နဲ့ အရှင်ဘုရားတို့ ပြန်ထွက်မယ်ဆိုရင်လဲ အရှင်ဘုရားတို့အဖို့ မလွယ်ပါဘူး၊ ဘာ တောင်ခြေမှာ ဝိုင်းထားတယ်'

'ထားပါတော့လေ၊ ကဲ...ကျုပ်တစ်ဝန်က ဘာလဲ၊ ကျ ဘာလုပ်ပေးရမလဲ'



'တပည့်တော် ခိုင်းတဲ့အတိုင်း လုပ်ပေးဖို့ပါပဲ၊ လုပ်မယ် ကတိပေးနိုင်ပါမလား'

စီမုဆရာတော်မှာ အကြီးအကျယ် စဉ်းစားနေရတော့၏။ ဘန်ကြာမှ...

'ကတိပေးပါတယ်'

'ကျေးဇူးတင်ပါတယ် ဆရာတော်၊ ရော့ပါ၊ အဲဒီ အဆိပ် ဆေးလုံးကို သောက်လိုက်ပါ၊ ကိစ္စအားလုံး ပြီးစီးတဲ့အခါ အဲဒီ ဆိပ်ကို ပြန်ဖြေပေးပါ့မယ်'

စီမုဆရာတော်မှာ အံ့အားကြီး သင့်သွားတော့၏။ သူက ညီညွှတ်ဆိုထားပါလျက် အဆိပ်ဆေး တိုက်ကျွေးပြီး ထပ်မံ ချုပ်ခြင်းမှာ သူ့သိက္ခာကို စော်ကားရာကျသည်ဟု ယူဆ ည်။

'ဒီဓာတ်မလေး....ဒါ...ဒါဟာ'

စီမုဆရာတော်သည် ဒေါသ ထွက်လွန်းသဖြင့် စကားတောင် ဆက်ပြီး အောင် မပြောနိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃၇)

## တိုက်ခိုက်ရေး နည်းပညာမှူး၏ ပရိယာယ်

'ဆရာတော်က ကူညီမယ်လို့ ကတိပေးထားပြီးပြီပဲ၊ တပည့်တော်တို့က ဆရာတော်ကို အဆိပ်နဲ့ ပြန်ထိန်းချုပ်တာက အကြောင်းမဲ့ မဟုတ်ပါဘူး၊ ကွန်လုံဝမ်ဆီ ပြန်ရောက်တဲ့အခါ အဆိပ်မိထားတဲ့ အနေအထားမျိုးရှိနေမှ သဘာဝကျမှာပေါ့၊ အဆိပ်ကို တပည့်တော်တို့က ပြန်ဖြေပေးမှာပဲ'

နိုင်ချစ်နော်က သူမ စီစဉ်သည့်အချက်များကို အကျိုးအကြောင်း ရှင်းပြနိုင်၏။

www.burmeseclassic.com

'ကျွန်လုဂိုဏ်းဟာ တင်ရှားကျော်ကြားတဲ့နေရာမှာ ရှောင်လင်ကျောင်းတော်နဲ့ တန်းတူရှိပါတယ်၊ အခု ဒကာမလေးလုပ်တာကတော့ ကျွန်လုံဝမ်ရဲ့ ဝမ်ဂိုဏ်းနဲ့ ဘာမှမထူးခြားတော့ပါဘူး'

'တပည့်တော်အနေနဲ့ကတော့ ဒီအကိုင်း ဆောင်ရွက်ရမှာပဲ ဝမ်ဂိုဏ်းဟာ ညစ်ပတ်ယုတ်မာတဲ့ ဂိုဏ်းဖြစ်ပါတယ်၊ သူ့ဂိုဏ်းကို သူ့နည်းနဲ့ ပြန်တိုက်တာ အကောင်းဆုံးပါပဲ၊ ဆရာတော် မကျေနပ်ချင်ဘူးဆိုရင်လဲ တစ်မျိုးစီစဉ်ရမှာပေါ့'

စိမုဆရာတော်မှာ မသက်မသာ ဖြစ်သွားရရှာ၏။

'ကောင်းပြီ၊ ဒကာမလေး ဘာစီစဉ်ချင်သလဲ၊ စီစဉ်ပေတော့'

သူမသည် ရင်ခွင်ထဲမှဆေးပုလင်းတစ်လုံးကို ထုတ်ယူပြန်ကာ ဆေးလုံးတစ်လုံး သွန်ထုတ်ယူလိုက်လေ၏။

'ဆရာတော် ဒီဆေးလုံးကို သောက်ချလိုက်ပါ၊ ကျွန်မ ဝမ်ဟာ ဆရာတော်ကို ဘာမှ အန္တရာယ်ရှိမှာ မဟုတ်တော့ပါဘူး'

စိမုဆရာတော်သည် အိုးယန်ထုံအား တစ်ချက် လှမ်းကြည့်လိုက်၏။ အိုးယန်ထုံမှာ မည်သည့်စကားမျှ မပြောနိုင်ခြင်းမရှိ သဖြင့် ခေါင်းငုံ့နေသည်။

နောက်ဆုံး၌ ဆရာတော်သည် ဆေးလုံးကို လက်ခံလိုက်၏။

'ကျုပ်အသက်ကို ဒကာမလေးကပဲ ကယ်ခဲ့တာဘဲ၊ ဒကာမလေးအတွက် ပြန်ပြီးအသေခံရရင်လဲ သေရကျိုးနပ်မယ်လို့ ဆိုရပါတယ်'



စကားဆုံးသောအခါ စိမုဆရာတော်သည် ဆေးလုံးကို မျှောသောက်လိုက်၏။

ဆန့်ကွမ်းချို၏ စိတ်ထဲတွင်လည်း နိုင်ချစ်နှော်၏ အပြုအမူကို ဘဝင်မကျဘဲ ဖြစ်နေသည်။ သူ့စိတ် သူ့သဘောမှာ ဖျားစင်လှသဖြင့် ရန်သူအား ညစ်ကွက်ဖြင့် အနိုင်ယူလိုသော စိတ်ထားမျိုး မရှိပေ။

'နိုင်ချစ်နှော်ဟာ ရက်စက်တဲ့ စိတ်ထားမျိုးရှိတယ်၊ နောင်ကြီး ထန်ရွှင်က ဘာအချည်ရှယ်ချက်နဲ့ သူ့ကိုမှ ရွေးချယ်ခဲ့တာလဲ မသိဘူး'

ဆန့်ကွမ်းချို တွေးတောနေခိုက် နိုင်ချစ်နှော်၏ စကားသံ ထွက်ပေါ်လာ၏။

'အခုတစ်ကြိမ် ကျွန်လုံဝမ်ဆီ ပြန်သွားတာဟာ ဆရာတော် ကပဲ ခေါင်းဆောင် သဘောမျိုးနဲ့ ဆန့်ကွမ်းချိုတို့ကို ခေါ်ဆောင်သွားရမှာ ဖြစ်ပါတယ်၊ ဒါမှ တပည့်တော်တို့ရဲ့ တပ်သားတွေအနေနဲ့ ကျွန်လုံဝမ်ဆီကို လွယ်လွယ် ဝင်ခွင့်ရပါလိမ့်မယ်'

နိုင်ချစ်နှော်က ဆက်ပြော၏။

'တစ်ခုတော့ရှိတယ်၊ တောင်ခြေက ဝိုင်းထားတဲ့ တပ်တွေထဲမှာ ကျွန်လုံဝမ်ရှိနေရင်တော့ ဆရာတော်တို့ဟာ အခက်တွေ့ပြီ၊ ကျွန်လုံဝမ် ရှိမနေမှသာ ကျွန်လုံဝမ်ဆီ အစီရင်ခံဖို့ ကျွန်လုံဝမ်ရဲ့ ဂေဟာကို သွားပါရစေလို့ ကျွန်လုံဝမ် တပ်သားတွေကို ရှင်းပြလို့ရမယ်၊ ကျွန်လုံဝမ်ရှိနေရင် ကျွန်လုံဝမ်ဟာ ထွက်တွေ့လိုက်မယ်၊ ဒါဆိုရင် ဝမ်ဂေဟာထဲမှာရှိတဲ့ အဆိပ်သိုလှောင်ခန်းကို မရောက်နိုင်တော့ဘူး'

www.burmeseclassic.com



ဆန်ကွမ်းချိုက....

'ဗိုင်းထားတဲ့ တပ်သားတွေနဲ့ မတွေ့အောင် ရှောင်ထွက်သွားရင်ကော....'

'လွယ်မယ်မထင်ဘူး၊ ရှင်တစ်ယောက်တည်းဆိုရင် ရကောင်းရမယ်၊ စိမုဆရာတော် တစ်ပါးတည်းဆိုရင် ရကောင်းရမယ်၊ အခုလို လူအုပ်ကြီးနဲ့ကတော့ မဖြစ်နိုင်ပါဘူး၊ ကွန်လုံဝမ် စောင်ခြမှာရှိနေ မနေဆိုတာကိုတော့ ဘယ်သူမှ ကြိုမသိနိုင်ပါဘူး၊ ဒါက ကံတရားပဲ'

စိမုဆရာတော်က....

'ကဲ...အလကား အချိန်ဖြုန်းနေမယ့်အစား ခုပဲသွားရင် မကောင်းဘူးလား၊ တော်ကြာ ကျုပ်ယောက်ထားတဲ့အဆိပ်က တန်ခိုးပြနေဦးမယ်'

'ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ဆရာတော်အတွက် အဆိပ်ဖြေဆေးကို ဆန်ကွမ်းချိုက အချိန်ကျတိုင်း ထုတ်ပေးပါလိမ့်မယ်'

ဆန်ကွမ်းချိုမှာ စိတ်မသက်မသာ ဖြစ်သွားရပြန်၏၊ အဘယ့်ကြောင့်ဆိုသော် သက်စွန့်ဆံဖျားသွားရောက်တိုက်ခိုက်ရသူချင်း အပေါ် အဆိပ်ဖြေဆေးကို နာရီပိုင်းနှင့်ပေးပြီး ယိန်းချုပ်နေရခြင်းမှာ လွန်စွာ ရဲဘော်ရဲဘက် မဆန်ခြင်းကြောင့်ပေတည်း။

နိုင်ချစ်နော်က ဂိုဏ်းချုပ်ကြီး အိုယန်ထု အား လှမ်းပြော၏။

'ဂိုဏ်းချုပ်ကြီး.... သူတို့သုံးယောက်အတွက် မျက်နှာအတုတွေကော မပါလာဘူးလား'



အိုယန်ထုက ခေါင်းခါ၏။

'မပါဘူးလေ၊ ကျုပ်တို့က ဝတ်စုံတွေကိုပဲ စီစဉ်လာခဲ့ကြတယ်'

'ဒါဆိုရင် ကျွန်မတို့ပြန်ပြီးစီစဉ်ကြရအောင်၊ အသေခံမယ့်သူရဲကောင်းသုံးဦးနဲ့ စိမုဆရာတော်တို့အနေနဲ့ကတော့ ညသန်းခေါင်ယံအချိန်ကျမှ ပညာရှိထန်ရှွင် စတည်းချခဲ့တဲ့ တဲစခန်းကို လိုက်လာခဲ့ကြပါ'

ဂိုဏ်းချုပ်ကြီး အိုယန်ထု မှာ ဂိုဏ်းချုပ်ကြီးဟု ဆိုသော်လည်း ဩဇာအာဏာမဲ့သကဲ့သို့ ဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ ကွန်လုံဝမ်ကိုယှဉ်ပြိုင်ရာ၌ ရိုးသားရဲဖြူစင်မြင့်မြတ်သော ဂိုဏ်းချုပ်ကြီးအိုယန်ထု ထက် နိုင်ချစ်နော်က ပို၍ အစွမ်းထက်သည်မှာ အမှန်ပင်တည်း။

ဂိုဏ်းချုပ်ကြီး အိုယန်ထု တို့ ထွက်ခွာသွားကြသော် ဆန်ကွမ်းချိုနှင့် လက်ဝဲလက်ယာလူငယ်တို့က ဦးညွှတ်ဂါရဝပြုလိုက်ကြသည်။

ထိုသစ်တောအတွင်းဝယ် ဆန်ကွမ်းချို၊ လက်ဝဲရံ လူငယ်၊ လက်ယာရံလူငယ်နှင့် စိမုဆရာတော်တို့သာ ကျန်ရစ်ခဲ့တော့၏။

စိမုဆရာတော်က အေးစိမ့်သောအသံဖြင့် ပြော၏။

'ဒီဒကာမလေးက ကျုပ်တို့ကို တပါတည်းခေါ်မသွားဘဲနဲ့ ဘာဖြစ်လို့ ဒီမှာချန်ပစ်ခဲ့ရတာလဲ'

ဆန်ကွမ်းချိုက ရှင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်စိတ်ထင်မှာတော့ ငမ်းဂတာကို သွားကြမယ့် တပည့်တော်တို့ကို ထမင်းချိုင်းနှီးအောင်သားပေးခဲ့တာလို့ထင်တာပါပဲ'

'ဒကာလေးရွှေနားမည်ကို ကျုပ်မကြားဖူးဘူး၊ ကျုပ်လှိုဏ်းထဲရောက်နေတာ ကြာပြီလား'

'မကြာသေးပါဘူး ဘုရား'

ဆန်းကွမ်းချီသည် သူ့အကြောင်း ဆက် မပြောသို့သော သဖြင့်....

'ဆရာတော် အိပ်ဆိပ်ဆေး သောက်ထားတဲ့အတွက် ဆရာတော်ရဲ့အတွင်းအားတွေ အနှောင့်အယှက် ဖြစ်မဖြစ် ပြန်လည်စစ်ဆေးကြည့်ပါဦးလား ဘုရား'

'မလိုပါဘူးလေ၊ ကျုပ်က ဓာတ်ရှမှ ကို ကြောက်တဲ့ လူလဲ မဟုတ်ပါဘူး၊ ဒကာဆိုက ဖြေဆေးကိုမရလို့လဲ ဝမ်းနည်းနေမယ့်သူ မဟုတ်ပါဘူး'

'ဒီလိုလဲ မဟုတ်ပါဘူးလေ၊ တပည့်တော်ကတော့ ဆရာတော်ကို အပြည့်အဝ လေးစားပါတယ်၊ တပည့်တော် တတ်နိုင်သမျှ ကူညီဖို့လဲ အဆင်သင့်ရှိနေပါတယ်'

ဇိမ့်ဆရာတော်သည် ဆန်းကွမ်းချီအား လုံးဝ စကားမပြောပေ၊ သစ်ပင်တစ်ပင်ခြေရင်း၌ တင်ပျဉ်ခွေထိုင်၍ အတွင်းအား လေ့ကျင့်နေလေတော့၏။



ဆန်းကွမ်းချီသည်းယွမ်ချောက်နှင့် လက်ယာရုံလှုံယံတို့အား အချက်ပြပြီး သစ်ပင်တစ်ပင်အောက် သွားထိုင်ကာ စိမ့်ဆရာတော်နည်းတူ အတွင်းအား လေ့ကျင့်လေတော့၏၊ လက်ဝဲရုံလှုံယံနှင့် လက်ယာရုံ လှုံယံတို့သည်း ဆန်းကွမ်းချီ နည်းတူ အတွင်းအား လေ့ကျင့်ကြပြန်လေသည်။

သူရဲကောင်း သုံးဦးနှင့် ဆရာတော်တစ်ပါး အတွင်းအား လေ့ကျင့်နေပုံမှာ တောကြီးတောဝန်းအတွင်းတွင် သူတော်စင်လေးပါး တရားထိုင်ပုံနှင့် ဆင်ဆင် တူနေလေ၏၊ သူတို့ထဲတွင် သူတော်စင်ဆို၍ စိမ့်ဆရာတော်တစ်ပါးသာ ပါဝင်သည်၊ သို့သော် ထိုသူတော်စင်မှာ ရှောင်သင်ဘုန်းကြီးတစ်ပါး ဖြစ်နေလေ၏။

ဤသို့ဖြင့် ညသန်းခေါင်ယံ တိုင်ခဲ့သော်၊ ဆန်းကွမ်းချီက မျက်စိတော်သချုပ်ခုင်း....

'ဆရာတော်....ကျွန်တော်တို့သွားချိန်ကျပြီ၊ ကျုပ်လှိုဏ်းရဲ့ တိုက်ခိုက်ရေးနည်းပညာ မှူးစီစဉ်ပေးမယ့် အဝတ်အစားတွေကို တပည့်တော်တို့သွားယူကြရအောင်'

စိမ့်ဆရာတော်၊ လက်ဝဲရုံ လှုံယံနှင့် လက်ယာရုံလှုံယံတို့ ထရပ်လာကြလေ၏။

ဆန်းကွမ်းချီက....

'အခု တပည့်တော်တို့ သွားရမယ့်တဲစခန်းကို တပည့်တော်သိရှိထားတဲ့အတွက် တပည့်တော်ကပဲ ဦးဆောင်သွားပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



စီမုဆရာတော်က မည်သို့မျှ မပြောကြားပေ။ ဆန်ကွမ်းချီက ကိုယ်တိုင်ပင် ဦးဆောင်ခေါ်ယူသွားသည်။ နောက်ဆုံးတဲစခန်းဆီသို့ ဆိုက်ရောက်လာကြလေ၏။

တဲစခန်းပတ်ဝန်းကျင်တစ်ခုလုံး မီးတုတ်များ ထိန်ထိန်ညီးအောင် ထွန်းညှိထားကြောင်း တွေ့မြင်ရသည်။ ဂိုဏ်းချုပ်ကြီးအို ယန်ထု နှင့် နိုင်ချစ်နော်တို့က ကြိုဆိုကြ၏။

စီမုဆရာတော်သည် ရှိသေလေးစားစွာ ဆက်ဆံနေသော ဂိုဏ်းချုပ်ကြီး အိုယန်ထု ကို ငဲ့ညှာလျက် သူ့အတွက်စီစဉ်ပေးထားသည့် သက်သတ်လွတ်ဟင်းများကို သုံးဆောင်သည်။ ဆန်ကွမ်းချီ၊ လက်ဝဲရံလူငယ်နှင့် လက်ယာရံ လူငယ်တို့သည် ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပြီး သူတို့ဝမ်းများကို ဖြည့်တင်းကြလေ၏။

အားလုံး စားသောက် ပြီးသောအခါ နိုင်ချစ်နော်သည် အဝါရောင်အထုပ်တစ်ထုပ်ကိုသယ်ယူပြီး သူတို့ရှေ့သို့ ရောက်လာ၏။

ထိုအထုပ်ကို ဖွင့်လိုက်သောအခါ သားရေ မျက်နှာဖုံး သုံးခုနှင့် ခရမ်းရောင် ကိုယ်ကျပ်ဝတ်စုံများကို တွေ့ရလေ၏။

နိုင်ချစ်နော်က....

'ကွန်လုံဝမ်ဟာ အင်မတန် သိသယမျှားတယ်၊ ဒါကြောင့် မျက်နှာဖုံးအတုနဲ့ ခရမ်းရောင် ကိုယ်ကျပ်အင်္ကျီတွေကို တမြင်းရှာဖွေရတာပါ၊ ဒါဆိုရင် ကွမ်လုံဝမ်အနေနဲ့ရုတ်တရက် ရန်သူမှန်း မသိနိုင်တော့ပါဘူး၊ မလိုအပ်ရင်လဲ မသုံးနဲ့ပေါ့'

သူက ရုတ်တရက် စီမုဆရာတော်အား လှမ်းကြည့်၏။

'ဆရာတော်ကတော့ ခဏလောက် သည်းခံပါနော်'



'ဘာများလဲဒကာမလေး၊ ပြောစရာရှိတာ ပြောပါ'

'ဆရာတော် အနေနဲ့ လက်ထိတ်ခတ်ခံပါ၊ အဖမ်းခံရသူတစ်ယောက်အဖြစ် ဟန်ဆောင်ပါ၊ ကွန်လုံဝမ်နဲ့ ထိပ်တိုက်တွေ့ရင်တော့....'

သူမသည် စီမုဆရာတော်၏ နားနားသို့ကပ်၍ တီးတိုးပြောလေ၏။

'ကျုပ်မှတ်မိပါပြီ'

စီမုဆရာတော်က ခပ်တိုးတိုးပြောသည်။

သူမသည် ဆန်ကွမ်းချီအား ပုလင်းတစ်လုံး လှမ်းပေးသည်။

'ဟောဒီဆေးကတော့ ဘုန်းတော်ကြီး စီမုအတွက် အဆိပ်ဖြေဆေးပဲ၊ ဆယ့်နှစ်နာရီခြား ဆေးလုံးတစ်လုံးစီ တိုက်ပါ'

ဆန်ကွမ်းချီက လှမ်းယူထားလိုက်၏။

နိုင်ချစ်နော်သည်အများ၏အလယ်တွင် မြေပုံစာရွက်တစ်ရွက် ဖြန့်ချသည်။

'ဒါဟာ ကွန်လုံဝမ်ရဲ့ အိမ်ပုံစံပဲ၊ စေ့စုံအောင် ရေးဆွဲထားပါတယ်၊ ကျွန်မထွက်လာတာ လေးနှစ်ကြာပြီဆိုတော့နည်းနည်းပါးပါးပြောင်းလဲမှု ရှိကောင်းရှိလိမ့်မယ်၊ လမ်းခရီးမှာ ဒီပုံစံကို လေ့လာသွားကြပါ'

သူမသည် မြေပုံကိုထောက်ပြပြီး အဝင်အထွက် တံခါးမများ၊ ပြတင်းတံခါးများ၊ အခန်းများအကြောင်း ရှင်းလင်းပြောပြသည်။

'ကဲ... ဒါလောက်ဆိုရင် အတော်အသင့်တော့ သဘောပေါက်လောက်ပါပြီ၊ ရှင်တို့ သွားချင်ရင် သွားနိုင်ပါပြီ'

www.burmeseclassic.com

www.burmeseclassic.com

ဆန်ကွမ်းချိုသည် ထရပ်ပြီး ကိုကားချုပ်ကြီး အိုယန်ဆိုကို ဂါရဝပြု၍ ထွက်လာ၏။ သူ့နောက်မှ အခြားသူများ လိုက်ထွက်လာသည်။

သုံးမိုင်မျှလမ်းလျှောက်လာပြီးသောအခါ ကျွန်လုဂိုဏ်းသားများ ထိန်းသိမ်းထားသည့်နေရာမှ လွန်မြောက်လာကြသည်။ ထို့နောက်အပိုင်းမှာ ဝမ်ဂိုဏ်းသားများ ထိန်းသိမ်းထားသည့် နေရာဖြစ်၏။

ဆန်ကွမ်းချိုသည် ဖြတ်နိုင်သမျှ အစောင့်များနှင့် လွတ်ကင်းမည့်နေရာကို ရွေးချယ်သည်။ တွေ့ရှိသည့် အစောင့်များသည် စီမုဆရာတော်အား ကြည့်၍ မည်သို့မျှ စစ်ဆေး မေးမြန်းခြင်း မရှိကြချေ။ ခွင့်ပြုသည်သာ ဖြစ်၏။

ဤသို့ဖြင့် ကံကောင်းထောက်မစွာ ဝမ်ဂိုဏ်းသားများကို ဖြတ်ကျော်နိုင်ခဲ့လေ၏။ လက်ရှိစင် ကျွန်လုဂိုဏ်းသားများသည် ဆက်လက်လျှောက်သွားနေရစဲကြ၏။

ဆန်ကွမ်းချိုက မိုးပေါ် မော့ကြည့်ပြီး....

'မကြာခင် ကျုပ်တို့ ကျုံးကျန်းဒေသကို ရောက်တော့မယ်'

သူတို့အားလုံး မြေပြန့်ဒေသသို့ရောက်သောအခါ မိုးသောက်အရုဏ်ကျင်း၍ အလင်းရနေပေပြီ။ ကျွန်လုံဝမ်၏ လူများလည်း တစ်ယောက်မျှ မမြင်ရတော့ချေ။ တစ်နေ့ခင်းလုံး မနားတမ်း လျှောက်လာကြရာ နောက်ဆုံး ကျုံးကျန်းဒေသသို့ ရောက်ရှိလာလေတော့၏။

ဆန်ကွမ်းချိုက စီမုဆရာတော်အား လျှောက်ထား၏။



'ဆရာတော်ဘုရား၊ တပည့်တော်တို့မြို့ထဲသွားထဲဝင်မယ့်အစား မြို့စွန်ရွာစွန်က ဘုရားကျောင်းပျက်တွေမှာ တည်းခိုတာက ပိုကောင်းမယ်နဲ့ တူပါတယ်'

ဆန်ကွမ်းချိုသည် မြို့ထဲရှိတည်းခိုဆိုင်များ၌ မတည်းခိုဘဲ လူသူမနီးသော သစ်တောများအတွင်းရှိ ဘုရားကျောင်းပျက်တစ်ခု၌ ဝင်ရောက်နားခိုလေ၏။

ဘုရားကျောင်းပျက် ဆိုသော်သည်း အတွင်း၌ ရှိနေသည့် ခန်းမဆောင်များ၊ အခမ်းတိုင်စင်များ၊ သစ်သားခုံကြီးများမှာ အကောင်းပကတိ ရှိနေသေးသည်။

နတ်ရုပ်ကြီးများမှာမူ ကျိုးပဲ့ပျက်စီးနေသည်။ အကောင်းတစ်ရုပ်မျှမရှိတော့ပေ။ ဖုန်မှုန့်နှင့်ပင့်ကူအိမ်များ ထူထပ်စွာပြားနေခြင်းက ဤဘုရားကျောင်းပျက်ကြီး အတွင်းသို့ လူသူ အရောက်အပေါက် နည်းလှကြောင်း သက်သေပြနေပေသည်။

ဆန်ကွမ်းချိုက...

'ဆရာတော်၊ တပည့်တော်တို့ ဒီမှာပဲခဏနားကြမယ်'

လက်ယာရှုံလူငယ်က....

'အကြောင်းရှိလို့လားအစ်ကိုကြီး၊ ပြောချင်တာက အချိန်အချက်တစ်ခုခု ရှိသလားလို့ ဆိုလိုတာပါ'

ဆန်ကွမ်းချိုက ခေါင်းညိတ်ပြပြီး....

www.burmeseclassic.com

www.burmeseclassic.com

'တိုက်ခိုက်ရေးနည်းပညာမျိုးက မှာကြားလိုက်တယ်၊ ဒီနေ့ ရာကနေ လူတစ်ယောက်ကိုစောင့်ရမယ်တဲ့'

ဆန်ကွမ်းချီ မြို့ထဲရှာတဲ့ မနားခိုခြင်း အကြောင်းရင်းကို ထိုအခါကျမှ အားလုံးသိကြတော့၏။

ကုန်လုံဖမ်၏အိမ်အပြင်မှတိုက်မည့် သူရဲကောင်းသုံးဦးထဲ၌ လက်ဝဲရုံလူငယ် ကျွန်းဖန်းလည်းပါဝင်ရာ ကျွန်းဖန်းကမေးခွန်း ထုတ်လေ၏။

'အစ်ကိုကြီး၊ ဘယ်သူ့ကိုစောင့်ရမှာလဲဟင်၊ ကျွန်တော်တို့ သိတဲ့လူများလား'

'မသိဘူး၊ လူတစ်ယောက်လာဆက်သွယ်သိမ့်မယ်လို့ ပြောတာပဲ'

'ကဲ...ကဲ...အားလုံး လူသူမြင်ရခက်တဲ့ ထောင့်အသီးသီးမှာ ထိုင်ပြီးစောင့်ကြပေါ့'

ဖိုမုဆရာတော်သည် မည်သူ့ကိုမျှ စကား မပြောတော့ဘဲ ထောင့်တစ်နေရာ၌ထိုင်ကာ အတွင်းအားလေ့ကျင့်ခန်း လေ့ကျင့် လေတော့၏၊ ဆရာတော်သည် ထင်းရှူးသစ်တောအတွင်း၌ အတွင်းအားလေ့ကျင့်ကာဘည်းက စိတ်ထဲ ထူးဆန်းနေခဲ့သည်။ ယခု အတွင်းအား လေ့ကျင့်ပြန်သောအခါ ထိုစဉ်အတိုင်း အံ့ဩရပြန်သည်။

အချိန်ကုန်လာသည်နှင့်အမျှ အမှောင်ရိပ်လည်းသမ်းလာ၏။ လုံးဝမှောင်မိုက်လာသည့်အချိန်တွင်မှ တိုးညင်းသော ခြေသံကို ကြားကြရသည်။



ဆန်ကွမ်းချီက အော်ဟေါက်လိုက်၏။

'ဘယ်သူသဲဟေ့၊ အခွင့်မပေးဘဲ ဘုရားကျောင်းပျက်ထဲကို ဝင်လာတာ'

'ကျုပ်....'

တိုးညင်းသောလေသံက သံပြတ်ဖြင့် ထွက်ပေါ်လာ၏။

အမှောင်ရိပ်ထဲတွင် ယိမ်းထိုးနေသော ပိန်ပိန်ရှည်ရှည်အရိပ် တစ်ခုကိုတွေ့ရ၏။ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော ခန္ဓာကိုယ်သည် အမှောင်ထဲ၌ ပျောက်ကွယ်နေ၏။ ရှည်လျားသော အရပ်အမှောင်းကြောင့်ဘာနွေ့သရဲတစ်ဦးပမာထင်မှတ်ရလေ၏။

ဆန်ကွမ်းချီသည် ထိုလူထံသို့ဖြည်းညင်းစွာလျှောက်သွား၏။ လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုသည်။

'ဆရာကြီးက ကျွန်းအမည်ရှိတဲ့လူပါလား'

'မဟုတ်ဘူး၊ ကျုပ်က ဝမ်အမည်ရှိတဲ့လူပါ'

အချိန်အချက်စကားက မှန်ကန်သွားလေပြီ။

ဆန်ကွမ်းချီက....

'ဘာမှာ ညွှန်ကြားချက် ပါခဲ့ပါသလဲ'

အင်္ကျီနက် ဝတ်ဆားသူသည် ရင်ခွင်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူပေးလေ၏။ ထိုနောက်ချက်ချင်းလှည့်ထွက်သွားသည်။ ညင်းညင်းစွာ လမ်းလျှောက်သွားခြင်း ဖြစ်သည်။

လက်ဝဲရုံလူငယ်ကျွန်းဖန်းသည် ထိုလူ၏ကျောပြင်ကို အသေအချာငေးစိုက်ကြည့်နေ၏။ ထိုနောက် တီးတိုးပြောသည်။

'အစ်ကိုကြီး၊ ဒီလူဟာ ရောဂါသည်ပဲ၊ လမ်းကိုတောင်မှ ခြင့်ခြင့်မဖြောင့်တန်းတန်း မလျှောက်နိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com

စိမ့်ဆရာတော်က ဝင်၍ မှတ်ချက်ပေး၏။

'တမင် ဟန်ဆောင်တာလဲ ဖြစ်နိုင်တယ်'

'ဖြစ်နိုင်ပါတယ်'

ဆန့်ကွမ်းချီသည် သူ့ထက်ဖြဲမှ အသုပ်ကို အောက်သို့ ချ လိုက်၏။

လက်စဲရုံလူငယ် ကျွန်းဖုန်းအား လှမ်းပြောသည်။

'ညီလေး....ဖယောင်းတိုင်ပါရင် ထွန်းလိုက်ပါ'

မကြာမီ ဖယောင်းတိုင်မီး လင်းလာလေ၏။

'အားလုံးသတိရှိကြပါ၊ ဟိုလူက အထုပ်တစ်ထုပ်ပေးသွား တယ်'

လီစင်းက....

'ကျွန်တော် မှင့်ရမလား အစ်ကိုကြီး'

'မှင့်လေ'

အထုပ်မှင့်သွားပြီးနောက် ငွေတံဆိပ်တုံး သုံးခုကို တွေ့မြင် ရ၏။ စာတစ်စောင်ကိုလည်း တွေ့ရ၏။

'စာရေးလျှင် ချက်ချင်းခရီးဆက်ပါ၊ နောက်တစ်နေ့ နံနက် ငါးနာရီမတိုင်မီ ကျွန်လုံဝမ်၏အိမ် အနောက်ဘက်သို့ ရောက် သွားရန်လိုသည်၊ တားဆီးမှုများရှိက ထိုငွေတံဆိပ်တုံးများကို ပြသပါ၊ ကိုဆိုသူရှိလျှင်လဲ ယုံကြည်အပ်သူဟုမှတ်ပါ'

စာပါအကြောင်းအရာများဖြစ်၏၊ စာအောက်တွင် လက် မှတ်ရေးထိုးထားသော်လည်း မည်သူ့လက်မှတ်မှန်း မသိရပေ။ ကျန်လုဂိုဏ်းတံဆိပ်တော့ ရိုက်နှိပ်ထားသည်။



လီစင်းက....

'ဦးစားရာပဲ၊ သူသာ ကျန်လုဂိုဏ်းသားမှန်ရင် ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် လာဆက်သွယ်ရတာလဲ၊ ကျန်လု ဂိုဏ်းသား မဟုတ်ဘူးဆိုရင်လဲ ဘာဖြစ်လို့ ကျွန်တော်တို့အစီအစဉ်ကို သိနေရတာလဲ၊ ကျွန်လုံဝမ်ဟာ အင်မတန် ဉာဏ်များတယ်လို့ သိုင်းလောကမှာ ကျော်ကြားပါတယ်၊ ကျွန်တော်တို့ သတိထားမှ တော်ကာကျလိမ့်မယ်'

ဆန့်ကွမ်းချီသည် ငွေတံဆိပ်တုံးများကို ကောက်ယူပြီး လက်စဲရုံလူငယ် ကျွန်းဖုန်းအား တစ်ခု၊ လက်ယာရုံလူငယ် လီစင်းအား တစ်ခုပေးသည်၊ ကျန်တစ်ခုကို သူယူထားလိုက်သည်၊ စိမ့်ဆရာတော်ကိုမူ တံဆိပ်တုံးပေးအပ်ရန် မလိုပေ။

'ကျွန်လုံဝမ် ဉာဏ်များတယ်ဆိုတာကိုတော့ ငါတို့အားလုံး သိထားပြီပဲ၊ အားလုံး သတိစီရိယရှိရင်တော့ ဘေးအန္တရာယ် ရှိနိုင်ပါဘူး၊ ဒီတံဆိပ်တုံးတွေ ယူလားပြီး စာပါ ညွှန်ကြား ချက်အတိုင်း လိုက်နာကြပေတော့'

ဆန့်ကွမ်းချီသည် အတွင်းအိတ်ထဲသို့နှိုက်လိုက်ရာ ဆေးပုလင်း တစ်လုံးထွက်လာ၏၊ ထိုဆေးပုလင်းမှာ စိမ့်ဆရာတော်၏အဆိပ် အားကို ဖြေပေးမည့် အဆိပ်ဖြေဆေးဟု နိုင်ချစ်နန်က ပြော၍ သူ့အား ပေးခဲ့ခြင်း ဖြစ်သည်။

သူသည် ဆေးပုလင်းကို ဆရာတော်၏လက်ထဲသို့ ပို့သွား လှမ်းပေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော် ဒါဟာ အဆိပ်ဖြေဆေးပါပဲ၊ ဆရာတော် ကို ဆယ့်နှစ်နာရီကြား တစ်ခါ ပေးနေရင် တပည့်တော် လိပ်ပြာ မသန့်တော့ဘူး၊ သိင်္ဂလောကကြီးတစ်ခုလုံးအတွက် ဒိုးတူပေါင်ဘက် အသေခံတိုက်နေတဲ့လူချင်း ပြန်ထိန်းချုပ်နေတယ်ဆိုတော့ သဘာဝမကျဘူး'

'ဒကာလေး'

'ဘုရား'

'ဒကာလေးရဲ့ စိတ်ထားကိုတော့ ကျုပ် တကယ်ပဲ လေးစား ချီးကျူးပါတယ်'

ဆန့်ကျွမ်းချီ ငြိမ်နေ၏။

စိမုဆရာတော်က ဆက်ပြော၏။

'တကယ်တော့ ဒကာလေးတို့ဂိုဏ်းရဲ့ တိုက်ခိုက်ရေး နည်းပညာမှူးဟာ သူ့ ရည်ရွယ်ချက် အောင်မြင်ဖို့အတွက် ကျုပ်ကော ဒကာလေးကိုပါ လိမ်ညာခဲ့တာပဲ'

'အရှင်ဘုရားဟာ ဘာအဓိပ္ပာယ်လဲ ဘုရား'

'အဓိပ္ပာယ်ကတော့ ရှင်းရှင်းလေးပါ၊ သူ ကျုပ်ကိုပေးတဲ့ အဆိပ်ဟာ တကယ့်အဆိပ်ဆေး မဟုတ်လို့ပါဘဲ'

'ဒါဟာ ဘာသဘောလဲ'

'ကျုပ်က သူ့ရဲ့အဆိပ်နဲ့ ထိန်းချုပ်ခံနေရတဲ့အတွက် ကျန်[illegible] ဂိုဏ်းရဲ့ တာဝန်ပေးချက်ကို တိတိကျကျ လိုက်နာလိမ့်မယ်လို့ ယူဆတယ်၊ ဒါပေမယ့် သူပေးတာ တကယ့်အဆိပ် မဟုတ်ပါဘူး'



'အရှင်ဘုရား.... အတွင်းအားကျင့်စဉ် ကျင့်ရင်းနဲ့ သိတယ်ဆိုပါတော့ ဘုရား'

'မှန်တယ်၊ ထင်းရှူးတောထဲမှာ အတွင်းအားကျင့်စဉ် ကျင့်တုန်းကလဲ ကျုပ်ရဲ့သွေးကြောမှာ ဘာမှအတားအဆီးမှ မရှိဘူး၊ အခု ဘုရားကျောင်းပျက်ထဲမှာ အတွင်းအားကျင့်စဉ် ကျင့်တော့လဲ ဘာအတားအဆီးမှ မရှိဘူး၊ ကျုပ်ကိုယ်ထဲမှာ ဘာအဆိပ်မှ မရှိဘူးဆိုတာ သေချာပြီပေါ့'

'ဒါဖြင့် ဒီအဆိပ်ဖြေဆေးတွေက....'

'ဟား....ဟား....ဟား....ဟား'

စိမုဆရာတော်က ကျယ်လောင်စွာ ရယ်လေ၏၊ ဆရာတော်၏ စိတ်ထဲတွင် ဆန့်ကျွမ်းချီအား ညီနောင်ရင်းချာပမာ ခင်မင်သွားသည်။

'လွှင့်ပစ်လိုက်တော့ ဒကာလေး၊ တကယ်တော့ ဒကာလေးရဲ့ တိုက်ခိုက်ရေးနည်းပညာမှူးဟာ ကျုပ်ကို လျှော့တွက်ထားတာပါ၊ ကျုပ်ဟာ မြောင်လင်ကျောင်းတော်မှာ အတော်ကလေး သြဇာရှိတဲ့ ဆရာတော်ပါ၊ ကျုပ်နှုတ်က ထွက်ပြီးတဲ့ စကားတစ်ခွန်းကို ကျုပ်က ခြေနဲ့ မဖျက်ပါဘူး၊ ကိုယ့်ကတိကိုယ်ဖျက်တဲ့ သူလောက် အသုံးမကျတဲ့ လူဟာ ဒီလောကမှာ မရှိပါဘူး၊ ကျုပ်အသေခံပြီး ကူညီဖို့ ကတိပေးခဲ့ပြီးပြီ၊ ဒီကတိဟာ သိင်္ဂလောကတစ်ခုလုံးအတွက်ပဲ ဖြစ်တယ်၊ ကျုပ်စိတ်ရင်းကို အဲဒီ[illegible]တာမလေး သဘောမပေါက်ပါဘူး'

'သည်းခံတော်မူပါ ဘုရား၊ ပညာရှိ ထန့်ရှင်ဟာ အဲဒီ[illegible]န်းကလေးကိုပဲ တိုက်ခိုက်ရေးနည်းပညာမှူးနေရာနဲ့ ပင့်လျှော်

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ရွေးချယ်သွားခဲ့ပါတယ်၊ အဲဒီ မိန်းကလေးဟာ လူ ရည်ရွယ်ချက် အောင်မြင်ဖို့ဆိုရင် အစ္စ လက်ကိုတောင် သုံးဖြတ်မယ့် မိန်းကလေးမျိုး ဖြစ်နေပါတယ်၊ ကျွန်လုံဝမ်ကို သူလိုညစ်နိုင်တဲ့ မိန်းကလေးမျိုးကသာ တန်းတူရည်တူ ယှဉ်ပြိုင်နိုင်မှာပါ’

‘အြော်…ဒါကြောင့် ဂိုဏ်းချုပ်ကြီး အိုယန်ထု က ဘာမျှ မတွေ့ဖက်ဘဲ ငြိမ်နေတာကိုး၊ ကျုပ်စိတ်ထဲမှာ ဂိုဏ်းချုပ်ကြီး အိုယန်ထု ကိုတောင် နည်းနည်း အထင်သေးခဲ့မိတယ်’

လက်ဝဲရံလှုငယ် ကျန်းဖန်းနှင့် လက်ယာရံလှုငယ် ထိစင်းတို့မှာ ထိုစကားအတွက် မခံချိမခံသာ ဖြစ်သွားကြသည်။

‘အရှင်ဘုရား’

နှစ်ဦးစလုံး တစ်ပြိုင်တည်း အသံထွက်လာကြပြီးမှ ချက်ချင်း ပြန်ရပ်သွားသည်။ စိမ့်ဆရာတော်သည် လှုငယ် နှစ်ဦးအား ထူးထူးဆန်းဆန်း လှမ်းကြည့်၏။

ဆန်ကွမ်းချီက လှုငယ်နှစ်ဦး၏ ရင်ထဲမှ ခံစားချက်ကို နားလည်သဘောပေါက်၏။ ထို့ကြောင့် ဘာမျှ မပြောရန် လက်ကာပြသည်။ သူက စိမ့်ဆရာတော်အား ဆက်၍ရှင်းပြ၏။

‘ဆရာတော်… ဒီလှုငယ် နှစ်ဦးဟာ ကျွန်ုပ်ဂိုဏ်းချုပ်ကြီး အိုယန်ထု ရဲ့ အက်ခတော်စောင့် လှုငယ်နှစ်ဦးဖြစ်ပါတယ်၊ ဂိုဏ်းချုပ်ကြီးကို သူတို့ အင်မတန် ရိုသေလေးစားကြပါတယ်၊ ခုနက ဆရာတော့်စကားကို သူတို့ ချေပကြမလို့ပါ၊ သူတို့ ချေပမယ့်စကားကို တပည့်တော်ကပဲ ကိုယ်စားပြောပြပါရစေ’

စိမ့်ဆရာတော်က လက်ကာရင်း…



‘ဒကာလေးတို့ နှစ်ယောက်ကို ကျုပ် တောင်းပန်ပါတယ်၊ ဂိုဏ်းချုပ်ကြီး အိုယန်ထု ကို စော်ကားချင်လို့ ပြောတဲ့စကား မဟုတ်တဲ့အတွက် ခွင့်လွှတ်မယ်လို့လဲ ထင်ပါတယ်၊ ဂိုဏ်းချုပ်ကြီး အိုယန်ထု ရဲ့ သဘောသဘာဝအချို့ကို ဟိုဒကာမလေး ပြောပြတဲ့ စကားအချို့တစ်ဝက်ကြောင့် ကျုပ်လဲ နားလည်သဘောပေါက်နေပါပြီ’

လှုငယ်နှစ်ဦးမှာ စိမ့်ဆရာတော်ကဲ့သို့သော ဝါစဉ်ကြီးပုဂ္ဂိုလ်တစ်ဦးက ချေချေငံငံ တောင်းပန်သဖြင့် ကျေနပ်သွားကြသည်။ ဆန်ကွမ်းချီက စိမ့်ဆရာတော်အား ပြုံး၍ပြောလေ၏။

‘ဆရာတော်…အဆိပ်ပြေဆေးပုလင်းကို တပည့်တော်လွှင့်ပစ်လိုက်တော့မယ်’

ဆရာတော်က ရယ်ရင်း…

‘လွှင့်မပစ်ဘဲ ယူလာရင် ဒကာလေးပဲ အိတ်လေးတာ အဖတ်တင်မှာပဲ’

အဆိပ်ပြေဆေးပုလင်းသည် ဘုရားကျောင်းပျက်၏ ပျက်စီးနေသော ပြတင်းပေါက်မှ အပြင်သို့ လွင့်စဉ်ထွက်သွားလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃၇)

### စံတော်အိမ်သို့ ထိုးဖောက်ခြင်း

စိမုဆရာတော်၊ ဆန်ကွမ်းချို၊ လီစင်းနှင့် ကျန်းဖန်းတို့သည် တစ်ဦး၏ စိတ်သဘောကို တစ်ဦးက အတော်အတန် သိရှိသွားကြပြီဖြစ်၍ လေးယောက်စလုံး ရဲဘော်ရဲဘက် စိတ်ဖြင့် လေးစားခင်မင်သွားကြသည်။ စိမုဆရာတော်မှာ ဝါစဉ်အကြီးဆုံး၊ သက်တော်အကြီးဆုံးဖြစ်၍ ရှိသေစွာ ဆက်ဆံကြ၏။

စိမုဆရာတော်မှအပ ကျန်လူအားလုံး ကိုယ်ကျပ်အင်္ကျီတိုများ ဝတ်ဆင်ထားကြသဖြင့် ကွန်လုံဝမ်၏ ဝမ်ဂိုဏ်းသားများနှင့် ဆင်တူယိုးမှား ဖြစ်နေသည်။

www.burmeseclassic.com

နံနက် ငါးနာရီမတိုင်မီ တက်သုတ်နှင်ခဲ့ကြရာ နောက်ဆုံး ဝါးပင်များ ထူထပ်စွာပေါက်ရောက်နေသည့် နေရာသို့ ရောက်ရှိလာခဲ့သည်။ ဤဒေသမှာ ထိပေါက်မှ ကျွန်ုပ်တို့ချင်ကြီး တုထင်ဟိုး ရောက်ရှိခဲ့သော ကွန်လုံဝမ်၏ ဂူဟာမှာ ကွန်လုံဝမ်၏ ဇနီးသည် ကွန်ကတော်ကြီး နေထိုင်သည့် ဂေဟာကြီးဖြစ်၏။ ဝမ်ဂိုဏ်းသားများ အသိအမှတ်ပြုထားသည့် နာမည်မှာ ဝမ်ကတော် ဂေဟာ ဖြစ်၏။

ယခု ဆန်ကွမ်းချီတို့ ရောက်ရှိလာသည့် ကျွန်းကျိုးဒေသမှာ ကွန်လုံဝမ်၏ စံအိမ်ရှိသည့်နေရာ ဖြစ်သည်။ ဤစံအိမ်သည် တောများစွာ ကျယ်ပြောသည့်နေရာကြီးကို ဗဟိုပြုကာ ဌာနချုပ် ပြုလုပ်ထားခြင်းဖြစ်ရာ နိုင်ချစ်နော်ပေးသည့်မြေပုံသာမရရှိပါက ကွန်လုံဝမ်၏စံအိမ်သို့ တည့်တည့်မတ်မတ် ရောက်ရှိနိုင်လိမ့်မည် မဟုတ်ပေ။

ယခု သူတို့ရောက်ရှိနေသည့် ဝါးတောမှာ စံအိမ်ဆီသို့ ဝင်နိုင်သည့်နေရာ၏ နယ်စပ်ဒေသ ဖြစ်သည်။ ထို ဝါးတောထဲ၌ ကွန်လုံဝမ်၏ဘက်တော်သား အစောင့်တပ်သားများ များစွာ ရှိနေ၏။

သို့သော် ထိုတပ်သားများသည် ဆန်ကွမ်းချီတို့ အားလုံးကို မတားမြစ်ကြချေ။ အစွန်အဖျားမှ တပ်သားများဖြစ်၍ အတွင်းပိုင်း စောင့်ကြပ်သူများကဲ့သို့ သတိစီရိယ မရှိကြပေ။

ထိုသို့ ဝင်ခွင့်ပြုခြင်းအတွက် ဆန်ကွမ်းချီတို့ စဉ်းစားနိုင်သည့် အချက်မှာ အနက်ရောင်ကိုယ်ကျပ်ဝတ်စုံပင် ဖြစ်သည်။ သူတို့ကို ဝမ်ဂိုဏ်းသားအဖြစ် မှတ်ယူပြီး ဝင်ခွင့်ပြုခြင်း ဖြစ်ပေလိမ့်မည်။



စိမ့်ဆရာတော်ကိုမူ ဝမ်ဂိုဏ်းသားများ ဖမ်းဆီးလာသည့် အကျဉ်းသားအဖြစ် မှတ်ယူပုံ ရပေသည်။

ဆန်ကွမ်းချီတို့သည် ဝါးတောကြီးအတွင်း အချိန် အတော်ကြာကြာ ခရီးဆက်ရသည်။

စိမ့်ဆရာတော်သည် ကောင်းကင်ကို မော့ကြည့်၏။

'အချိန် သိပ်မရှိတော့ဘူး။ ကွန်လုံဝမ်ရဲ့ စံအိမ်ကို မြန်မြန် ရောက်မှ ဖြစ်မယ်'

'မှန်ပါတယ်၊ တပည့်တော်တို့ မမြန်ကြရင် ပိုကောင်း ပါလိမ့်မယ်'

'ကိုယ်ဖော့ပညာ သုံးဖို့မဟုတ်လား၊ စောစောကတည်းက သုံးသင့်တာပဲ'

'အကြောင်းရှိလို့ပါ ဆရာတော်၊ တပည့်တော်တို့အားလုံးကိုယ်ဖော့ပညာသုံးပြီး ဒီတောထဲဝင်ရင် အစောင့်တွေကို လွယ်လွယ် ကျော်ဖြတ်နိုင်မှာ သေချာပါတယ်၊ ဒါပေမယ့် ကွန်လုံဝမ်ရဲ့ စံအိမ်ထဲကျရောက်ပေးချက်တွေရောက်ပြီး ခြံဝင်းနားအောင် မကပ်နိုင်ဘဲ ဖြစ်သွားပါလိမ့်မယ်၊ အခုလို အေးအေးဆေးဆေး လာတော့ တပည့်တော်တို့ကို သူတို့ သံသယမရှိတော့ပါဘူး'

'အင်း....ဒါလဲ ဟုတ်တာပဲ'

'အခုလဲ ကိုယ်ဖော့ပညာ သုံးပြီး ပြေးတန်ပြေး၊ လမ်း လျှောက်တန် လမ်းလျှောက် လုပ်ရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

'ဒကာလေးပဲ သင့်သလိုလုပ်အောင်ပါ၊ ကျုပ်တို့လဲ နောက်က အခြေအနေကြည့်လိုက်မယ်'

ဆန်ကွမ်းချိသည် သူ၏နှားနှင့် မျက်စိကို အထူး အာရုံပြု၍ ရှေ့မှ ဦးဆောင်ပြေးလေ၏။ ကင်းစခန်းရှိသည်ဟု သိသယ်ရှိသည့်နေရာတွင် အရှိန်လျှော့၍ လမ်းလျှောက်သည်။ ထိုအချိန်များတွင် စီမုဆရာတော်ကလည်း အကူအညီပေး၏။

ငါးမိုင်ခန့် ပြေးလိုက်လျှောက်လိုက် လုပ်လာကြရာ ဝါးတောကြီး တဖြည်းဖြည်း ပါးလာ၏။ ဝါးတောအတွင်း၌ ကင်းစခန်း ဆယ်ခု တွေ့ခဲ့ရသည်။

ယခုမိုင်း၌ ဆန်ကွမ်းချိသည် ကင်းစခန်းများက စစ်မေးလျှင် မည်သို့ ကြံမန်ဖြေရမည်ကို တွေးတော ပူပန်နေသေးသည်။ ကင်းစခန်းလေးခုခန့် ကျော်လွန်လာသောအခါ လုံးဝ မပူပန်တော့ပေ။ ကင်းစခန်းများကလည်း သူတို့ လူစုအား မတွေ့မြင်သည့်အလား လုံးဝ အရေးမလုပ်ပေ။

ထို့နောက် မြက်ရိုင်းလွင်ပြင်ကြီးတစ်ခုကို တွေ့ရသည်။

မြက်ရိုင်းလွင်ပြင်မှ မြက်ပင်ကြီးများသည် လူတစ်ရပ်ခန့်မြင့်သဖြင့် ထိုလွင်ပြင်ထဲ၌ မည်သည့် ထောင်ချောက်များ ဆင်ထားမည်ကို မည်သူမျှ မခန့်မှန်းနိုင်ကြပေ။

ဆန်ကွမ်းချိသည် တောမှ ကျော့ပတ်သွားရန် ဆုံးဖြတ်လိုက်၏။ ခရီးရှည်သော်လည်း အန္တရာယ်ကင်းနိုင်သည်။



သူယူဆသည့်အတိုင်းပင် အချိန်ကြာမြင့်စွာ ကျော့ပတ်လာသည့်တိုင် မည်သည့်ထောင်ချောက်၊ မည်သည့်ကင်းစခန်းနှင့်မျှ မတိုးဘဲ ရှိနေလေ၏။

စီမုဆရာတော်က လမ်းလျှော ျင်း ချီးကျူးသည်။

'ဒကာလေးရဲ့စိတ်ကူး ကောင်းတယ်၊ ဘာပဲဖြစ်ဖြစ် အရှေ့ဘက်မီးတော့ ကွန်လုံဝမ်ရဲ့စံအိမ်ထဲရောက်မှာပဲ၊ မြေပုံအရတော့ သူ့ခြံဝင်းကြီးကလဲ သိပ်ကြီးနေတယ်၊ ကျုပ်တို့ ဘယ်ဘက်က ဝင်ကြမလဲ'

ဆန်ကွမ်းချိက....

'လက်ဝဲဘက်က ဝင်မယ်ဘုရား၊ အဲဒီ ခြံဝင်းထဲမှာ တခြားအဆောင်တွေကလဲ အများကြီး ရှိသေးတယ်၊ လက်ဝဲဘက်ကတော့ ဝါးပင်တွေချည်းရှိတယ်လို့ ပုံစံထဲမှာ တွေ့လိုက်ရတယ်'

'ကောင်းတယ်၊ ကျုပ်လဲ သဘောတူတယ်'

မကြာမီ မြက်ရိုင်းလွင်ပြင်အဆုံးသို့ ရောက်ရှိလာ၏။ ထိုနေရာ၌ မြင့်မားသော ထင်းရှူးပင်ကြီးများကို စတင် တွေ့ရသည်။ ထိုထင်းရှူးတောကြီး၏ အလယ်တွင် ကွန်လုံဝမ်၏စံအိမ် တည်ရှိပေသည်။

ထိုအချိန်မှာပင် ထင်းရှူးတောစပ်မှ တစ်စုံတစ်ခု လှုပ်ရှားသွားသည်ကို အားလုံးပင် ရိပ်ခနဲ မြင်လိုက်ကြရ၏။ အားလုံးခကြာအခြင်များ တောင့်တင်းသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

စိမ့်ဆရာတော်က...

'ဒကာလေးတို့၊ ဒီတစ်ခါတော့ လုံးဝမပေါ့ကြနဲ့တော့၊ ကွန်လုံဝမ်ပိုင်တဲ့နယ်မြေထဲ ဆယ်မိုင်လောက် ထိုးဖောက်ဝင်ရောက်ကြပြီးလို့ ခုတစ်ခါတွေ့မယ့်ကင်းစခန်းတွေကတော့ စောစောကရှေ့န်းတွေလို သဘောကောင်းနေမှာ မဟုတ်ဘူး'

'ဆရာတော် မိန့်ကြားတာမှန်ပါတယ်၊ ခုလို အစောင့်တွေလွှမ်းမိုးရှိတာ မြင်ခနဲရပြီမဟုတ်လား'

လက်ဝဲရံ ကျွန်းဖန်းက ထောက်ခံလိုက်၏၊ သူတို့အားလုံးသတိဝီရိယနှင့် ချဉ်းကပ်သွားကြသည်၊ အရှေ့ဘက်စ ပြူလာသဖြင့် အလင်းရောင်ကလေးလည်း အနည်းငယ် ရရှိလာသည်၊

ထိုစဉ် ထင်းရှူးသစ်တောထဲမှ စက်ကိုနက် ဝတ်ဆင်ထားသူတစ်ယောက်ထွက်လာ၏၊ သူတို့အား အရေးတကြီး လက်ယပ်ခေါ်နေလေ၏၊

'ဒကာလေး သတိထား'

စိမ့်ဆရာတော်၏ သတိပေးသံ၊

'အစ်ကိုကြီး၊ ကွန်လုံဝမ် သိပ်ညာဏ်များတယ်'

လက်ယာရံလူငယ် လီစင်း၏ သတိပေးသံ၊

'အစ်ကိုကြီး၊ ကျွန်တော်တို့ ဒီလူ ကိုယ့်လူဖြစ်မယ်မထင်ဘူး'

လက်ဝဲရံလူငယ်၏ သတိပေးသံ၊

ထစ်ရှိန်ထိုးထွက်ပြေးရန် ဟန်ပြင်နေသော ဆန်ကွမ်းချီမှာ ဇာနှင့်ခနဲရပ်သွားလေ၏၊

www.burmeseclassic.com


'ဆရာတော် ဒီလူဟာ တပည့်တော်တို့ကို ကြိုဆိုတဲ့လူပဲ ဖြစ်ပါလိမ့်မယ်၊ ဒီလိုလုပ်ပါ၊ ဆရာတော်နဲ့ ဟောဒီကညီလေးနှစ်ယောက်ဒီမှာ ပုန်းခိုကျန်ရစ်ခဲ့ကြပါ၊ တပည့်တော်တစ်ယောက်တည်းသွားမယ်၊ အခြေအနေ မဟန်ရင် ဆရာတော်ကပဲ ဦးဆောင်လှုပ်ရှားပါ'

စိမ့်ဆရာတော်သည် ဆန်ကွမ်းချီ၏ ရဲရင့်မှုနှင့်ပြတ်သားမှုကိုစိတ်ထဲမှချီးကျူးမိ၏၊

'ကောင်းပြီ၊ ဒကာလေး သွားပါ'

ကျန်သူအားလုံး ဝပ်နေမှာက်၍ စောင့်ကြည့်ကြသည်၊ ဆန်ကွမ်းချီသည် ပျံလွှားဖွက်ကလေးပမာ ပေါ့ပါးစွာ ပျံသန်းပြေးသွားသွားလေ၏၊

အလင်းရောင်သည်လည်း တဖြည်းဖြည်း တစ်စတစ်စ တိုးတက်လာရာ ထင်းရှူးတောစပ်၌ အချီအချ စကားပြောနေသူနှစ်ဦးကို စိမ့်ဆရာတော်နှင့် လူငယ်နှစ်ဦးစလုံး ကောင်းစွာတွေ့မြင်နေရ၏၊ အတန်ကြာသော် ဝတ်စုံနက် ပျောက်ကွယ်သွားသည်၊ ဆန်ကွမ်းချီက သူတို့ဘက်သို့လှည့်ကာ လက်ယပ်ခေါ်နေကြောင်း တွေ့ရသည်၊

'ကဲ...စိတ်ချရပြီ၊ သွားကြစို့'

စိမ့်ဆရာတော်က တပ်လှန့်လိုက်၏၊ သူတို့သည် အလွန်ပေါ့ပါးစွာ ပြေးသွားကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



'ဒါဏ်လေး…စိတ်ချရရဲ့လား'

'စိတ်ချရပါတယ်၊ တပည့်တော်တို့ ကိုကြိုတွေ့လှူပဲ'

'သူက ဘာတွေညွှန်ကြားသွားသေးသလဲ'

'မိုးလင်းရင် အုပ်စုလိုက် ကင်းလှည့်တဲ့ စံအောင်အိမ် ကင်းသမားတွေနဲ့တွေ့လိမ့်မယ်တဲ့၊ သူတို့ကို လွတ်အောင် ပုန်းကြမယ်တဲ့'

'ဘယ်မှာ ပုန်းရမှာလဲ'

ဆန်ကွမ်းချိုက မြင့်မားသောထင်းရှူးပင်ကြီးများကို မော့ကြည့်လေ၏။

'ဆရာတော်ဒီ ထက်တောင်းတဲ့ ပုန်းစရာနေရာတော့ မရှိတော့ပါဘူး'

စိမ့်ဆရာတော် သဘောပေါက်သွား၏။

'ချက်ချင်းပုန်းတော့မလား'

'ချက်ချင်းတော့ပုန်းဖို့မလိုသေးပါဘူး၊ ထင်းရှူးတောထဲကို ဝင်နိုင်သလောက်ဝင်ကြမယ်၊ စံအိမ်တော်နဲ့နီးလာပြီဆိုမှ ကင်းလှည့်သမားတွေ လာရင် မြစ်ဖြစ် သစ်ပင်ပေါ် တက်ပုန်းကြတာပေါ့'

'ကောင်းပြီလေ၊ ဒကာလေး သဘောပဲ'



သူတို့သည် သစ်ပင်ကြီးကြီးထွားထွား ထင်းရှူးတောကြီးထဲသို့ တိုးဝင်လာကြ၏။

အတော်အတန်ဝင်လာမိသောအခါ ရိပ်ခနဲ လူရိပ်ကိုတွေ့လိုက်ရသဖြင့် သစ်ပင်များအကွယ်သို့ ဝင်ကပ်လိုက်ကြသည်။

ဆန်ကွမ်းချိုသည် သူ့တွေ့ဖူးခဲ့ရသော အကြိုတော် ဖြစ်နေသဖြင့် ရဲရဲတင်းတင်းပင် ထွက်လာသည်။ စိမ့်ဆရာတော်၊ လိစ်ဦးနှင့် ကျွန်းဖန်းတို့မှာမူ အကွယ်မှမထွက်ဘဲ ဆက်၍ပုန်းခိုနေကြလေ၏။

ဆန်ကွမ်းချိုနှင့်ထိုလူတို့ တီးတိုးစကားပြောပြီးနောက် ဆန်ကွမ်းချို ပြန်ရောက်လာသည်။ အကြိုတော်သည်း ပျောက်သွား၏။

'ဘာတဲ့လဲ ဒကာလေး'

'အနှနေ ခြံဝင်းကြီးရဲ့ဘယ်ဘက်ကို အမြန်ဆုံးရောက်အောင် သွားပါတဲ့ လာပြောနေတယ်၊ လက်ယာဘက်အခြမ်းမှာ ကင်းသမားတွေရောက်နေတယ်လို့ ဆိုပါတယ်'

'စိတ်ချရပါ့မလား'

'အခုအထိတော့ တပည့်တော်တို့ ဘာမှမဖြစ်သေးဘူးလေ'

'ခြံဝင်းထဲထဲ ရောက်ရင် ထောင်ချောက်လဲမိနေရာ ဆိုရင်တော့…'

www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ စွန့်စားရမှာပဲ ဆရာတော်'

ဆန်ကွမ်းချီက ဟက်ဟက်ပက်ပက် ရယ်ရင်း....

'တပည့်တော်တို့ကို အသေခံ တပ်သားတွေလို့ သမုတ်ထ
တယ်မဟုတ်လား၊ သေတော့သေမှာပဲ၊ အောင်အောင်မြင်မြ
လုပ်ဆောင်ပြီးမှ သေရင် သိုင်းလောကသားတွေက ချီးကျ
ကြမယ်၊ အဲဒီလိုမှ မဟုတ်ရင်တော့....'

စိမုဆရာတော်က ဖြတ်ပြောလေ၏။

'ဘာမှအသုံးမကျတဲ့ ဖက်တွေလို့ ရှုတ်ချအပြစ်တင်ကြမ
မဟုတ်လား'

လီစင်းနှင့် ကျန်းဖန်းတို့ပင်လျှင် ဝိုင်းရယ်ကြလေတော့
ဆန်ကွမ်းချီက အမြန်ဆုံး ရယ်ရှိန်သတ်ရသည်။ ရန်သူ့နယ်ထဲ
ပျော်ပွဲစားထွက်သလိုရယ်မောနေခြင်းမှာ သေမင်းကို လက်ယ
ခေါ်ခြင်းပင် မဟုတ်ပါလော။

'ကဲ....ကဲ....အမြန်ဆုံး ခရီးဆက်ခယ်'

ဆန်ကွမ်းချီ၏ ဦးဆောင်မှုဖြင့် နာရီဝက်ခန့် ပြေးလွှ
ကြရာ သစ်လုံးကြီးများ ကာရံထားသည့် ခြံဝင်းကြီးသို့ ရောက်
လာ၏။ သူတို့ရှေ့၌ ရှိနေသော သစ်လုံးနံရံကြီးမှာ မျက်
တစ်ဆုံး ရှိနေသည်။ မည်မျှရှည်လျားသည်ကို သူတို့ မခန့်မှန်း
နိုင်ကြပေ။

ဆန်ကွမ်းချီသည် သူ့အိတ်ထဲမှ ရွှေလက်ကိုင်ရိုးတပ် ဓားက
စမ်းသပ်လိုက်၏။ ထိုဓားမှာ ထန်ရှင်၏ တွဲစခန်းအတွင်း၌ နို



ချစ်နေဘ်က လျှို့ဝှက် ပေးအပ်လိုက်သည့် ရွှေဓားပင် ဖြစ်တော့
သည်။

ဤရွှေဓားသည် သိုင်းလောက၌ကျော်ကြားနေသည့်ရတနာ
သုံးမျိုးထဲမှ ရတနာတစ်မျိုးဖြစ်၏။ ဝိညာဉ်လီပ်ပြာနတ် ရွှေဓား
ဟု ခေါ်သော ဤအဖိုးတန် ရွှေဓားကို နိုင်ချစ်နေဘ်သည် ဆန်
ကွမ်းချီ၏ လက်ထဲသို့ ရက်ရောစွာ ထည့်ပေးခဲ့လေသည်တကား။

သစ်လုံးနံရံသည် အတော်ကလေးမြင့်၏။ တစ်ကြိမ်တည်းနှင့်
ခုန်တက်ခြင်းငှာ မည်သူမျှ မစွမ်းနိုင်ပေ။ စိမုဆရာတော်သည်
ဆန်ကွမ်းချီအား 'လှမ်းကြည့်၏။ ဆန်ကွမ်းချီက ခေါင်းညိတ်
ပြပြီး သူ၏ရွှေဓားကို ထုတ်ယူလိုက်သည်။

'တပည့်တော် အရင်ဝင်မယ်၊ ဘေးရှင်းကင်းပြီလို့ အချက်
ပေးရင် ဆရာတော်တို့ ဝင်လိုက်ခဲ့ကြပေါ့'

အားလုံးက ခေါင်းညိတ်လိုက်ကြ၏။

ဆန်ကွမ်းချီသည် လေထဲ၌ ခုန်တက်ပြီး သစ်လုံးနံရံသို့ ဓား
ဖြင့် ခပ်ဖွဖွ ထိုးစိုက်လိုက်သည်။ ချိန်ဆ၍ ထိုးစိုက်ခြင်းဖြစ်သဖြင့်
ဓားသည် အဆုံးအထိ မဝင်ပေ။

သူသည် တွဲလောင်း ခိုနေရာမှ သစ်လုံးကို ခြေဖျားနှင့်
ဆောင့်ကန်ပြီး ခြေထောက်အားကိုယူ၍ ခြေကျွမ်းပစ်လိုက်လေ၏။
အတွင်းအားထုတ်၍ ဓားကိုဆွဲနုတ်လိုက်ရာ သူ၏ခန္ဓာကိုယ်သည်
လေထဲ၌ လှပစွာ ဝဲတက်သွားပြီး သစ်လုံးနံရံ၏ အတွင်းဘက်သို့
ကျရောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ဒကာလေးတို့ရဲ့နှောင်တော်ကတော့ လမ်းပြသွားပြီ သူ့အချက်ပေးရင် သူ့ ပုံစံအတိုင်း ဝင်ဖို့ပဲ ရှိတော့တယ်'

မကြာမီ သစ်လုံးကို ဆက်ဖြင့် ခေါက်၍ အချက်ပေးသံ ကြားလိုက်ရသည်။

စိမ့်ဆရာတော်က လီစင်းအား အချက်ပေးလိုက်၏။

လီစင်းက....

'ဆရာတော် အရင်တက်ပါ'

စိမ့်ဆရာတော်က ရယ်ပြီး....

'ကျုပ် အရင်တက်သွားရင် ဒကာလေး ဆန်ကွမ်းချိုက စိတ်ထဲက အဖြစ်တင်နေဦးမယ်၊ ကျုပ်ကတော့ နောက်ဆုံးမှပဲ တက်ပါရစေ'

လီစင်းသည် ဓားရှည်ကို ဆွဲထုတ်ပြီး သစ်လုံးနှံရုံအလယ်သို့ ခုန်ပြီးထိုးလိုက်၏။ ထို့နောက် ရွှေ့ခြေဖျားဖြင့် သစ်လုံးကို ကန်လိုက်ရာ ခြေထောက်များက ကောင်းကင်သို့ မြောက်တက်သွား၏။ လက်ထဲမှဓားကို ဆွဲနုတ်ပြီးချိန်တွင် သူ့ခန္ဓာကိုယ်သည် သစ်လုံးနှံရုံပေါ်၌ ဝဲခနဲတက်သွား၏။

ထို့နောက် ကျန်းဖန်း ခုန်တက်သည်။

စိမ့်ဆရာတော်သည် နောက်ဆုံးမှ ခုန်တက်လာ၏။

အတွင်းသို့ သုံးယောက်စလုံး ရောက်သောအခါမှ ဆန်ကွမ်းချိုက အတွင်းမှ ဝါးပင်များကို လက်ညှိုးထိုးပြ၏။



ကျန်လူအားလုံး ထိတ်လန့်ပေါက်ကြသဖြင့် ဝါးပင်များ အကြားသို့ ပြေးဝင်ကြလေ၏။ ဝါးပင်များမှာ အလွန်ပင်ထူထပ်သိပ်သည်းလှသဖြင့် ဆန်ကွမ်းချိုတို့မှာ ခက်ခက်ခဲခဲ ဝင်ကြရသည်။

ဝါးရုံ၏အကိုင်းအခက်များမှာ အလွန်တရာ ရှုပ်ထွေးသောသည်။ သူတို့သည် အတွင်းအားသုံး၍ လက်ဖြင့် ရှင်းလင်းပစ်ကြရသည်။ သို့ရာတွင် မကြာမီပင် ဝါးပင်များ ပါးလျားသွား၏။

'အစ်ကိုကြီး...ဟိုမှာ....ဟိုမှာ'

လီစင်းက အလန့်တကြားပြောသဖြင့် အလန့်တကြားလှမ်းကြည့်မိကြသည်။ သူတို့ရှေ့ဘက် ကိုက်သုံးဆယ်ခန့် အကွာတွင် သေးငယ်လွန်းလှသော အိမ်လုံးကလေးများကို တွေ့လိုက်ကြရသည်။ ထို့ကြောင့် အသာ နောက်ပြန် ဆုတ်ကြရပြန်သည်။

ထိုအချိန်မှာပင် အနက်ရောင်ဝတ်စုံနှင့် လူသည် မိုးပေါ်က ကျလာသလို ရုတ်ခနဲ ရောက်ရှိလာသည်။

သူတို့သည် သူတို့နောက်၌ ရောက်ရှိလာသော အနက်ရောင်ဝတ်စုံနှင့်လူကို လုံးဝသတိမပြုမိကြပေ။ ထိုလူကသာ လုပ်ကြံလျှင် စိမ့်ဆရာတော်မှအစ ကျန်းဖန်းအဆုံး လောလောက်စလုံး မည်သူသတ်မှန်း မသိဘဲ သေကြရပေလိမ့်မည်။

သူတို့ သတိလက်လွှတ် ဖြစ်မည်ဆိုလျှင် ဖြစ်လောက်သည်။ ဤမျှ သေးငယ်သော အိမ်မျိုးကို မည်သူမျှ မတွေ့ဖူးကြပေ။

www.burmeseclassic.com



ထိုအိမ်ငယ်ကလေးများမှာ အလုံး သုံးလေးဆယ်မျှ ရှိနေလေသည်။

အိမ်တစ်လုံးစီတွင် ရေ့ပေါက်တစ်ပေါက်သာရှိသည်။ ကျန်သုံးဖက်စလုံး အပိတ်ဖြစ်၏။ ထိုသစ်သားအိမ်ကလေးများ၏ဖို့စီမှာ တောတိရစ္ဆာန်ရိုင်းများ သို့လှောင်သည့် အိမ်ကလေးများဟု ထင်မှတ်မှားနေကြရ၏။

'အဟမ်း....အဟမ်း'

စိမုဆရာတော် အပါအဝင်လူအားလုံး ထိတ်လန့်သွားပုံမှာ စာဖွဲ့စရာပင်မရှိတော့ချေ။ ထိုလူက ဆန်ကွမ်းချိတို့၏ ပေါ်လျှော့ပုံကို မသိကျိုးကျံပြု၍ သူတို့အားလုံး အနီးသို့ လျှောက်လာလေသည်။

ဆန်ကွမ်းချိနှင့် စိမုဆရာတော်တို့မှာ သူတို့ကိုယ်သူတို့ အဖြစ်တင်မဆုံး ရှိကြလေ၏။ ထိုဝတ်စုံနက်သာ သူတို့၏ မိတ်ဆွေမဟုတ်လျှင် သူတို့အားလုံး သေပွဲဝင်နေကြရတော့မည် မဟုတ်ပါလား။

ဆန်ကွမ်းချိတို့သည် ထိုလူနှင့် မျက်နှာချင်း ဆိုင်လိုက်ကြသည်။

'ခင်ဗျားတို့ သိုဝ်ပင်ပန်းနေကြပြီ၊ ဟိုရှေ့မှာတွေ့တဲ့သစ်သားအိမ်ကလေးတွေကို တွေ့သလား၊ လက်ဝဲစွန်းက အိမ်ရှစ်အိမ်ဟာ အလွတ်တွေဖြစ်တယ်၊ အဲဒီထဲမှာ ခင်ဗျားတို့ ဝင်နားလိုက်ကြပါ၊ တင်းသမားတွေ လက်ထဲက အကောင်းဆုံး ပုန်းရှောင်နိုင်မှုဟာ အဲဒီအိမ်တွေထဲ ဝင်ပုန်းနေခြင်းပဲ'



စိမုဆရာတော်၊ လီစင်းနှင့် ကျန်းဖန်းတို့သည် အကြိုထွေက်သူအား ဝိုင်း၍အကဲခတ်ကြ၏။ တစ်ကိုယ်လုံး ဝတ်စုံနက် ဝတ်ဆင်ထားသည်။ မျက်လုံး နှစ်လုံးတွင်သာ အပေါက်ကလေးတစ်ပေါက် ဖောက်ထားသည်။ ကိုယ်လုံးကိုယ်ထည် သေးကွေး၏။ ကျောတွင် ဓားရှည်တစ်ချောင်း ချိတ်ဆွဲထားသည်။

ဆန်ကွမ်းချိက မေးခွန်းထုတ်လိုက်၏။

'အဲဒီအစွန်က အိမ်ခတွေသာ လွတ်တယ်ဆိုတော့ ဒီဘက်က အိမ်တွေက မလွတ်ဘူးပေါ့၊ အဲထဲမှာ ဘာတွေ ထည့်ထားသလဲ'

ဝတ်စုံနက်က ချောင်းတစ်ချက် ဟန့်လိုက်၏။

'အချုပ်အနှောင်ခံထားရတဲ့ ဝမ်ကိုဆိုးကို သစ္စာဖောက်တဲ့ လူတွေပဲ'

'ရယ်စရာပဲ၊ ဒီသစ်သားအိမ် သေးသေးကလေးကို သာမန်သိုင်းသမားဟာ လက်ဝါးတစ်ချက်တည်းနဲ့ ရိုက်ပစ်နိုင်တယ်၊ သူတို့ကို ဘယ်လိုချုပ်နိုင်မှာလဲ'

'ခင်ဗျားတို့ကို ရှင်းပြဖို့ အချိန်သိပ်မရှိဘူး'

သူသည် အိမ်များကို လက်ညှိုးထိုးပြီး....

'ဟိုဘက်မှာ အလွတ် ရှစ်အိမ်ရှိတယ်၊ ကြိုက်တဲ့အဆောင်ထဲဝင်ခိုနိုင်တယ်၊ တစ်နေ့ကို အနည်းဆုံး သုံးကြိမ် ကျွေးလည့်တယ်၊ ဒီဝါးတောထဲ ပုန်းခိုလိုက်တော့ လုံးဝ မလွတ်နိုင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ညတျရင် ကျုပ်လာခဲ့မယ်၊ လက်ခုပ်သံနှစ်ချက် ကြားရင်တော့ ခင်ဗျားတို့ ထွက်လာခဲ့ကြ၊ လက်ခုပ်သံ မကြားဘဲနဲ့တော့ ခင်ဗျားတို့ လုံးဝ မထွက်ကြနဲ့၊ ခင်ဗျားတို့ အကြံအစည်တွေ အားလုံး ရေစုန်မျောကုန်မယ်'

ဆန်ကွမ်းချိုက လေးစားစွာ ပြောဏ်

'ခင်ဗျားပြောတဲ့အတိုင်း ကျုပ်တို့တစ်သဝေမတိမ်း လိုက်နာပါမယ်၊ ခင်ဗျား ကျုပ်တို့မိတ်ဆွေ ဖြစ်နေတော့ ခင်ဗျားရဲ့ ပကတိမျက်နှာကို ကျုပ်တို့ တွေ့မြင်ချင်ပါတယ်'

ထိုလူက ဟက်ဟက်ပက်ပက် ရယ်၏

'ခုအချိန်ဟာ မိတ်ဆွေတွေ မျက်နှာချင်းဆိုင် တွေ့ကြရမယ့် အချိန် မဟုတ်သေးဘူး၊ အခုဆိုရင် ခြံဝင်းအတွင်းထဲမှာ လှည့်တဲ့ ကင်းသမားတွေ လာတော့မယ်၊ မြန်မြန် ဝင်ပုန်းကြပေတော့'

ဆန်ကွမ်းချိုသည် ထိုလူနှင့် ပတ်သက်၍ တွေးတောနေမိ၏

'အင်း... ဒီလူရဲ့ အကူအညီယူခဲ့တဲ့ တစ်ချိန်လုံးတော့ ဘာ အန္တရာယ်မှ မတွေ့ရဘူး၊ ဒါပေမယ့် အဲဒီသစ်သားအိမ်ကလေးတွေက ဘယ်လိုအိမ်တွေမှန်း မသိနိုင်ဘူး၊ အထဲဝင်ပြီး အားလုံး အဖမ်းခံရရင်တော့...'

ဆန်ကွမ်းချိုမှာ ထိုအိမ်များဆီသို့ပြေးရန် အမိန့်မပေးနိုင်ဘဲ ရှိနေ၏၊

ဝတ်စုံနက်နှင့်လူက လေးလေးနက်နက် ပြောသည်၊



'တကယ်လို့ ကျုပ်စကားကို ခင်ဗျားတို့ နားမထောင်ဘူးဆိုရင်တော့ ခင်ဗျားတို့အားလုံး ဒုက္ခရောက်မှာပဲ၊ ကျုပ်ကို မယုံရင် ဘာမှမလုပ်ကြမနဲ့'

ဆန်ကွမ်းချိုက စိမုဆရာတော်နှင့် လူငယ်နှစ်ဦးအား လှမ်း၍ ပြော၏၊

'အရှင်ဘုရားတို့ ဒီမှာ ခဏ စောင့်ကြပါ၊ တပည့်တော် သွားပြီး စုံစမ်းလိုက်ဦးမယ်'

စိမုဆရာတော်သည် ဆန်ကွမ်းချို ဘာကို ဆိုလိုသည်ကို နားလည်သဘောပေါက်၏၊ ထို့ကြောင့် ဝတ်စုံနက်အား မပြတ်တမ်း အကဲခတ် စောင့်ကြည့်တော့သည်၊ ဝတ်စုံနက်ကမူ မလှုပ်မယှက် စောင့်ကြည့်သည်၊

သစ်သားအိမ်များအနီးသို့ ရောက်လေလေ ထိုသစ်သားအိမ်ကလေးများ၏ ထူးခြားသော အဖြစ်များကို တွေ့ရလေ ဖြစ်လာ၏၊ ထိုသစ်သားအိမ်အတွင်းသို့ ဝင်လျှင် ထိုင်ရုံထိုင်နိုင်သည်၊ မတိုင်ချင်လျှင် အိပ်နိုင်သည်၊ အပြင်သို့ထွက်လျှင် လေးဘက်လေးဘက် ထွက်ရမည်၊ ထိုမျှ သေးငယ်ကျဉ်းမြောင်းသော အိမ်ကလေးများကို မည်သို့သောရည်ရွယ်ချက်ဖြင့် တည်ဆောက်ထားရသနည်းဟု ဆန်ကွမ်းချို တွေးနေ၏၊

သိုင်းပညာ ထိုက်သင့်သမျှ တတ်မြောက်ထားလျှင် ထိုသစ်သားအိမ်ကို လက်ဝါးဖြင့် ရိုက်ချရုံမျှဖြင့် ထိုသစ်သားအိမ် ပျက်စီးသွားနိုင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



'အင်း....ငါကသာ ငါ့စိတ်နဲ့ ငါ့ကိုယ် တွေးချင်တိုင်း တွေးနေတာ၊ ဟို့ဝတ်စုံနက်ပြောတဲ့ စကားအရဆိုရင် ဒီသစ်သားအိမ်ကလေးထဲမှာ အကျဉ်းသားတွေ အများကြီး ရှိနေတာပဲ၊ ဘာဖြစ်လို့ သူတို့ လွတ်မြောက်ဖို့ မကြိုးစားကြတာလဲ၊ နောက်ပြီး ဒီပတ်ဝန်းကျင်မှာ အချိန်မလပ် စောင့်ကြပ်နေတဲ့ အစောင့်လဲ မရှိဘူး'

ဆန်ကွမ်းချီသည် တီးတိုး ရေရွတ်ရင်း လွတ်နေသည်ဟု ထင်ရသော သစ်သားအိမ်တစ်လုံးကို တွန်းဖွင့်ကြည့်၏၊

သူ တွေးထင်ထားသည့်အတိုင်း ကျဉ်းမြောင်းလှပေသည်၊

သူသည် စစ်ဆေးပြီးသည်နှင့် ပြန်ပြေးလာ၏၊

ဝတ်စုံနက်က အေးစက်စက် မေးလေ၏၊

'ခင်ဗျား သေသေချာချာ ကြည့်ပြီးပြီမဟုတ်လား၊ ကျုပ်သွားတော့မယ်'

စကားဆုံးသည်နှင့် ဝတ်စုံနက်လည်း ပြေးထွက်သွားတော့သည်၊

ဆန်ကွမ်းချီက ရှင်းပြ၏၊

'သစ်သားအိမ်ကလေးက ကျဉ်းတော့ကျဉ်းတယ်၊ ဒါပေမယ့် လူတစ်ယောက်တော့ ကောင်းကောင်းဝင်အိပ်လို့ရတယ်'

ကျန်းဖန်းက မေး၏၊



'အင်ကိုကြီး၊ ဘာထူးခြားချက် တွေ့သလဲ'

'ဘာမှမတွေ့ဘူး၊ ဟိုဘက်က သစ်သား အိမ်ထဲမှာတော့ ဝတ်စုံနက်ပြောသလို အကျဉ်းသားတွေ ရှိမှာပေါ့၊ ဘာပဲပြောပြော ငါတို့ အဲဒီမှာ ဒီတစ်ညတော့ ဝင်ခိုရဦးမှာပဲ'

လိစင်းက....

'ဒီသစ်သားအိမ်ထဲဝင်ရတာ ကျွဲဂူထဲ ဝင်ရသလိုဖြစ်နေမှာပဲ....'

ကျန်းဖန်းက ရယ်ရွှဲပြော၏၊

ကျွဲဂူထဲမဝင်ရင် ကျွဲကို ဘယ်ရနိုင်ပါမလဲ၊ နည်းနည်းတော့ စွန့်စားရမှာပေါ့'

ဆန်ကွမ်းချီက အားလုံးရှေ့တက်ရန် လက်ဖြင့် အချက်ပြလိုက်သည်၊

'ကဲ...အားလုံးရှေ့တက်ကြ၊ တော်ကြာ ကင်းသမားတွေနဲ့ တိုးနေရင် တိုက်နေ ခိုက်နေရဦးမယ်၊ တိုက်ခိုက်တာက ဘာ့အကြောင်း မဟုတ်ပါဘူး၊ ငါတို့အစီအစဉ်တွေ ပျက်ကုန်မှာ စိုးရိမ်ရတာပါ'

ဆန်ကွမ်းချီ ဦးဆောင်ထွက်သွားသဖြင့် အားလုံးသူ့နောက်ကို လိုက်ကြသည်၊

ဆန်ကွမ်းချီက စီမံဆရာတော်အား လျှောက်ထား ပြောကြား၏၊

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော်က အစွန်ဆုံးက သစ်သားအိမ်မှာ ဝင်ခိုပါ၊ တပည့်တော်တို့က ဒီဘက် တစ်အိမ်စီအစဉ်လိုက်ဝင်နိုးမယ်၊ သူတို့ နှစ်ယောက်က အလယ်အိမ်နှစ်အိမ်ပေါ့'

လူအားလုံးဆန်ကွမ်းချီအမိန့်အတိုင်း တံခါးဖွင့်၍ဝင်ကြ၏။ ထို့နောက် တံခါးပိတ်ကာ အိပ်စက်ကြတော့သည်။ သို့သော် တဆယ်တမ်း မည်သူမျှ မအိပ်နိုင်ကြချေ။

ထိုအချိန်မှာပင် လျှို့သံသွင်များကို ကြားလိုက်ရသည်။ သူတို့သည် ကင်းသမားများ လှည့်မလာမီ လက်မတင်ကလေး ဝင်လိုက်မိကြခြင်း ဖြစ်ပေသည်။

ကွန်လုံပမ်၏ လက်အောက်ငယ်သားများ၌ အတန်းအစား နှစ်မျိုးရှိသည်။ တစ်မျိုးမှာ အသိဉာဏ် ထုံထိုင်းစေသော အဆိပ်များမိသွားပြီး ပင်ကိုအသိဉာဏ် ပျောက်သွားသည့် လက်အောက်ငယ်သားနှင့် တစ်မျိုးမှာ ပင်ကိုစိတ် မပျောက်သော လက်အောက်ငယ်သားတို့ ဖြစ်ပေသည်။

ပင်ကိုစိတ် မပျောက်သော လက်အောက် ငယ်သားတို့သည်လည်းအဆိပ်မိသည်သာဖြစ်၏။ သို့သော်သူတို့သည်ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းအားဖြင့် အဆိပ်ဖြေဆေးစားကြရ၏။ ထိုအဆိပ်ဖြေဆေးကို ကွန်လုံပမ်က အချိန်မှန်မှန် ပေး၏။ သူ့အမိန့်မနာခံသူသည် အဆိပ်ဖြေဆေးမရဘဲ ကြီးစွာသောဝေဒနာကို ခံစားရသည်။ နောက်ဆုံး ဖြေဆေးမရလျှင် သေဆုံးသွားကြရသည်။

ယခု ကင်းလှည့်လာသူများသည် ပင်ကိုအသိဉာဏ်ပျောက် နေသူ ကိုးယောက်ပါရှိပြီး ပင်ကို အသိဉာဏ်ရှိသူ တစ်ဦးပါ



ရှိ၏။ ထိုတစ်ယောက်သည်သာ လူကိုးယောက်ကို အုပ်ချုပ်သည်။

ငမ်ကေဟာအထဲသို့ ဆန်ကွမ်းချီဝင်သွားစဉ်ကာလ အဆိပ်မိခဲ့ရာတွင် သူသည် နိုင်ချစ်နော် အမိန့်ပေးသမျှကို လိုက်နာခဲ့ရသည်။ ယခုကင်းသမား ကိုးယောက်သည်သည်း ဆန်ကွမ်းချီ အခံခံရသည့်အဆိပ်မျိုး တိုက်ကျွေးခံထားရပေသည်။

ထိုအဆိပ်သဘောကို သိထားမည်၊ ထိုလူများ၏ ထိုယ်ကျင့် အကျိုများကို ရရှိထားမည်ဆိုလျှင် ကွန်လုံပမ်၏ ဂိုဏ်းအတွင်း ဝင်ရောက်ရောနှောရန် လွန်စွာလွယ်ကူသည်။ တိပက်ကျောင်းတော် ဘုရင်ကြီးတုထန်ဟိုသည် ထိုနည်းဖြင့် ဝင်၍ရောနှောနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ထိုအခိုက် ကျယ်လောင်လှသောအသံတစ်သံသည် ဆန်ကွမ်းချီတို့၏ သစ်သားအိမ်ကလေး အတွင်းသို့ပင် ထိုးဖောက် ဝင်ရောက်လာသည်။

'ဆရာ အမိန့်ရှိထားတယ်၊ လမ်းတိုင်းကို ပိတ်ဆို့ထားရမယ်၊ ကင်းသမားတိုင်း၊ နားမျက်စိရှင်ရှင်ထားရမယ်၊ သစ်သား အကျဉ်းထောင်တွေကိုပါ တစ်ခုချင်း လိုက်စစ်ဆေးရမယ်လေ၊ မင်းတို့ ငေးတိုင်ဝိုင်တိုင်ကြီး လုပ်မနေနဲ့ကြနဲ့'

ဆန်ကွမ်းချီ ထိတ်လန့်သွားသည်။

'ဒုက္ခပဲ၊ သူပြောသလိုသာ တကယ်ရှာမယ်ဆိုရင် ငါတို့ အကြံအစည်တွေ ရေစုန်မျောတန်တော့မှာပဲ'

ဆန်ကွမ်းချီသည် ဝမ်းလျားထိုး မှောက်လိုက်ပြီး တံခါး ပမှ အသာချောင်းကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ပြင်းပြင်းထန်ထန်နှင်းလာသည့် ခြေသံတစ်သံကိုကြား ရသည်၊ တစ်ဆက်တည်းမှာပင် ထိုလူ၏အသံကိုလည်းကြားလိုက် ရ၏။

'လမ်းတွေကို သတိဝီရိယနဲ့ စောင့်မယ်ဆိုတာတော့ ထား လိုက်ပါတော့၊ ဘယ်နှယ် သစ်သားအကျဉ်းထောင်တွေထဲ ဝင် စစ်ရမှာလဲ၊ ဘယ်ရန်သူက အဲဒီ ကျဉ်းကျဉ်း ကြုတ်ကြုတ်ထဲ ဝင်ပြီး ဒုက္ခခံနေမှာလဲကွ၊ မင်းဥစ္စာက မဟုတ်သေးပါဘူး'

ဆန်ကွမ်းချိမှာ ထိုအသံရှင်အား ကျေးဇူးတင်မိသွား၏၊ တစ်ဖက်မှ မည်သည့်အသံမျှ ပြန်ကြားခြင်းမရှိသဖြင့် နောက် ဝင်လာသူအသံရှင်၏တားမြစ်ချက်ကို တစ်ဖက်လူ သဘောတူ သွားသည်ဟု ယူဆရပေသည်။

အတန်ကြာမှ မူလအသံရှင်၏ အော်သံကိုကြားရသည်၊

'ကဲ....ကဲ....အနောက်ဖက်ကို ဆက်လျှောက်မယ်၊ ဒီမှာလဲ ဘာမှမကျောစရာမတွေ့ဘူး'

ခြေသံများ တဖြည်းဖြည်း ဝေးကွာသွားသည်၊ ဆန်ကွမ်းချို ရင်အေးသွား၏။

'အင်း....ကွန်လုံစမ်ကတော့ တူပါပေ့ကွာ၊ သူများတွေလို သံအကျဉ်းထောင်တို့သစ်သားအကျဉ်းထောင်တို့မဆောက်ဘူး သစ်သားအိမ် ကျဉ်းကျဉ်းကလေးဆောက်ပြီး အကျဉ်းထောင် လုပ်ထားတယ်၊ ငါသာ ဒီအိမ်ထဲအကျဉ်းချထားရင် လက်ဝါးနဲ့ တစ်ချက်တည်းရိုက်ပြီး ထွက်သွားလိုက်မယ်'

ဆန်ကွမ်းချိသည် တစ်ကိုယ်တည်း ရေရွတ်နေရာမှ တစ်မျိုး တွေးမိပြန်သည်၊



'ကွန်လုံငမ်းလောက် ကောက်ကျစ် ဉာဏ်များတဲ့လူဟာ ဒီ လောကမှာ လုံးဝမရှိဘူး၊ ဒီအကျဉ်းထောင် ကိစ္စဟာ ဒီလို မစဉ်းမစား လုပ်ထားမှာ မဟုတ်ဘူး၊ စဉ်းစဉ်းစားစားနဲ့အဖမ်း ခံရတဲ့လူကို ဒုက္ခအရောက်ဆုံးဖြစ်အောင် လုပ်ထားမှာ သေချာ တယ်'

သူသည် သစ်သားအိမ်ကလေး၏ ပတ်ဝန်းကျင်ကို လက်ဖြင့် လိုက်စမ်းသည်၊ ထူးခြားသော ခလုတ်များ ရှိမရှိ စမ်းသပ်ခြင်း ဖြစ်သည်၊ ပျဉ်ပြားများ ကာရံထားခြင်းမှလွဲ၍ အခြား မည် သည့် ခလုတ်မျှမရှိပေ။

သူသည် သစ်သားအကျဉ်းထောင်ကိစ္စကို စိတ်ထဲမှဖျောက် ပစ်ပြီး ငြိမ်နေလိုက်၏၊ သို့သော် တိတ်ဆိတ်ငြိမ်သက်မှုကိုသည်း မခံနိုင်လိုသဖြင့် တံခါးကလေးကို အသာတ၍ ချောင်းကြည့်ရန် ဆုံးဖြတ်လိုက်၏။

'ကျွိ'

သူသည် တံခါးကလေးကို ဖြည်းညင်းစွာ ဟလိုက်၏၊ ကျွိ တူသော အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

သူ အပြင်သို့ ချောင်းကြည့်လိုက်ရာ ကျွန်းဖန်း၏ သစ်သား အိမ်ကို တွေ့ရ၏၊ ကျွန်းဖန်း၏တံခါးသည် သူ့တံခါးကဲ့သို့ပင် အနည်းငယ်ဟနေသည်၊

'အင်း....ကြည့်ရတာ ကျွန်းဖန်းလဲ ငါ့လိုပဲသည်းမခံနိုင်တော့ ဘူးနဲ့တူတယ်၊ ငါသာ စိတ်မရှည်ဘဲ အပြင်ထွက်ရင် သူတို့လဲ လိုက်ထွက်လာကြမှာ သေချာတယ်၊ ငါတံခါးကို ပြန်ပိတ်မှပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချို၏မျက်လုံးသည် ရုတ်တရက် ကျွန်းဖန်း၏ တစ်အိမ်ကျော် အိမ်ကလေးဆီသို့ ရောက်သွား၏။ ကျူ ံခနဲ့ တံခါးပွင့်သွားပြီး ဆံပင်ဖားလျား ချသားသော အဘိုးကြီးတစ်ဦး၏ ဦးခေါင်း ပေါ်ထွက်လာသည်။ ဆံပင်များ၊ မျက်ခုံးများ မုတ်ဆိတ်များအားလုံး ဖြူဖွေးနေသည်။

'ကျူ'

တံခါးသည် ရုတ်တရက် ချက်ချင်း ပြန်ပိတ်သွားလေ၏။

ဆန်ကွမ်းချိုမှာ ထိုမြင်ကွင်းကိုမြင်ပြီး ကြက်သေသေသွား၏။ အတန်ကြာမှ သူ့နှုတ်မှ တုန်ယင်လှိုက်လှဲသောအသံ ပေါ်လာသည်။

'ဆရာ....ဆရာ'

အခန်း (၁၃၉)

မရှာဘဲနှင့် တွေ့ရသူ

ဆန်ကွမ်းချိုသည် သူ့ သစ်သားတံခါးကိုသော်မှ ပြန်မပိတ်နိုင်ဘဲဖြစ်သွားရသည်။ သူ့မျက်စိဝယ် သူ့ဆရာ၏ ရုပ်သွင်ကို မြင်ယောင်လျက်ရှိနေသည်။ မျက်လုံး ပိတ်ထားသည့်တိုင် ဆရာ့မျက်နှာသည် သူ့ရှေ့၌ ပေါ်နေသည်။

'ဆရာ....ဆရာ'

ဆန်ကွမ်းချို၏ နှုတ်ခမ်းများသည် တလှုပ်လှုပ်တရွရွဖြစ်နေသည်။

'ဆရာ့သိုင်းပညာဟာ ပြိုင်စံရှားတဲ့ သိုင်းပညာပါ၊ ကျွန်တော်လို ခမ်းလိုလူမျိုးကို ဆရာဟာ အသာကလေး အနိုင်ယူနိုင်ပါတယ်၊

www.burmeseclassic.com

အာဖြစ်လို့ ကွန်လုံဝမ်ရဲ့ အဖမ်းကို ခံနေရတာလဲ၊ ဒီနေရာမှာ အချုပ်အနှောင် ခံနေရတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး’

ဆန်ကွမ်းချီသည် ကယောင်ကတမ်း ရေရွတ်နေမိသည်။

‘အို…ကွန်လုံဝမ်ရဲ့ ပညာနဲ့ ဆရာ့ ပညာဟာ ပင်လယ်နဲ့ ကျွဲခြေရာခွက်လို ကွာတာပဲ၊ ဘယ်နည်းနဲ့မှ အဖမ်းခံရတာ မဖြစ်နိုင်ဘူး၊ ငါတို့လို ဝင်ပြီး ပုန်းခိုနေတာပဲ ဖြစ်ရမယ်’

ဆန်ကွမ်းချီမှာ မမျှော်လင့်သောအချိန်၊ မမျှော်လင့်သောနေရာ၌ သူ့ဆရာကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အကြီးအကျယ် ဦးနှောက် ခြောက်သွားသည်။ အဖြေကိုရှာ၍ မရနိုင်သဖြင့် တစ်ခေါင်းလုံး ထူပူလာသည်။

သူ့စိတ်ထဲ၌ အခုချက်ချင်း သစ်သားအိမ်အပြင်သို့ ထွက်၍ ဆရာကြီးကို တွေ့လိုက်ချင်သည်။ သူသည် သစ်သားအိမ်အပြင်သို့ ထွက်လိုက်ပါက စီမုဆရာတော်၊ ကျန်းဖန်းနှင့် လီစင်းတို့လည်း လိုက်လာမည်မှာ မုချပင်၊ ထို့ကြောင့် သူ့စိတ်ဆန္ဒများကို ချိုးနှိမ်ထားရလေ၏။

သူ ကတိပြု ယူဆောင်လာသည့် တာဝန်မှာ အလွန်တရာကြီးလေးလှသည်၊ ကွန်လုံဝမ်နှင့် ထိပ်တိုက်တွေ့ဆုံခြင်း မဟုတ်သော စီမုဆရာတော်ကဲ့သို့သော ရှောင်လင်ဘုန်းတော်ကြီးပင် သိုင်းလောကကြီးတစ်ခုလုံး၏ ဘေးရန်အန္တရာယ်ကို ကာယ်တင်ရန် လိုက်ပါလာသေးလျှင် မိမိ၏ ဆရာတစ်ဦးတည်း အကျိုး



အတွက် အပြင်ထွက်လိုက်ပါက မိမိသာ အသုံးမကျရာ ကျတော့မည်၊ ညံ့ရာကျတော့မည်ကို တွေးတောလျက် အပြင်ထွက်လိုသည့် သူ့ခြေလှမ်းများကို တားဆီးနေရတော့သည်။

သူ အပြင်ထွက်ပြီး ဆရာသမားနှင့် ငြိမ်းငြိမ်းချမ်းချမ်းတွေ့ဆုံခွင့် ရပါက အကြောင်းမဟုတ်ချေ၊ သူ အပြင်ထွက်ချိန်နှင့် ကွန်လုံဝမ်၏ ဂိုဏ်းသားတစ်ဦးဦးကို တွေ့ဆုံလိုက်ပါက စခန်းကြီးတစ်ခုလုံး ပွက်ပွက်ဆူသွားမည်မှာ သေချာနေသည်၊ စောစောက ကင်းသမားခေါင်းဆောင် ပြောသွားသည့် စကားအရ ဤစခန်းထဲသို့ လူစိမ်းသူစိမ်း ဝင်လာသဖြင့် အစောင့်အကြပ်များ သတိစိုရိုယ်ရှိနေသည့်အချက်ကတော့ ပေါ်လွင်နေသည်။ ထိုအချက်ကြောင့်ပင် ပို၍ သတိထားရမည်ဟု ဆန်ကွမ်းချီ သိနေသည်။

‘ဆရာဟာ မမျှော်လင့်ဘဲနဲ့ ကွန်လုံဝမ်ရဲ့ အဆိပ်များ မိခဲ့သလား မသိဘူး၊ ကွန်လုံဝမ်က တကယ်ယုတ်မာတဲ့လူဆိုတော့ ဆရာ့ အလစ်မိခံရရင်လဲ ခံရလိမ့်မယ်’

ဆန်ကွမ်းချီသည် တစ်ဖက်မှ ပြန်တွေးပြန်သည်။

‘ဆရာဟာ ကွန်လုံဝမ်ထက် သိုင်းလောက အတွေ့အကြုံ ပိုရှိတယ်၊ ဆရာ့ကို ကွန်လုံဝမ် လိမ်လို့မရနိုင်ဘူး’

သူသည် တွေပြားနေသော စိတ်အာရုံကြောင့် သစ်သားတံခါးကလေးကို အသာလှပ်၍ ချောင်းကြည့်မိပြန်လေ၏။

‘ဟာ’

ဆန်ကွမ်းချီသည် ထူးခြားမှုတစ်ခုကို တွေ့ရှိရပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆရာ တစ်ဖက်က သစ်သားအိမ် တံခါးသည် တဖြည်းဖြည်း ပွင့်ဟလာပြီး လက်တစ်ချောင်း ထွက်လာသည်။ ဆရာ့ သစ်သားအိမ်နှင့်ထိုလက်တစ်ချောင်း ထွက်လာသော သစ်သား အိမ်မှာ အခြားအိမ်နှင့်မတူဘဲ ထူးထူးခြားခြား အုပ်နေသည်၊ တံခါးဖောက်ထားပုံကလည်း ထူးခြား၏။

ထိုစဉ်....

'ဟာ'

ဆန်ကျွမ်းချိုမှာ ထပ်မံ၍ အာမေဋိတ် ပြုမိပြန်သည်။ အဘယ် ကြောင့်ဆိုသော် သူ့ဆရာ၏လက်တစ်ဖက်ကလည်း တံခါးကြား မှ ထွက်လာနေသောကြောင့်ပေတည်း။ ထိုလက်နှစ်ဖက်တို့သည် ကြာမီ ဆုပ်ကိုင်မိသွားသည်။

ထိုအချက်ကို ကြည့်ပါက အုကျဉ်းသားများအားလုံး သေ တောင်မပါင်းလဲ လူနာများ မဟုတ်ကြောင်း သိသာသည်။

'အင်း... လက်ဖဝါးနှစ်ခု ဆုပ်ကိုင်ပုံဟာ အတော် ထူးခြား တယ်၊ တစ်ယောက်ကို တစ်ယောက်က အတွင်းအားနဲ့ ဖိတ်ခေါ် ကူညီနေပုံရတယ်၊ တစ်ယောက်ယောက်တော့ ဖိတ်ခေါ်အမြင်း အသန် ရထားတာ သေချာနေပြီ'

ဆန်ကျွမ်းချိုသည် လက်နှစ်ဖက် ဆုပ်ကိုင်ထားပုံကို အသေ အချာ လေ့လာနေ၏။

'ဟင်း... ဒီအချိန်မှာ ကင်းသမားတွေ ရောက်လာရင်တော့ ဒုက္ခပဲ'

ထိုအတွေးကို သူ ပယ်ဖျောက်ပစ်ပြန်သည်။



'အတွင်းအားနဲ့တောင် ဆေးကုသနိုင်တယ်ဆိုရင် သူတို့ရဲ့ အကြားအမြင် အာရုံဟာ သိပ်ကောင်းနေမှာ ဧကန်ဖြစ်ရမယ်၊ ဒါဆိုရင် ငါတို့လေးယောက် သစ်သားအိမ်တွေထဲ ဝင်မှုန်း တာကို ဆရာတို့သိမှာ သေချာတယ်'

ထိုစဉ် ခြေသံများ ကြားလာရ၏၊ ဆန်ကျွမ်းချိုသည် ဆုပ် ကိုင်ထားသည့် လက်နှစ်ဖက်ကို သေချာစွာ ကြည့်နေမိ၏။

လက်ချောင်းများ ဖြုတ်ခနဲ ရုပ်သွားပြီးနောက် တံခါးများ လည်း အသာအယာ ပြန်ပိတ်သွားသည်။

သူကိုယ်တိုင်လည်း သူ့သစ်သားအိမ်တံခါးကို ဖြည်းညင်းစွာ ပြန်ပိတ်လိုက်ရလေ၏။

ခြေသံသည် တဖြည်းဖြည်း နီးလာ၏၊ ဆန်ကျွမ်းချိုသည် အကြားအာရုံကို အစွမ်းကုန် မြှင့်တင်ထား၏၊ ခြေသံသည် သူ ပုန်းအောင်းနေသောသစ်သားအိမ်ရှေ့၌ ရပ်တန့်သွားကြောင်း သိရှိလိုက်ရသဖြင့် ခေါင်းနားပန်း ကြီးသွားမိသည်။

'ဘုရားရေ... ရန်သူက ငါ့ရှေ့တည့်တည့် လာရပ်နေပါ ကလား၊ ငါ့တံခါးကို ဆွဲဖွင့်ရင်တော့ ဒီကောင့်ကို လူ့လောက ထဲမှာ အသက်ရှင်လျက်ထားလို့ မဖြစ်တော့ဘူး'

ဆန်ကျွမ်းချိုသည် ထိုသို့တွေးနေမိ၏၊ သူ၏ ဝင်သက်ထွက် သက်ကိုသည်း ဖြည်းညင်းစွာ ရှူရှိုက်ရတော့သည်၊ သူရှိနေ ကြောင်း ရန်သူမသိစေရန် အစစအရာရာ ပြင်ဆင်ပြီး ငြိမ် တထိတ်ထိတ်နှင့် စောင့်နေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ၏ ခြေသံသည်း တဝ်မံ ထွက်ပေါ်မလာသဖြင့် သူ၏ အိမ်ရှေ့၌ ရပ်မြဲရပ်နေသည်ဟုသာ ဆန်ကွမ်းချိကလည်း ယူဆထားပေ၏။ အတန်ကြာသော် ဆန်ကွမ်းချိမှာ သည်းမခံနိုင်အောင် ဖြစ်လာသည်။

သူ့လက်သည် တံခါးအစွန်းကို ကိုင်လိုက်သည်။

ဖွင့်ကြည့်တော့မည်၊ ထိုစဉ်....

'ဖြောင်း....ဖြောင်း'

လက်ခုပ်သံသည်သူ့သစ်သားအိမ်ရှေ့မှထွက်ပေါ်လာသည်။

'လက်စသတ်တော့ ငါတို့နဲ့ချိန်းထားတဲ့လူက ငါ့အိမ်ရှေ့ကို ရောက်နေတာကိုး'

ဆန်ကွမ်းချိသည် တံခါးဖွင့်ပြီး ခုန်ထွက်လေ၏၊ ဆန်ကွမ်းချိ၏ အရိပ်အခြည်ကို စောင့်ကြည့်နေပုံရသော စိမုဆရာတော်၊ သီစင်းနှင့် ကျန်းဖန်းတို့လည်း ရိပ်ခနဲ ရိပ်ခနဲ ခုန်ထွက်လာကြလေ၏။ ထိုသုံးယောက်စလုံး ဆန်ကွမ်းချိကဲ့သို့ စိတ်မရှည်စွာစောင့်ဆိုင်းနေခဲ့ကြရသည်။ ဆန်ကွမ်းချိ ထွက်လာသည်ကို တွေ့ရသဖြင့် သူတို့ သိပ်ဝမ်းသာသွားကြ၏။

သစ်သားအိမ်ရှေ့တွင်သူထင်ထားသလိုဝတ်စုံနက်ရှိမနေပေ၊ ဝတ်စုံနက်သည် မလှမ်းမကမ်းရှိ သစ်ပင်ပေါ်၌ ရောက်နေ၏၊

ဆန်ကွမ်းချိတို့ကို တွေ့သောအခါမှ ခုန်ဆင်းလာ၏။ အေးစိမ့်သော လေသံဖြင့် စတင်စကားပြောသည်။

'ခင်ဗျားတို့ အနားရကြရဲ့လား'



ဝင်ဖစ် ထိုသစ်သားအိမ်ကလေးထဲ၌ စိတ်အေးလက်အေး အနားယူလျှင် တကယ်အနားရကြပေမည်။ သို့သော် မည်သူမျှ အနားမယူနိုင်ကြပေ၊ စိုးရိမ်သောက ရှိနေသူများအဖို့ အဘယ်မှာလျှင် အနားယူနိုင်ပါမည်နည်း။

ဆန်ကွမ်းချိက အမှန်အတိုင်းပင် ပြော၏။

'ကျုပ်တို့ကိုယ် ကျုပ်တို့ စိတ်မချတော့ အနားမယူနိုင်ဘူးပေါ့ဗျာ'

'ခင်ဗျားတို့ သိပ်မှားတယ်'

'တကယ် လုံခြုံမှုရှိတယ်လို့ သိရင်တော့ ဟုတ်တာပေါ့ဗျာ၊ အခု ဒီလိုမှမဟုတ်တာဘဲ၊ ဒီတစ်ခါတော့ ကျုပ်တို့ နားနိုင်ကြပါပြီ'

'ခင်ဗျားတို့ ဒီသစ်သားအိမ်တွေထဲမှာ အနားယူလို့ မရတော့ဘူး'

'ဗျာ....'

'ဟုတ်တယ်၊ ဒီသစ်သားအိမ်တွေထဲမှာ အလွန်ဆုံး ဆယ့်နှစ်နာရီပဲ နေလို့ရမယ်၊ အဲဒီထက်ကြာရင်တော့ အန္တရာယ်ဟာ လက်တစ်ကမ်းမှာပဲရှိတယ်'

'ဒါဖြင့် ကျုပ်တို့ ဘယ်သွားရမှာလဲ'

'အခုထိတော့ ဒီပတ်ဝန်းကျင်ဟာ လုံခြုံမှု ရှိပါသေးတယ်'

'ခင်ဗျားပြောခဲ့တုန်းကတော့ အချိန်မရွေး တင်းသမားတွေ လာစစ်နိုင်တယ်ဆို'

'ဒါက ခင်ဗျားတို့ သစ်သားအိမ်တွေထဲက မထွက်ဘဲ အနားယူနိုင်အောင် ပြောခဲ့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားပြောတာက ကျုပ်တို့အတွက် အကျိုးမဲ့ ဖြစ်နေတာပဲ'

'အခု အချိန်ရှိပါသေးတယ်၊ ဒါးတော့ထဲဝင်ပြီး အတွင်းအား လေ့ကျင့်ရင် အများကြီး အချိန်ရပါသယ်၊ ညကျရင် ခင်ဗျားတို့ တိုက်ပွဲဆင်ရင် ဆန်နေရမှာပေါ့'

ထိုလူသည် ထိုမျှသာပြောပြီး လှည့်ထွက်သွားလေတော့၏

'ခင်ဗျား သွားတော့မလား'

ဆန်ကွမ်းချီက မေး၏

'သွားတော့မယ်'

'ကျုပ်တို့နဲ့ ဘယ်တော့လောက် ဆက်သွယ်ဦးမလဲ'

'မပြောနိုင်သေးဘူး၊ အခြေအနေအရပဲ'

ထိုလူသည် ဝါးရုံတောထဲ ဝင်သွားတော့၏။ ဆန်ကွမ်းချီသည် သူ၏ ရဲဘော်များဘက်သို့ ပြန်လှည့်လာသည်။ ကျွန်းဖန်းက...

'အစ်ကိုကြီး...အဲဒီ သစ်သားအိမ်ကလေးထဲ ဝင်နေရတာ ရေပြည့် ရောက်နေသလိုပဲ၊ သိပ်စိတ်ကျဉ်းကျပ်တယ်၊ ဟို ဝတ်စုံနက် ပြောသလို အတွင်းအား လေ့ကျင့်ဖို့ကတော့ အတော်လမ်းဝေးတာပဲ'

'ဟုတ်တယ် အစ်ကိုကြီး'

လိစင်းကလည်း ထောက်ခံ၏။ စိမ့ဆရာတော်က ခေါင်းညိတ်ရင်း...



'အခန်းက ကျဉ်းရုံတင်မကဘူး၊ ထူးခြားတဲ့ အနံ့အသက် တစ်မျိုးလဲရတယ်'

ဆန်ကွမ်းချီက...

'ဘယ်လိုအနံ့ အသက်လဲ'

'တိတိကျကျတော့မပြောနိုင်ဘူး၊ ဆေးနံ့ပဲ'

'အဆိပ်ဆေးနံ့လား'

'ဖြစ်နိုင်တယ်'

လိစင်းကလည်း ဝင်၍ထောက်ခံ၏။

'ကျွန်တော့် စိတ်ထဲမှာလဲ တစ်မျိုးကြီးဖြစ်နေတယ်၊ ဆရာတော်ပြောတော့မှပဲ ပြန်သတိရသော့တယ်'

ကျွန်းဖန်းက ဝင်၍အကြံပေး၏။

'အစ်ကိုကြီး...ဒါဘာမှမခက်ဘူး၊ အခုဆိုရင် ကျွန်တော်တို့ ဆေးကင်း ရန်ကင်း ရှိနေကြတာပဲ၊ သစ်သားအိမ်ထဲက အကျဉ်းသားတစ်ယောက်ယောက်ကို ဆွဲထုတ်စစ်ဖလိုက်ရင် အဲဒါမှာ ဘယ်လိုလုပ်ထားတယ်ဆိုတာ ကောင်းကောင်းကြီး သိနိုင်တာပေါ့'

ဆန်ကွမ်းချီက ခေါင်းခါ၏။

'အခု ငါတို့လာတဲ့အဓိကရည်ရွယ်ချက်က အဆိပ်သိုလှောင်ခန်းကို ဖျက်ဆီးဖို့ပဲ၊ ဒီသစ်သားအိမ်ကလေးတွေရဲ့အကြောင်း သိရလို့ ငါတို့အတွက် ဘာမှအကျိုးမရှိဘူး၊ မတော်တဆ အကျဉ်းသားတွေက ပြဿနာလုပ်ရင် ငါတို့ ရည်ရွယ်ချက်တောင် ပျက်စီးသွားနိုင်တယ်'

www.burmeseclassic.com

သို့သော် ဆန်ကွမ်းချိုသည် ဘာမပြောညာမပြောနှင့် ပြေးထွက်သွားလေ၏။ သစ်သား အိမ်ကလေးများဆီသို့ ထွက်ပြေးသွားခြင်းဖြစ်ရာ စိမုဆရာတော်နှင့် လူငယ်နှစ်ဦးတို့က ဆန်ကွမ်းချို စိတ်သဘောထားပြောင်းသွားပြီဟု ထင်မှတ်၍ စောင့်ကြည့်နေကြသည်။

စင်စစ် ဆန်ကွမ်းချိုသည် ဆရာဖြစ်သူအား ရုတ်တရက် သတိရလိုက်သောကြောင့်တည်း။

စိမုဆရာတော်တို့သည် ဆန်ကွမ်းချိုအား မျက်တောင်မခတ် စောင့်ကြည့်နေကြ၏။ သူသည် သစ်သားအိမ်ရှေ့၌ ဒူးထောက်ထိုင်ချပြီး သုံးကြိမ်တိုင်တိုင် ရှိခိုးကန်တော့နေကြောင်း အံ့သြဖွယ်ရာ တွေ့ရှိကြရတော့သည်။

ထို့နောက် သစ်သားတံခါးကို လက်ညှိုးဖြင့် တစ်တောက်တောက် ခေါက်နေလေ၏။

သဘောသရုပ်အမှန်ကိုမသိရှိသော စိမုဆရာတော်နှင့်လူငယ်နှစ်ဦးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မျက်လုံးများဖြင့် မေးခွန်းထုတ်နေကြလေ၏။

စိမုဆရာတော်၏ ခြေလှမ်းများသည် ဆန်ကွမ်းချို ရှိရာသို့ ခပ်သွက်သွက်လှမ်းသွားရာ လီစင်းနှင့် ကျွန်းဖန်တို့လည်း ခပ်သွက်သွက်လိုက်ကြရလေ၏။ လီစင်းနှင့်ကျွန်းဖန်းတို့စိတ်ထဲတွင်မူ သူတို့အစ်ကိုကြီးရူးသွပ်သွားလေပြီလားဟု တွေးတောနေမိကြသည်။



ဆန်ကွမ်းချိုသည် အတွင်းအား‌ထုတ်၍ အသံ ထွက်လိုက်၏။

'အဘဆရာကြီး'

ထိုအသံကို ပြင်ပမှလူများ မကြားနိုင်သော်လည်း တဲအတွင်းရှိ ဆရာကြီးကမူ ကောင်းစွာ ကြားနိုင် ပေသည်။ သို့သော် အတွင်းမှ မည်သည့်ထူးသံမျှမကြားရပေ။

'ခေါက်...ခေါက်...ခေါက်'

ဆန်ကွမ်းချိုသည် တံခါးကို လက်ဖြင့်ခေါက်ပြန်၏။ သို့တိုင် အတွင်းမှ မည်သည့်တုံ့ပြန်ချက်မျှ မရှိပေ။

'ဟင်...ငါတို့ စော်စိုနက်နဲ့ စကား ပြောနေတုန်းကများ ဆရာ ထွက်သွားပြီလားမသိဘူး'

သူသည် သစ်သားတံခါးကို ဆွဲဖွင့်ရန်ဟန်ပြင်လိုက်၏။ ထိုအချိန်မှာပင် စိမုဆရာတော်နှင့် လူငယ်နှစ်ဦး သူ့အနီးသို့ရောက်လာသဖြင့် လက်ကို ပြန်ရုပ်လိုက်မိသည်။

ကျွန်းဖန်းက...

'အစ်ကိုကြီး ...ဒီသစ်သားအိမ်ထဲမှာ ပိတ်လှောင်ခံထားရတဲ့လူက ဘယ်သူလဲ၊ အစ်ကိုကြီးနဲ့သိလို့လား'

ဆန်ကွမ်းချိုသည် ဆရာဖြစ်သူ၏ လူသူရှောင်ရှားသည့် စိတ်နေသဘောကိုသိထားသဖြင့် တပျာကယာ ပြန်ပြောသည်။

'မဟုတ်ပါဘူး၊ ဘာမှ မဟုတ်ပါဘူး၊ အထဲမှာ လူရှိနေသလားလို့ စမ်းကြည့်နေတာပါ၊ အခု ဘယ်သူမှ မရှိပါဘူး'

စိမုဆရာတော်သည် ဆန်ကွမ်းချို ဖုံးကွယ်နေကြောင်းကို သိသဖြင့် လူငယ်နှစ်ဦးအား ဆက်မမေးရန် ဟန့်တားလိုက်၏။

www.burmeseclassic.com



'ဒကာလေး အဲဒီကိစ္စကို ထားလိုက်ပါတော့၊ အခုအရေးကြီးတဲ့ ကိစ္စတစ်ခု တိုင်ပင်ကြရအောင်'

ဆန်ကွမ်းချိုသည် ဘစ်သားအိမ်ကလေးကို ကျောခိုင်းပြီး စိမုဆရာတော်တို့နှင့် မျက်နှာချင်းဆိုင်လိုက်ရ၏။

'မိန့်ကြားပါဆရာတော်၊ တပည့်တော် နားထောင်နေပါတယ်၊ ဘာအကြောင်းများလဲ'

'ကျုပ်တို့ကို ကူညီနေတဲ့ အကြိုတော်ထောက်သူရဲ့ ထူးခြားချက်တွေကို တိုင်ပင်ချင်လို့ပါ'

'ဘာများထူးခြားနေလို့လဲ'

'ထူးခြားချက်တွေရှိနေတယ်၊ တပည့်တော်ကိုလဲ အဲဒီလိုပဲ ခံစားနေရတယ်'

တိုစကားကို ကျွန်းဖန်းက ဝင်ပြောခြင်းဖြစ်၏။ စိမုဆရာတော်က ခေါင်းညိတ်၏။

'ကဲ... မင်းပဲ ပထမဦးဆုံး ပြောပါဦးကွယ်၊ လိုအပ်ရင် ကျုပ်က ဖြည့်စွက်မှာပေါ့'

'ဒီလူဟာ ကျွန်းကျိုးခေတ်ကိုအဝင် ဘုရားကျောင်းပျက်ထဲမှာ တွေ့ခဲ့ရတဲ့လူပဲဖြစ်လိမ့်မယ်'

ဆန်ကွမ်းချိုက ခေါင်းခါ၏။

'ဟိုလူက အရပ်အရှည်ကြီးပဲ'

'ဘစ်သားခြေထောက် တပ်လာတယ်လို့ထင်တယ်၊ တမင် အရပ်ရှည်တယ်လို့ ထင်ရအောင် လုပ်လာတာပါ၊ သူ ယိမ်းထိုးနေတာကိုကြည့်ရင် ကျွန်တော်ပြောတာ သဘာဝကျတယ်ဆိုတာ အစ်ကိုကြီး သိပါလိမ့်မယ်'



'ဒါ မှန်တယ်'

စိမုဆရာတော်က ဝင်ရှင်းတော်ခံ၏။ ကျွန်းဖန်းက...

'နောက်ပြီး သူ့အသံက ပင်ကိုအသံ မဟုတ်ဘူး၊ သံမှန် မဟုတ်ဘူး၊ အသံဖျောက်ပြီးပြောတာ ဖြစ်ရမယ်၊ အသံမမှန်ဘူး လိုင်းကာလည်း....'

'အခု ကျွန်တော်တို့ကို လာတွေ့တဲ့လူဟာ ဧည့်ကျွေးတယ် ပိန်ပါးတယ်၊ ကျွန်တော် စိတ်ထင်တော့....'

ဆန်ကွမ်းချိုသည် ရုတ်တရက် အတွေးတစ်ခု ဝင်လာ၏။

'အင်း.... နိုင်ချစ်နောင်များ ရုပ်ဖျက်ပြီး ဝင်လာနေသလား မသိဘူး၊ သူကတော့ ဒီနေရာကို ကျွမ်းကျင်တယ်၊ သူဖြစ်ချင် ဖြစ်နေလိမ့်မယ်'

သူသည် စိမုဆရာတော်အား လှမ်းမေး၏။

'ဆရာတော် အယူအဆကရော'

'သူဟာ မိန်းကလေး ဖြစ်နိုင်တယ်'

'တပည့်တော်တို့အတွက် အနှောင့်အယှက် ဖြစ်နိုင်သလား'

'ခုတော့ မဖြစ်ပါဘူး၊ တော်ကြာ....'

'တပည့်တော်တို့ အခု ဝင်လာတဲ့ တစ်ချိန်လုံး သူ ကူညီနေတာပဲ၊ အားလုံးလဲ ဘေးရန်ကင်းနေတယ်၊ အားလုံး အဆင်ပြေနေတယ်၊ သူ့ကို ပစ်ပယ်လို့မရဘူး၊ ဒီခြံဝင်းကြီးက ကျယ်လွန်းတယ်၊ အဆိပ်သိုလှောင်ခန်းကို တွေ့ပြီးရင် ဘာပဲလုပ်ရ လုပ်ရ၊ ဘာပဲဖြစ်ဖြစ် အကြောင်းမဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်းဖုန်းက....

'ဒါတော့ ဟုတ်ပါတယ်'

ဆန်ကုမ်းချီက ဆက်ပြော၏။

'ဒါကြောင့်ပဲ သူ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် လူ အကူအညီကိုတော့ ဆက်ယူနေရမှာပဲ၊ ဇာပည့်တော်တို့ကို ချောက်မချရင် ပြီးတာပဲ'

'အင်း....ဒါလဲ ဟုတ်တာပါပဲလေ'

သူတို့လေးယောက် ဆွေးနွေးနေစဉ် အဝေးမှ ခြေသံများကို ကြားလိုက်ရသည်။

ဆန်ကုမ်းချီက အရေးတကြီး ညွှန်ကြားလိုက်၏။

'ဝါးတောထဲ ပြန့်မပြေးကြနဲ့တော့၊ စောစောက ဝင်ခဲ့တဲ့ သစ်သားအိမ် အလွတ်တွေထဲမှာ ပြန်ဝင်ကြ၊ တံခါးလေးတွေကို ဟပြီး အခြေအနေကို အကဲခတ်ကြ၊ ရှောင်လို့ မရရင်တော့ အားလုံးကို သုတ်သင်ပစ်ရမယ်'

လေးယောက်စလုံး ဖျတ်ခနဲ သစ်သားအိမ်များအတွင်းသို့ ဝင်လိုက်ကြ၏။

မကြာမီ သစ်သားအိမ်များရှေ့သို့ အင်္ကျီနီဝတ်ထားသော မိန်းကလေးတစ်ယောက်နှင့် အင်္ကျီနက်ဝတ်စုံ ဝတ်ဆင်ထားသူ လူလေးယောက် ရောက်ရှိလာသည်။ အင်္ကျီနီ ဝတ်ထားသည့် မိန်းကလေးမှာ ကွန်လုံဝမ်၏ ဇာတိယ မွေးစားသမီး ဖြစ်သည်။ ဇာတိယ သခင်မဟု အားလုံးက ခေါ်ကြ၏။



ဆန်ကုမ်းချီနှင့်တကွ လူအားလုံး တံခါးဝမှ ချောင်းမြောင်းကြည့်နေကြသည်။

အင်္ကျီနီ မိန်းကလေးက....

'နံပါတ်တစ်နဲ့ နံပါတ်နှစ်အဆောင်ကို သွားဖွင့်စမ်း၊ အဲ အထဲက နှစ်ယောက်ကို ခေါ်ထုတ်ခဲ့'

အစောင့် နှစ်ယောက်သည် ထိုမိန်းကလေးအား ဦးညွှတ် ဂါရဝပြုပြီးနောက် လက်ယာဘက် အစွန်ဆုံးရှိ သစ်သားအိ ကလေးများဆီသို့ သွားနေသည်။

သူတို့သည် သစ်သားအိမ်တံခါးများကို ဆွဲဖွင့်ပြီး အထဲ လူများကို ဆွဲထုတ်သည်။

'ဟာ'

ဆန်ကုမ်းချီ၏နှုတ်မှ ရုတ်တရက် ယောင်ယမ်းထွက်သွား၏

သူမြင်တွေ့လိုက်ရသူတစ်ဦးမှာအသက်ရှိနေသေးသော်လည် အသားမရှိတော့သည့် အရိုးနှင့် အရေကပ်နေသည့် သက် ကမ္ဘဒွာန်းရုပ်တစ်ဦး ဖြစ်နေသောကြောင့်တည်း။

ဤမျှ ပိန်ချပ်အောင် ထားခြင်းမှာ နှစ်ရှည်လများ အစ ကျွေးဘဲ ထားခြင်းလားဟု ထင်မှားဖွယ် ရှိသည်။ သို့သေ ထိုကမ္ဘဒွာန်းရုပ် အကျဉ်းသားများသည် တတ်နိုင်သမျှသေး ငယ်အားကလေးဖြင့် ထိုသစ်သားအိမ်၏ တံခါး ကလေး ကို ကုပ်ကပ်ဆွဲထားသေးသည်။ ထိုအပြုအမူက ထို သစ်သားအိမ် ကလေးကို အလွန်တရာ သံယောဇဉ်ရှိပြီး တွယ်တာနေသည် သဘောပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီနီမိန်းကလေးသည် ဆန်ကွမ်းချို၏ အာမေဋိတ်သံကို ရုတ်တရက် ကြားလိုက်ရသဖြင့် ဆတ်ခနဲဖြစ်သွားသည်။ သူမသည် သစ်သားအိမ်ကလေးများအနီးသို့ တစ်ပတ်ပတ်၍လျှောက်သည်။ မည်သည့်တံခါးကိုမျှ တွန်းဖွင့်၍ မကြည့်ပေ။ ကြည့်လျှင်လည်း သူမ မှုချသေဆုံးပေလိမ့်မည်။

သူမသည် တစ်ပတ်သွားရောက်စစ်ဆေးပြီး မူလနေရာ၌ ပြန်ရပ်နေ၏။

သူမ စေခိုင်းထားသည့် အစောင့်နှစ်ဦးသည် ကမ္ဗောဒီးရုပ်လူနှစ်ဦးကို ထမ်းယူလာ၏။

'ဟင်း....ငါလုပ်လိုက်ရင် သေကုန်တော့မယ်။ သေဘာနီးတောင် ကောင်းကောင်းမလိုက်ချင်ဘူး။ မင်းတို့ ရှေ့ကခေါ်လျှောက်ကြပေတော့'

အင်္ကျီနီမိန်းကလေးက အမိန့်ပေးသဖြင့် အစောင့်များသည် ကမ္ဗောဒီးရုပ် လူနှစ်ဦးကို ထမ်း၍ ရှေ့မှထွက်သွားကြ၏။

အင်္ကျီနီမိန်းကလေးက ဓားလွတ်ကိုင်၍ နောက်မှလိုက်သည်။

သူတို့၏ခြေသံများ လုံးဝ ပျောက်ကွယ်သွားသော အခါမှ ဆန်ကွမ်းချိုတို့ ထွက်လာကြသည်။

ဆန်ကွမ်းချိုက စိမ့်ဆရာတော်အား လှမ်းပြော၏။

'ဆရာတော် မြင်လိုက်ရဲ့မဟုတ်လား'

'မြင်လိုက်ပါတယ် ဒကာလေး'

'တပည့်တော်တော့ ဘာမှစဉ်းစားလို့ မရဘူး။ ဘာဖြစ်လို့ ဒီလူတွေ ရုပ်ဖျက်ဆင်းပျက် ဖြစ်နေရတာလဲ၊ အဆွာအရေတွေကလဲ သွေးမရှိသလို ဖြူဖွေးနေတာပဲ၊ အရိုးပေါ်၊ အရေတင်



ကမ္ဗောဒီးရုပ် ဘာနဲ့ ဘာဖြစ်လို့များ ဒီသစ်သား အိမ်ကလေးတွေကို တံမက်ခနေရတာလဲ'

ဆရာတော်က စဉ်းစဉ်းစားစား ပြော၏။

'အတိအကျတော့ ပြောဖို့ခက်တယ်၊ ယေဘုယျ ပြောနိုင်တာ ကန်ခုတော့ရှိတယ်၊ သူတို့ အဆိပ်ဆေးတစ်မျိုး မိနေကြတာပဲ'

'ကြောက်စရာပဲ'

ဆန်ကွမ်းချိုက မှတ်ချက်ချပြီး ဆက်ပြော၏။

'အရှင်ဘုရားတို့ ဒီက ခေတ္တခဏ စောင့်ကြပါ၊ တပည့်တော်တို့အစုနှက သစ်သားအိမ်နှစ်လုံးကို ခဏလောက် သွားစစ်ဆေးပါရစေ'

စိမ့်ဆရာတော်၏ စကားပြန်ကိုမစောင့်တော့ဘဲ ဆန်ကွမ်းချို ပြေးထွက်သွားလေ၏။ ဆန်ကွမ်းချိုသည် ဒုတိယ အဆောင်၏ နှုတ်ခမ်းကလေးကို မော့ကြည့်၏။

'ကျွန်တော်အာနီး'

'ဒါ အကျဉ်းသားရဲ့ နာမည်ပဲ ဖြစ်ရမယ်'

ဆန်ကွမ်းချိုက တီးတိုးရေရွတ်ရင်း ပထမအဆောင်ရှေ့သို့ ရောက်ရှိလာလေ၏။ နှုတ်ခမ်းကလေးကို မော့ကြည့်သည်။

'ဝမ်ကျုံးထန်'

'ဘုရားရေ'

ဆန်ကွမ်းချိုမှာ ဘုရားတသွားမိလေ၏။ ဝမ်ကျုံးထန် ဆိုမှာ သိုင်းလောက၌ ထင်ရှားကျော်ကြားလှသော ဝမ်ဂေါဏ်ဦး၏ သခင်ကြီး ဝမ်ကျုံးထန်မင် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်....သခင်ကြီး ဝမ်ကျုံးထန် မသေသေးပါကလား
သူ့အဖြစ်က သေတာထက်တောင် ဆိုးပါသေးတယ်'

သူသည် ပိုင်မာစန်းတောင်မှ စတင်ထွက်ခွာလာခဲ့သ
အဖြစ်များကို ပြန်လည် သတိရလာ၏။ သိုင်းလောကအတ
နက်နက်ရှိုင်းရှိုင်း ပါဝင်လာခဲ့ခြင်းမှာ ဝမ်ဂေဟာကြီးအတ
သုံ့ တိဗက်ကျောပွတ်ဘုရင်ကြီး ကုထန်ဟိုနှင့်အတူ လိုက်ပါမိသေ
ကြောင့် ဖြစ်ပေသည်။

သို့သော် သူ တစ်ချက် ဖြေသာသည်မှာ ဤမျှ ဒုက္ခသ
ရောက်သော အရှုပ်အထွေးကြီး၌ မပါဝင် မပတ်သက်မိ
ယခုကဲ့သို့ အဘဆရာကြီးနှင့် တွေ့ကောင်းမှ တွေ့လိမ့်မည်
သော အချက်ပင်တည်း။

'ကွန်လုံဝမ်ဟာ အတော်ရက်စက်တာပဲ၊ ဝမ်ကျုံးထန်
ရတနာသုံးမျိုး သတင်းမရတော့ သေလုနီးပါး အကျဉ်း
ဒုက္ခပေးထားတယ်၊ ဝမ်ကျုံးထန်ရဲ့ သားကလေးလဲ
ဒုက္ခရောက်မှာ သေချာတယ်'

သိုင်းလောကသားများသည် ဝမ်ဂေဟာ၏ သခင်ကြီး
ကျုံးထန် သေဆုံးသွားပြီဟု ထင်မှတ်နေကြသည်။ ယခု
အနေအရ ဝမ်ကျုံးထန် မသေသေးပေ။

အသက် ပြန်ရှင်လည်း မလွယ်ကူတော့ပေ။

ဆန်ကွမ်းချီမှာ ထိုသစ်သားအိမ်ကလေးရှေ့၌ အတန်
ရပ်နေမိ၏။ ထိုနောက်မှ စီမုဆရာတော်တို့ စောင့်ဆိုင်းနေသ
ကို သတိရလာဟန်ဖြင့် ဝမ်ကျုံးထန်၏ သစ်သားအိမ်ကို
ခွာထွက်လာခဲ့ရ၏။



'ဒကာလေး၊ ဘာတွေတွေ့လို့ ဘာတွေ ဒီလောက်ကြာနေရ
တာလဲ'

ဆန်ကွမ်းချီက အခြေအနေများကို ရှင်းလင်း ပြောပြလိုက်
လေသည်။

စီမုဆရာတော်မှာ အံ့ဩလွန်းလှသဖြင့် ရုတ်တရက် စကား
င် ပြန်မပြောနိုင်ချေ။ အတန်ကြာမှ....

'ဝမ်ကျုံးထန်ဟာ ကျုပ်တို့ ရှောင်လင် ဘုန်းကြီးတွေနဲ့
အတော်ရင်းနှီးပါတယ်၊ ကျုပ်ရဲ့နောင်တော် တက်မုဆရာတော်
နဲ့ဆိုရင် အမတော်ကလေး ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ရှိပါ
တယ်'

ကျုန်းဖန်းက....

'အစ်ကိုကြီး၊ ဒီသစ်သားလှောင်အိမ်တွေကို ကျုန်တော်တို့
ခုပဲ ဖျက်ပစ်လိုက်ကြရအောင်၊ အခု အကျဉ်းကျနေတဲ့ လူတွေကို
လဲ ကယ်တင်ရာကျတယ်၊ နောင် အကျဉ်းကျမယ့် လူတွေ
အတွက်လဲ ကောင်းတယ်'

စီမုဆရာတော်က ခေါင်းခါ၏။

'မဖြစ်ဘူး၊ ဒီလူတွေကို ကယ်ယူတ်တယ်ဆိုရင် တစ်ခါတည်း
တစ်နေရာရာကို ခေါ်သွားပြီး ဆေးကုသရမယ်၊ ကျုပ်တို့က
လုပ်စရာတာဝန်တွေ ရှိသေးတယ်၊ ဒီအိမ်တွေဖျက်ပြီး သူတို့ကို
ဝါးတောထဲ ပစ်ထားခဲ့မလား၊ အိမ်တွေဖျက်ထားတာကို တွေ့
ရင် ရန်သူရောက်ပြီဆိုတာ ကွန်လုံဝမ် ချက်ချင်း သိသွားမယ်၊
ကျုပ်တို့အကြံအစည်တွေလဲ ပျက်ရော'

www.burmeseclassic.com

www.burmeseclassic.com



စီမှူးဆရာတော်၏ ပြောကြားချက်မှာ မှန်ကန်သည်ဟု ဆင်ကျွမ်းချို ဆုံးဖြတ်၏။

'ဆရာတော်ပြောတာ ဟုတ်တယ်ညီလေး၊ သူတို့ကို ကယ်ချင်ရင် အဆိပ်သိုလှောင်ခန်းကို ဖျက်ဆီးပြီးမှ ကယ်သင့်တယ်'

ကျွန်းဖန်းက.....

'ဒါဖြင့် အခု ကျွန်တော်တို့ ဘာလုပ်ကြမလဲ'

'လောလောဆယ်တော့ ဝါးတောထဲမှာပဲ နားနေရဦးမှာပဲ ကင်းသမားတွေ မလာနိုင်သေးဘူးလို့ ဟိုမိတ်ဆွေက ပြောသွားတယ်'

'အစ်ကိုကြီး၊ အခုပဲ ကျွန်လုံခမ်ရဲ့ စံအိမ်တော်ကြီးကို သွားရင် မကောင်းဘူးလား'

'မကောင်းဘူး၊ ညဘက်မှသွားသင့်တယ်လို့ အကြိုသောတဲ့ မိတ်ဆွေက ပြောထားတယ်၊ သူက ဒီ စံအိမ်တော် ဝင်းအကြောင်းကို အတော်ကလေး သိထားပုံရတယ်၊ သူ့ကိုကျော်ပြီး မလုပ်သင့်ဘူး'

'ဟော'

လီစင်းက ဝါးပင်များအကြားသို့ ကြည့်ပြီး လက်ညှိုးထိုးလိုက်၏။

'အစ်ကိုကြီး၊ အကြိုထောက်သူ လာနေပြန်ပြီ'

'မင်းတို့ ဒီမှာပဲစောင့်ကြ၊ ငါ သွားတွေ့လိုက်မယ်'

'အစ်ကိုကြီး'

'ဘာပြောမလို့လဲ'

'သူ ဘယ်သူလဲဆိုတာ'



'ငါ သိပါတယ်၊ မလိုအပ်ဘူးနဲ့တော့ ဘာဖြစ်လို့ အားအကျမ်းမဲ့ဖော်ထုတ်ရမှာလဲ၊ အရေးကြီးတာက ငါတို့ကိစ္စအောင်မြင်ဖို့ပဲ'

'ဒါတော့ဟုတ်ပါတယ်'

ဆန်ကွမ်းချိုသည် အပြေးအလွှားထွက်သွား၏။ ဝေါ်စုံနှင့်သည် ဝါးမင်များအကြားတွင် လက်ပိုက်၍ ရပ်စောင့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄၀)

## ဥယျာဉ်ထဲမှ တိုက်ပွဲ

ဆန်ကွမ်းချီသည် အတွင်းအိတ်ထဲမှ ဝိညာဉ်နတ် ရွှေဓားကို စမ်းသပ်ပြီး အကြိုဘောက်သူနှင့် ရင်ဆိုင်လိုက်၏။

'ခင်ဗျားဘယ်သူလဲဆိုတာ မပြောရင် ခင်ဗျားရဲ့ အကူအညီကို ဆက်မယူတော့ဘူးလို့ ကျုပ် ဆုံးဖြတ်ပြီးပြီ'

'အင်မတန်မိုက်မဲတဲ့ အဆုံးအဖြတ်ပဲ'

'ခင်ဗျား ဘယ်သူလဲ'

'ကျုပ် ဘယ်သူလဲဆိုတာက အရေးကြီး သလား၊ ခင်ဗျား ကို အကြံအစည်အောင်မြင်ဖို့က အရေးကြီးသလား'

'ဘာပဲဖြစ်ဖြစ်'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုသည် ထိုလူ၏လက်အောက်ဝတ်ကိုလျှပ်တစ်ပြက်ဖမ်းဆုပ်လိုက်၏။

ထိုလူက သူ့လက်ဖဝါးများကို ကွေ့ဝိုက်ထုတ်၍ရှောင်လိုက်သည်။ လွတ်သွားသည်။ သတိမရှိသူဆိုလျှင် ဆန်ကွမ်းချို ဖမ်းလိုက်သည်နှင့် မိသွားမည်သာဖြစ်၏။

သို့သော် ထိုလူ၏လျှို့ဝှက်မှုသည် ထိုရှောင်တိမ်းမှုကြောင့် တစ်ချက်တည်း ပေါ်သွားသည်။ သူ၏ လက်ဖဝါးများသည် လှန်စွာ ဖြူဖွေးနူးညံ့သည့် မိန်းကလေး၏လက်ဖဝါး ဖြစ်နေသောကြောင့်တည်း။

ဆန်ကွမ်းချိုသည် တိုက်ကွက်ကို ရုပ်သိမ်းလိုက်ပြီး ဦးညွှတ်ဂါရဝပြု၏။

'ခင်ဗျား နိုင်ငံချစ်ခနော် မဟုတ်လား'

ဝတ်စုံနက်ထံမှ မူလမိန်းမသံ ထွက်ပေါ်လာ၏။

'တကယ်ချီးတာပဲ၊ သိသာသိစေ မမြင်စေနဲ့ ဆိုတဲ့စကားကို လိုက်နာမှပေါ့၊ အခုတော့ရှိစေတော့၊ ရှင့်လူတွေ မသိအောင် ဖုံးဖိထားလိုက်ပါ'

'ဖုံးဖိလို့မရဘူး၊ ကျုပ်ကတောင် အသိနောက်ကျနေသေးတယ်၊ သူတို့က ခင်ဗျားကို မိန်းမသားမှန်း ကြိုတင်သိနေကြတယ်'

'ကိစ္စမရှိဘူး၊ သူတို့ကိုဖွင့်မပြောလိုက်နဲ့'

'ကောင်းပါပြီ၊ ကျုပ်တို့ ကွမ်လုံဝမ်ရဲ့စံအိမ်တော်ကို ဘယ်အချိန် ဝင်ရမှာလဲ'



'အဲဒါကိုပြောချင်လို့လာတာပဲ၊ ဇော်စုံတွေ စီစဉ်ပေးလိုက်တုန်းက ရှင်တို့ သူရဲကောင်း သုံးယောက်အတွက်ပဲ ပါတယ်၊ စီမံဆရာတော်အတွက် မပါဘူး၊ ကွန်လုံဝမ်ကိုယ်တိုင် ရှိနေပြီ မထောင်းသာပေမယ့် ကွန်လုံဝမ်ရှိရင် သက်နှံ ခက်ထ…တဲ့ စီမံဆရာတော်ကို သူတို့ ပြဿနာလုပ်ကြလိမ့်မယ်၊ ရော့ ဒါ အတွက်ဝတ်စုံ'

ဆန်ကွမ်းချိုက ဝတ်စုံကိုလှမ်းယူ၏။ အနက်ရောင် ဝတ်စုံနှင့် ခေါင်းစွပ်ပင်ပါလာသည်။ ဆရာတော်အတွက် သီးခြားယူလာခြင်း ဖြစ်ဟန်တူသည်။

'ရှင်တို့လေးယောက်စလုံး အနက်ရောင်ဝတ်စုံတွေ ဝတ်ပြီးရင် ခပ်တည်တည်သာဝင်ပါ၊ မီးစင်ကြည့်ကပါ၊ စံအိမ်ဝင်ပေါက်ကကြီးတယ်၊ အဲဒီအနောက်ဘက်မှာလဲ ဥယျာဉ်တွေ၊ အဆောင်တွေရှိသေးတယ်၊ ကိုယ်တိုင် မီးစဉ်ကြည့် မှ… တတ်ရင်တော့ မလွယ်ဘူး'

'အချိန် အချက်စကား တွေ မလိုဘူးလား'

'ဒီနေ့အဖို့မလိုဘူး၊ သူတို့တစ်ခုခုမေးရင် ဘယ်ဘက် လက်ဝါးကို ညာဘက်ရင်အုံမှာထား… ပြလိုက်ပါ၊ ဒီနက်ဖော်တွေ… အနားယူခွင့်ရတဲ့ ကွန်လုံဝမ်ရဲ့ လက်အောက်ငယ်သားပါဆိုတဲ့ အမှတ်အသားပဲ'

'ဒါဆိုရင် မဆိုးပါဘူး'

'အခု ဒီဝါးတောဟာ ကွန်လုံဝမ်ရဲ့ပိုင်နက်နယ်မြေရဲ့လက်ဝဲဘက်ဖြစ်တယ်၊ ရှေ့တိုးသွားမယ်၊ အလယ်လောက် ရောက်မယ်

www.burmeseclassic.com

www.burmeseclassic.com



ရိုရှင် ကွန်လုံဖမ်ရဲ့ စံအိမ်တော်ကြီးကို တွေ့ရမယ်၊ အစောင့် ကြမ်တွေလဲများလိမ့်မယ်'

'ကျုပ်တို့ ဘယ်နှစ်မိုင်လောက် အတွင်းထဲ ဆက်ဝင်ရမှာလဲ'

'တစ်မိုင်ပျော့ပျော့လောက် ရှိမယ်'

'ဒါဖြင့် ဒီခြံဝင်းကြီးက...'

'အကျယ်ကြီးပေါ့၊ သားကောင်တွေ မွေးထားမယ်ဆိုရင် စ်တောကြီးတစ်ခုပမာဏရှိပါတယ်၊ သားကောင်တွေ လွတ် လပ်သပ် ပျော်မြူးနိုင်လောက်ပါတယ်'

'ဒါဆိုရင် ကျုပ်တို့သွားတော့မယ်'

'သွားပေတော့၊ အမြဲတမ်း ကျွန်မလာမကူနိုင်ဘူး၊ကြိုးစား ပြီးတော့ လာခဲ့မယ်၊ တချို့နေရာတွေမှာ မီးစဉ်ကြည့်ကပါ'

'စိတ်ချပါ'

နိုင်ချစ်နေဘ် ပြေးထွက်သွားသည်။

ဆန်ကွမ်းချီလည်း သူ့မိတ်ဆွေများ ရှိရာသို့ ပြန်လာလေ သည်။

'ဘာထူးခြားသလဲ'

'ဒီမှာ ဆရာတော်အတွက် ဝတ်စုံ၊ သည်းခံပြီး ဒီဝတ်စုံကို ဝတ်ဆင်တော်မူပါ'

စိမုဆရာတော်သည် အခြေအနေအရ ဝတ်စုံကို လှမ်းယူ၍ ဝတ်ဆင်လိုက်ရသည်။



ဆန်ကွမ်းချီက နောင်အခက်အခဲကြုံလျှင် ကိုယ့်သူ အချင်း ချင်း မှတ်မိသိရှိရန် အချက်ပေး အမှတ်အသားများ စီစဉ်ပေး သည်။ အားလုံး ကျေနပ်သဘောပေါက်ကြ၏။

'ကဲ...အားလုံးသဘောပေါက်ကြပြီ၊ ခရီးဆက်ကြစို့'

သူတို့သည် သစ်ပင်များကြားမှ နားမျက်စိဖွင့်ကာ ဂရုစိုက် ၍ ခရီးဆက်ကြသည်၊ ကင်းသမားများတွေ့ရသော်လည်း ညာ ဘက်ရင်ပေါ်သို့ဘယ်ဘက်လက်ဖဝါးတင်ပြလိုက်ခြင်းဖြင့် အေး ချမ်းစွာ ဖြတ်ကျော်နိုင်ခဲ့ကြသည်။

တစ်မိုင်ပျော့ပျော့ခန့် လျှောက်မိသောအခါ နောက်ထပ်ခြံ ဝင်းတစ်ခု တွေ့ရ၍ ထိုခြံဝင်းထဲ၌ညို့မှိုင်းသော ကွန်လုံဖမ် ၏ စံအိမ်တော်ကြီးရှိသည်။

စိမုဆရာတော်က ဆန်ကွမ်းချီအား တိုးတိုး လှမ်းပြော၏။

'ကျုပ်တော့ သိပ်ဘဝင်မကျဘူး ဒကာလေး'

'ဘာဖြစ်လို့လဲ ဆရာတော်'

'ကျုပ်တို့ ဖြတ်သန်း ဝင်ရောက်ခွင့်ရလာတာ သိပ်လွယ်ကူ နေတယ်'

'ဒါလား'

ဆန်ကွမ်းချီသည် သူတို့အား လိုက်ပါကူညီသူမှာ ကျွန်လုံ ဖိုး၏ တိုက်ခိုက်ရေးနည်းပညာမှူး တာဝန်ယူထားသူ နိုင်ချစ် နေဘ်ဖြစ်ကြောင်း၊ ထိုနိုင်ချစ်နေဘ်မှာ ကွန်လုံဖမ်၏ မွေးစားသမီး များအနက် အကြီးဆုံးသမီး ဖြစ်ကြောင်း၊ ပထမ သခင်မဘ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကုန်လုံဝမ်၏ လက်ရုံးဖြစ်ခဲ့ကြောင်း ကျိစံတော်အိမ်ကြီး၏ ခသေးစိတ်များကို အကုန်အစင် သိသူဖြစ်ကြောင်း မှုင်းလင်း ရှုန် ဟန်ပြင်လိုက်၏။

သို့သော်....

ရှင်လှတော့ မသိအောင် ဖုံးဖိထားလိုက်ပါ'

နိုင်ချစ်နော်၏စကားကို ပြန်လည်သတိရလိုက်သဖြင့် စိမ့်ဆရာ တော်အား ဆက်၍ရှင်းမပြတော့ပေ။

'အဖြေအနေ အခွင့်အခါပေးလို့ တပည့်တော်တို့ ခုလို လွယ်လွယ်ကူကူ ဝင်လာနိုင်တာပါ၊ သိပ်သံသယမဖြစ်ပါနဲ့'

ထိုမျှသာ ပြောမိသည်။

ပထမ ခြံစည်းရိုးအတွင်း၌ ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင်သူ အမြောက်အမြား ရှိသော်လည်း ဆန်ကွမ်းချိက ဗွာနေ့ရှရ ရမှိုက်ဘဲ ဝင်လာသဖြင့် မည်သူမျှ မတားဆီးကြပေ။ သို့သော် စံတော်အိမ်ကြီး၏ တံခါးမကြီးအတွင်းတွင်မူ တစ်ဖက် လုံ လေးချောင်း စုစုပေါင်း ရှစ်ချောင်း၏ တားဆီးမှုကို ခံလိုက် ရလေသည်။

'ဒါ ဘာလုပ်တာလဲ'

ဆန်ကွမ်းချိက မာရေရေကျောရေ မေးလိုက်၏။ တားဆီးသူ အစောင့်များက သူတို့၏ လှံများကို မရုပ်သိမ်းကြပေ။

'စကားဝှက်'

ဆန်ကွမ်းချိ ဦးနှောက်ခြောက်သွားသည်။ နိုင်ချစ်နော်ထံမှ သူဖြေရမည့် စကားဝှက်ကိုလည်း မသိခဲ့ရပေ။ မီးစဉ်ကြည့်ကပါ ဟူသာ မှာကြားခဲ့သည်။



ရှေ့ပိုင်း၌ ဆန်ကွမ်းချိ အကျဉ်းအကျပ်ကျနေခိုက် လိစင်း သည် ဆန့်ငင်ဆန့်ငင်ဖြင့် လဲကျသွား၏။

စိမ့်ဆရာတော်က ဆန်ကွမ်းချိအား ဂါရဝပြုပြီး....

'ဆရာ...သူ့အတွက် အဆိပ်ဖြေဆေး ပေးဖို့ အချိန်ကျနေပါ ပြီ၊ အချိန်မီ ဖြေဆေးမပေးရင် သူဒုက္ခရောက်သွားပါလိမ့်မယ်'

ဆန်ကွမ်းချိသည် စိမ့်ဆရာတော်နှင့် လိစင်းတို့၏ စိတ်ဂုဏ် အကြံဉာဏ်ကလေးကို ချက်ခြင်း သဘောပေါက်သွားလေ၏။ ထို့ကြောင့် ဟင်းမာခက်ထန်သော လေသံဖြင့် အမိန့်ပေးလိုက် လေသည်။

'မင်းတို့နှစ်ယောက် သူ့ကို သယ်မခဲ့၊ ခန်းမထဲရောက်မှ သူ့အတွက် အဆိပ်ဖြေဆေး ပေးမယ်'

ဆန်ကွမ်းချိသည် စိမ့်ဆရာတော်နှင့်ကျန်းဖန်းတို့အား မင့်နှင့် မောင်းနှင့်ပြောကာ လှံကိုင်သူများအား လှည့်ပေါက်လိုက်၏။

'မင်းတို့လှံတွေ ဖယ်ကြစမ်း၊ အရေးထဲ အရာပေါ်မနေကြနဲ့'

လှံကိုင်အစောင့်ရှစ်ယောက်မှာ ထိတ်ထိတ်ပျာပျာဖြင့် သူတို့ လှံများကို ဖယ်ရှားပေးလိုက်ကြရသည်။

ကုန်လုံဝမ်၏ အုပ်ချုပ်ပုံမှာ အပြင်ပန်းအကြည့်၌ အလွန် တင်းကျပ်သော်လည်း အကယ်ကမ်း ရဲရဲဝံ့ဝံ့ ဟန်ဆောင်သူများ ကိုမူ အဘာမှန်းမသိ ကိုယ်ဘာမှန်းမသိဖြင့် ကြောက်ရွံ့ အရှုံ အပေးပေးကြရသည်သာ ဖြစ်သည်။

ဆန်ကွမ်းချိတို့သည် ပထမအဆင့်ကို အောင်မြင်စွာ ကျော် လွှားလာနိုင်ခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထောင့်ချိုးအကွေ့သို့ ရောက်သောအခါမှ ဆန်ကွမ်းချိုဟင်းချနိုင်တော့သည်။

ဆန်ကွမ်းချိုက လီစင်းအား ချီးကျူးလိုက်၏။

'ညီလေး ဖြတ်ထိုးဉာဏ် ကောင်းပါပေတယ်၊ အဲဒီအဝင်အဝမှာ လုံး၀ တိုက်ခိုက်လို့ မဖြစ်ပေဘူး'

လီစင်းက ပြုံး၍ပြောသည်။

'ကျွန်တော့်ကို မချီးကျူးပါနဲ့ အစ်ကိုကြီး၊ ဒါက စီမုဆရာတော်ရဲ့ အကြံဉာဏ်ပါ၊ ဆရာတော်က တီးတိုးအမိန့်ပေးတာနဲ့ ကျွန်တော်လဲ ဆန့်ငင်ဆန့်ငင် လုပ်လိုက်ရတာပါ'

ဆန်ကွမ်းချိုက ဆရာတော်အားလက်အုပ်ချီ၍ ဂါရ၀ပြုလိုက်လေ၏။ ဆရာတော်က တည်ကြည်သော အပြုံးကို ပြုံးသည်။ ရှေ့ဆက်သွားရန် လက်ဖြင့် အချက်ပြလေ၏။

အဆောက်အအုံထဲတွင် ၀တ်စုံနက်များ သွားလာနေကြသဖြင့် ဆန်ကွမ်းချိုတို့မှာ ကူခြေမပျက် ရောနှောနိုင်ကြပေသည်။ ဤသို့ဖြင့် ကြီးမားသော တံခါးမကြီးတစ်ခုရှိရာသို့ ရောက်ရှိလာ၏။ ထိုတံခါးမ၌ အစောင့်ဆယ်ဦးမျှရှိရာ လက်နက်မျိုးစုံ ကိုင်ဆောင်ထားကြကြောင်း တွေ့လိုက်ရသည်။ ထိုလူဆယ်ယောက်မှာ တံခါးမကြီးကို ဟန်းစီပိတ်ဆို ရပ်နေကြသဖြင့် ဆန်ကွမ်းချို အကျပ်တွေ့သွားသည်။ သို့သော် နိုင်ချစ်နော် ပေးထားသည့် ငွေတံဆိပ်တုံးကို သတိရလိုက်သဖြင့် အဆင်ပြေလို့ပြေငြား ထုတ်သုံးလိုက်၏။



ငွေပြားကို မြင်သောအခါ အားလုံးက ဦးညွတ် ဂါရ၀ပြုကြပြီး လမ်းဖယ်ပေးကြလေ၏။ ဆန်ကွမ်းချိုတို့လည်း ခပ်သွက်သွက် ဝင်ခဲ့ကြရသည်။

ခန်းမကြီးကို ဖြတ်လျှောက်လာကြရာ သူတို့အားလုံး ကိုယ်ဖော့ပညာကောင်းသူများ ဖြစ်သည့်တိုင် ခန်းမကြီး၏ ငြိမ်သက်တိတ်ဆိတ်မှုကြောင့် ခြေသံများ ဖျပ်ဖျပ် ပေါ်လာခဲ့သေး၏။

ခန်းမအဆုံးတွင် တံခါးကြီး သုံးပေါက်ကို တွေ့ကြရပြန်လေ၏။

ဆန်ကွမ်းချို တွေးသည်။

'ခုနေ ပုံစီစာရွက် ထုတ်ယူပြီး လေ့လာရင် ကောင်းမယ်၊ ဒါပေမယ့် နောက်ဘက်မှာ အစောင့်တွေ ရှိနေသေးတယ်၊ သူတို့ကိုလဲ သတိထားရမယ်'

ဆန်းကွမ်းချိုက သူ့အတွေးကို စီမုဆရာတော်အား တီးတိုးသွမ်းပြော၏။

ဆရာတော်က ခေါင်းခါသည်။

'ဒကာလေး သတိမထားမိဘူးလား၊ ကျုန်လုံဂိုဏ်းရဲ့ တိုက်ခိုက်ရေးနည်းပညာမှူးပေးတဲ့ပုံစီစာရွက်ထဲမှာ အဆိပ်သိုလှောင်ခန်း ဘယ်နေရာမှာ ရှိတယ်ဆိုတာ မပါပါဘူး၊ ခုနေ ပုံစီစာရွက်ကြီး ထုတ်ကြည့်နေရင် ရန်သူတွေ မသင်္ကာဖြစ်သွားကြလိမ့်မယ်'

'တော်းဇူးတင်ပါတယ် ဆရာတော်'

www.burmeseclassic.com

www.burmeseclassic.com



သူသည် တံခါးပေါက် သုံးပေါက်ကို မေးငေါ့ပြပြီး...

'ဆရာတော်...အဲဒီသုံးပေါက်ဟာ ပြဿနာပဲ၊ တပည့်တော် ဒီလိုစိတ်ကူးတယ်၊ ဆရာတော်က လက်ဝဲအစွန်ကိုဝင်၊ တပည့်တော်က အလယ်ပေါက်ကိုဝင်မယ်၊ လီစင်းနဲ့ကျွန်းဖန်းတို့ နှ ယောက်က ညာဘက်အစွန်ကို ဝင်မယ်၊ ကိုယ့်နည်းကိုယ်ဟန်နဲ့ အာဘိမ်သိုလှောင်ခန်းကို ရှာကြမယ်၊ မကောင်းဘူးလား'

'ဟာ...အတိုင်းထက် အလွန်ပေါ့၊ အုပ်စုကြီးနဲ့ သွားတာ ထက် တစ်ယောက်ချင်း သွားရတာက ဖြေရှင်းရ ပိုလွယ်တယ် ဒကာလေးပေးတဲ့ အကြံဉာဏ် သိပ်ကောင်းပါတယ်'

'လီစင်းနဲ့ ကျွန်းဖန်း၊ ငါပြောတာ ကြားသလား'

'ကြားပါတယ် အစ်ကိုကြီး'

'ဒါဖြင့် ဝင်တော့'

အားလုံး ပေါ့ပါးစွာ ခုန်ဝင်သွားကြသည်။

အခြားသူသုံးယောက် မည်သည့်နေရာသို့ ရောက်သွားမှန်း မသိသော်လည်း ဆန်ကွမ်းချီမှာမူ ကိုက်နှစ်ရာခန့် လျှောက်ပြီး သည်နှင့် အဆောက်အအုံ အပြင်ဘက်လေထာပြင်ထဲသို့ ရော ရှိ၍သွားတော့သည်။ သူ့ရှေ့တွင် အလွန်တရာ လှပသော ဥယျာဉ်ကြီး ရှိနေ၏။

ပန်းဥယျာဉ်ကြီး၏အနောက်တွင် မိုးပျံပျံအဆောင်ကြီးငယ် များ ရှိနေသေး၏။ ဆန်ကွမ်းချီသည် တီးတိုး မှတ်ချက် ချ တော့သည်။



'အင်း...တကယ် ကြီးကျယ်တဲ့ ခြံဝင်းကြီးပဲ၊ ဘုရင်ကေရှင် တစ်ပါးရဲ့ နန်းတော်တောင် ဒီလောက် ကျယ်ဝန်းလိမ့်မယ် မထင်ဘူး'

သူသည် ပန်းဥယျာဉ်ထဲသို့ ဆင်းလာသည်။ ပန်းဥယျာဉ် တံခါးမှူး အပ်ဆောင်အား သော်လည်း အစောင့်ဆို၍တစ်ယော မျှ မရှိပေ။

လေပြည်တစ်ချက် ဝှေ့ယမ်းသွားသဖြင့် ပန်းခင်းကြီးမှ လှပစွာ လှုပ်ရှားသွားသည်။ ပင်လယ်လှိုင်းလုံးကြီးများ လိ ဆင်းလာသကဲ့သို့ ပန်းခင်းကြီးလည်း ယိမ်းနွဲ့လှုပ်ရှားနေသည်။

ဆန်ကွမ်းချီသည် သူ၏ လာရင်းကိစ္စကို မေ့လျော့သွားပြီး ပန်းခင်းကြီး၏အလှ၌ ယစ်မူးနေမိလေ၏။

'တကယ်လှတာပဲ၊ ကျွန်လုံဝမ်ဟာ အင်မတန်ရိုင်းစိုင်းတယ် ကောက်ကျစ်တယ်၊ ယုတ်မာတယ်လို့ သိုင်းအမားကိုင်းက ပြော ကြတယ်၊ သူက ဒီလိုအလှအပမျိုးတော့ ခံစားတတ်သလား'

ဆန်ကွမ်းချီ ငေးမော တွေးတောနေစဉ် သူ့နောက်ဘက်မှ အသံကြားလိုက်ရသဖြင့် ထိတ်လန့်သွား၏။

'ရှင် ဘယ်သူလဲ'

ဆန်ကွမ်းချီ ချာခနဲလှည့်ကြည့်၏။ နန်းတွင်းဝတ်စုံ ဝတ်ဆင် ထားသော မိန်းမပျိုတစ်ယောက်သည် ယပ်တောင် တဖျပ်ဖျပ် ခတ်ရင်း သူ့ဆီသို့ လျှောက်လာနေ၏။ မည်သည့်နေရာက ထွက်ပေါ်လာကြောင်းကို သူလုံးဝစဉ်းစား၍မရဘဲ ရှိနေသည်။

www.burmeseclassic.com



သူတွေ့မြင်နေရသည့် အဆောင်များမှာလည်း အတော်ဝေးနေသဖြင့် ထိုနေရာမှ လမ်းလျှောက်လာသူ ဆိုလျှင် ဆန်ကွမ်းချိ အနေဖြင့် ကြိုတင်တွေ့မြင်နိုင်ရပေမည်။

ထိုမိန်းမပျိုအား အံ့ဩနေစဉ်မှာပင် သူ့ နောက်မှ တခစ်ခစ် ရယ်သံကြားသဖြင့် ချာခနဲ လှည့်ကြည့်မိပြန်သည်။ ယခုအခါ တွေ့ရသူများမှာ မိန်းကလေးတစ်ယောက်တည်း မဟုတ်တော့ဘဲ လေးယောက်ဖြစ်နေသည်။ လေးယောက်စလုံး သိုင်းဝတ်စုံများ ဝတ်ဆင်ထားကြသည်။

ဆန်ကွမ်းချိသည် ထန်ရှင်နှင့်အတူ ရှာဖွေရေးခရီးထွက်ရာ ကွန်ကတော်ကြီးနှင့် တွေ့ဆုံရပုံ၊ ကွန်ကတော်ကြီးအတွက် အသက်စွန့် တိုက်ခိုက်ကြသော မိန်းကလေးများ တွေ့ရပုံတို့ကို ပြန်လည် သတိရလာ၏။

ယခုတွေ့ရသည့် မိန်းကလေးများမှာ ကွန်ကတော်ကြီး၏ လူယုံမိန်းကလေးများနှင့် တစ်ထပ်တည်း ဝတ်စားဆင်ယင်ထားသည်။ ဤမိန်းကလေးများက ကွန်သိုဝမ်အပေါ်သာ သစ္စာစောင့်သိကြပေလိမ့်မည်။

ဆန်ကွမ်းချိသည် နန်းတွင်းဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးထံသို့ လျှောက်သွားပြီး ဦးညွှတ် ဂါရဝပြု၏။

'ကျွန်တော့်ကို ခေါ်ပါသလား ခင်ဗျာ'

'ရှင် သိပ်ပြီး သတ္တိရှိနေပါလား၊ မိန်းမဆောင်ထဲ ဝင်လာရဲတဲ့သတ္တိဟာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ ဒီထဲဝင်တဲ့လူဟာ ဘာအပြစ်ဒဏ်မျိုး ခံရမယ်ဆိုတာ ရှင် နည်းနည်းကလေးမှ မသိဘူးလား'



ထိုမိန်းကလေး၏မျက်နှာမှာ ပြုံးနေ၏။ သို့သော် သူမ၏ နှုတ်ထွက်စကားမှာမူ ခြိမ်းခြောက်စကားများသာ ဖြစ်နေ၏။

ဆန်ကွမ်းချိသည် ထိုမိန်းမပျို ငါးယောက်ကို နှုတ်ပိတ်သင့် မပိတ်သင့် အပြင်းအထန် စဉ်းစားနေရလေတော့၏။ နှုတ်ပိတ်ပစ်ခြင်းထက် ပြောပြသည့်သည် ဆက်ဆံပြီး တောင်းပန်ခြင်းက ပိုကောင်းမည်ဟု သူဆုံးဖြတ်လိုက်သည်။

သူသည် အကြိမ်ကြိမ် ဦးညွှတ် ဂါရဝပြုသည်။

'ကျွန်တော်က ဂိုဏ်းသားသစ်ပါခင်ဗျာ၊ အိမ်တော်ရဲ့ စည်းကမ်းသစ်တွေကို နားမလည်သေးလို့ ဒီအထဲကို ဝင်လာခဲ့မိတာပါ ခင်ဗျာ'

'ရှင့်ဆရာက ဘာမှ မသင်ဘူးလား'

ဆန်ကွမ်းချိ ရုတ်တရက် နှုတ်ဆိတ်သွားသည်။ သို့သော် ဖျတ်ခနဲ အကြံပေါ်လာသဖြင့်....

'ဟုတ်ကဲ့... အချို့ လဲသင်ပေးပါတယ်၊ ဒီကြားထဲမှာကျွန်တော့်လို ဂိုဏ်းသားတွေကို ဝိုင်းဝန်း ပိတ်ဆို့မယ့် တပ်တွေထဲမှာ ကျွန်တော် ဆရာ ပါသွားတဲ့အတွက် ဒီဘက်က ပန်းဥယျာဉ် အကြောင်း ဘာမှမသိခဲ့တာပါ ခင်ဗျာ'

ဆန်ကွမ်းချိ၏စကားကို မိန်းကလေး ယုံကြည်သည်၊ အဘယ်ကြောင့်ဆိုသော် ဆန်ကွမ်းချိသည် သူ၏မျက်စိဖြင့် ဟိုသည် သည် ကြည့်နေခြင်း မဟုတ်ဘဲ ပန်းခင်းကြီးကို ငေးမောနေခဲ့သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကျွမ်းချိုက....

'ကျွန်တော် မခံရင် ဆုံးမပါခင်ဗျာ၊ မမတို့ ဆုံးမသလို ခံယူဖို့အသင့်ပါခင်ဗျာ'

မိန်းမပျိုက....

'ဒါဟာ မိန်းမဆောင်ရဲ့ ပန်းဥယျာဉ်ပဲ၊ ဒီထဲဝင်လာမိတဲ့ လူဟာ သေဒဏ်ထိုက်တယ်၊ နားလည်ရဲ့လား'

'မသိလို့ပါခင်ဗျာ၊ အဲဒီလိုဆိုရင် ကျွန်တော် ခုချက်ချင်းပဲ အပြင်ကိုထွက်သွားပါမယ်'

ဆန်ကျွမ်းချိုသည် စကားဆုံးသည်နှင့် ထွက်ပေါက်ရှိရာသို့ ကျော့ရှောင်ထွက်လာသည်။

ထိုစဉ် သူ့ရှေ့သို့ လူရိပ်နှစ်ရိပ် ခုန်ဖျံ့ရောက်ရှိလာ၏။ အလွန်လှပ ချောမောသော ခုနှပျံမှုမျိုးဖြစ်၍ ဆန်ကျွမ်းချို အံ့ဩစွာ ကြည့်သည်။

သိုင်းဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေးနှစ်ဦးက သူ့ကို ဆီးဆီး ခြင်းဖြစ်ကြောင်း တွေ့လိုက်ရသည်။

'အလို သူတို့တယ်တော်ကြပါကလား၊ တချို့ သိုင်းသမားကြီးတွေတောင် သူတို့လောက် ကိုယ်ဖော့ပညာ မကောင်းကြဘူး'

ဆန်ကျွမ်းချို စိတ်ထဲက ချီးကျူးမိသည်။ ထိုမိန်းကလေး နှစ်ဦးက....

'ရှင် ဘယ်ပြေးမလို့လဲ'

'မပြေးပါဘူး၊ တခါးဆီသွားမလို့ပါ၊ ခင်ဗျားတို့ခွင့်မပြုလို့ ကျွန်တော် ပြန်ထွက်တာလေ'



'ရှင်ဝင်လာတုန်းက ရှင့်ကိုဘယ်သူမှမတားကြဘူးလား'

'ကျွန်တော်ဝင်လာတော့ လူတစ်ယောက်မှမရှိဘူး၊ တားရင် ခုလိုမဖြစ်တော့ဘူးပေါ့ဗျာ'

'မှန်တယ်၊ ခုတော့ ရှင်ဟာအပြစ်ကျူးလွန်သူ ဖြစ်သွားပြီ၊ ဒီအပြစ်ကိုတော့အတော် ဘယ်သူမှ မလွှတ်နိုင်ဘူး၊ ဂိုဏ်းချုပ်ကြီး ကလွဲရင်ပေါ့လေ၊ ဒါပေမယ့် ဒီပန်းဥယျာဉ်ထဲ ခြေကျူးလာ ရင် ဒဏ်ခတ်ပစ်လို့ ဂိုဏ်းချုပ်ကြီးက ကိုယ်တိုင် အမိန့်ပေးထား တော့ ရှင့်အခုနေ့ ဘယ်လိုမှ လွတ်လမ်းမရှိတော့ဘူး'

'ခင်ဗျားတို့က တောင်းပန်လို့လဲ မရပါကလား'

သိုင်းဝတ်စုံဝတ်ဆင်ထားသည့်မိန်းကလေးများသည် တစ်ခစ် ခစ် ရယ်မောနေကြ၏။ သူတို့စိတ်ထဲ၌ ဆန်ကျွမ်းချိုအား အမဲ ဖျက်သလိုဖျက်နိုင်မည်ဟု ထင်မှတ်နေပုံရသည်။

ဆန်ကျွမ်းချိုကမူ တက်ကြွဖျတ်လတ်သောသူတို့၏အမူအရာကို ကြည့်၍ မည်သည့်အဆိုးမျိုး မိသားသနည်းဟု အကဲခတ်နေ၏။ ဤ မိန်းကလေးများသည် အချိန်ပိုင်းနှင့် အဆိပ် ဖြေဆေး သောက်သုံးနေရသည့် မိန်းကလေးများသာ ဖြစ်မည်ဟု ဆန် ကျွမ်းချို ဆုံးဖြတ်လေ၏။

'ကဲ...ကျွန်တော် တောင်းပန်ပြီးပြီ၊ ခင်ဗျားတို့ ဖယ်ကြပါ တော့'

သိုင်းဝတ်စုံဝတ် မိန်းကလေးများသည် သူ့အား နှလုံးသက် လေးတန်မှ ဝိုင်းရံလိုက်ကြ၏။

နှင်းဆွတ်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးက ယပ် တောင်မြှောက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ကာခန့် သိတယ် မဟုတ်လား၊ ဒီကျူးကျော်ရေးသမားကို ဖိုင်းဖပ်းစမ်း၊ ဒူးဖြုတ်ပြီးမှ သခင်ကြီး ကွန်လုံဝမ်ဆီ ဆက်သရမယ်'

မိန်းကလေးများ၏ ဝန်သွင်းအော်ဟစ်သံ ဆူညံသွား၏။ ဆန်ကွမ်းချီ၏ ခန္ဓာကိုယ်သည် လေထဲ၌ ဝေ့ဝဲမြောက်တက်သွားပြီး မိန်းကလေး လေးယောက်၏ ခေါင်းပေါ်မှ ခုန်ထွက်သွားခဲ့လေ၏။

'အောင်မာ...အကယ် အစွမ်းထက်တဲ့သူနဲ့ လာတွေ့နေတာကိုး။ ညည်းတို့လေးယောက် သူ့မိအောင် ဖမ်းစမ်း၊ မမိရင် ညည်းတို့ဒူးကို ဖြုတ်မယ်'

နန်းတွင်းဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေး၏ အမိန့်သံက ပြင်းထန်လှ၏။

သိုင်းဝတ်စုံဝတ်ဆင်သည့် မိန်းကလေးများသည် ဆန်ကွမ်းချီထံသို့ ခုန်ဝင်လာကြ၏။ ဆန်ကွမ်းချီက တစ်ယောက်၏ ခြေသလုံးကို လက်ဝါးစောင်း ခုတ်ထုတ်ပြီး ကျန်တစ်ယောက်ကို ဘေးပတ်ခြေဖြင့် ကန်ထုတ်၏၊ နှစ်ယောက် လွင့်စဉ်ထွက်သွားသည်၊ ကျန်နှစ်ယောက်က ခုန်ပျံ၍ ဝင်တိုက်ပြန်သည်။

မိန်းကလေး လေးဦး၏အဝင်အထွက် တိုက်ခိုက်မှုမှာလွန်စွာ တက်ညီသက်ညီရှိလှသဖြင့် လေးဦးသည် ပူးပေါင်း တိုက်ကွက်တစ်ခုကို ဖန်တီးထားကြောင်း ဆန်ကွမ်းချီ သိရှိလာလေ၏။

သာမန်တစ်ဦးချင်း၊ သိုင်းပညာဖြင့် ဆန်ကွမ်းချီကိုတိုက်ခိုက်လျှင် ကွန်လုံဝမ်နှင့် အဆင့်တူလောက် ဖြစ်နေသော ဆန်ကွမ်းချီကို ထိုမိန်းကလေးများ လုံးဝ တိုက်ခိုက်နိုင်မည် မဟုတ်ပေ။



ဆန်ကွမ်းချီ၏ စိတ်ထဲ၌လည်း ထိုမိန်းကလေးများက သူ့အား တစ်ဦးချင်းသိုင်းပညာဖြင့် တိုက်ခိုက်လိမ့်မည်ဟုထင်မှတ်နေမိ၏။

ယခုသော် မိန်းကလေးများ၏ ထူးခြားသော စွမ်းရည်ကို တွေ့နေရသဖြင့် လေးလေးစားစား ခုခံ တိုက်ခိုက်နေရတော့သည်။

နန်းတွင်းဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးက ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း ဆန်ကွမ်းချီ၏ တိုက်ကွက်များကို ထောက်ပြ အော်ဟစ်နေ၏။

'သူဟာ နယ်ကျော်ရုံသာမကဘူး၊ ငါတို့ကိုပါ အသေအလဲ ခုခံနေတဲ့လူဖြစ်တယ်၊ သူ့ကို ဖမ်းမိရင် ရိုးရိုးသက်သက်လို့ မဖြစ်တော့ဘူး၊ နှိပ်စက်ပြီးမှ သတ်မှ ဖြစ်တော့မယ်၊ တိုက်ကြစမ်း၊ ထိထိမိမိ တိုက်ကြစမ်း'

ဆန်ကွမ်းချီသည် ခြေထောက်ဖြင့်ခုန်ကန်သည့် မိန်းကလေးတစ်ယောက်အား ဖမ်းချုပ်ပြီး အခြားမိန်းကလေးတစ်ဦးထံသို့ ပစ်ပို့လိုက်သည်၊ အောက်မှ တိုက်ခိုက်မည့် မိန်းကလေးက သူ့အချိန်ကို ကမန်းကတန်း ပြန်သတ်လိုက်ရ၏၊ သူ့တိုက်ကွက်ကို အချိန်မီ မရုပ်သိမ်းနိုင်ပါက အချင်းချင်း ရိုက်မိကြတော့မည်။

ဆန်ကွမ်းချီက ထိုအကွက်ကို ဖျက်နိုင်လိုက်သဖြင့် နှစ်ဦးဝင် နှစ်ဦးထွက် တိုက်ခိုက်နေကြသော မိန်းကလေး လေးဦးတို့၏ ပူးပေါင်းတိုက်ကွက်မှာ တစ်ခဏအတွင်းပျက်စီးသွားတော့သည်။

ဆန်ကွမ်းချီသည် စောင့်ကြို၍ မတိုက်တော့ပေ။ မိန်းကလေးလေးယောက်အား မနားတမ်း တိုက်စစ်ဆင်သဖြင့် လွင့်စဉ်ထွက်ကျန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကြော်...ရှင်က သိပ် အစွမ်းထက်နေတာကိုး၊ အဲဒါ ရှင့်အတွက် နစ်သပ်ကွမ်းသေတော်ပဲ'

ဆန်ကွမ်းချိုသည် မိန်းကလေးများအား ဇက်ရာအနာတရ မဖြစ်စေချင်ပေ၊ ယခုအချိန်ကျမှ ခင့်လှတ် ထွက်ခွာသွားမပါက ကိုယ်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလိုဖြစ်မည်ကလည်း သေချာသည်။

သည် မိန်းကလေး ငါးယောက်အား သတ်ပစ်မည် ဆိုကလည်း လွယ်ကန့်ရှာကျပေတော့မည်။

သူ တွေးတောနေခိုက်မှာပင် မိန်းကလေး လေးယောက်တသူတို့၏ ပုံးခေါင်းတိုက်ကွက်ကို ပြန်သုံးကြပြန်တော့သည်။ ဆန်ကွမ်းချိုက စိတ်မရှည်စွာ ပြောသည်။

'ခင်ဗျားတို့ တိုက်ကွက်ကို သိပ် ဟုတ်နေတာယ်လို့ ထင်နေသလား မသင်နဲ့၊ ခင်ဗျားတို့ တိုက်ကွက်နဲ့ ဓားကွက်ကို ကျုပ်က သိပြီးနေပြီ'

'စကားမရှည်ပါနဲ့လေ၊ ရှင်ကြောက်နေပြီ မဟုတ်လား'

လေးယောက်ထဲမှ တစ်ယောက်က လှမ်းပြောသည်။

'ခင်ဗျားတို့ကို ကျုပ် မသတ်ချင်ဘူး၊ ကျုပ်ကို အေးအေးဆေးဆေး ထွက်ခွာခွင့်ပြုရင် ကျုပ် ခင်ဗျားတို့ကို ဘာမှမလုပ်ပါဘူး၊ ကျုပ်ဟာ ဂိုဏ်းသားသစ်ဖြစ်တဲ့အတွက် ဒီအမှုကို ကျူးလွန်မိတာပါ'

နှန်းတွင်းဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေးက အေးစိမ့်သောလေသံဖြင့် ပြောသည်။



'ဘာဂိုဏ်းသားသစ်လဲ၊ ကျွန်မတို့ ဂိုဏ်းသားတွေထဲမှာ ရှင့်လောက် သိုင်းပညာ ရှင့်ကျက်တဲ့လူ မရှိဘူး၊ ရှင့်တိုက်ကွက် တွေဟာ သိပ်အဆင့်မြင့်တယ်၊ ရှင်ဘယ်သူလဲ'

ဆန်ကွမ်းချိုသည် မိန်းကလေးနှစ်ယောက်ကို ဝေခွဲမရ ဘဲ သိုင်းကွက်ဖြင့် ရိုက်ထုတ်လိုက်၏။

ထိုတိုက်ကွက်မှာ အတွင်းအားထုတ်၍တိုက်ခိုက်ရသော ပိုင်ကွက်ဖြစ်၍ သာမန်သိုင်းကွက်များထက် ပြင်းထန်သည်။ ထို့ကြောင့် မှာ အပြင်းအထန် ဒဏ်ရာရသွားသည်။

'ကျင်းရီ ဒဏ်ရာရသွားပြီ၊ ငါဝင်ကူမယ်'

နှန်းတွင်းဝတ်စုံ ဝတ်ဆင်သည့်မိန်းကလေးသည် ခေါင်းဆောင်က ယောင်နှသူ့ သူမ၏ အမူအရာများကို ခဝါချလိုက်ပြီး ဆန်ကွမ်းချိုအား ယပ်တောင်ဖြင့် ထိုးနှက်တိုက်ခိုက်လာ၏။

'ရှော်...ဘယ်ခက်ပါလား၊ ငါ မသတ်ချင်ဘဲနဲ့ သတ်ရတော့မယ်ထင်ပါရဲ့'

'ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးမနေပါနဲ့၊ တော်ကြာ ဒူးနဲ့ပဲနဲ့ ဒီဥယျာဉ်ထဲက ထွက်သွားရမယ်'

နှန်းတွင်းဝတ်စုံ ဝတ်ဆင်သည့် မိန်းကလေး၏ လက်ဝါးရိုက်ချက်မှာပြင်းထန်သည်။ ဆန်ကွမ်းချိုက ပုံးကပ်ရှောင်တိမ်းပြီး လက်ကောက်ဝတ်အကြောကို လှမ်းဖမ်း ဆုပ်ကိုင်လိုက်၏။

'ကဲ... မဖြုံ'

www.burmeseclassic.com



'ကျွန်မတို့ အဆောင်ရှင်မကို လွှတ်'

သိုင်းဂတ်စုံဝတ်ဆင်သည့်မိန်းကလေး တစ်ယောက်က အောင်ရင်းဟစ်ရင်း ဆန်ကွမ်းချီအား လက်ဝါးဖြင့် တိုက်ခိုက်သည်။ ဆန်ကွမ်းချီက နန်းတွင်းဝတ်စုံနှင့် အမျိုးသမီးအား ထိန်းချုပ်ထားနိုင်ပြီဖြစ်၍ လက်ဝါးရှိက်ချက် ဝင်လာသည်နှင့် ထိုအမျိုးသမီးကို ထိုးခံပေးလိုက်သည်။

မိန်းကလေး သုံးယောက် အကြိမ်ကြိမ် ဝင်တိုက်တိုင်း ထိုအမျိုးသမီးကို ထိုးခံပေးရာ မိန်းကလေးသုံးယောက်သည် လုံးဝမတိုက်ရဲတော့ဘဲ နောက်ဆုံး တိုက်ကွက်တစ်ခုလုံးရုပ်ဆိုင်းသွားလေတော့သည်။

ဆန်ကွမ်းချီက ရယ်ရင်း မေးလိုက်သည်။

'ကဲ...ကျုပ်ကိုဒီဥယျာဉ်ထဲက ထွက်ခွာခွင့်ပေးမလား'

နန်းတွင်းဝတ်စုံဝတ်ဆင်သည့် အမျိုးသမီးက ရဲရင့်စွာဖြင့်ပြောသည်။

'ရှင်ဟာ ကျွန်မတို့ကိုဖမ်းသား မဟုတ်ဘူး၊ သူလျှိုပဲ၊ ဘယ်နည်းနဲ့မှ ရှင့်ကို အသက်ရှင်လျက်သွားခွင့်မပေးနိုင်ဘူး'

'ခင်ဗျားကိုယ်တိုင် ဘယ်အခြေအနေ ရောက်နေတယ်ဆိုတာသတိထားမိရဲ့လား'

'ကျွန်မသေသလို ရှင်သေရမှာပဲ၊ အဲဒီအတွက်တော့ ရှင်မပူနဲ့



ဆန်ကွမ်းချီ အခက်တွေ့သွားသည်။ ဤမိန်းကလေးများကသတ်ဖြတ်ရမည်လား၊ သည်အတိုင်းခွင့်လွှတ်ရမည်လားဟု မခွဲနိုင်ဘဲ ဖြစ်နေလေ၏။

နောက်ဆုံး၌ သူ အကြံတစ်ခုရသည်။ ဤမိန်းကလေး အလုံးကို ခက်ခဲသော သွေးကြောပိတ်နည်းဖြင့် ပိတ်ပြီး ဂစ်ရာရာ၌ စုပုံသိုဝှက်ထားမည်၊ တစ်ညတာမျှ လူသူမတွေ့လျှင် အတွက် ကောင်းစွာ လုံခြုံမှုရနိုင်သည်ဟု တွေးလာမိသည်

ဆန်ကွမ်းချီက အေးစက်စက် အမိန့်ပေးလေ၏။

'ကဲ...မင်းရဲ့အပည့်မလေးတွေကို ငါ့ဆီတစ်ယောက် ဆီက လာပါစေ၊ သူတို့ကို ငါမသတ်ဘူး၊ ငါထွက်သွားရင် ငါ့အနှောင့်အယှက်မပေးနိုင်ရုံကလေး သွေးကြောပိတ်ရုံပိတ်မငါ့အမိန့်ပေးသလို မလုပ်ဘူး ဆိုရင်တော့ ငါ့အဆိုး မင်း

'ရှင် ဘာလုပ်နိုင်မှာမို့ လို့လဲ၊ လုပ်ရဲရင် လုပ်ကြည့်စမ်း'

ဆန်ကွမ်းချီက အေးစက်စက် ရယ်ရင်း သူ့မ၏ အကြောဖိကိုင်လိုက်၏။ သူနှင့်အဘဆရာကြီးတွေ့ဆုံစကအဘဆရာကြီးသည် သူ့အား သွေးပြောင်းပြန် စီးဆင်းစေသောနည်းဖြင့် သူ့ အနှိပ်စက်ခဲ့ဖူးသည်။ ယခု သူက နန်းတွင်းဝတ်စုံ ဝတ်ဆင်သမိန်းကလေးအား ထိုနည်းဖြင့် အသုံးပြု အကြောကိုင်လိုက ထိုမိန်းကလေး၏ လှပသောမျက်နှာမှ ဆီးကင်းခန့်ရှိ ချွေးချွေးပေါက်ကြီးများ ကျလာလေတော့၏။

'ကျွန်...ကျွန်မကို လွှတ်ပါ၊ ကျွန်မ...ကျွန်မ ရှင်ပြောအတိုင်း လုပ်ပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုက အကြောကို ပြန်လွှတ်ပေးလိုက်၏။ သူမက တုန်ယင်သောအသံဖြင့် မိန်းကလေး သုံးယောက်အား လှမ်း၍ အမိန့်ပေးလိုက်သည်။

'ညည်းတို့ ကိုယ့်အကြော ကိုယ်ပြန်ပိတ်လိုက်စမ်း'

မိန်းကလေးသုံးဦးသည် အမိန့်ကို လုံးဝ ဖီဆန်ခြင်း မရှိဘဲ ကိုယ့်ကာသာ အကြောများကို ထိုးပိတ်လိုက်လေတော့သည်။

'အင်း...သူတို့ဂိုဏ်းသားတွေဟာ အမိန့်ကိုတော့ တကယ် နာခံကြတာပဲ'

ဆန်ကွမ်းချိုက စိတ်ထဲမှ ချီးကျူးရင်း ဒဏ်ရာရနေသည့် သိုင်းဝတ်စုံဝတ်ဆင်သည့် မိန်းကလေးအား လှမ်းကြည့်သည်။

နန်းတွင်းဝတ်စုံဝတ် မိန်းကလေးအား ထိုဒဏ်ရာရနေသည့် မိန်းကလေးအနီးသို့ ဆွဲခေါ်လာ၏။

'သူ ဒဏ်ရာရနေတယ်၊ သူ့အကြောကို မပိတ်ချင်ပါဘူး၊ ဒါပေမယ့် မတတ်သာဘူး၊ ငါ့ကို ခွင့်လွှတ်ပါ'

ဆန်ကွမ်းချိုသည် လွတ်နေသော လက်တစ်ဖက်ဖြင့် ထို မိန်းကလေး၏ အကြောကို ထိုးပိတ်လိုက်သည်။ ထိုင်နေရာမှ ခွေခနဲ လဲကျသွားတော့သည်။

ထိုစဉ် ပန်းဥယျာဉ်အပြင်မှခွေးဟောင်သံများကို ရုတ်တရက် ကြားလိုက်ရလေ၏။

'ချင်ချောင်း၊ ရန်သူ...ရန်...'



နန်းတွင်းဝတ်စုံဝတ် မိန်းကလေးမှာ ဆန်ကွမ်းချို ဒေါသ ဖြစ်ဖြစ်နှင့် အကြောထိုးပိတ်လိုက်သဖြင့် ဟင်းခနဲ လဲကျသွား သည်။ စကားကိုပင် ဆုံးအောင် မပြောနိုင်တော့ချေ။ သူသည် လဲကျနေသည့် မိန်းကလေးသုံးဦး၏ အကြောများကိုလည်း ကပျာ ကယာ ထိုးပိတ်လိုက်သည်။ သို့မှသာ စိတ်ချရမည်မဟုတ်ပါလော။

ခွေးဟောင်သံများလည်းပို၍ပို၍နီးကပ်လာလေတော့သည်

**စာစဉ် ၁၀ ပြီး၏။**

**(စာစဉ် ၁၁ ဆက်လက်ဖတ်ရှုပါရန်)**

BURMESE CLASSIC

www.burmeseclassic.com